www.burmeseclassic.com



www.burmeseclassic.com

မယ်မင်းဘုံ

နောက်ကျောကချစ်သူ

၂၀၁၄ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

မယ်မင်းဘုံ

နောက်ကျောကချစ်သူ၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၈၈-စာ၊ ၅×၇

နောက်ကျောကချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

# အမှတ်တရ

သို့

ဆရာမ မယ်မင်းဘုံ

ခင်မင်ရင်းနှီးစွာဖြင့် မမယ်လို့ ခေါ်ခွင့်ပြုပါနော်။ မမယ်က ဇာတ်လမ်း ဇာတ်ကွက်တွေကို မဇာတောင်ရေးသားနိုင်တယ်နော်။ ဇာမြတမ်း ဇာောင်မြင်မှု သရုပ္ပကို ဆောင်းနိုင်ပါစေ။ မမယ်ဇရဲ တချစ်တာကြောင်း မဟုတ်တဲ့ ဘဝဇာကြောင်းလေးတွေလည်း ရေးပေးပါဦး။

ထာဝရ

NNK

စည်ပင်လမ်း

၂၄/ရပ်ကွက်၊ ဇဂုံတောင်၊

ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမဘုံ

နေမထိ အလွမ်း ဇာတ်အိမ်က သိပ်ကောင်းတာပဲ။ အုပ် (၃၀) မြောက်ကိုလည်း ဖတ်ချင်လှပါပြီ။

မမဘုံရဲ့ဇာတ်ကောင်တွေက အလန်းလွန် အလွန်လန်းလို့ သိပ်ကြိုက်ပါတယ်။

မမဘုံကို အမြဲတမ်းအားပေးနေမှာပါ။

မမဘုံရဲ့ Ph: လေးပေးပါနော်။ ပြန်စာမျှော်နေပါ့မယ်။

သူဇာမ
မကျီးကုန်း
မြို့သစ်မြို့နယ်
မကွေးတိုင်း။



## အမှတ်တရ

ဘုံလေးရေ

နေကောင်းပါရဲ့လား။

ဘုံလေးရဲ့ မိုးလုံ လေလုံ အိမ်ထောင်ပြုသည်ဆိုတဲ့ ဇာတ်လေးကတော့ ရှယ်ပဲနော်။ ခိုးကျူးပါတယ် ဘုံလေးရယ်။ အောင်မြင်သထက် အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ဘုံလေးရဲ့ စာအုပ်ထဲက ဓာတ်ပုံလေးက ချစ်ဖို့ကောင်းပါတယ်။

ဘုံလေးကို ချစ်သော
ပရိသတ်
နွယ်နွယ်
(၅)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊
တ/ဉက္ကလာ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရ

ဘုံဘုံရေ

"သဲသဲယမိုးယိုနေသည်"
ရင်ဘတ်ခေါင်မိုး မလုံ၍ဖြစ်၏။
နားလည်မှုတိမ်ဖြင့် ဖာထေးလိုက်ပါ
မိုးလုံ လေလုံ အိမ်ထောင်ဖြစ်၍ ရပါသည်။

ဆိုတဲ့ စာသားလေးတွေကို အရမ်း အရမ်း နှစ်သက်မိပါတယ်၊ ဓာတ်လမ်းလေးကလေ မမတို့ မောင်နှံကို စောင်းပြီး ရေးထားသလားလို့ တောင် အောက်မေ့မိပါတယ် ဘုံဘုံရယ်။

တကယ်ပါ။ ချစ်သော ဆရာမလေးဘုံဘုံ ကျန်းမာချမ်းသာစွာ ဖြင့် စာတွေကို ဒီထက်မက ပိုပြီးရေးနိုင်ပါစေ။

**မမမှု(အီစီ)**
**ဝဲ့(တောင်)**
**၇၀ ရပ်ကွက်၊ လှော်ကားလမ်းမ၊**



စေတနာစာပေ၏

## အမှတ်တရ

သို့

ဆရာမ မယ်မင်းဘုံ
ဆရာမရေ မင်္ဂလာပါရှင်။

ဆရာမရဲ့ မိုးလုံ လေလုံ အိမ်ထောင်ပြုသည်ဆိုတဲ့ စာအုပ် လေးကို ဖတ်ပြီးပါပြီ။ ဆရာမရယ် အရမ်းကောင်းပါတယ်။

စာသားလေးတွေကိုလည်း သိပ်ကြိုက်ပါတယ်။ ကဗျာလေး တွေ အားလုံးကိုလည်း အရမ်းကြိုက်ပါတယ်။

မီးမီး
သရက်ခရိုင်
ဆင်ပေါင်ဝဲမြို့နယ်
မကွေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မရေ

ကိုယ့်နှလုံးသားတွင် သတိုသမီးပုန်းနေသည် စာအုပ်လေးက ရင်ခုန်ဖို့ကောင်းလိုက်တာ။

သိပ်ကောင်းတဲ့ဇာတ်လမ်းလေးမို့ ကြိုက်မိပါတယ်။ တစ်အုပ်နဲ့ တစ်အုပ် မထပ်အောင်ရေးနိုင်တဲ့ မကို လေးစားမိပါတယ်။

အရမ်းလည်း good ပါတယ်။

မရေ ဒီထက်မက အောင်မြင်မှုသရဖူကို ဆောင်းနိုင်ပါစေ။

မကိုလေးစားချစ်ခင်လျက်
**MMO**
1st year (Phy)
University of Dagon



## အမှတ်တရ

သို့

မမယ်မင်းဘုံ

လေးစားပါတယ်။ မမယ်မင်းဘုံ စာအုပ်တိုင်းကို ကျေနပ်အားရပါတယ်။ အခုထွက်တဲ့ မိုးလုံလေလုံ အိမ်ထောင်မြှုသည်ကိုတော့ အားအရဆုံးပါ။

အောင်မြင်မှုတွေကို ဒီထက်မက ပိုမို၍ ပိုင်ဆိုင်နိုင်ပါစေ။

မောင်ထက်နိုင်
1st Year (Phy)
ကျောက်ဆည်တက္ကသိုလ်
မကွေးတိုင်း
သရက်ခရိုင်
ဆင်ပေါင်ဝဲ

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမမယ်ကို ညီမလေး တတိယအကြိမ် စာရေးလိုက်ပါတယ်။

မမမယ်ရေ ဒီတစ်ခါလည်း 4 in 1 ကို ဖတ်ပြီးသွားပါပြီ။ အရမ်းကောင်းပါတယ်။ မမမယ် ဒီတစ်ခါလည်း ဇာတ်အိမ်လေးက ပျော်ဖို့ကောင်းပါတယ်။ ရသကောင်းများကိုလည်း ပေးစွမ်းနိုင်ပါတယ်။

မမမယ် ညီမလေးရဲ့စာတွေကို မမမယ်ရဲ့ စာအုပ်မှာထည့်ပေးမယ်ဆိုရင် ကျေနပ်ပါတယ်။

မမမယ် ကျန်းမာရေးကို ဂရုစိုက်နော်။ မမမယ်ဒီထက်မက အောင်မြင်ပါစေလို့ ညီမလေး ဆုတောင်းပေးပါတယ်။

မမမယ်ရေ ဝတ္ထုကို ကောင်းမလေးက ဆင်းရဲပြီး ကောင်လေးက ချမ်းသာ၊ ကောင်းလေးကို အရမ်းချစ်ရတဲ့ ဝတ္ထုမျိုးကိုလည်း ရေးပေးပါဦးနော်။ ညီမလေးချစ်တဲ့ မမမယ် ညီမလေးကို ဓာတ်ပုံနဲ့ပြန်စာလည်း စောင့်မျှော်နေမယ်နော်။ မမမယ် ဒီထက်မက အောင်မြင်ပါစေ။

အေးအေးမြ(ခ)မီးတုံ(ခ)တဲ့တုံ
ရန်ကုန်တိုင်း၊ တွံ့တေးမြို့နယ်၊
ရွှေလှေချောင် (တွံ့) ငွေပန်းစု (ခ) ချောင်းဟောင်းကျေးရွာ



## အမှတ်တရ

သို့

မမယ်မင်းဘုံ

မမရေးတဲ့ မိုးလုံ လေလုံ အိမ်ထောင်ပြုသည် ကို လပြည့် အရမ်းသဘောကျ ကြိုက်မိပါသည်။

မမရေ ကဗျာလေးတွေက လပြည့်တို့ကို ကြွေကျစေပါတယ်။

မမရေ နောက်လ ဘာစာအုပ်ထွက်မှာလဲ မျှော်နေမယ်။

မမ အောင်မြင်မှု သရဖူကြီးကြီး ပိုင်ဆိုင်နိုင်ပါစေ။

ညီမလေး
လပြည့်
မကွေးတိုင်း
တောင်တွင်းကြီးမြို့

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမယ်မင်း

ညီမလေးက မမရဲ့ ဝတ္ထုတွေကို ကြိုက်လို့ အားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။

မမရဲ့ ဝတ္ထုတွေက ခံစားချက်တွေနဲ့ပဲမို့လား မသိဘူး။ အရမ်းအရမ်းကို ကောင်းပါတယ်။

မမရဲ့ ဘဝတစ်လျှောက်လုံး ပျော်ရွှင်အောင်မြင်ပါစေ။

သီရို
2nd Year (Law)
စစ်တွေမြို့
ရခိုင်ပြည်နယ်



## အမှတ်တရ

သို့

မင်္ဂလာပါ မမ

မွေး လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။

စာအုပ်ထဲ မမဓာတ်ပုံတွေက အရမ်းလှတာပဲ။ စာရေးလန်းသလို ဓာတ်ပုံတွေကလည်း အရမ်းလန်းတာပဲ။ မမရဲ့ 4 in 1 စာအုပ်ကို အကြိုက်ဆုံးပဲ။ တစ်ခါဖတ်မိရုံနဲ့ အမြဲဖတ်ချင်လာအောင် စွဲဆောင်နိုင်တယ်။ idea တွေလည်း အရမ်းကြိုက်တယ်။

မမ ဒီထက်မက အောင်မြင်ကျော်ကြားပါစေ။

မမရဲ့ပရိသတ်
ညီမလေး
မိမွေးဉဉ
သံဖြူဇရပ်မြို့
မွန်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မဖယ်

မမကို ကျွန်တော် မမယ်လို့ ခေါ်မယ်နော်။ ဒီစာဟာ ကျွန်တော့်ရဲ့ ပထမဦးဆုံး မိတ်ဆက်စာမို့ အမှားပါရင် ခွင့်လွှတ်ပါ။

မမရဲ့ မိုးလုံလေလုံ အိမ်ထောင်ပြုသည်ဆိုတဲ့ အိမ်ထောင်ရေးဇာတ်လမ်းကို အကြိုက်ဆုံးပဲ။ နောက်ပြီး ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည်ကိုလည်း ကြိုက်တယ်။

မမ အောင်မြင်ဆုံးဖြစ်ရန် ဘုရားသခင်မှာ ဆုတောင်းရင်းဖြင့်

မိုးယံ
1st Year (EC)
ချောက်မြို့



## အမှတ်တရ

သို့

မင်္ဂလာပါ

ညီမတို့ကလေ မမရေးတဲ့ စာတုပ်တိုင်း ကြိုက်တယ်။ ဘာလို့လဲဆိုတော့ လှုဝယ်ဆန်ပြီး Fancy ကျတဲ့ပုံစံလေးတွေမို့ ပိုကြိုက်တယ်။ အခွေတွေလည်း ကြည့်ဖြစ်ပါတယ်။ ဇာတ်ကောင်နာမည်ပေးထားတာလည်း အရမ်းဂါပါတယ်။ စာတုပ်တိုင်းမှာလည်း စိတ်ကူးသစ်တွေနဲ့ ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မှု + တိုး
သိမ်ချောင်လမ်း
နာရီစင်
သန်လျင်

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မမယ်မင်း မင်္ဂလာပါ။

ညီမက အစ်မရဲ့ ပရိသတ်ပါ။

အစ်မ စာပြန်ပေးတဲ့အတွက်လည်း အရမ်းဝမ်းသာပါတယ်။

ညီမက အလုပ်လုပ်နေတော့ စာအုပ် သိပ်မဖတ်ဖြစ်ဘူးလေ။

ဟိုတစ်လောကမှ အနမ်း Equation ကို ဖတ်ရတာ။

အရမ်းကြိုက်တယ်။ ညီမ အကြိုက်ဆုံးဝတ္ထုပဲ။

နောက်လတွေမှာလည်း ဒီထက်ကောင်းအောင် ရေးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အစ်မရဲ့ အမြဲတမ်း ပရိသတ်တစ်ယောက်

သင်းသင်းမော်
No. 160, ဇီဇဝါ(၂)လမ်း၊
၂ ရပ်ကွက်၊
မ/ဥက္ကလာ



## အမှတ်တရ

သို့

မယ်မင်းဘုံ

နေမထိ အလွမ်း စာအုပ်လေးက အရမ်းကောင်းပါတယ်။ နောက်လတွေကျရင်လည်း မိသားစုဇာတ်လမ်းလေး ရေးပါနော်။

ချမ်းသာတဲ့ဇာတ်တွေပဲ ဖတ်နေရတာများတော့ ဆင်းရဲတဲ့ဇာတ်၊ လူတန်းစားဘဝလေးလည်း ရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ ညီမလေး ဒီထက်မက အောင်မြင်မှုတွေ ရပါစေလို့ ဆုတောင်းပါတယ်။

မိုးစန္ဒာမြင့်
ခ/၄၅၄၊ မြရတနာ (၂) လမ်း၊
မ/ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ညီမလေးမယ်မင်းဘို့

နေမထိ အလွမ်း စာတုပ်လေးကို ဖတ်နေရတာ အရမ်းကောင်းပါတယ်။ မမက လွမ်းရတာ ဆွေးရတာ ဝါသနာပါတယ်။

တစ်ယောက်တည်းနေရတဲ့အချိန်မှာတောင် အရင်ကလေးတာဝကို သတိရမနေမိတယ်။ ညီမလေး ဆင်းရဲတဲ့လူတန်းစားအကြောင်းလေး ရေးပေးပါနော်။

ညီမလေး နောက်ထပ် စိတ်ကူးလှလှလေးတွေနဲ့ စာတုပ်ကောင်းများကို ဖတ်ချင်နေမိပါတယ်။

အမြဲတမ်း အားပေးနေမယ်နော်။

မြို့မြို့
ရန်ကင်း
ဖောင်သုခရပ်
ဘုရင့်နောင်လမ်း
မုံရွာမြို့။



## အမှတ်တရ

သို့

ဆရာမ မယ်မင်းဘို့

ကျွန်တော် မယ်မင်းကို ဒုတိယအကြိမ် စာရေးလိုက်ပါတယ်၊ မယ်မင်းရဲ့ (၂၉) အုပ်မြောက် ဝတ္ထုကို ဖတ်ပြီးပါပြီ၊

ကြိုက်ပါတယ်။ နောက်လည်း ဒီထက်ကောင်းတဲ့စာအုပ်တွေ ရေးနိုင်ပါစေလို့ ဆုတောင်းပါတယ်၊ မယ်မင်းဆီက ကျွန်တော် ဓာတ်ပုံနဲ့ Ph နံပါတ်တောင်းထားတယ်နော်၊

ဒီတစ်ခါ တပြန်ရင် ဖြစ်အောင်ပို့ပေးပါလို့ တောင်းဆိုပါရစေ၊ မယ်မင်း ကျန်းမာပြီး စာအုပ်ကောင်းတွေ များများရေးနိုင်ပါစေလို့ ဆုတောင်းလျက် . . .

မယ်မင်းရဲ့ ထာဝရ ပရိသတ်
နိုင်းနိုင်း
ရွှေကြက်မောက်(တမီ)
ကန်ဖျား မြေနီလမ်း
ကန်ဖျား ရပ်ကွက်
မြိတ်မြို့

www.burmeseclassic.com



## [illegible]

သို့ ... နှင့်

မင်္ဂလာပါနော် မယ်မယ်

[illegible] ချင်မင်မှုဟာ လ (၁၀) တိုင်ခဲ့ပြီ [illegible]

[illegible]

ကောင်းပါတယ်။ လမင်းကတော့ သ[illegible]

[illegible] ပါဆယ်

[illegible]

"ခင်ဦးသစ်စ" ကိုလည်း အရမ်းသဘောကျပါတယ်။

မယ်မယ်က စာရေးတာ အရမ်းတော်တယ်နော်။ မယ်မယ်ကို အရမ်းဂါတယ်။ [illegible] မယ်မယ်။

နောက်ဝတ္ထု[illegible]ရင် ထူထူလေးရေးပေးပါဦး မယ်မယ်။

မယ်မယ့်[illegible]ဆိုရင် ဖတ်ရမှာတောင် နှမြောတယ်။ လမင်းက [illegible]

တစ်အုပ်[illegible]ရတာ။ မယ်မယ်ရဲ့ဝတ္ထုက လစဉ်ပုံမှန်ထွက်ရင် အရမ်း[illegible]ပဲနော်။ ထွက်တာ နောက်ကျတော့ လတွေက အောက်ကုန်တော့တာလေနော်။

မယ်မယ်ရေ ကြံ့တုန်း လော်ဆော်လိုက်ဦးမယ်။



"ဆေးကျောင်းသားနဲ့ အိုကိုကွင်း" ထွက်ဖို့ Try ပေးပါဦးနော်။ စာမေးပွဲလည်းနီးပြီနော်။ မယ်မယ်ရော စာပိုင်နေပြီလား။ လမင်းကတော့ အပြတ်ဂုန်းနေပြီနော်။ ဖလန်း ဖလန်းဖြစ်အောင် ဖြေနိုင်ဖို့အတွက်လေ။

မယ်မယ်ရဲ့ ဝတ္ထု[illegible]ရပါတယ်။ "မြင်တွင်းမဂ္ဂဇင်း" ထဲက "ချစ်တတ်တယ်" ကိုးပို့ကြိုက်တယ်။ မယ်မယ်ရေ... လမင်းတို့လည်း ချစ်တတ်ဖို့ပဲ လိုတာမို့ လား?

မယ်မယ်ရဲ့ အောင်မြင်မှုတွေကို ဒီစာနဲ့အတူ ရှိတ်လိုက်တယ်နော်။

ပုလဲရတုမသည့် ရတုပေါင်းမြောက်မြားစွာကို အောင်မြင်မှု သရဖူဆောင်းပြီး ဖြတ်သန်းနိုင်ပါစေနော်။

အောင်မြင်မှုတောင်းသည့်

လမင်း

အမှတ် (၄၄/၁)

[illegible]

မင်္ဂလာဥယျာဉ်ရပ်ကွက်

ကလေးမြို့။

ပုလဲရတုကို အောင်မြင်မှုများစွာ ပိုင်ဆိုင်ဖြတ်သန်းနိုင်ခဲ့တဲ့ မယ်မယ်ကို ထပ်လောင်း၍ ဂုဏ်ပြုပါတယ်။ Cheers! Mae Mae.

www.burmeseclassic.com



## အမှတ်တရ

သို့

မမမယ်မင်းဘုံ

မမရေ မိုးလုံလေလုံ ဟိဝ်တောင်ပြုသည်ကတော့ တကယ့်ကို star ပါနော်။

ခေါင်းစဉ်နှင့် အပိုင်ကို ထိတောင်မထောင် ရေးနိုင်တဲ့ မမရဲ့ ထက်မြက်တဲ့ စိတ်ကူးလေးတွေကို သိဝ်သဘောကျမိပါတယ်။

မမရဲ့ ဇာပ် (၃၀) ပုလဲရတုမှသည် ရတုပေါင်းများစွာကို ဖြတ်သန်းနိုင်ပြီး ပရိသတ်ချစ်တဲ့ "မယ်မင်းဘုံ" ဖြစ်ပါစေလို့။

ခင်မင်မှုအပေါင်းဖြင့်
သရစ်
2nd Year (Eng)
ရတနာပုံတက္ကသိုလ်။



## အမှတ်တရ

သို့

ဇာစ်မ မယ်မင်းဘုံ

ညီမလေးကလေ သူ စိတ်နာတဲ့ ကြာအမြှတ်ဇာစီဇာစဉ် ဆိုတဲ့ စာတုဝ်လေးကို အရမ်းကြိုက်ပါတယ်။

စိတ်ကူးကောင်းပြီး ဆွဲဆောင်မှုရှိအောင် ရေးနိုင်တဲ့ ဇာစ်မကို အားကျလေးစားမိပါတယ်။

ဇာစ်မရဲ့ ပရိသတ်
တေသိမ
ရေခဲစက်ရပ်ကွက်
ရေနံချောင်း
မကွေးတိုင်း

www.burmeseclassic.com

www.burmeseclassic.com



[illegible]

ထို

နိုင်

[illegible]

[illegible]

[illegible] ကို တအားကြိုက်တာပဲ။ အပြင်မှာဖြစ်နေတဲ့အတိုင်း ဘဲလေးက ရေးထားတယ်နော်။ [illegible]

[illegible]

ဘဲလေးရေ တကယ်တော်ပါတယ်။ လေးစားပါတယ်။ တို့ရင်ထဲမှာ ဖြစ်ပေါ်လာတဲ့အတိုင်းပဲ။ ကဗျာလေးတွေကလည်း ထိတယ်။

စာမရေးဘဲ မနေနိုင်တော့လို့ ရေးလိုက်တာပါ။

[illegible]

[illegible] အားပေးနေတဲ့

[illegible]

BB

[illegible]

ရွှေ - ကြို့ကုန်း

အင်းစိန်

ရန်ကုန်။



[illegible]

ထို

ဆရာမ

နိုင်

ဆရာမရေးတဲ့ [illegible]ကတော့ လိုက်မမီအောင်ပဲလို့ ထင်ပါတယ်။

[illegible] ရှိပါတယ်။

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ဆရာမ မယ်မင်းဘဲ့

နေကောင်းလား။ ကျွန်မကတော့ ဆရာမရဲ့ဝတ္ထုဖတ် ပရိသတ်တစ်ယောက်ပါ။ ဆရာမ တအုပ်တွေကို အရမ်းသဘောကျတယ်။ အမှတ်တရ အစီအစဉ်မှာ ပရိသတ်တွေရဲ့စာတွေကို ထည့်ပေးထားတာဟာ ပရိသတ်အပေါ်ထားတဲ့ ဆရာမရဲ့ စေတနာလို့ မြင်မိတယ်။ ဆရာမ ကျွန်မ စာလေးကို အမှတ်တရအစီအစဉ်ထဲမှာ ထည့်ပေးပါဦးနော်။ ဆရာမရဲ့ တအုပ်တွေက အရမ်းအငှားသွက်တာ။ ဆရာမ တအုပ်တွေကို ကြိုက်တာ ကြာပြီပေမယ့် မိတ်ဆက်ဖို့တော့ အခုမှပဲ တရေးဖြစ်တော့တယ်။ ဆရာမက အသက်ငယ်ငယ်လေးပဲ ရှိသေးတာနော်။ ဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်မှုဘဝကို တည်ဆောက်ခွင့်ရတာ အရမ်းကံကောင်းတာပဲ။ အားကျလိုက်တာ။

ဆရာမရေ . . . ဖြစ်နိုင်ရင် ဆရာမ ဖုန်းနံပါတ်လေး လိုချင်မိတယ်။ နှောင့်ယှက်ဖို့ မဟုတ်ပါဘူး။ မိတ်ဆက်ချင်လို့ပါ။ တွေ့ဖူးတာပါတယ်ရှင်။ ဆရာမ ဝတ္ထုရေးတဲ့အခါတိုင်း လန်းဆန်းသော စိတ်အစဉ်နဲ့



အတူ ပျော်ရွှင်စရာကောင်းသော ရသအစုံစုံကို ဖန်တီးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ချစ်ခင်စွာသော
မွှေးရည်မိုး
Physics ဌာန၊ ရတနာပုံတက္ကသိုလ်
မန္တလေးမြို့
c/o ဒေါ်တျော့ဆွေ

www.burmeseclassic.com

www.burmeseclassic.com



 [illegible]

[illegible]

## [illegible]

[illegible]

သို့

ဆရာမ

မိုးလုံ လေလုံ အိမ်ထောင်ပြုသည် စာအုပ်လေးကို ကြိုက်လွန်းလို့ အပိုင်တောင် ဝယ်သိမ်းထားလိုက်ပြီ။ ဒီစာအုပ်ထဲက ဒိုင်တွေကို သိပ်ခိုက်တာပဲ။ အိမ်ထောင်သည်တွေရဲ့ သဘောတရားတွေကို စာအုပ်ထဲမှာတင် အပြည့် ထည့်ထားတဲ့ idea ကို လေးစားမိတယ်။ အရမ်းကြိုက်နှစ်သက်ပါတယ် ဆရာမ။

ဒီထက်မက အောင်မြင်မှု သရဖူ ဆောင်းနိုင်ပါစေ။

ယွန်းမိမိ
တိုက် (၃)/(၉)၊
လှိုင်သိရိအိမ်ရာ၊ လှိုင်မြို့နယ်
ရန်ကုန်မြို့။



 [illegible]

## [illegible]

သို့

မယ်မင်းရေ . . .

"[illegible] စာအုပ်တွေ ဖတ်ရတာ [illegible] စာအုပ်တွေက ပြော စရာမလိုအောင် ကောင်းပြီးသားပဲ။ လတိုင်း မှန်မှန်ထွက်ပေးပါလို့ [illegible] နောက်ကျတော့ [illegible]

[illegible]

တောခိုကုန်။ နောက်ဖြို့ဖတ်လမ်း။

[illegible]

[illegible]

www.burmeseclassic.com



## အမှာစာ

သို့

မယ်မင်းရေ

ဝီလထုတ် "မိုးလို လေလို ဖိမ်ထောင်ပြုသည်" စာအုပ်လေးက အရမ်းကောင်းတယ်။ အစ်မတို့ လင်မယားကို ရေးထားသလားဟဲ။

မယ်မင်း ဝတ္ထုဖတ်ရတာ အရမ်းပျော်ရတယ်။ သိပ်ကြိုက်တာပဲ။ မယ်မင်းရေ နောက်လ ဘာစာအုပ်ထွက်မှာလဲဆိုတာ မပြောထားဘူးနော်။ လတိုင်း မှန်မှန်လေးထွက်ပေးပါ။ မယ်မင်းစာအုပ် ထွက်လာပြီဆို ပြေးသွားဖို့စိုးလွန်းလို့ တစ်ရွက်ချင်းကို ဖိမ်ပြေနပြေဖတ်နေမိတယ်။

အရမ်းကြိုက်တာပဲ။ မယ်မင်း ဝီထက်မဟာ ဝိုကောင်းတဲ့ဝတ်လေးတွေ ရေးသားဖန်တီးနိုင်ပါစေ။

မချောချော
အမှတ် (၅၀)၊ ဝီဇဝါလမ်း၊
ရေကျော်၊ ရန်ကုန်မြို့။



## အမှာစာ

သို့

ဆရာမလေး မယ်မင်းတို့

ဆရာမရဲ့ ဝတ္ထုတွေကို သဘောကျ နှစ်သက်အားပေးတဲ့ ပရိသတ်ပါ။ ဆရာမကို Facebook ကနေတော့ အမြဲအားပေးနေတာပါပဲ။ ဆရာမ စာအုပ်တွေ အမိုက်စားပဲနော်။ ထာဝရအားပေးနေပါတယ်။

Kyaw Zayar
မကွေးလာမြို့။

www.burmeseclassic.com

www.burmeseclassic.com



**[illegible]**

မယ်မင်းဘုံသို့ နိုင်

ကိုယ်နှလုံးသား [illegible] ဝတ္ထု က [illegible] သတို့ သမီး [illegible] တချိန်တွေကို [illegible]

ညီမငယ်

[illegible] မိုး

[illegible] 2nd Year (Myan)

Pyay University



**[illegible]**

သို့

မမဘုံ

[illegible] ညီမလေး ဆုတောင်း [illegible] English [illegible]

တံခွန်တိုင်ကျေးရွာ

နတ်မောက်မြို့နယ်၊ မကွေးမြို့။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာရေး

သို့

ဘုံလေးရေ . . .

မင်္ဂလာပါ။ နေမထိ အလွမ်း ဖတ်ပြီး စိတ်ထဲမှာကျန်ခဲ့တယ်။ တကယ်ကို အနှစ်သာရ အပြည့်ပေးတဲ့စာအုပ်တစ်အုပ်ပါ။ သားသမီးတွေအပေါ် မျှော်လင့်တဲ့ မျှော်လင့်ခြင်းတွေကို မိဘနေရာကနေ ချက်ကျကျ ရေးသားထားတာလေးကို သိပ်လေးစားမိတယ်။ အစ်မတို့က တစ်နေ့တာတာဝမှာ လှုပ်ရှားရုန်းကန်ရင်း ပင်ပန်းနေရတာဆိုတော့ ဘုံလေးစာအုပ်ကို ဖတ်လိုက်ရင် စိတ်ပင်ပန်းမှုတွေထဲက ခဏ ပြေပျောက်သွားပြီး ကိုယ်ဟာ ဘုံလေးရဲ့ဇာတ်ကောင်ဖြစ်သွားရော။ ကျေးဇူးတင်ပါတယ် ဘုံလေးရေ။ ဒီထက်မက အောင်မြင်မှုတွေနဲ့အတူ မြန်မာပြည်ရဲ့ No. 1 စာရေးဆရာမတစ်ယောက် မကြာခင် ဖြစ်တော့မယ်ဆိုတာ ယုံကြည်နေပါတယ်။

အမြဲလေးစားအားပေးလျက်
မဒီ
လမ်း ၆၀၊ ၂၅×၂၆လမ်း။
မဟာအေးမြဘုံရပ်၊ မန္တလေးမြို့။

# မယ်မင်းဘို



## နောက်ကျောက ချစ်သူ



စိစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ဇရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့်
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂။ ချစ်ရင်. . . နစ်မိနစ်တော့ (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၃။ ငွေဇာတ်ပြည်က မြို့သူ (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၄။ ချစ်သူလိမ်းဖို့ ဒေးကာရင်မ် (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)

၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၇။ - ဆယ်ကျော်သက်ဂိမ်း

၈။ သက်ဆိုင်သူအတွက် ငါမျက်ရည်တွေ စပွန်ဆာပေးခဲ့သည်။
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၉။ ကျွန်မသာ စိတ်ပကောက်ခဲ့ဘူးဆိုရင်
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၁။ အနန်းမြို့ကသတို့သား
(မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မှိုးလင်းခဲ့တယ် (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၅။ ပင်လယ်အဓအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၆။ ဘာညာသာရကာ
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၇။ မျှားရည်ဆမ်းဒွိဟ (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၈။ အနမ်း Equation (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၁။ မိုလေးရည်းစား မြို့ကြီးသား (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၂။ အမုန်းပြယ်ဝိုင် (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၃။ နှလုံးသား Hacker (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၄။ ကွန်းနိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၅။ သူ့စိတ်နာတဲ့ကြွားဖြတ်အစီအစဉ် (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၆။ 4 in 1 (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၈။ ကိုယ်နှလုံးသားတွင် သတို့သမီးပုန်းနေသည်
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၂၉။ နေမထိအလွမ်း (အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည်
(အောင်သိဒ္ဓိဗိဒိယိုမှ ဝယ်ယူပြီး)

<u>ယခုလ</u>

၃၁။ နောက်ကျောကချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
  (စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။)
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# ၄ ၁ ၆

သမုခင်က ကိုယ့်အေးဝိုင်းမှာ ထိုင်နေသော မိန်းကလေးတစ်ဦးကိုကြည့်ကာ စိတ်တော့ညစ်သွားရလေသည်။ ခင်ချင်စရာလည်း မကောင်းဘူး။ ဒီနေ့က ကျောင်းစဖွင့်တဲ့ရက်မို့ သမုမှာတစ်ယောက်တည်း ငေါင်စင်းစင်း ဖြစ်ရတာပဲဖြစ်သည်။ သမုကထုံးစံအတိုင်း ဂရုမစိုက်စွာ တစ်ယောက်တည်း အေးရာအေးကြောင်းထိုင်ဖြစ်တာဖြစ်သည်။

"ဒီမှာဗျ ... ကျွန်တော် ခင်ဗျားဝိုင်းမှာများ ထိုင်ခွင့်ရှိမလား"

စကားသံကြောင့် သမုက မော့ကြည့်လိုက်လျှင် သမုနဲ့ မတိမ်းမယိမ်း ကောင်လေးကို တွေ့လိုက်ရသည်။ သမုရဲ့ဝိုင်းမှာ ထိုင်ခွင့်တောင်းတယ်ဆိုတော့ ဘာသဘောပါလိမ့်ဆိုတဲ့ပုံစံဖြင့် သူ့ကို အကဲခတ်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

"ခင်ဗျာ"

သမုမေးတာကို သူမပဲ နားမလည်ဟန်ဖြင့် အူပိန်းပိန်း ဒီဗိုင်းဖမ်းကာ 'ခင်ဗျာ'ဆိုပြီးလုပ်တာကြောင့် သမုက သူ့ကိုပြန်ကြည့်ကာ ...

"ရှင်က ဘာကြောင့် ဒီဝိုင်းမှာ ထိုင်ခွင့်တောင်းရတာလဲလို့ မေးနေတာလေ"

"ဒုက္ခပါပဲဗျာ၊ ဒီမှာ ... ခင်ဗျား ဘေးဘီကိုလည်း သတိထားအကဲခတ်ကြည့်လိုက်ပါဦး၊ ကန်တင်းတစ်ခုလုံး ဝိုင်းအပြည့် လူအပြည့်ချည်းပဲ လွတ်နေတဲ့ဝိုင်း ဆိုလို့ ခင်ဗျား ဝိုင်းပဲ ရှိတာ၊ ကျွန်တော်လည်း ထမင်းစားရဦးမှာမို့လို့ ကိုယ်ချင်းစာတဲ့အနေနဲ့ ထိုင်ခွင့်ပေးပါလားလို့ ခွင့်တောင်းတာပါ"

သမုက ဒီတော့မှ ပတ်ဝန်းကျင်ကို အကဲခတ်မိသွားသည်။ ဟုတ်သားပဲ။ ကန်တင်းမှာ လူကအပြည့်။ ပြီးတော့ ဒီဝိုင်းကလည်း သမုတစ်ယောက်တည်းပဲ ထိုင်နေတာဆိုတော့ လွတ်နေတာကြောင့် သမုက ဒါတော့ ပေးထိုင်သင့်တယ်လို့ ယူဆကာ ခေါင်းညိတ်ပြလိုက်ရင်း ...





"ထိုင်ပါ"

သမုက ထိုင်ခွင့်ပြုလိုက်တာနဲ့ သူက သမုနဲ့ မျက်နှာချင်းဆိုင် အနေအထားထိုင်ခုံမှာ ဝင်ထိုင်ကာ စားပွဲထိုးချာတိတ်တစ်ယောက်ကို လှမ်းခေါ်လိုက်ကာ အစားအသောက်မှာလေ၏။

သူက လှမ်းပြီး သမုကို အကြည့်မှာ သမုကလည်း ပြန်အကြည့်ဖြင့် သွားဆုံတာမို့ သမုက ဘာမှ မတုံ့ပြန်ပေမယ့် သူက အပြုံးတစ်ချက်ဖြင့် တုံ့ပြန်သည်။ သမုက မှာထားတဲ့ အစားအသောက်တွေက မလာသေးတာမို့ ကိုယ့်ရဲ့အနီးဆုံးသူလေး Note III လေးကိုဖွင့်ကာ Candy crush ထိုင်ဆော့နေလိုက်၏။ သမုအာရုံက ဖုန်းဆီရောက်နေပေမယ့် ဟိုဘက်က ဖုန်းလာလို့ ဖုန်းပြောတဲ့အခါ ပြောနေတဲ့စကားကတော့ ကြားနေရတာမို့ သမုမှာ နားမထောင်လည်း ကြားနေရတာဖြစ်သည်။

"........."

"မင်းကို ပြောပြီးပြီလေ၊ ဟုတ်တယ် အဲဒါ ကိုယ့်ဆော်ပဲ မင်း ယုံ"

"........."

"ဟား ဟား ... ကွိုင်ပဲကွာ၊ ကိုယ်တို့ကိစ္စက ဘာမှမှဖြစ်ခဲ့တာ မဟုတ်တာ၊ ဒါပဲလေ ပေးရယ်ရာ၊ ဩော် ... ခဏ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီဖုန်းကို ကိုယ် ရောင်းတော့မှာ၊ မင်း ထပ်ဆက်မိမှာစိုးလို့ ဒါပဲနော်"

သမုက ကြားနေရတဲ့ ရင့်ကြောကြောစကားလုံးတွေကြောင့် အံ့အားတသင့် ရှိရလေသည်။ ဘုရားရေ ... ဘယ်လိုလူပါလိမ့်။ စကားပြောတာဟာ အရမ်းကို ရင့်ကြောနေတာပဲ။ သမုက သူ့ကို အသာကြည့်လိုက်စဉ်မှာ ဒုတိယမ္ပိ မျက်လုံးချင်းထပ်မံဆုံတွေ့လျှင် သူက အေးရာအေးကြောင်းပြုံးပြကာ ခေါင်းအသာဆတ်ပြ၏။ သမုက အကြည့်လွှဲပစ်လိုက်ရင်း လာချပေးသွားတဲ့ အစားအသောက်ကို ခပ်သွက်သွက်လေး စားလိုက်သည်။ သူ့ကို တစ်ချက်မှကို ဂရုမစိုက်တော့ဘဲ မြန်မြန်စားကာ ပိုက်ဆံရှင်းပြီးထွက်လာလိုက်သည်။ သမု ထွက်လာကာ ကျောင်းကော်ရစ်တာဘက်အရောက်မှာ အနောက်မှ အမောတကော လှမ်းခေါ်သံတစ်ခုကြောင့် သမုက ကိုယ့်ကိုခေါ်တယ်လို့ ထင်မိတာကြောင့် လည်ပြန်လှည့်ကြည့်မိလျှင် ခုနကလူ ဖြစ်လို့နေသည်။ သူက သမု လှည့်ကြည့်တာမို့ သမုဆီ အမြန်ပြေးလာကာ အနားရောက်တော့ ဘာလဲ ဆိုသည့်သဘောဖြင့် မေးဆတ်ပြလျှင် သူက သူ့လက်ထဲက အထုပ်လေးတစ်ထုပ်ကို လှုပ်ယမ်းပြရင်း ...

"ဒီမှာ ... ဒီတစ်ရှူးထုပ် မင်းကျန်နေခဲ့လို့ လာပေးတာ"





သမုက ႕,ဆိုပြီးတော့တောင် အာမေဋိတ်ပြုရတဲ့ အဆင့်ကို ရောက်သွားသည်။ ဟား ... ရောချက်တွေက နိုင်းလောက်ရှိတယ်။ တစ်ရှူးကျန်ခဲ့လို့ လာပြန်ပေးတာတဲ့။ လုံးဝကို ဂေါက်ချက်ဖြစ်၏။ သူ့ အမောတကောပြောတာကို ကော်ရစ်တာထောင့်မှာ ထိုင်နေကြတဲ့ ကျောင်းသားတချို့က ကြားတာမို့ ပြုံးစိစိဖြစ်ကုန်ကြ၏။ သမုက (၁၉)ရာစုလောက်တည်းက ကျန်နေခဲ့ပြီဖြစ်သည့် ပစ္စည်းလေးကျခဲ့လို့ လာပြန်ပေးရင်း ရင်းနှီးရတယ်။ ထို့နောက်မှ စ၍ ဤသို့ ဤပုံ ဤကဲ့သို့ ဇာတ်ထုပ်ကြီးက ရိုးနေပြီဖြစ်တာကြောင့် အဲဒီဂေါက်ကြောင်ဘဲကို ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ...

"ဒီ တစ်ရှူးထုပ်ကျန်ခဲ့လို့ လိုက်ပေးတာ ဟုတ်လား"

သမုရဲ့ လှောင်သလိုအပြောကြောင့် အဲဒီတစ်ယောက်က ခေသူမဟုတ်စွာ သမုရဲ့ အချိုးအချိတ်အတိုင်း ဟက်ခနဲ ရယ်လိုက်ရင်းက ...

"ဘာလဲ ... မင်းက တစ်ရှူးလာပေးပြီး ဇာတ်လမ်းလာလုပ်တယ်များထင်နေတာလား၊ ဝေးသေးတယ်၊ ငါက မင်းလိုသာမန်လှတာမျိုးလောက်ကို စိတ်မဝင်စားဘူးကွ၊ ဒီတစ်ရှူးက မင်းအိတ်ထဲက ထွက်ကျခဲ့တာ၊ တစ်ရှူး ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်လိုအပ်လာတဲ့အချိန်ဆို တန်ဖိုးရှိတာပဲ၊ ငါက မင်းလိုနေ ဒုက္ခဆိုပြီး စေတနာနဲ့ လာပေးတာကို မင်းက လိုရာဆွဲတွေးတာပဲ ... ဟား ဟား"

"ဘာ ... နင် ဘာစကား ပြောတာလဲ"

သမုက ဘေးနားမှာရှိနေတဲ့ လူတွေကြောင့် ပိုအရှက်ရသွားကာ ဒေါသဖြစ်လွန်းလို့ အသားတွေတောင် ဆတ်ဆတ်တုန်လာသည်။ သမုရဲ့ဘဝတစ်သက်တာမှာ ဒီလောက်ထိ ရှက်စွံ့ခံပြင်းစရာကောင်းတဲ့ စကားလုံးမျိုးလည်း မကြားခဲ့ဖူးပေ။ မင်းလိုသာမန်လူတာမျိုးကို စိတ်မဝင်စားဘူး၊ မင်းက လိုရာတွေ ဆွဲတွေးတာကိုး။ စသဖြင့် ယောကျ်ားတန်မဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော စကားလုံးတွေကိုပြောတဲ့ သူ့ကို အရမ်းကို ဒေါသဖြစ်မိသွားစွာ သမု ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိခင်မှာ သမုရဲ့လက်က သူ့ပါးကို ပြင်းရှစွာ ထိမိသွားလေသည်။

"ဟာ ... မင်း ဒါဘာလုပ်တာလဲ၊ ငါ ..."

သူကလည်း နာကျင်သွားသော ရှက်ဒေါသဖြင့် သမုကို ပြန်ရိုက်ဖို့ လက်ရွယ်လိုက်စဉ်မှာ ကျရောက်လာမယ့် သူ့ရဲ့လက်ကို လက်တစ်စုံက လှမ်းတားဆီးရင်း သမုရဲ့အရှေ့က ကာရပ်လိုက်ကာ ...





"ဒါတော့ မင်း အရမ်းတရားလွန်သွားပြီ၊ တော်လိုက်တော့"

ခပ်ထက်ထက်စကားသံတစ်ခုကြောင့် သမုက သမု့ရှေ့ရောက်နေတဲ့ အဲဒီမိန်းကလေးကို ကြည့်မိနိုက်မှာပဲ သူကလည်း အဲဒီမိန်းကလေးကို ဒေါသတကြီး ပြန်ကြည့်ကာ ...

"ဒီမှာ မင်းနဲ့ ဘာဆိုင်လို့ ဝင်ပါနေရတာလဲ"

"ဆိုင်တယ်၊ မင်းတို့ဖြစ်နေတာကို တို့ ဟိုးမှာကတည်းက တွေ့တယ်၊ မင်း လွန်တာ၊ မိန်းကလေးတစ်ယောက်ကို ဘာစကားပြောရင် မင်းရဲ့အဆင့်အတန်း ဘယ်ရောက်သွားမလဲဆိုတာ မင်း မသိဘူးလား"

"ဟာ ... မဟာအမျိုးသမီးရပ်တည်သူကြီးနဲ့ လာတွေ့နေတာကိုး၊ မင်း မြင်တယ်ဆို သူ ဘာလုပ်လိုက်တယ်ဆိုတာကော မြင်တယ်မှလား၊ ငါ့အသားကို နာကျင်အောင်လုပ်တဲ့မိန်းမကို ငါက ခွင့်လွှတ်စရာလား"

"ခွင့်မလွှတ်တော့ ရှင်က ဘာလုပ်ချင်လို့လဲ လာလိုက်လေ"

သမုက သည်းခံနေရက်က စော်ကားလာတာမို့အဲဒီအကောင်ကို ချလင်းလုပ်လိုက်လျှင် အဲဒီကောင်က လက်ပြန်ရွယ်ဘော့မလို ဟန်ရှိစဉ်မှာ စည်းကမ်းထိန်းသိမ်းရေးရဲ့ အသံဝါဝါကြီးက တားဆီးပိတ်ပင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ရပ်လိုက်ကြစမ်း၊ မင်းတို့သုံးယောက်စလုံး ရုံးခန်း လိုက်ခဲ့ကြ"

ဘေးက ဝိုင်းကြည့်နေသူတွေက ရှဲသွားသလို တစ်ကျောင်းလုံးမှာရှိတဲ့ ကျောင်းသူကျောင်းသား အားလုံးကလည်း သမုတို့သုံးယောက် ရုံးခန်းကို ရောက်သွားတာကို အရမ်းစိတ်ဝင်စားနေပုံရသည်။ မော်ကွန်းထိန်းကိုယ်တိုင်ပါ ပါလာတာမို့ သမုတို့မှာ စည်းကမ်းထိန်းသိမ်းရေးရုံးရဲ့ထိုင်ခုံမှာ ခပ်ငုံ့ငုံ့ထိုင်နေရ၏။

"ကဲ … ဘာဖြစ်တာလဲ၊ ဒီနေ့ပဲ ကျောင်းစဖွင့်တယ်၊ တစ်ကျောင်းလုံး အုတ်အော်သောင်းနင်းဖြစ်လောက်အောင် မင်းတို့ တော်တော်သောင်းကျန်းတာပဲ၊ ကဲ … ပြောစမ်း … မင်းတို့နာမည်တွေနဲ့ မေဂျာတွေ"

"မဟော်မင်းညိုပါ၊ Chemistry က"

သမုဘေးက အသံက အရင်ထွက်လာကာ လူတင်မဟုတ် နာမည်ကပါ အမြင်ကတ်စရာမို့ မျက်နှာတစ်ချက်မဲ့လိုက်ပြီးမှ သမု နာမည်ပြောရသည်။

"သမုခင်ပါ၊ Physics က"

သမု ပြောပြောပြီးချင်းမှာပင် သမုဘေးက မိန်းကလေးကလည်း ဝင်ပြော၏။





"နှိုင်းမမှီပါ၊ Physics ပါပဲ"

"အေး … ဒီလို ထူးချွန်တဲ့ ကျောင်းသားမျိုး၊ ကျောင်းသူမျိုးကို လေးစားတယ်၊ စ,စချင်းနေ့မှာပဲ ရန်ပွဲဖြစ်တယ်၊ အဲဒီတော့ မင်းတို့ ခံဝန်ထိုးရမယ်၊ နောက်တစ်ခါဆို ထုတ်မယ်"

သမုက ပြဿနာဖြစ်တဲ့သူမို့ ခံဝန်ထိုးရတာ ပြဿနာ ရှိပေမယ့် မဆီမဆိုင် သမုရှေ့က ဝင်ကာပြောပေးတဲ့ တစ်ယောက်ကိုတော့ ရောပြီးမညပ်စေချင်တာကြောင့် သမုက ဝင်ပြောရသည်။

"ခံဝန်ထိုးဆိုလည်း ထိုးပါ့မယ် ဆရာ၊ ဒါပေမဲ့ ပြဿနာဖြစ်တာက သမုနဲ့ ဟိုသူပါ၊ နှိုင်းမှီက သမုဘက်ကရပ်တည်ပြီး ပြောပေးတာပဲ ရှိတာပါ၊ သူနဲ့ဘာမှ မဆိုင်ပါဘူး ဆရာ၊ သူ ခံဝန်ထိုးဖို့ မလိုပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ၊ ထိုးပါ့မယ် ဆရာ၊ အဲဒီကောင်ကို ကြည့်မရလို့ ကျွန်မပါ ဝင်ရန်ဖြစ်တာပါ"

"တော်ကြစမ်း၊ မင်းတို့တွေ ပြဿနာဖြစ်ကြတာ မျက်မြင်ပဲ၊ အားလုံး ခံဝန်ထိုးရမယ်၊ မင်းတို့ ဘာကပြဿနာစဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သမုက ပြောဖို့ဟန်အပြင်မှာပဲ ဟိုကောင်က အပြော ဦးသွားကာ အရင်ပြောသွား၏။

“ထမင်းစားချိန်က ကန်တင်းမှာခုံပြည့်နေလို့ ကျွန်တော်က သူ့ခုံမှာ ဝင်စားပါတယ် ဆရာ၊ ပြီးတော့ သူ ဘေလ်ရှင်းပြီး ထသွားတော့ သူ့အိတ်ထဲက တစ်ရှူးထုပ်ကျန်ခဲ့လို့ လိုက်ပေးတာကို ကျွန်တော့်ကို ဇာတ်လမ်းလာလုပ်တယ်ထင်ပြီး ဟာသလုပ်တယ်၊ ကျွန်တော်ကပြန်ပြောတော့ သူ ကျွန်တော့ ပါးကိုရိုက်တယ်၊ ကျွန်တော့်အမေတောင် ကျွန်တော့်ကိုမရိုက်ဘူး၊ ကျွန်တော် သူ့ကို လုံးဝမကျေနပ်ဘူး ဆရာ”

“ဆရာ ... ခဏလေးပါ၊ သူက သူ့ဘက်ချည်းပဲပြောသွားတာပါ၊ ပြဿနာအစအဆုံးကို ကျွန်မမြင်ပါတယ်၊ ကြားလည်း ကြားပါတယ်၊ သူ တစ်ရှူးထုပ်လိုက်ပေးတာကို ဒီဘက်က ဟာသလုပ်တာပဲထားပါတော့၊ သူ့အနေနဲ့ မိန်းကလေးတစ်ယောက်ရဲ့အရှက်သိက္ခာကို ထိပါးစေတဲ့စကားလုံးမျိုးတော့ ပြောလို့မရပါဘူး...ဆရာ၊ သူက ဒီမိန်းကလေးရဲ့သိက္ခာကို ထိခိုက်စေတဲ့စကားကို ပြောလို့ ရိုက်လိုက်တာပါ၊ ဒါကို အားလုံးလည်းမြင်ပါတယ်၊ အဲဒါကိုတောင် သူက ထပ်ပြီးပြန်ရိုက်ဖို့ လက်ရွယ်ပါတယ် ဆရာ”





“ဟုတ်ပါတယ် ဆရာ၊ သူပြောတာ အမှန်တွေပါ”

သမုက သမုဘက်မှ ရှေ့နေလိုက်ပေးနေတဲ့ ကောင်မလေးရဲ့စိတ်ဓာတ်ကို အရမ်းသဘောကျမိသွားသည်။ သမု ဘက်က မဲများနေတာမို့ ဟိုကောင်က ပေါက်ကွဲကာ ...

“မင်းနဲ့ ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ”

“ကဲ ... တော်ကြစမ်း၊ မင်းတို့ပါးစပ်တွေ ပိတ်လိုက်ကြတော့၊ ဆက်မပြောကြနဲ့၊ မင်းတို့နှစ်ဖက်စလုံးမှားကြတာပဲ၊ ဒီကိစ္စကို ငါက ဖြေရှင်းပေးမှာ မဟုတ်ဘူး၊ မင်းတို့ လူကြီးတွေဖြစ်နေပြီ၊ တက္ကသိုလ်ကျောင်းသားတွေ ဖြစ်နေပြီ၊ ငါတို့ ဒီလောက်တားနေရက်နဲ့ ရန်ထပ်ဖြစ်ရင် အထွက်ပဲနော်၊ သိပ်ဖြစ်ချင်နေရင် အပြင်မှာဖြစ် ကျောင်းမှာ လာမဖြစ်နဲ့၊ သုံးယောက်လုံး လက်မှတ်ထိုး”

ဆရာက ခပ်ကြမ်းကြမ်းလေသံဖြင့်ပြောကာ ကြိမ်းတာမို့ သုံးယောက်စလုံးက ခံဝန်မှာ လက်မှတ်ထိုးပြီးနောက်မှာ ဆရာက မဟော်မင်းညို ဆိုတဲ့သူကို အရင်ပြန်လွှတ်၏။ ပြီးမှ သမုနှင့် သမုကို ကူညီပေးတဲ့တစ်ယောက်ကို ပြန်ခိုင်းလေသည်။ ရုံးခန်းထဲကထွက်မှ သမုက ကျေးဇူးတင်စကားပြောရသည်။

“ကျေးဇူးတင်ပါတယ်နော် အခုလိုကူညီပေးတာ”



www.burmeseclassic.com

www.burmeseclassic.com



သမုရဲ့ကျေးဇူးစကားကြောင့် သူမက ပြန်လည်ပြုံးပြကာ ခေါင်းဆတ်ပြရင်း ...

"ရပါတယ်၊ တို့က အဲဒီလိုပဲ၊ အမြင်မတော်ဘူးဆို ဆိုင်ဆိုင်မဆိုင်ဆိုင် ဝင်ရှုပ်တော့တာပဲ၊ အတန်းသွားတက်မှာလား၊ ဘယ်အခန်းကလဲ"

"ဟုတ်တယ်၊ Section C ကပါ၊ ဘယ်အခန်းကလဲ"

"me too ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ တို့နာမည် နှင်းမမှီပါ၊ သမုခင်နော်၊ သူငယ်ချင်းတွေကော မတွေ့ပါလား"

သမုက သွက်သွက်လက်လက် ထက်ထက်မြက်မြက် ဟန်ပန်လေးကိုကြည့်ကာ နှင်းမမှီကို ခင်မင်သွားသည်။ သမုလို ရွှေပေါင်းတတ်တဲ့သူအဖို့ နှင်းမမှီဟာ ဘုရားက လက်ဆောင်ပို့ပေးလိုက်တဲ့ သူငယ်ချင်းပဲဖြစ်ပေမည်။

"သမုမှာ သူငယ်ချင်းမရသေးဘူး၊ နှင်းမမှီကို မြင်မြင်ချင်း ခင်မိသွားတယ်၊ သမုတို့ သူငယ်ချင်းဖြစ်လို့ ရမလားဟင်"

"အို ... အိုး ... သိပ်ရတာပေါ့ သမုရဲ့၊ ရှိတ်လိုက် ... တို့ သူငယ်ချင်းတွေ ဖြစ်သွားပြီ"





သမုက ကျေနပ်စွာ နှင်းမမှီကမ်းတဲ့လက်ကို ဆွဲကိုင်ကာ ရှိတ်ကမ်းလုပ်လိုက်လျှင် ပိုပြီး ရင်းနှီးနွေးထွေးသွားသလို ခံစားရသည်။

"အင်း ... တို့နဲ့ သမု အခုလို သိခွင့်ရတာ ဟိုဘဲကျေးဇူးတွေပါတယ်နော်"

သမုက ဟိုဘဲဆိုမှ စိတ်ထဲမှာ ခုနက ပုန်းအောင်းထားတဲ့ အမုန်းတွေက ဝုန်းခနဲပေါ်ချလာကာ ဒေါသတွေ တန့်နဲ့ဖြစ်ရလေသည်။ မုန်းစရာကောင်းတဲ့လူ။ သမုကို အရှက်ကွဲအောင်လုပ်တဲ့ယောကျ်ားကို သမု လုံးဝမကျေပြီ။

❦ ○ ❦



www.burmeseclassic.com

## ( ၂ )

မဟော်က ချာန်ဝင်နေတုန်းအချိန်ဖြစ်ဟာမို့ ခလုတ်ကို non - stop ခွဲကာ angle မျိုးစုံကနေ လှည့်ရိုက်နေတာဖြစ်သည်။ သူ့ရှေ့က မင်းသမီးကလည်း သူ့ရဲ့ရိုက်ချက်တွေထဲမှာ သူ ဘာမှပြောစရာမလိုလောက်အောင် perfect ဖြစ်ကာ ပရိုပီသစွာ ပို့စ်ပေးနိုင်၏။

"Ok ... nice shoot၊ အရမ်းမိုက်တယ်၊ ဒီလောက်ဆိုရပြီ၊ နောက်တစ်စုံ လဲလို့ရပြီ"

"ပုံတွေ ပြန်ကြည့်ဦးမယ်လေ မဟော်ရဲ့ မပြတော့ဘူးလား"

"ဆောရီး ... လာ ... ဒီမှာကြည့်"

မသွန်းက သူ့ရဲ့ perfect ဖြစ်လှသော ဓာတ်ပုံတွေကို ကြည့်ကာ သဘောကျ ကျေနပ်သော အပြုံးလေးပြုံး၍ ...





"မဟော်ကလေ တကယ်တော်တာပဲ၊ အန်ကယ်ညိုကတော့ သူ့ Studio ကို အမွေလွှဲလို့တောင် ရနေပြီ"

"ဟား ဟား ... အဲလောက် မဟုတ်သေးပါဘူးဗျာ၊ ကျွန်တော်က အခုမှ လေ့လာသင်ယူနေတုန်းပါ၊ မသွန်းလို လူမျိုးက ကျွန်တော့်ကို ဓာတ်ပုံရိုက်ခွင့်ပေးတာကိုတောင် ကျေးဇူးတင်ရမှာပါ"

"ဟား ဟား ... ကျေးဇူးတင်ရင် မုန့်လိုက်ကျွေးလေ"

"ကျွန်တော်က ကျွေးလို့ရပါတယ်၊ မသွန်းက ကျွန်တော်နဲ့ အတူ အပြင်ထွက်ရဲလို့လား၊ တော်ကြာ ဆိုင်ထိုင်နေတုန်း လူတွေဝိုင်းလာမှဖြင့် ကျွန်တော်ပါ နာမည်ကြီးနေဦးမယ်၊ ကျွန်တော်က မသွန်း အတွက် ပြောတာပါ၊ မသွန်း ဘာစားချင်လဲ၊ သွားဝယ်ပြီး ဒီမှာစားမလား"

"ကောင်းသားပဲ"

မဟော်က ခေါင်းတစ်ချက်ညိတ်ပြကာ Studio ထဲကထွက်လာပြီး အောင်ကျော်ကို မုန့်သွားဝယ်ခိုင်းလိုက်၏။ ဒီနေ့ ဆရာဖေက ရိုက်ကူးရေးရှိနေတာမို့ Out door ထွက်တာကြောင့် သူက ဖေဖေ့စတူဒီယိုကို ခဏဝင်ပေးနေရတာဖြစ်သည်။ မသွန်းက နာမည်ကြီးမော်ဒယ် ဖြစ်တာမို့ သူက Mood ပိုရကာ ရိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်း၏။ မသွန်းက နောက်တစ်စုံလဲ ပြင်ဆင်နေတာမို့ သူက မသွန်းတို့စားဖို့ မုန့်သွားဝယ်ခိုင်းထားကာ သူကတော့ Net Guide ဂျာနယ် ထိုင်ဖတ်ရင်း ခဏအနားယူနေတာ ဖြစ်သည်။

"အစ်ကို ... Duty brake ထားတယ်မှလား၊ ဒီအစ်မက ပတ်စပို့ရိုက်မလို့ ရလား"

"ဪ ... အေး ... ရတယ်၊ မင်း ရိုက်ပေး ..."

သူက ပြောတဲ့စကားစ ခဏရပ်သွားလေသည်။ မျက်လုံးပင့်အကြည့်မှာ ပတ်စို့ဓာတ်ပုံလာရိုက်တဲ့ မိန်းကလေးဟာ မနေ့က သူ ဟိုဆော်နဲ့ပြဿနာတက်နေတုန်း ဝင်ချွဲသွားတဲ့ ကြောင်မလေးဖြစ်သည်။ ဒီကြောင်လေးကလည်း သူ့ကိုမြင်တော့ မှတ်မိသွားတဲ့ အရိပ်အယောင် ပေါ်လေသည်။ အဲဒါကြောင့်မို့ မဟော်က အခွင့်သင့်နေတာမို့ ထိုင်ရာမှ ထလိုက်ကာ ...

"ဖိုးသစ် ... ရတယ်၊ ငါ ရိုက်ပေးလိုက်မယ်၊ ကြွပါခင်ဗျာ"

"မင်းက ဓာတ်ပုံဆရာလား"

ကြောင်လေးရဲ့အမေးကြောင့် သူက ဟက်ခနဲတော့ ရယ်မိသွားသည်။

သူ့ကိုများ 'မင်း'တဲ့။ စကားအခေါ်အဝေါ်ကိုက ဒေါက်မကျိုးတာမို့ သူက နည်းနည်းလေး ကြောပြောလိုက်သည်။





"ဒါ ကိုယ့်ဆိုင်လေ၊ ကဲ ... မင်းလာရင်းကိစ္စက ပတ်စပို့ ရိုက်မှာမှလား ... အထဲကြွပါ"

မဟော်က ပြောလိုက်လျှင် သူမက မချိုမချဉ်မျက်နှာပေးဖြင့် စတူဒီယိုထဲ ဝင်လာ၏။ လောလောဆယ်မှာ သူမက ကိုယ့်ကတ်စတန်မာဖြစ်နေတာကြောင့် သူက ပတ်စပို့ပုံ အရင်ရိုက်ပေးလိုက်ရသည်။

"အိုခေ ... ရပြီ၊ အရှေ့မှာ မင်းလိုချင်တဲ့ အရေအတွက် ပြောပြီး ဘောက်ချာဖြတ်လိုက်"

"မဟော်ရေ ... ready နော်၊ ဟင် ... နိုင်း ..."

မသွန်းက သူ့အနောက်အဝတ်လဲခန်းထဲက ထွက်လာကာ ရယ်ဒီပြောပြီး ဟိုကောင်မလေးကိုမြင်လျှင် မသွန်းကိုယ်တိုင် လှမ်းခေါ်တာမို့ သူ နည်းနည်းတော့ အံ့သြသွားရသည်။

"ဟင် ... မမသွန်းပါလား၊ ဓာတ်ပုံရိုက်လား"

"အေး ... ဟုတ်တယ်၊ နင့်မတွေ့တာတောင်ကြာပြီ၊ ဘာလာလုပ်တာလဲ"

"သင်တန်းအတွက် Form မှာကပ်ဖို့ ဓာတ်ပုံလာရိုက်တာလေ၊ ကျွန်မက နေ့ခင်းဘက်တွေလောက်ပဲ မမသွန်းတို့ အိမ်ရောက်ဖြစ်တာဆိုတော့ မမသွန်း ရှူတင်သွားနေတာနဲ့ မတွေ့ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟင် … ဘယ်လိုကြီးလဲ။ မဟော်က အခေါ်အဝေါ်ကို မတတ်တာမဟုတ် သူ့ကိုယ်သူသုံးတဲ့ နာမ်စားကြီးကပါ တုံးနေတဲ့ ထူးဆန်းဖွယ် မိန်းကလေးကို သိချင်တာကြောင့် မသွန်းတို့စကားပြောနေရာကို မယောင်မလည်သွားလိုက်လျှင် မသွန်းက အလိုက်တသိ မိတ်ဆက်ပေး၏။

"ဪ … မိတ်ဆက်ပေးရဦးမယ်၊ မဟော် … ဒါ မနဲ့ ညီအစ်မတွေလိုပဲ၊ မာမီရဲ့ မွေးစားသမီးလေးလေ၊ နှိုင်းမမီတဲ့၊ နှိုင်း … ဒါ မမသွန်းရဲ့ ဓာတ်ပုံဆရာ မဟော်တဲ့"

"ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်"

မဟော်က အေးဆေးနှုတ်ဆက်ပေမယ့် သူမကတော့ သူ့ကို ဘာတစ်ခုမှပြန်မပြောဘဲ ပေစောင်းစောင်း ပြန်ကြည့်ပြီးမှ မသွန်းမျက်နှာနဲ့မို့ သူ့ကို အသိအမှတ်ပြုတဲ့ ခေါင်းညိတ်မှုနဲ့အတူ ဟုတ်ကဲ့တစ်ခွန်းလောက်တော့ မပွင့်တပွင့်ပြောလေသည်။ ပုံစံကတော့ အလန်းဇယား ဖြစ်ပေမယ့် အခေါ်အပြောကတော့ AD 3000 လောက်ကစတိုင်လ် ဖြစ်လေသည်။ ဒါပေမဲ့လည်း Old version ကလည်း တစ်မျိုးဆန်းသစ်နေသလားတော့ ဆက်လက်ဆန်းစစ်ရမည် ဖြစ်ပါသည်။

"အဲဒါဆို သွားတော့မယ်လေ မမသွန်းဆီ နောက်မှပဲလာတော့မယ်"





"အေး … အေး … နှိုင်း တာ့တာ"

"ဟိတ် … ဘောက်ချာဖြတ်သွားလိုက်ဦးနော်"

မဟော်က သူ့ကို နှုတ်ဆက်မသွားတာကြောင့် ဘမင်ကြီးကို လှမ်းခေါ်ကာ ကွန့်ပေးလိုက်လျှင် သူမက ရှုတည်တည်ကြည့်ပြီး ထွက်သွားလေသည်။ မသွန်းက သဘောပေါက်သောဒီဇိုင်းဖြင့် သူ့ကို ပြုံးစိစိကြည့်လျှင် မဟော်က အေးဆေးအထာဖြင့် ပခုံးတွန့်ပြလိုက်ကာ စကားလွှဲလိုက်သည်။

"ရယ်ဒီပဲမှလား မသွန်း၊ ရိုက်မယ်လေ၊ မသွန်းအတွက် မုန့်သွားဝယ်ခိုင်းထားတယ်နော်"

"ဟယ် … ဒီလောက်နဲ့တော့ မရတော့ဘူးထင်တယ်"

မသွန်းက ဘာဆိုလိုသလဲဆိုတာ သူသိတာကြောင့် သူက ပြုံးလိုက်ကာ စိတ်ဝင်စားမှု tempo က ပိုဘက်သွားတာကြောင့် အပြင်မှာ အဲဒီ ကြေလေးများ ရှိဦးမလားဆိုပြီး အပြင်ဘက်ထွက်ကြည့်မိလျှင် သူမကတော့မရှိတော့ပါ။ ဒါပေမဲ့ ဖိုးသစ်ဆီက ထူးဆန်းသော စကားတစ်ခွန်းကို ကြားရလေသည်။

"အစ်ကို့ရဲ့ဖုန်းနံပါတ်ကို စောနက အစ်မက တောင်းသွားလို့ ပေးလိုက်တယ် အစ်ကို"

… တဲ့။



www.burmeseclassic.com

www.burmeseclassic.com




အဟား ... ဟား ... အရမ်းဆန်းသစ်ပါလား။

ဖုန်းနံပါတ်တောင်းတာဟာ ဖုန်းဆက်ဖို့ဆိုပြီး နားလည်ထားတဲ့သူမို့ ကြားနိုင်ခွင့်ရှိမည့် Ringtoneကို စိတ်ဝင်စားမိသွားသည်။

❦ ○ ❦





သူစိမ်းချင်း သိတော့ မိတ်ဆွေ
သူစိမ်းချင်း ခင်တော့ သူငယ်ချင်း
သူစိမ်းချင်း ချစ်တော့ ချစ်သူ
သူစိမ်းချင်း မုန်းတော့ မုန်းသူ
သူစိမ်းရေ ...
ဘဝရဲ့ အရေးပါတဲ့ ဇာတ်ကောင်တဲ့လား။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com

# ၄ ။ ၆

ဒီတစ်ပတ်ရဲ့ စနေနေ့က ပိုပြီး ဆန်းသစ်တဲ့စနေမျိုး ဖြစ်လေသည်။ သမုက အရင်အပတ်တွေထက် ပိုလှ ပိုမိုက်အောင် ပြင်ဆင်လာတာဖြစ်၏။ အဝေးသင်ကျောင်းသူဖြစ်တာမို့ စနေ၊ တနင်္ဂနွေဟာ သိပ္ပံတွဲယူထားတဲ့ အဝေးသင်ကျောင်းသူတွေအဖို့ ရှီးထုတ်ရတဲ့နေ့ပဲဖြစ်လေသည်။ သမုက ပန်းဆီရောင်ချည်ပေါင်းသားဝမ်းဆက်ကို စပါယ်ရှယ်ဒီဇိုင်နာရဲ့ ဖန်တီးမှုဖြင့် အပြတ်ရှိုင်းလာခဲ့ပြီးနောက် ကားပေါ်ကနေဆင်းလာကာ ကားကို မှီရပ်၍ နှိုင်းမမှီ အလာကို စောင့်နေတာဖြစ်သည်။ ခဏအကြာမှာ နှိုင်းမမှီရဲ့ Vitz ကားလေးက ရောက်လာတာမို့ သမုက လက်အသာလှမ်းပြလိုက်သည်။

နှိုင်းမမှီက ပါကင်ထိုးပြီးနောက် သမုဆီလျှောက်လာကာ အပြုံးတစ်ခုနဲ့အတူ နှုတ်ဆက်လေသည်။





"သမု ... ရောက်နေတာကြာပြီလား၊ ဆောရီး ... လမ်းမှာက Traffic တွေတအားဖြစ်နေတာလေ၊ အဲဒါကြောင့် ..."

"ရပါတယ် နှိုင်း ... အဲ ... နှိုင်းလို့ ခေါ်မယ် ရလား"

"အမ်း ... ရတာက ရပါတယ်၊ ဒါပေမဲ့ တို့က နှိုင်းလို့ခေါ်တာထက် နှိုင်းမမှီလို့ခေါ်တာကို ပိုကြိုက်တယ်၊ အဲဒါက အဓိပ္ပာယ် ပိုရှိတယ်လေ၊ ဟုတ်ဖူးလား"

သမုက အဲဒီပုံစံလေးတွေကြောင့် သူမကို ခင်မိသွားတာဖြစ်လေသည်။ နှိုင်းမမှီရဲ့ မာကြောကြောထိမထင်ပုံစံတွေဟာ သမုနဲ့ ဆင်သလို ခံစားမိတာကြောင့် အသွင်တူသူ ပေါင်းမိသွားတာမျိုး ဖြစ်နိုင်သည်။

"Ok ... နှိုင်းမမှီ၊ နှိုင်းမမှီကို သမု အဲဒါကြောင့်ခင်တာ၊ သမုလည်း အဲဒီလိုပဲ စိတ်ထဲ မျိုသိပ်မထားတတ်ဘူး"

"ဟား ဟား ... တို့ကလည်း အဲဒါမျိုးမှ ခင်တာ၊ သမုကိုလည်း အဲဒါကြောင့် တို့ မြင်မြင်ချင်း ခင်မိသွားတာဖြစ်မယ်၊ By the way ... ဒီနေ့ အရမ်းကို လှနေပါလား"

သမုက ကျေနပ်သွားဟန်ဖြင့် အပြုံးတစ်ခုပြုံးလိုက်ကာ သမု ယုံရသူ ဟုတ်မဟုတ် အကဲခတ်နိုင်ဖို့ နှိုင်းမမှီနဲ့ ဒီထက်ပိုရင်းနှီးချင်တာမို့ သမုက ကန်တင်းအတူထိုင်ဖို့ ဖိတ်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... thank you၊ အကြောင်းရှိလို့ အသေအချာ ထုတ်ထားတာ နှိုင်းမမိုရဲ့၊ အချိန်လည်းရသေးတာပဲဟာ၊ ကန်တင်းသွားထိုင်ရအောင်လေ"

"အိုခေလေ ... သွားတာပေါ့လာ"

သမုနဲ့ နှိုင်းမမိုက အတူတွဲပြီး ကန်တင်းထဲဝင်လာလေလျှင် ကွက်ကြည့် ကွက်ကြည့်ဖြင့် တိုးတိုးပြောနေကြတာတွေကို သတိထားမိလေသည်။ ပြီးခဲ့တဲ့အပတ်ကတင် တစ်ကျောင်းလုံးကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားအောင် ပွဲဆူထားသူတွေမို့ သမုနဲ့ နှိုင်းမမိုကို သိထားမိနေကြတာဖြစ်သည်။

"သမုမှာ ပြောစရာရှိတယ် ထင်တယ်၊ တို့ကို ပြောချင်တဲ့ ပုံပဲ"

"အင်း ... ဟုတ်တာပေါ့၊ သမု နှိုင်းမမိုကို အကူအညီတောင်းချင်တာပါ၊ သမု မမှားဘူးဆိုတာ နှိုင်းမမို သိတယ်မဟုတ်လား"

သမုက အဆက်အစပ်မရှိတာ ပြောတာဖြစ်ပေမယ့် နှိုင်းမမိုက သမု ပြောတာကို ဒက်ခနဲ တန်းသိကာ ခေါင်းညိတ်ပြသည်။

"မှန်လို့ပဲ သမုဘက်က တို့ရပ်တည်ခဲ့တာပေါ့၊ အခု ဘာဖြစ်လို့လဲ သမု"





"သမုလား... ဟုး ... ပြီးခဲ့တဲ့အပတ်က ဖြစ်ခဲ့တဲ့ကိစ္စ ဖြစ်ခဲ့ပေမယ့် သမု လုံးဝ မေ့မရဘူး၊ ရင်ထဲမှာလည်း တနုံ့နုံ့နဲ့ အဲဒီကောင်ကိုသမု တစ်ခုခုပြန်လုပ်ပစ်ချင်တယ်၊ လုံးဝကို မေ့မရတဲ့ မှတ်လောက်သားလောက် ရှိသွားအောင် ဆုံးမပစ်ဖို့အထိ ရည်ရွယ်တာ၊ သမုရဲ့သိက္ခာကို ထိခိုက်စေတဲ့ အဲဒီလိုကောင်မျိုးကို သမု တစ်ခုခုတော့ ပြန်လုပ်ချင်တယ်"

သမုက စိတ်ထဲမှာဖြစ်နေတဲ့အတိုင်း ဟန်မဆောင်ဘဲ ရင်ဖွင့်မိလျှင် နှိုင်းမမိုက သမုကို ဘာမှ ပြန်မပြောသေးဘဲ စိုက်ကြည့်နေကာ ...

"သမုက ဘယ်လိုလုပ်ချင်တာများပါလိမ့်"

နှိုင်းမမိုရဲ့စကားသံက တကယ့်ကို စိတ်နှစ်ပြီးမေးတယ်မှန်း သိသာလေသည်။ သမုက တွေးထားတဲ့ အစီအစဉ်ကို ပြောပြလိုက်၏။

"သမု ... သူနဲ့တွေ့မယ်၊ ရှေ့တစ်လှမ်းတိုးဖို့ နောက်တစ်လှမ်းဆုတ်မယ့်သဘောပေါ့၊ ဒီလောက်ဆို သမု ဘာလုပ်မလဲ သိလောက်ပါတယ်၊ နှိုင်းမမို ဘယ်လိုသဘောရလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … သမုကို ဘယ်လိုပြောရမလဲတောင် မသိဘူး၊ အဲဒီအစီအစဉ်က ကောင်းပါတယ်၊ ဒါပေမဲ့ သမု နောက်တစ်လှမ်း ဆုတ်လိုက်တာဟာ အဲဒီလူ ရှေ့တစ်လှမ်းတိုးဖို့ မဟုတ်လာရင် ဘယ်လိုလုပ်မလဲ၊ ယောကျာ်းဆိုတဲ့လူတွေရဲ့ စိတ်က ခန့်မှန်းရခက်တယ် သမု၊ သူက သမု နာကျင်အောင် လုပ်ထားတဲ့ယောကျာ်းမျိုးနော်၊ သမု နောက်တစ်လှမ်းဆုတ်မှုကို လက်ခံရင်ကောင်းတယ်၊ လက်မခံရင် သမု နောက်တစ်ခါရှုံးတာပဲ၊ သူ့စိတ်ကို မခန့်မှန်းနိုင်တဲ့အတွက် အဲဒီလိုလုပ်တာ သမု အလျော်အစားတော့ ကြီးလိမ့်မယ်"

နှိုင်းမမီက သမုအတွက် အကောင်းဆုံးဝေဖန်ပေးနိုင်သူဖြစ်မယ်လို့ ထင်ထားတဲ့အတိုင်း သမု စိတ်ကူးမလွဲခဲ့ချေ။ သမုက နှိုင်းမမီကို သဘောကျခင်မင်စွာဖြင့် တစ်ချက်ပြုံးလိုက်ကာ …

"Thank you နှိုင်းမမီရယ်၊ ဒါပေမဲ့ သမု လုပ်ချင်တယ်၊ သမုက အဲဒီကောင် နစ်နာသွားဖို့ပဲ ရည်ရွယ်တာ၊ သူ့ကို နည်းစုံသုံးပြီး ဒုက္ခပေးမှာ"

နှိုင်းမမီက သမုကို အဓိပ္ပာယ်ပါဝင်သော မျက်လုံးများဖြင့် ခပ်ကြာကြာစိုက်ကြည့်သည်။ သူမ ဘာသဘောနဲ့ကြည့်





သလဲဆိုတာတော့ သမုလည်း မသိပေ။ ခဏနေတော့ နှိုင်းမမီက အေးဆေးနူးညံ့သော အပြုံးတစ်ခုနဲ့အတူ အားတက်ဖွယ်ဖြစ်စေသော စကားကိုဆို၏။

"အိုခေလေ … ကျွန်မရဲ့သူငယ်ချင်းက ဒီလောက်လက်စားချေချင်နေတယ် ဆိုမှတော့ ကျွန်မကလည်း သူငယ်ချင်းကောင်းပီသစွာ ဝင်နွှဲပေးရတာပေါ့၊ တို့ သမုကို ကူညီပေးမယ်"

နှိုင်းမမီ စကားက အရမ်းကို အားတက်သွားစေပါသည်။ သမုခင်က သာမန်မိန်းကလေးတစ်ယောက်မဟုတ်ဘူးဆိုတာ အဲဒီဘဲကြီး သိစေဖို့ သမုက ပညာပြရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မှ နောက်ကျနေတဲ့ သူ့ဘော်ဒါနစ်ကောင်ကို သူက ကန်တင်းမှာ ထိုင်စောင့်နေရင်း ပျင်းလာတာမို့ သူ့ ipad ထဲက Candy Crush ထိုင်ဆော့နေလိုက်သည်။ တစ်ပတ်မှာမှ နှစ်ရက်ပဲ တက္ကသိုလ်ကျောင်းသားအရသာကို ခံစားရတာမို့ သူက ဒီလို စနေ၊ တနင်္ဂနွေနေ့မျိုးမှာ လိုအပ်တာထက် ပိုလန်းထားတာမို့ လူစိတ်ဝင်စားခြင်း ပိုခံရလေသည်။ အဲဒီအပေါ်မှာလည်း သူက လူငယ်ပီပီ ကျေနပ်သာယာလေသည်။

"မပော်မင်းညို"

သူ့ရဲ့နာမည်ကို ဘေးနားမှာ အပြည့်အစုံကြီး ခေါ်လိုက်တာမို့ သူက မော့ကြည့်လိုက်လျှင် မမေ့နိုင်တဲ့မျက်နှာကို တွေ့ရလေသည်။ မပော်က ထူးခြားစွာပင် သွေးဆူလွယ်တတ်တဲ့ သူ့ရဲ့ဒေါသက ပေါ်မလာတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြရလေသည်။ သူ့ကို ပါးရိုက်ခဲ့တဲ့ မိန်းမကို သူက ကျောချင်





သေးတာမို့ ဘာလဲဆိုတဲ့ သဘောဖြင့် မေးအသာဆတ်ပြလျှင် သူမက ရဲရဲတင်းတင်းပင် သူနဲ့မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီးမှ ...

"လာရင်းကိစ္စကတော့ ရှင်နဲ့ ကျွန်မကြားမှာ ရန်ငြိုးရှိလား မရှိဘူးလား လာမေးတာပဲ"

ဟား ... အဆန်းပါလား။ မပော်က သူမပြောတဲ့ စကားလုံးတွေက ထူးဆန်းနေတာမို့ နည်းနည်းတော့ Surprise ဖြစ်ရလေသည်။ ဒါပေမဲ့လည်း မေးတဲ့မေးခွန်းအပေါ်ကို သူက စိတ်ဝင်တစားဘဲ ပြန်ဖြေလိုက်သည်။

"မင်းက ဘာဖြစ်လို့ မေးတာလဲ။ ရန်ငြိုးဆိုတာမျိုးကရှိသလား မရှိဘူးလား ဆိုတာ ပါးစပ်နဲ့ဖြေရုံနဲ့ ယုံလို့ရတာမှ မဟုတ်တာ။ စိတ်ထဲလည်း ဝင်ကြည့်လို့ရတာ မဟုတ်ဘူးလေ။ အဲဒါကို ဘယ်လိုဖြေရမှာလဲ"

"မေးတယ်ဆိုကတည်းက သိချင်စိတ်ရှိလို့ပါ။ ကျွန်မတို့ ရန်ပွဲက တစ်ကျောင်းလုံးထိ hit ဖြစ်ခဲ့တာလည်း ရှင်အသိပဲဟာ။ သူတို့တွေက ကမ္ဘာ့ရန်တွေလို့ သူများမေးငေါ့ အတင်းပြောမှာမျိုးကို သမမ မဖြစ်ချင်ဘူး။ ဒါကြောင့် ရှင်နဲ့ သမမ လာဆွေးနွေးတာပဲ။ ကျောင်းဓာလေး တက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ အချိန်အတွင်းမှာ ရန်သူဆိုတာမျိုး မရှိချင်ဘူး။ အဲဒီနေ့ကလည်း တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်လို့ ဖြစ်သွားတာလို့ပဲ သမှ ယူဆချင်တယ်"

သမုခင်ဘက်က ပြေရာပြေကြောင်း အငွေ့အသက်လေးတွေကို သူ ခံစားရသလို ရှိလာသည်။ တကယ်တော့ အဲဒီနေ့က အဖြစ်အပျက်တွေဟာလည်း သူ့ဘဝအတွက် သမိုင်းဝင်လို့တောင် ပြောလို့ရပေမည်။ ဘဝမှာ အမြဲတမ်း တောက်ကြွားပြီး မိန်းကလေးတွေရဲ့ စိတ်ဝင်စားမှုကို ခံရတဲ့ King တစ်ယောက် အနေနဲ့ ပါးရိုက်ခံရတယ်ဆိုတဲ့ အဖြစ်ဟာ အသည်းနာစရာတော့ ကောင်းလှပါသည်။ ဒါပေမဲ့ သူ့ဘက်ကလည်း ဖောင်းလ်ခဲ့တာတွေ ရှိခဲ့ပါသည်။ မိန်းကလေးတစ်ယောက်ကို အထင်သေးတဲ့ လေသံမျိုးနဲ့ ပြောမိတာကိုက သူ့ဖောင်းလ်ဖြစ်၏။ အဲဒီနေ့က ပြောမိတယ် ဆိုတာကလည်း သူ့မျက်လုံးထဲမှာ အဲဒီနေ့က သမုခင်က ဒီနေ့ သူ့ရှေ့မှာ ထိုင်နေတဲ့ သမုခင်လောက် ဆွဲဆောင်မှုမရှိတာ အမှန်ပဲ ဖြစ်သည်။

"Ok ... ရပါတယ်။ ကိုယ်လည်း အေးဆေးပါပဲ"

"ဒါဆို ရှင်နဲ့ သမှ ဖြစ်ခဲ့တဲ့ ကိစ္စအားလုံး ပြီးပြီနော်။ ဒီလို သတ်မှတ်လိုက်တော့မယ်"





သူက သမုခင်ကို ငေးစိုက်သလို တစ်ချက်ကြည့်လိုက်ရင်း ပြုံးမိသွားသည်။

"ဖြစ်ပါတယ်၊ ပြီးတော့ အဲဒီနေ့က ပြောခဲ့တဲ့ စကားတစ်ခွန်းကိုလည်း ပြန်ရုပ်သိမ်းချင်တယ်"

သူ့စကားကြောင့် သမုခင်ရဲ့ မျက်ဝန်းအရောင်လဲ့သွားသလို ခံစားရသည်။ အဲဒါကိုပဲ သူက ကျေနပ်စွာပြုံးမိသည်။

"ဘာကိုလဲ"

"မင်းလို သာမန်လှတာမျိုးလောက်ကို စိတ်မဝင်စားဘူးဆိုတာလေ။ ဆောရီး။ အဲဒါမှားတယ်။ မင်းက အရမ်းကိုလှတဲ့မိန်းကလေး။ အဲဒီနေ့က ကိုယ့် မျက်လုံးတွေ ပါဝါသိပ်မပြည့်ခဲ့လို့"

သူ့ရဲ့ရိုးရာမပျက် အိစီကလီစကားလုံးမှာ သမုခင်က ဟက်ခနဲ တစ်ချက်ရယ်သည်။ ပြီးတော့ ဆရာမကြီးပီသစွာ နေတတ်ပါသည်။ ဟုတ်လားဟု ခပ်တိုးတိုးဆိုကာ ပြုံးရုံမျှပြုံးသေး၏။

"အဲဒါဆို ကိုယ်တို့က Peace ပေါ့။ အဆင်ပြေသွားပြီနော်"

"ဟုတ်ကဲ့၊ သူငယ်ချင်းတွေအဖြစ် သဘောထားလို့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဟော်က သူ့ကို ပါးရိုက်ခဲ့ဖူးတဲ့ ကောင်မလေးရဲ့ ပညာတတ်ဆန်မှုကို သဘောကျသွားသည်။ မိန်းမတွေရဲ့စိတ်ကို Thesis လုပ်ကြည့်ချင်သည်။ အချိန်ဘယ်လောက်ထိ လေ့လာရပါလိမ့်မလဲ။ အဲဒီလိုအတွေးမျိုး တွေးဖူးခဲ့တဲ့သူက သူ Thesis လုပ်ချင်တဲ့ မိန်းမတွေရဲ့စိတ်ကို စိတ်ဝင်စားရာကနေ မိန်းမတော်တော်များများကို စိတ်ဝင်စားလာတတ်သည်။ ထိုအထဲမှာမှ လက်ရှိ သူ့အာရုံကို စိတ်ဝင်စားမှုတွေပေးစေတဲ့ မိန်းမဟာ သူမဖြစ်လို့ နေပြန်သေးသည်။





## (၄)

မြည်လာတဲ့ Ring tone သံလေးနဲ့အတူ သမုစိတ်ထဲမှာလည်း ဒိန်းတပ်တပ် ဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ် ရိပ်မိလေသည်။ ဘယ်လိုဖီလင်ပါလိမ့်။ မဟော်မင်းညိုနဲ့ ပြေလည်ပြီး နောက်တစ်နေ့မှာ သူမ သမု အတန်းပေါက်ဝမှာ လာရပ်စောင့်တာ သွယ်ဝိုက်သောနည်းသုံး၍ viber သုံးလားဟင်ဆိုပြီး လာမေးလေ၏။ အဲဒါဟာ ဖုန်းနံပါတ်ပေးပါလို့ ပြောတာနဲ့ အတူတူမှလား။ ခေတ်က တိုးတက်လာပြီမို့ ဖုန်းတိုင်းမှာ အင်တာနက်ရှိနေပြီမို့ ဖုန်းနံပါတ်ပေးပါလားဆိုတဲ့ စကားလုံးထက် သိမ်မွေ့ဘယ်လို့ ထင်ရသော မေးခွန်းမျိုးဖြင့် သမုရဲ့ဖုန်းနံပါတ်ကို တောင်းသွားတာဖြစ်သည်။ ဖုန်းနံပါတ်ရတဲ့နေ့ကစပြီး ဒီနေ့အထိ သူဟာ၊ သမုရဲ့နှောင့်ယှက်သူ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



Online သုံးရင်လည်း viber message တွေက[illegible] တက်လာသလို online မသုံးတော့လည်း ဖုန်းဆက်ပြန်သေးသည်[illegible] သမုရဲ့ ရည်ရွယ်ချက်တောင် မေ့တော့မလို ဖြစ်ရသည်ထိ သူက[illegible] ခင်မင်ဖွယ် စကားလုံးတွေကိုသာ ရွေးချယ်ပြောတတ်၏။ အ[illegible] လည်း ဖုန်းလာနေတာကြောင့် သမုက ဖုန်းကိုင်လိုက်လေသည်[illegible]

"ဟယ်လို"

"သမု ... ကိုယ်ပါ။ သမု ဘာလုပ်နေတာလဲ"

သမုက လိုအပ်တာထက် ပို soft ဖြစ်နေသေ[illegible] tone ကာလာကြောင့် စိတ်ထဲမှာ အမြင်ကတ်သလို ရှိလာပေသည်[illegible] အဲဒါကြောင့် တမင်ကို ရွဲ့ပြောပစ်လိုက်တာဖြစ်၏။

"ဘာလုပ်နေလဲဆိုတော့ သမုက အခု ဖုန်းနဲ့ သီချ[illegible] download ဆွဲနေတာလေ။ အဲဒါ မပော့ဆီက ဖုန်းလာ[illegible] တော့ ပျက်သွားပြီ။ ဘာပြောစရာရှိလို့လဲ မပော့"

"ဟား ... အား ... Sorry ။ ကိုယ် တောင်းပန်ပါတယ်[illegible] တကယ်ဆို မင်း online သုံးသလား မသုံးဘူးလား ကို[illegible] online မှာ အရင်ရှာသင့်တယ်။ ဆောရီး။ ကိုယ်လည်းအ[illegible] လိုပဲ download ဆွဲနေတုန်း ဖုန်းလာရင် အသေမုန်း[illegible] ဒါပေမဲ့လည်း ဘယ်တတ်နိုင်မလဲနော်။ ဖုန်းပဲဟာ လာ[illegible] တဲ့အချိန် လာမှာပေါ့။ အဲဒါကြောင့် ကိုယ်ဆို downl[illegible]





လုပ်တိုင်း connection လည်း ကောင်းမယ့် ညနှစ်နာရီ သုံးနာရီလောက်မှ ထဆွဲတယ်"

"အင်း ... ကဲ ... ပြောစရာရှိတာကိုသာပြောပါ။ ဘာကိစ္စလဲ"

သမုက နည်းနည်းလေး လေသံမာမာ ပြောလိုက်တာဟာ ကိုယ့်ကိုယ်ကိုလည်း သတိပေးလိုက်တာ ဖြစ်သည်။ သမုက သူ့ကို ပြန်ချေမယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုတော့ အပျောက်ခံလို့ မဖြစ်ပေ။

"ဪ ... ဒီလိုလေ။ သမုနဲ့ကိုယ် သူငယ်ချင်းဖြစ်တယ် ဆိုပေမယ့် ဖုန်းထဲမှာသာ သချာ အကြာကြီးပြောကြပေမယ့် အပြင်မှာ အဲဒီလို မပြောဖူးဘူးလေ"

"မပော့ရယ်။ သမုတို့ peace ဖြစ်တာမှ ပြီးခဲ့တဲ့ စနေကလေရှင်"

သမုက ခပ်ရွဲ့ရွဲ့လေး ပြန်ဖြေလိုက်လေလျှင် သူက ရယ်သံစွက်နေတဲ့ လေသံဖြင့် ပြန်ဖြေလေသည်။

"ဟုတ်ပါတယ်၊ အဲဒါကြောင့်လည်း ကိုယ်က ပိုပြီးရင်းနှီးမှု ရှိအောင် အပြင်မှာ တွေ့မလို့ပါ။ သမု မနက်ဖြန် အချိန်ရလားဟင်။ ဘယ်အချိန်ဖြစ်ဖြစ်ပေါ့"

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မုန့်လေး ဘာလေးစား စကားလေး ဘာလေး ပြောပေါ့ သမုရယ်။ ကိုယ်က သမုနဲ့ ဒီထက်ပိုခင်ချင်နေတာလေ။ သမု ... မနက်ဖြန် ကိုယ်တို့ အပြင်မှာတွေ့ရအောင်ကွာ"

ဘာပဲဖြစ်ဖြစ် အဲဒါဟာ ဂွင်ပဲလို့ သမု မှတ်ယူသည်။ သူ မနက်ဖြန်ချိန်းတဲ့ ကိစ္စကို သမုက လက်ခံလိုက်မယ်။ ပြီးရင် သူပြောမယ့်စကားရဲ့ အခြေအနေနဲ့ အချိန်အခါပေါ် မူတည်ပြီး သမုဘက်က လုပ်ထိုက်တာကို လုပ်လိုက်ရမှာပဲဖြစ်သည်။

"ဘာကိစ္စရှိလို့လဲ မဟော်ရဲ့။ ရှင့်ပြောစရာက ဘာ့မို့လို့လဲ။ သမုက အဲဒီလို အပြင်ထွက်လေ့ထွက်ထ မရှိဘူး"

"အင်း ... သမုကလည်း သူငယ်ချင်းတွေပဲဟာ။ သမု တစ်ယောက်တည်း မလာချင်ဘူးဆိုလည်း သမု သူငယ်ချင်း ဘာညာခေါ်ခဲ့ပေါ့"

သမု သူငယ်ချင်းပါ ခေါ်ခဲ့ဆိုတော့ သမုက သမုရဲ့ အသစ်စက်စက် ရင်ဘတ်နီးသူ သူငယ်ချင်းလေး နှင်းမမိုကို မျက်လုံးထဲ ပြေးမြင်သည်။ ဟုတ်တယ်။ နှင်းမမို ဆိုရင်တော့ သမုလည်း သူနဲ့ သွားတွေ့ရဲသည်။

"အိုခေလေ။ တွေ့တာပေါ့"





"ဟား ... ဟုတ်ပြီ။ ဒါဆို ဘယ်မှာဆုံကြမလဲ"

"အဲဒါကိုတော့ မနက်ဖြန် ဖုန်းပြန်ဆက်ပြီး confirm လုပ်လိုက်မယ်လေ။ နေ့ခင်းလောက် တွေ့တာပေါ့။ ဒါပဲနော်"

သမုဘက်က စကားကြောင့် သူက ကျေနပ်မြူးတူးစွာဖြင့် ပြန်ပြော၏။

"အိုခေပါ ... ဒါဆို မနက်ဖြန်အတွက် ကိုယ်အမျှော်လင့်ဆုံးက ဖုန်းမြည်သံပဲ ဖြစ်သွားလိမ့်မယ်"

သမုက ပြုံးရုံပြုံးကာ တိတ်ဆိတ်စွာ ဖုန်းချလိုက်သည်။ ပြီးတော့ မယ်မယ်ရရ တွေးတောခြင်း မရှိပါဘဲ ခဏလေး ငြိမ်နေပြီးမှ နှင်းမမိုဆီ ဖုန်းလှမ်းဆက်သည်။

"ဟယ်လို ... ဝေး ... သမု ... ဆို"

"နှင်းမမို မနက်ဖြန် အားလား"

"အင်း ... ရပါတယ်။ တို့က မနက်ဖြန် အပြင်လျှောက်သွားမယ်လို့တော့ စိတ်ကူးထားတယ်။ ဘာဖြစ်လို့လဲ သမု"

"ဟား ... ပိုအဆင်ပြေသွားပြီ။ ဒီလို နှင်းမမိုရဲ့ ... သမုကို မဟော် ဖုန်းဆက်တယ်။ မနက်ဖြန် တွေ့ချင်လို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သမုက နှိုင်းမမိုကို အကူအညီ တောင်းမလို့။ သမု နဲ့လိုက်ခဲ့ပေးပါလားလို့။ ပြီးရင် သမုနဲ့ နှိုင်းမမိ လျှောက် သွားမယ်လေ။ သမုကို အဲဒါလေး တစ်ခု ကူညီပေးပေ နော်"

သမုက အကူအညီ တောင်းတာကို နှိုင်းမမိုက သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ခေါင်းညိတ် လက်ခံလေ သည်။

"အိုခေ ... ကိုယ့်သူငယ်ချင်းရဲ့ အစီအစဉ် အောင်မြင်ဖို့ ကူညီရမှာပေါ့။ သွားလေ ... တို့ ဘယ်ကိုလာပေးရမလဲ"

သမုက ဟိုတစ်ယောက်ကို နေရာ [illegible] နှိုင်းမမို ဘယ်နေရာ ချိန်းရကောင်းမလဲ စဉ်းစား[illegible]ယ်နော်" နဲ့ပဲ နှိုင်းမမိုရဲ့ idea ယူရသည်။

"သမုက မနက်ဖြန်တွေ့ဖို့ အချိန်နဲ့နေရာကို ပြန်ဖုန်းဆက် မယ်လို့ ပြောလိုက်တယ်။ သမု ဘယ်မှာတွေ့ရမလဲ စဉ်းစားပေးပါဦး နှိုင်းမမိုရယ်"

"အင်း ... ဟိုပြောတဲ့ နေရာအတိုင်း သမုက လက်ခံမှာ လို့လား"

"ဒါပေါ့ နှိုင်းမမိုရဲ့"





"အဲဒါဆို Junction Square က ရွှေပေါ်မြတင် မုန့်ဟင်း ခါးဆိုင်ကို ချိန်းလိုက်။ ကြားဖူးတဲ့ စကားတစ်ခွန်းရှိတယ်။ မုန့်ဟင်းခါးကြိုက်တဲ့ ယောကျ်ားလေးတွေဟာ သာမန် ယောကျ်ားလေးတွေထက် သည်းညည်းခံစိတ် ပိုရှိတတ် တယ်တဲ့"

သမုက ကြားရတဲ့စကားအဆန်းကြောင့် ပိုအံ့သြ မိသွားသည်။ နှိုင်းမမိုဆီ စကားပြောရင်လည်း ဉာဏ်ရည်ဉာဏ် သွေး ထက်မြက်သူလေး ဖြစ်တာမို့ သမုက ပိုအထင်ကြီးလေးစား ရတာပဲဖြစ်သည်။

[illegible] မို့ကတော့လေ စကားလုံးတွေက အဆန်းတွေချည်း [illegible] တစ်ခါမှတောင် မကြားဖူးဘူး။ ဟုတ်လို့လား"

ဟုတ်တယ် သမုရဲ့။ မိန်းကလေးအများစုက မုန့်ဟင်းခါး ကြိုက်တယ်နော်။ ဟော ... အဲဒီတော့ မိန်းကလေးအများစု က စိတ်ရှည်ကြတယ်။ သည်းခံကြတယ်။ ဟုတ်တယ်ဟုတ်"

"အင်း ... ဟုတ်တယ်လေ"

"အဲဒါပဲပေါ့။ ယောကျ်ားလေး ဆိုတာမျိုးက ငါးတို့ ဘာ တို့ ကြိုက်တဲ့သူ နည်းတယ်လေ။ အဲလိုပဲ မုန့်ဟင်းခါးကို ဟက်ဟက်ပက်ပက် ကြိုက်တာလည်း နည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဆွဲစိကြည့်လိုက်လေ။ မိန်းကလေးအများစု မွှင်းခါး ကြိုက်တယ်။ အများစု စိတ်ရှည်သည်းခံတယ်။ အဲဒီတော့ မွှင်းခါးကြိုက်လို့ စိတ်ရှည်သည်းခံတယ်လို့ ဆွဲစိကြည့်လိုက်ရင် မွှင်းခါးကြိုက်တဲ့ ယောကျ်ားလေးဟာ စိတ်ရှည်သည်းခံတတ်တယ်ဆိုတဲ့ equation ထွက်သွားတာ ပေါ့ကွ၊ မဟုတ်ဘူးလား”

နှိုင်းမမီရဲ့ ချက်ကျလက်ကျ ရှင်းပြမှုကြောင့် သမုမှာ အခုမှ သဘောပေါက်ရပြီး တဟားဟား အော်ရယ်မိသွားသည်။

“ဟား ဟား ... နှိုင်းမမီက တကယ်ပြောတတ်တာပဲ။ ဟီဟိ ... ဖြစ်နိုင်တယ်။ ဖြစ်နိုင်တယ်။ အဲဒါဆိုရင် နှိုင်းမမီ ပြောသလိုပဲ သူ့ကို အဲ့မှာ ချိန်းလိုက်မယ်နော်”

“အင်း ချိန်းလိုက်လေ”

“အဟား ... thank you နှိုင်းမမီ။ သမု အရမ်းကျေးဇူးတင်တယ်။ အဲဒါဆို မနက်ဖြန် နှိုင်းမမီ အိမ်ကို သမုပဲ လာခေါ်လိုက်မယ်”

“အင်း ... ရတယ်လေ။ သမုကို စောင့်နေလိုက်မယ်”

နှိုင်းမမီက သမုကို မနက်ဖြန် အဖော်လိုက်ပေးမယ် စကားနဲ့တင် သမုက တွေ့ဖို့အားရှိသွားလေသည်။ မနက်ဖြန်ကို





သမု အရမ်းပဲ စိတ်ဝင်စားလေသည်။ တစ်ကျောင်းလုံး အုတ်အော်သောင်းနင်း ဖြစ်သွားသည်အထိ ပြဿနာတက်ခဲ့အောင် သမုကို ရိုက်မယ်လို့တောင် လက်ရွယ်ခဲ့တဲ့ အဲဒီ မဟော်မင်းညိုကို သမု လက်ဆင်ပြန်ပေးဖို့ ပတ်သက်နေတာမို့ မနက်ဖြန်ကို သမု အရမ်းပဲ စိတ်ဝင်စားလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၅

သူ အဲဒီမုန့်ဟင်းခါးဆိုင်ကို ရောက်တဲ့အခါမှာ လှမ်းတွေ့လိုက်ရတဲ့ နှစ်ယောက်ကြောင့် နည်းနည်းတော့ ဆပ်ပရိုက်စ် ဖြစ်သွားသည်။ အဲဒါ အရမ်းထူးဆန်းတာပဲလို့ သူကတော့ မှတ်ချက်ပေးချင်ပါသည်။ တကယ်ကို ပွဲဆူခဲ့တဲ့ ဒီသုံးယောက်ဟာ ဒီလိုမျိုးပြန်တွေ့ မျက်နှာချင်းဆုံတာဟာ စိတ်ဝင်စားစရာပဲဖြစ်သည်။ သမုခင်နဲ့ နှင်းမမှီ ရင်းရင်းနှီးနှီး ရှိနေလိမ့်မယ်လို့လည်း သူ ထင်မထားမိခဲ့တာဖြစ်သည်။ မယော်က ဖုန်းနံပါတ်တောင်းတကူးတကတောင်းသွားပြီး ဘာလို့ ဖုန်းမဆက်ပါလိမ့်လို့ တွေးမိနေချိန်မှာ သမုခင်နှင့် ပတ်သက်မိသွားတာကြောင့် နှင်းမမှီအာရုံထဲက ခဏပျောက်သွားချိန်မှာ သူမက ပြန်ပေါ်လာကာ သမုခင်ဘေးမှာ ရှိနေတာမျိုးကြီး ဖြစ်လေသည်။ ဒါပေမဲ့ ရောက် နေပြီဖြစ်တာကြောင့် သူက အေးရာအေးကြောင်းပင် ဆိုင်ထဲဝင်သည်။





"ဟိုင်း"

မယော်က နှစ်ယောက်စလုံးကို နှုတ်ဆက်တဲ့သဘောဖြင့် ဟိုင်းလိုက်လျှင် သမုက သူ့ကို အပြုံးတစ်ခုဖြင့် နှုတ်ဆက်ဘာ ...

"ဩော် ... မယော် ဝိုင်လေ။ ဒီမှာ ဘယ်သူလဲ သိတယ်မှုလား"

သမု မေးခွန်းကြောင့် သူက နှင်းမမှီကို တရားဝင်ကြည့်ပိုင်ခွင့် ရသွားတာမို့ မယော်က ပိုပိုသာသာလေး စူးစိုက်ကြည့်လိုက်လေသည်။

"ဟိုင်း ... နှင်းမမှီ။ မတွေ့တာ ကြာပြီနော်။ နေကောင်းလား"

သူက တမင်တကာလေး အသံထွက်ကာ ပီယဝါစာပြောလိုက်လျှင် နှင်းမမှီက သူ့ကို အေးဆေးအထာဖြင့် မျက်လုံးပြန်လှန်ကြည့်ကာ မေးတာကို ပြန်ဖြေလေသည်။

"ကောင်းပါတယ်"

အေးတိအေးစက် ခပ်ပြတ်ပြတ် ဖြေသံကြောင့် မယော်က ပြုံးမိသွားသည်။ သမုကတော့ ပွဲထိန်းတဲ့အနေဖြင့် သူ့ကို စကားလှမ်းပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နှိုင်းမမိုနဲ့ သမုက Shopping ထွက်ဖို့ အစီအစဉ်ရှိပြီးသားလေ။ အဲဒါကြောင့် မဟော့်ကိုပါ လှမ်းချိန်းလိုက်တာ။ မဟော် ဘာစားမလဲ။ တစ်ခုခု မှာလေ"

"နေပါစေ သမု။ ကိုယ် မုန့်ဟင်းခါး မကြိုက်တတ်လို့ပါ။ အိမ်ကလည်း စားလာသေးတော့ ဗိုက်ကပြည့်နေပြီ။ ကိုယ်က သမုနဲ့ ရင်းရင်းနှီးနှီး ဖြစ်သွားအောင် စကားပြောချင်ရုံသက်သက်ပါ။ ခု နှိုင်းမမိုပါ ပါတယ်ဆိုတော့ ကိုယ်တို့တွေ ပိုရင်းနှီးသွားကြတာပေါ့၊ ကိုယ်တို့ကြားထဲမှာ ဖြစ်ခဲ့တဲ့ ပြဿနာအဖုအထစ်လေးတွေကို သင်ပုန်းချေကြတာပေါ့နော်"

သူက ကြည်စေအေးစေဆိုတဲ့ အထာဖြင့် နှစ်ယောက်လုံးဆီက Peace တောင်းလိုက်လျှင် နှိုင်းမမိုက သူ့ကိုဖျတ်ခနဲ တစ်ချက်ကြည့်ကာ ...

"မင်းနဲ့ တို့က ဘာပြဿနာမှ မရှိပါဘူး။ တို့ရှေ့မှာ မတရားဘူးဆို တို့က သိသိမသိသိ ဆိုင်ဆိုင်မဆိုင်ဆိုင် ဝင်ပါတတ်တာ ဝါသနာပါတယ်။ အခုတော့ သမုနဲ့မင်း ပြဿနာမရှိဘူးဆို ဘာမှ သင်ပုန်းချေစရာ မရှိပါဘူး"





မဟော်က သူ့ကို အဲဒီလို မင်းလို့ မိန်းကလေးတစ်ယောက် ခေါ်တာမျိုးဟာ နားထဲမှာ ထော်လော်ကန့်လန့် ဝင်နေဘာမို့ အခေါ်အပြောလေးက စိတ်ဝင်စားစရာ ဖြစ်နေတာဖြစ်၏။

"သြော် ... ဟုတ်ပါပြီ။ ဒါဆို အားလုံး peace ပေါ့။ ဒါနဲ့ နှိုင်းမမိုကော သမုကော ကိုယ်နဲ့ အဆင်ပြေသွားပြီနော်။ အရမ်းရမ်းပဲ ဝမ်းသာပါတယ်ဗျာ။ ဒီလို မိန်းမချောလေးနှစ်ယောက်နဲ့ ရင်းရင်းနှီးနှီး အခုလို တွေ့ဆုံခွင့်ရတာ ဝမ်းသာပါတယ်"

သူ့စကားကြောင့် သမုနဲ့ နှိုင်းမမို နှစ်ယောက်စလုံးဟာ တစ်ယောက်တစ်မျိုးစီ အဓိပ္ပာယ်ပါသော အပြုံးတွေဖြင့် မသိမသာ ပြုံးသွားတယ်ဆိုတာ သူ သတိထားမိသည်။ နည်းနည်းတော့ ထူးဆန်းတယ်ဆိုကိုဘာ သူ အစကတည်းက သိထားပြီးသား ဖြစ်သည်။ သမုကို ကြည့်ရတာဟာလည်း သူနဲ့ peace ရတာဟာ အဘောရှိနေသလို နှိုင်းမမို peace ဖြစ်တာကလည်း အထာရှိတယ်ဆိုတာ သူကလည်း understood ပြီးသားဖြစ်သည်။

"ဒါနဲ့ မဟော်က ဓာတ်ပုံဆရာဆို။ နှိုင်းမမို ပြောမှသိတာ။ ဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အခုမှ ဝါသနာရှင်အဆင့်ပဲ ရှိပါသေးတယ်။ ကိုယ့်ဖားသားကြီးက Studio ရှိတယ်ဆိုတော့ အဖေ့အလုပ်ကို ဝင်ကူပေးတဲ့ သဘောလည်း ပါတာပေါ့လေ"

"မဟော့်ဖေဖေက တကယ့် နာမည်ကြီးပဲ။ သမု သိတာပေါ့"

"အဟား ... Thank you ။ သမုတို့ ဓာတ်ပုံရိုက်ချင်ရင် ပြောလေ။ ကိုယ်လည်း ပရိုနီးနီးတော့ ကျွမ်းကျင်မှာပါ။ မယုံရင် နှိုင်းမမီကို မေးကြည့်လေ။ သူ့ပတ်စပို့ဓာတ်ပုံကို ကိုယ်ရိုက်ပေးလိုက်တာလေ။ ဘယ်လိုလဲ ... လှတယ်မလား"

သူက သမုကို ပြောနေရင်းက နှိုင်းမမီဘက်ကို လှမ်းမေးလိုက်လျှင် နှိုင်းမမီက ခေါင်းတစ်ချက်ညိတ်ပြကာ ...

"မဆိုးပါဘူး။ ဒီလိုပါပဲ"

"အဟား ဟား ... အေးလေ ... ဟုတ်သားပဲ။ ပတ်စပို့ပုံလောက်နဲ့တော့ ဘယ်သိပါ့မလဲလို့။ မဟော်ကတော့ နောက်ပြီ"

"အဲဒါဆို သမုတို့ကို ကိုယ် တစ်ရက်ချိန်းပြီး ရိုက်လိုက်မယ်လေ။ ဘယ်လိုလဲ"





မဟော်က ဓာတ်ပုံရိုက်ဖို့ အကြောင်းပြပြီး ဒီထက် ရင်းနီးချင်အောင် ချဉ်းကပ်တာကို နှစ်ယောက်စလုံးက ပညာသားပါမှာ ငြင်းဆန်တတ်ကြတာဖြစ်သည်။

"သမုက ဓာတ်ပုံက ကိုယ့်ဘာသာကိုယ် ရိုက်တာပဲ ဝါသနာပါတယ်"

"တို့လည်း Facebook တင်တာလောက်အတွက်ပဲ ရိုက်ဖို့ စိတ်ဝင်စားတာ။ အဲဒီလောက်ကတော့ ပရိုမလိုပါဘူး။ Front camera ရှိရင်ပဲ ဖြစ်ပါပြီ"

မဟော်က စာတွေတတ်မြောက်နေပြီ ဖြစ်တာကြောင့် သူနဲ့ Peace ယူတယ် ဆိုတာဟာ သူ့ကို ပြန်ဖဲ့ဖို့ဆိုတာ သူ သဘောပေါက်လေသည်။ အထူးသဖြင့် သူ့ကို နာကျင်စေခဲ့တဲ့ သမုက သူ့ကို ပိုပြီး sweet ဖြစ်စေတာကလည်း ထူးဆန်းလေသည်။

"ဟား ဟား ... ဟုတ်ပါပြီ။ လိုရင် ပြောပေါ့နော်"

မဟော်က အရွှန်းဖောက်၍ စကားစဖြတ်လိုက်လျှင် နှိုင်းမမီက စကားပြန်စတာဖြစ်၏။

"မင်းက မုန့်ဟင်းခါး မကြိုက်လို့ မစားတာလား။ တစ်ခုခု စားလေ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါ။ ရပါတယ် ... ကိုယ်က မုန့်ဟင်းခါး မကြိုက်ဘူး အဲဒါကြောင့်မို့ပါ"

"သမုတို့ ဘာပြောစရာ ရှိသေးလဲ။ တို့ ဈေးဝယ်စရာလေး ရှိသေးလို့"

ပြန်ချင်လို့ စကားစတယ်ဆိုတာ သိသာတာကြောင့် မဟော်က ပြုံးရုံပြုံးမိလေသည်။ အမှန်တကယ်ဆို ဒီနေ့ရည်ရွယ်ထားတဲ့ သူ့ရည်ရွယ်ချက်က သမုနဲ့ နှစ်ယောက်ချင်းကာ စကားတွေပြောမည်။ ပြီးတော့ သူ့ကို နှစ်နာအောင် ဖုံ့သွားတဲ့ ကောင်လေးနဲ့ ရည်းစားဖြစ်အောင် ကြိုးစားမည်။ စသဖြင့် စသဖြင့် ရည်စီမံကိန်းဖွဲ့ချိန်းတာဖြစ်သည်။ အခုကျတော့ နှိုင်းမဗီက ဝင်ရှုပ်နေပြန်တာမို့ မဟော်က ဒီကနေ့အတွက်ကို လျှော်ပေးလိုက်သည်။

"သြော် ... ဈေးဝယ်ကြဦးမှာလား။ သွားပါ ... သွားပါ။ ကိုယ်တို့နောက်မှ ထပ်တွေ့တာပေါ့နော် သမု"

"အင်း ... မဟော် ... အဲဒါဆို သမုတို့ သွားလိုက်ဦးမယ်။ နောက်မှ ဆုံတာပေါ့"

သူစကားကြောင့် သမုက ပြန်ဖို့နှုတ်ဆက်လေလျှင် မဟော်က အေးအေးဆေး ကြည်ကြည်သာသာပင် "ဟုတ်ကဲ့"





ဆိုက်သည်။ ပြီးတော့ သူမတို့နှစ်ယောက် ထွက်သွားတာကို ငေးကြည့်ကာ ရင်ထဲမှာတော့ ကဗျာတစ်ပုဒ်က ဝင်လာလေသည်။

သမု နောက်ပြီးတော့ နှိုင်းမဗီ နောက်ထပ် အကြိမ်မြောက်ဆုံတွေ့ဖို့ မျှော်လင့်ထားလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"မပော်မင်းညိုလား"

မေးတဲ့လေသံက လုံးဝကို အပီအပိုင်ကြီးမို့ မပော်က ဘယ်သူပါလိမ့်ဆိုပြီး စိတ်ဝင်စားမိသွားသည်။

"ဘယ်သူလဲ မသိဘူး"

"တို့ နှိုင်းမမီ။ မင်းနဲ့ ဆွေးနွေးစရာကိစ္စလေးတွေ ရှိနေလို့ တွေ့လို့ရမလား"

ဟိုက်ရှားပါး။ မပော်က ထူးထူးဆန်းဆန်း ဖုန်းဆက်လာသူကို စိတ်ဝင်စားမိသလို တွေ့ဖို့ချိန်းတဲ့ အကြောင်းအရာကိုလည်း စိတ်ဝင်စားမိလေသည်။

"အိုး ... သိပ်ရတာပေါ့။ အခုတွေ့မယ်ဆိုလည်း ဖြစ်တယ်"

"အိုခေတာပေါ့။ အဲဒါဆို မင်း တို့အခုရှိနေတဲ့ နေရာကို လာခဲ့ပါလား"

နှိုင်းမမီရဲ့စကားတွေက အရမ်းကို ထူးဆန်းနေတယ်လို့ သူ ခံစားမိလေသည်။ ဘာပဲဖြစ်ဖြစ် သူ တွေ့ချင်သည်။





"ကိုယ် လာနိုင်ပါတယ်၊ ဘယ်ကိုလာခဲ့ရမလဲ ပြော"

"တို့က ဆာကူရာတာဝါ အထပ်နှစ်ဆယ်က ကော်ဖီဆိုင်မှာ"

"အိုခေ ... traffic ဖြစ်တာ ဘာညာနဲ့ဆို အမ်း ... လေးဆယ့်ငါးမိနစ်အတွင်း ရောက်မယ်"

"တစ်နာရီကြာလည်း တို့ စောင့်နေပါ့မယ်။ See you"

အရိုးရှင်းဆုံးနဲ့ ခပ်ပြတ်ပြတ် ပြောသွားကာ ဖုန်းချသွားလေသည်။ မပော်က စိတ်ဝင်စားမှုအမြင့်ဆုံး tempo နဲ့ အတူ နဂိုကတည်းက ရှိုင်းထားပြီးသား ဘာလင်း ဘာလင်း ဒီဇိုင်းကို ဘာမှထူးတွေ ထပ်ပြင်မနေတော့ဘဲ ပိုက်ဆံနဲ့ကားသော့ဆွဲကာ သူမဆီကို အမြန်ထွက်လာခဲ့လိုက်သည်။ ထုံးစံအတိုင်း နေ့တပူ ကားကကျပ်နဲ့ အဲဒီဒုက္ခတွေကို နာရီဝက်ကျော်လောက်ခံစားပြီးသွားမှ နှိုင်းမမီ ရှိရာနေရာကို ရောက်လေသည်။

သူ အထပ်နှစ်ဆယ်ကိုရောက်တော့ နှိုင်းမမီက ဆောင့်စွန်းဘက်က ထိုင်ခုံမှာထိုင်ကာ မဂ္ဂဇင်းတစ်အုပ်ကို အေးအေးဆေးဆေး ဖတ်နေ၏။ သူမပုံစံကို အဝေးက လှမ်းကြည့်ရသည်မှာ မော်ဒယ်လ်တစ်ယောက်ရဲ့ Smart ကျကျ ဟန်ပန်ဖြင့် လုံးဝကို အထက်ဆီးကဆိုတဲ့ ဒီဇိုင်းမျိုးဖြစ်၏။ မပော်က သူမ



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ လျှောက်သွားလျှင် သူမက မျက်လုံးတစ်ချက်လှန်ကြည့်ကာ ...

"ထိုင်လေ ... မဟော်မင်းညို"

မဟော်က ခေါင်းညိတ်ပြလိုက်ကာ လာမေးတဲ့ waitress လေးကို Espresso တစ်ခွက် အရင်မှာလိုက်သည်။ ပြီးတော့မှ နှိုင်းမမှိုကို ကြည့်ဟာ ...

"နှိုင်းမမှို ဆွေးနွေးချင်တာ ဘာများပါလိမ့်။ ပြောပါ"

နှိုင်းမမှိုက သူ့မေးခွန်းကြောင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်လို့လာလေသည်။ ပြီးတော့ သူ ဘယ်လိုမှ မထင်ထားတဲ့ မေးခွန်းကို စမေးတာဖြစ်သည်။

"တို့ တစ်ခုလောက် မေးချင်တယ်။ မင်း သမုကို စိတ်ဝင်စားနေတယ်မှလား"

ဗုဒ္ဓေါ ...။ မေးတဲ့မေးခွန်းက တကယ်ကို တဲ့ကြီးမေးတာဖြစ်သည်။ ပြီးတော့ နှိုင်းမမှို ဘာသဘောနဲ့ အဲဒီလိုမေးတယ်ဆိုတာ သူသိချင်တာကြောင့် သူက စိတ်ထဲရှိတာကို အမှန်ဖြေလိုက်သည်။

"ကိုယ် လောလောဆယ်မှာ စိတ်အဝင်စားဆုံးက မင်းဖြစ်နေတယ် နှိုင်းမမှို"





"ဘာ ... ဘာဖြစ်တယ်"

"ဆောရီး ... အရမ်းဒေါသမကြီးလိုက်ပါနဲ့။ ကိုယ်ဆိုလိုတာ Current ဖြစ်နေတဲ့ အခြေအနေကိုပါ။ မင်းရဲ့မေးခွန်းကို စိတ်ဝင်စားလို့ စိတ်ဝင်စားမိသွားတာပါ"

သူက ချက်ကျကျဖြေမှ နှိုင်းမမှိုက နဂိုအတိုင်း တည်တည်လေး ပြန်ဖြစ်သွားကာ စကားပြန်ဆက်သည်။

"တို့ ပြောနေတာက သမုခင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာပါ။ မင်းကို တို့ အခုလို ဆွေးနွေးတာ တို့ဘက်က အကြောင်းရှိလို့ပါ"

"ကိုယ်လည်း အမှန်ပြောတာပါ။ လတ်တလောမှာ ကိုယ်စိတ်ဝင်စားနေတဲ့ မိန်းမနှစ်ယောက်ကတော့ မင်းနဲ့သမုပဲ။ ဘာအတွက် စိတ်ဝင်စားတယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးမရှိပေမယ့် ကိုယ် စိတ်ဝင်စားပါတယ်။ နှိုင်းမမှိုက ဘာအကြောင်းများရှိလို့ မေးတာလဲ"

နှိုင်းမမှိုက သူ့မေးခွန်းကို တွေဝေတုံ့ဆိုင်းနေခြင်းမရှိဘဲ ချက်ချင်းဆိုသလို ပြန်ဖြေလေသည်။

"ရှင်းပါတယ်။ တို့ သမုနဲ့ မင်းကို အောင်သွယ်ပေးချင်တာ။ အဲဒါကြောင့် မေးကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟား ... နှိုင်းမမှီရဲ့အဖြေစကားကြောင့် သူဟာ အရမ်းကို အံ့အားသင့်သွားရတာဖြစ်သည်။ နှိုင်းမမှီဟာ စိတ်ဝင်စားမှုများစွာဖြင့် တည်ဆောက်ထားသော မိန်းမတစ်ယောက်ဖြစ်လေသည်။ သူမနဲ့ သိပ်တောင် ရင်းနှီးမှုမရှိတဲ့ ယောက်ျားတစ်ယောက်ကို မေးတဲ့မေးခွန်းက သူ့အတွက်တော့ တကယ့်အသစ်ဖြစ်လေသည်။

"ဟား ... အဆန်းပါလား နှိုင်းမမှီ။ မင်းမှာ ဘာရည်ရွယ်များ ရှိနေလို့လဲ"

"တို့က သမုကို မင်းနဲ့ အောင်သွယ်ပေးချင်တယ် ဆိုကတည်းက သမုနဲ့ မင်းကို ရည်းစားတွေ ဖြစ်သွားစေချင်လို့ပေါ့။ ဘာကို အထူးတလည် ရှင်းပြနေရဦးမလဲ"

"ရှင်းပြရမှာပေါ့။ မင်း ကိုယ့်ကို အခုလိုတွေ့ပြီး ဒီလိုမေးတာကိုက အရမ်းကို ထူးဆန်းနေပြီ"

"ဟုတ်တယ် မဟော်မင်းညို။ တို့က ထူးဆန်းတယ်။ မင်းကို သမုနဲ့ အောင်သွယ်ပေးတာကလည်း မင်းဘက်က သမုကို စိတ်ဝင်စားနေတယ်ဆိုတာ တို့ သိနေတယ်လေ၊ အဲဒါကြောင့် တို့က သူငယ်ချင်းကောင်း ပီသစွာ ကူညီချင်တာပါ"





"သူငယ်ချင်း ...။ နှိုင်းမမှီက ကိုယ့်ကို သူငယ်ချင်းလို့ သဘောထားတယ်ပေါ့ ... ဟုတ်လား"

မဟော်က နှိုင်းမမှီဆီက အနည်းငယ်ရင်းနှီးဟန်ပါတဲ့ လေသံမျိုး ကြားရတာကြောင့် ရင်တော့ နည်းနည်းခုန်သွားရသည်။ ခုန်ဆို သူ့ကို ပြုံးခနဲ ကြည့်ပိုက်တဲ့ အကြည့်ရယ်၊ အပြောရယ်ကတင် တော်ရုံလူဆို ရူးသွားနိုင်ပါသည်။

"မင်းနဲ့တို့က အစကတော့ သူစိမ်းပဲလေ။ သူစိမ်းချင်းသိတော့ မိတ်ဆွေ။ ခု မင်းနဲ့ တို့က ခင်သွားပြီဆိုတော့ သူစိမ်းချင်းခင်တော့ သူငယ်ချင်းပေါ့။ ဟုတ်ဖူးလား။ တို့က သမုခင်နဲ့ အဆင်ပြေစေချင်တဲ့ ရည်ရွယ်ချက်မျိုးပါ"

မဟော်က ဟန်ပါပါ ပြောနေပုံကို စိတ်ထဲချစ်စနိုးဖြစ်သွားကာ ခဏလေး ငေးကြည့်နေပြီးမှ သူက သိပ်ပြီးပဲခမျှားချင်သူပီပီ ရင်ထဲရှိတာ ဖွင့်ပြောလိုက်သည်။

"မင်းတသာ ကိုယ့်ကို သမုခင်နဲ့ ကြိုက်စေချင်နေတာ။ ကိုယ်ကတော့ မင်းကို ကြိုက်ချင်နေပြီ"

"ဘာရှင့်။ မဟော်မင်းညို ... စကားပြော ဆင်ခြင်နော်။ တို့တွေ ရန်သူမဖြစ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မပော်က အဲဒီမိန်းကလေးကို ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ချေ။ ရုတ်တရက်ကြီး သူ့ကို ဖုန်းဆက်ချိန်းကာ သမုခင်ကို ကြိုက်လားဆိုတဲ့ မေးခွန်းကတော့ အရမ်းကို စဉ်းစားစရာကောင်းတဲ့ ပဟေဠိတစ်ခုလိုပဲ ဖြစ်သည်။

"ဆောရီး။ ကဲပါ ... အခု မင်း ကိုယ့်ကိုချိန်းတာ ဘာကို ပြောချင်တာလဲ"

"ပြောပြီးပြီလေ။ သမုခင်နဲ့ မင်းကို အောင်သွယ်ပေးချင်တယ်။ အဲဒါကြောင့် မင်း သူ့ကို စိတ်ဝင်စားနေတာဟုတ်မဟုတ် အတည်ပြုဖို့ ချိန်းလိုက်တာလေ။ အဲဒါပဲ"

"ဟား ... Shock ပဲ။ မင်းက တကယ့်ကို လိုအပ်တာထက် ပိုထူးဆန်းနေတဲ့ မိန်းကလေး ဖြစ်သွားပြီ။ နေပါဦး၊ မင်းက ဘာလို့ ဒီလောက်တောင် ကိုယ်နဲ့ သမုကို ရည်းစားဖြစ်စေချင်ရတာလဲ"

"တို့ သတင်းတစ်ခု ကြားထားတယ်။ မင်းက cobra တဲ့။ မိန်းမတွေကိုကြွေအောင် ညှို့နိုင်တယ်တဲ့။ မင်းရဲ့အစွမ်းအစကို တို့ ကြည့်ချင်တာလည်း ပါတာပေါ့"

နှင်းမမှီ ပြောတဲ့စကားလုံး အကြောင်းအရာတွေမှာ ဒိုင်တာတွေ ပါနေတယ်ဆိုတာ သူ ခံစားမိလေသည်။ ကြည့်ရပုံဆို





နှင်းမမှီမှာ လျှို့ဝှက်ချက်တွေ ရှိပုံပေါ်သည်။ ဘာနဲ့ပတ်သက်သလဲ သူ မသိပေမယ့် သူ့အကြောင်းကိုပါသိအောင် စုံစမ်းထားတယ်ဆိုကတည်းက တစ်ခုခုကတော့ ရှိနေသည်။ မပော်က ထုံးစံအတိုင်း မတီတရိစတိုင်လ်ဖြင့် သူမစကားနဲ့ သူမကို ပြန်ချေလိုက်သည်။

"ကိုယ့်အစွမ်းအစကို ကြည့်ချင်ရင် သူများနဲ့ အောင်သွယ်ပေးပြီး ဟုတ်,မဟုတ် စမ်းသပ်ဖို့ မလိုပါဘူး။ ပြီးတော့ အဲဒါကလည်း တစ်ပေါက်ပဲမှန်တဲ့ ကောလာဟလတွေ။ အမှန်တကယ်တော့ ကိုယ် ညှို့တတ်တယ်ဆိုတာ ကိုယ်ရင်ခုန်တဲ့ မိန်းကလေးကိုမှပါ။ မင်းကိုလည်း ကိုယ်မကြာခင် ညှို့မိမယ် ထင်တယ်"

သူ့ရဲ့ရိသဲ့သဲ့စကားကြောင့် နှင်းမမှီက သူ့ဂါက်ဆထားသလို ဒေါသတော့ ထွက်မပြချေ။ လေသံထွက်အောင်တောင် ဟက်ခနဲ တစ်ချက်ရယ်ကာ မျက်ခုံးအသာပင့်တက်၍ သူ့ကိုပြန်ဖြေသည်။

"အိုကေ ...။ ဒါဆို မင်းနဲ့တို့ အပေးအယူ တစ်ခုလုပ်ရအောင်"

မပော်က အပေးအယူဆိုတဲ့ စကားကြောင့် စိတ်ဝင်စားမှုက ပိုတက်သွားသည်။ မေးတစ်ချက်ဆတ်ပြကာ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သဘောဖြင့် မေးလိုက်လျှင် နှိုင်းမမိုက သူမရဲ့အပေးအယူ plan ကို ရှင်းပြ၏။

"သမုခင်ဟာ မင်း စိတ်ဝင်စားတဲ့ မိန်းကလေးပါလို့ မင်းဝန်ခံထားတဲ့အတွက် စိတ်ဝင်စားရင် ရင်ခုန်တယ်လို့ တို့ကတော့ ယူဆတယ်။ အဲဒီအတွက် မင်း သမုခင်နဲ့ ရည်းစားဖြစ်အောင် ကြိုးစားရမယ်"

နှိုင်းမမိုက ဘာမှဆက်မပြောသေးလျှင် သူကခေါင်းထဲမှာ အတွေးများစွာဖြင့် သူမ ဆက်မပြောခင် အရင်မေးမိသွားသည်။

"ထားပါတော့။ ဒါ ကိုယ်ပေးရမှာဆိုရင် ယူရမှာက ဘာလဲ"

"မလောပါနဲ့ဦး။ တို့က မင်းနဲ့သမု အထူးသဖြင့် သမုက မင်းကို အရမ်းချစ်လာတာမျိုးကို လိုချင်တာနော်။ အဲဒီလောက်ထိဖြစ်အောင် မင်းက ညှို့နိုင်စွမ်း အစွမ်းအစရှိလို့လား"

နှိုင်းမမိုရဲ့မေးခွန်းက သူ့ကို စိန်ခေါ်နေတဲ့အထာမျိုးဖြစ်တာကြောင့် စိတ်ထဲ နည်းနည်းတော့ ဖုသွားရသည်။ သူဟာ စကားသာပြောနေရပေမယ့် အခုချိန်ထိ ဘာကိုရည်ရွယ်ချင်





တယ်ဆိုတာ သူ မသိသေးပေ။ ဒါပေမဲ့ နှိုင်းမမိုဟာ သူ့ဘက်တသမုကို လိုက်အောင်ဆွပေးလိုက်တဲ့ သဘောမျိုးဆိုတာ သူသိနေတာမို့ သူက ဒေါသဖြစ်ဟန်မပြဘဲ ပြုံးလိုက်ရင်းက ...

"မင်းကို ကြည့်ရတာ ကိုယ်နဲ့ သမုခင်ကို ရည်းစားဖြစ်သွားစေချင်တဲ့ဆန္ဒ သိပ်ရှိနေပုံပဲ။ ဘာလို့လဲ နှိုင်းမမို။ ကိုယ်လက်ခံနိုင်လောက်မယ့် အဖြေကို ကိုယ်သိပ်သိချင်နေတယ်"

သူ့အမေးစကားကို နှိုင်းမမိုက ပြုံးထေ့ထေ့ပုံစံဖြင့် သူ့ကို တန်ပြန် ပြန်ကြည့်ကာ ...

"တို့နဲ့ မင်းနဲ့ အခုဆွေးနွေးနေတာ အပေးအယူသဘောပဲမပေဟ်မင်းညို။ တို့ရဲ့စကားတွေကြောင့် အခုချိန်မှာ မင်းအာရုံတွေ မင်းရဲ့စိတ်ဝင်စားခြင်းတွေ အားလုံးက သမုခင်ထက် တို့ဆီကို ပိုနေပြီဆိုတာ တို့သိနေတယ်။ တို့က သမုနဲ့ ရည်းစားဖြစ်ပါ ဆိုတာထက် မင်းက တို့ကိုပိုပြီး စိတ်ဝင်စားနေတယ် ဆိုတာလည်း တို့ သိတာပဲ ...

မပေဟ်မင်းညို ... သမုခင်ရဲ့ အချစ်ကိုသာ မင်းပိုင်ဆိုင်ခဲ့မယ်ဆိုရင် မင်း စိတ်ဝင်စားပါတယ်ဆိုတဲ့သူရဲ့အချစ်ကို မင်း ပိုင်ဆိုင်ခွင့်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

မဟော်က နားမရှင်းဘူး ဖြစ်သွားရသည်။ နှိုင်းမမှီ ဟာ အရမ်းကို စိတ်ဝင်စားဖို့ကောင်းပြီး ပွင့်လင်းတဲ့ မိန်းကလေး တစ်ယောက်အဖြစ် သူ မြင်ပါသည်။ သူမထက် သူမပြောတဲ့ စကားက လောလောဆယ် ပိုစိတ်ဝင်စားစရာ topic ဖြစ်လို့ နေ လေတာကြောင့် သူက မေးခွန်းပြန်ထုတ်ရလေသည်။

"နှိုင်းမမှီ ... မင်းရဲ့အပေးအယူကို ကိုယ် သိပ်နားမရှင်းဘူး"

သူ့ရဲ့ လည်သလိုလို ဖြစ်နေတဲ့ သိချင်မှုအတွက် နှိုင်းမမှီက မခိုးမခန့်ပြုံးကာ ဟန်ပါပါ ကော်ဖီတစ်ငုံ သောက် လိုက်ပြီးမှ ...

"အင်း ... မဟော်မင်းညို နားမဝေးဘူး ထင်ပါတယ်။ မင်း စိတ်ဝင်စားတယ်ဆိုတာ တို့ စိတ်ဝင်စားလို့ ဒီစကား ပြောလိုက်တာပါ"

"ဒါဆိုရင် ... ကိုယ် နားလည်သလို ဘာသာပြန်ကြည့်ရ မလား"

"give and take စနစ်အရ တစ်ခုခုကို လိုချင်ရင် တစ်ခုခု ကို အရင်ပေးရတာ သဘာဝပဲ မဟုတ်ဘူးလား။ တို့က သမုခင်နဲ့ မင်းကို ရည်းစားဖြစ်စေချင်တာ"





"ဒါက ကိုယ့်ဘက်က ပေးရမှာပေါ့။ ဟုတ်လား ...အိုခေ၊ မင်းကို ကိုယ်တကယ်ပဲ စိတ်ဝင်စားမိသွားပြီ နှိုင်းမမှီ။ ကိုယ်တို့ရဲ့တွေ့ဆုံခြင်းကလည်း ထူးဆန်းတယ်။ အခု မင်းပြောနေတဲ့ စကားတွေကလည်း ထူးဆန်းတယ်။ မင်း နဲ့ သမုခင် ကြားထဲမှာ connection တစ်ခုရှိနေတယ်ဆို တာ ကိုယ် နားလည်တယ် ...

မင်းရဲ့ရည်ရွယ်ချက်က ကိုယ်နဲ့ သမု ရည်းစားဖြစ် သွားရင် ကျေနပ်ပြီလား။ ကိုယ့်အထင် ပြောရရင်တော့ မင်းက အသည်းခွဲပေးစေချင်တာ ထင်တယ်"

မဟော်ရဲ့ ပွင့်ပွင့်လင်းလင်း အမေးစကားကြောင့် နှိုင်းမမှီက ခေါင်းအသာဆတ်ပြကာ ...

"ဒါတွေက လောလောဆယ် မင်းသိဖို့ မလိုပါဘူး။ တို့ နဲ့ အခု ဆွေးနွေးတာကို မင်း လက်ခံလား လက်မခံဘူး လားဆိုတာကိုပဲ ဆက်ပြောရအောင် မဟော်မင်းညို"

မဟော်က သူ နှိုင်းမမှီကို နားလည်ဖို့ အချိန်လို သေးတယ် ဆိုတာကို သဘောပေါက်တာမို့ ဘာမှဆက်မပြော တော့ဘဲ သူ့ဘက်က လက်ခံကြောင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရည်းစားတွေ အများကြီး ထားဖူးပါတယ်။ ထားခဲ့တဲ့ ရည်းစားတိုင်းကိုလည်း ရင်ခုန်ခဲ့ဖူးတာပဲ။ သမုခင်ကို ကိုယ် ရင်ခုန်တဲ့အတွက် သူနဲ့ ရည်းစားဖြစ်သွားမယ်လို့တော့ ထင်ရတာပဲ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ သမုခင်နဲ့ ကိုယ့်ကြားမှာ စဆုံတွေ့ခြင်းက ရိုမန်တစ်တော့ မဖြစ်ခဲ့ဘူး။ သူ ကိုယ့်ကို အပြုံးထားတယ်ဆို ဘယ်လိုလုပ်မလဲ"

သူ့စကားကြောင့် နှိုင်းမမှီမျက်နှာက အရိပ်တစ်မျိုး ဖြတ်ပြေးသွားတာ သူ သတိထားမိသွားသည်။ ဒါပေမဲ့ အဲဒါဟာ တကယ့်ကို အချိန်အားဖြင့် ခဏလေး ဖြစ်နေတာ ဖြစ်တာကြောင့် ဘာရယ်ဆိုတာ သတိမထားမိပေ။

"ဒါကတော့ မင်း သက်သက်မဲ့ အတွေးလွန်တာ ဖြစ်နိုင်ပါတယ်။ မိန်းကလေးတစ်ယောက် အပြုံးထားတယ်ဆိုတာ သူ့ဘဝမှာ အနာကျင်ရဆုံး စိတ်ဒဏ်ရာကိုရတဲ့ အခါမျိုးမှပါ။ မိန်းကလေးတွေက စိတ်ဆိုး စိတ်ကောက်တာလောက်ကိုပဲ ကြီးမားတဲ့စိတ်ခံစားချက်လုပ်ပြီး ပြောတတ်ကြသေးတာလေ။ အဲဒီအတွက် မင်း စိတ်ပူမနေပါနဲ့ မပော်မင်းညို"





သူက ရှေ့ဆက်ရမယ့် စကားထက် သူ့ကို ခေါ်ခေါ်နေတဲ့ အခေါ်အဝေါ်ကြီးကို နားထဲ ဘယ်လိုမှ ဝင်ရတာမထော်မနန်း ဖြစ်ရတာမို့ အဲဒီကိစ္စကို အရင်ရှင်းရသည်။

"Excuese ကွာ။ မင်း အခု ကိုယ့်ကို ခေါ်နေတာကြီးက နားထဲ တစ်မျိုးပဲ။ မင်းက မိန်းကလေးဖြစ်ပြီး ခေါ်နေတာကြီးက မင်းတွေ တို့တွေနဲ့ တစ်မျိုးပဲ။ ပြီးတော့ ကိုယ့်ကို မပော်လို့ပဲ ခေါ်တာ။ နာမည်အပြည့်စုံ ခေါ်တာမျိုးကို ကိုယ်မကြိုက်ဘူး"

"မင်းနာမည်ကို မပော်လို့ပဲ ခေါ်စေချင်ရင် စကတည်းက မပော်လို့ပဲ ပေးထားပေါ့။ တို့ကတော့ မင်းလို့ခေါ်ရတာကိုက Style ဖြစ်နေပြီ။ အဲဒါတွေ ထားပါ။ အခု တို့နဲ့ မင်းရဲ့ဆွေးနွေးတာက ပြီးပြီနော်။ မင်းဘက်လည်း တို့ရဲ့ ကမ်းလှမ်းချက်ကို လက်ခံတယ်ဆိုတော့ နောက်နေ့တွေက စပြီး မင်းနဲ့သမုကို တို့ဘက်က နီးစပ်အောင် ကူညီမယ်"

"သူနဲ့ကိုယ် ရည်းစားဖြစ်သွားတယ်ပဲ ဆိုပါစို့။ မင်းက ဘာအကျိုးရှိမှာလဲ။ မင်း ဘာကြောင့် ကိုယ်နဲ့ဒီလိုဆွေးနွေးရတာလဲ။ မင်းနဲ့ သမုကြားက တစ်စုံတစ်ရာကို မင်း မပြောပြချင်ပေမယ့်လည်း ကိုယ်က သိပ်သိချင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထားပါ။ မင်း စိတ်ချမ်းသာအောင် ကိုယ်ဖြည့်ဆည်းပေးပါ့မယ်”

သူ့ဘက်က လိုက်လျောတယ်ဆိုတဲ့ စကားကြောင့် နှိုင်းမမိုက အပြုံးတစ်ခုနဲ့အတူ ခေါင်းဆတ်ပြကာ ...

“ကောင်းပြီ။ အဲဒါဆို တို့ ပြန်မယ်။ ကော်ဖီဖိုးကို စရန်အနေနဲ့ တို့ ရှင်းခဲ့မယ်”

နှိုင်းမမိုက သူ့ဘက်က ပြန်အပြောကိုတောင်မစောင့်ဘဲ ထထွက်သွားလေသည်။ မဟော်က အရမ်းကိုမှ အရမ်းအရမ်းကို စိတ်ဝင်စားစရာကောင်းတဲ့ မိန်းမတစ်ယောက်နဲ့ ဖာတ်လမ်းတစ်ပုဒ် ရေးချင်လာပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၃(မြေညီ)၊ ဗဟိုစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**





## ၆

နှိုင်းမမိုက သမုရဲ့ဖုန်းကို ခေါ်မရတာကြောင့် အကြိမ်ကြိမ်အခါခါ ခေါ်သည်။ ဖုန်းက ဧရိယာပြင်ပသာ အော်နေတာမို့ နှိုင်းမမိုက သမုရှိနိုင်လောက်မည့် နေရာတွေကို အမြန်လိုက်ရှာရလေသည်။

“ဟေး ... နှိုင်းမမို ... ရေးကြီးသုတ်ပျာနဲ့ပါလား။ ဘာဖြစ်လာတာလဲ”

နှိုင်းမမိုက ခေါ်လိုက်သံကြောင့် လှည့်ကြည့်မိလျှင် ဘားတံခါးကို မှီရပ်ကာ ဟန်ပါပါဖြင့် ဂိုက်ပေးကြွမ်းနေသော မောင်ဘိုကို တွေ့ရလေသည်။

“သမုခင်ကို တွေ့မိလိုက်သေးလား။ တို့ သူ့ဖုန်းကိုခေါ်လို့မရလို့”



www.burmeseclassic.com

www.burmeseclassic.com



"သမုလား ... မတွေ့မိသေးဘူး။ ကိုယ်လည်း အခုပဲ ကျောင်းရောက်တာ။ စကားမစပ် မင်း ဒီနေ့ အရမ်းလှနေတယ်နော်"

မပော်မင်းညို စကားကြောင့် နှင်းမမှိက ဆတ်ခနဲ မျက်လုံးလှန်ကြည့်လိုက်သည်။ အဲဒီဘဲဟာ တကယ့်ကို ဆရာကြီးပဲ ဖြစ်လေသည်။

အပြောတွေ၊ အကြည့်တွေကတင် သေလောက်တဲ့အနေအထားမျိုး ဖြစ်လေ၏။

နှင်းမမှိကလည်း ဆရာမကြီး ပီသစွာ ပြုံးမြမြမျက်နှာပေးဖြင့် ပြန်တုံ့ပြန်နိုင်လေသည်။

"ဟုတ်လား ... မင်း ခုမှ သတိထားမိတာ ဖြစ်မှာပါ။ တို့အတွက်ကတော့ နေ့တိုင်းက ဒီအတိုင်းပါပဲ။ ဒါထက် မင်းနဲ့ဆွေးနွေးထားတဲ့ အပေးအယူကိစ္စက ဒီနေ့ကစပြီနော်။ ကန်တင်းမှာထိုင်ရင် တို့နဲ့သမု ရှိတဲ့ဝိုင်းကို လာထိုင်ပါ။ မင်းကို တို့ စပြီးအောင်သွယ်တော့မယ်"

နှင်းမမှိ စကားကြောင့် သူက ခပ်ပြုံးပြုံးပင် ခေါင်းညိတ်၍ လေကလေးပင် ချွန်လိုက်သေးကာ ...





"အိုခိ ... ရည်းစားဖြစ်စေချင်ရင် ဖြစ်ရမှာပေါ့။ ကိုယ့်အတွက် နှင်းမမှိက အောင်သွယ်ပေးစရာ မလိုပါဘူး။ မှိ ဖြစ်စေချင်တဲ့ဆန္ဒကို ကိုယ်က ဖြည့်ပေးတဲ့ သဘောပဲလေ"

"ဘာ"

နှင်းမမှိက ကိုယ့်ကို နာမ်စားခေါ်လိုက်တဲ့ အခေါ်ကြောင့် စိတ်ထဲ ထောင်းခနဲ ဖြစ်သွားရသည်။ နှင်းမမှိကို အဲဒီလို အများဆွတ်ခေါ်တာလောက် မုန်းတာမျိုး မရှိချေ။ နှင်းမမှိကို နှင်းလို့ ခေါ်တာက လက်ချိုးရေလို့ရသည်။ အဲဒါတောင် နှင်းမမှိဘက်က မခေါ်ပါနဲ့လို့ တားမရတဲ့သူတွေ ဖြစ်နေတာမို့ အဲဒီလို ခေါ်တာကို မကြိုက်ပေမယ့် သည်းညည်းခံနေတာ ဖြစ်သည်။ နှင်းမမှိနဲ့သိတာ ဘာမှတောင် မရှိသေးတဲ့သူက ပိုင်စိုးပိုင်နင်း မှိ ဆိုပြီး ကောက်ခေါ်ပစ်တာကို နှင်းမမှိက အရမ်းကို အမြင်ကတ်လှစွာ တစ်ခါတည်း အပြတ်ပြောပစ်လိုက်သည်။

"ဒီမှာ ... တို့ကို မှိလို့ မခေါ်နဲ့။ လုံးဝမကြိုက်ဘူး။ တို့နာမည် နှင်းမမှိ။ နှင်းမမှိလို့ပဲ ခေါ်ပါ"

"တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးနေပြီဟာ။ နာမည်အပြည့်အစုံ ခေါ်စရာမလိုဘူး ထင်တယ်လေ။ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်သွားပြီဆို အဖျားဆွတ် ခေါ်တပ်တယ်ကွ။ ပြီးတော့ အပြည့်ခေါ်ရင် မောတယ်ကွ"

"မလိုဘူး။ တို့နာမည်က မင်း မောရလောက်အောင် အဓိပ္ပာယ်မရှိတဲ့ စကားလုံးတွေစပ်ပြီး တွဲထားတဲ့ ရှည်လျားတဲ့နာမည်မျိုးလည်း မဟုတ်ဘူး။ ဘယ်နေရာမှ ဖြတ်ခေါ်ဖို့မလိုအောင် တစ်မျိုးတည်းသော အဓိပ္ပာယ်ထွက်တဲ့ နာမည်မျိုး ပေးထားတာ။ မင်း တို့ကို နှင်းမမှီလို့ပဲ ခေါ်ပါ"

နှင်းမမှီက အပြတ်ကို ပြောလိုက်တာ ဖြစ်သဖြင့် သူက ပခုံးအသာတွန့်ပြကာ ...

"အရမ်းကို စိတ်ဝင်စားဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ ခုလို စကားပြောရတာကိုက မိုက်တယ်။ အိုခေ ... နှင်းမမှီ တစ်နေ့မှာ မင်းရဲ့အရင်းနှီးဆုံးသူတစ်ယောက်က မင်းကို ဘယ်လိုအခေါ်အဝေါ်များ ခေါ်မလဲလို့ ကိုယ် သိချင်မိတယ်။ ဟင်း ဟင်း ... ထားပါတော့။ အခု မင်း သမုခင်ကို ရှာနေတာမှလား၊ ကိုယ်ပါ လိုက်ရှာပေးမယ်လေ"





မဟော်မင်းညိုက Topic ကို ချိန်းယူသွားတာမို့ ...ပြီး ရှည်ရှည်ဝေးဝေးတွေ ပြောမနေတော့ဘဲ နှင်းမမှီက အတူလိုက်ရှာခွင့် ပြုလိုက်သည်။ နှင်းမမှီနဲ့ သူ အတူလျှောက်သွားကာ သမုကို လိုက်ရှာနေတုန်းမှာ သူ့ဘက်က နှင်းမမှီဘက်ကို ပီကေတစ်ခု ထိုးပေးကာ သူကိုယ်တိုင်လည်း ပီကေတစ်ခုကို ...းစပ်ထဲ ထည့်ဝါးရင်းက ...

"စားပါဦး။ ပီကေ ..."

နှင်းမမှီက သူကမ်းပေးတဲ့ ပီကေကို ယူလိုက်ပြီး ...တနေ့လုပ်ရမယ့် plan ကို သူ့ကို ပြန်ပြောလေသည်။

"မင်း ဒီနေ့ သမုနဲ့တွေ့ရင် အဆင်ပြေအောင် မင်းဘက်က လိုအပ်တာထက် ပိုရောရလိမ့်မယ်။ မမေ့နဲ့ဦးနော်"

"အဟင်း ... ထူးဆန်းတယ်နော်။ မင်းကလည်း လိုအပ်တာထက်ပိုပြီး ကိုယ်တို့ ရည်းစားဖြစ်ရေးကို စိတ်ဝင်စားနေသလိုပဲ"

"ဟုတ်လား။ အဟင်း ... ထင်လို့ဖြစ်မှာပါ။ ဩော် ... ဟိုမှာမှလား သမု"

နှင်းမမှီက သမုကို လှမ်းမြင်လိုက်တာမို့ နောက်က ...လိုက်ခေါ်လေလျှင် သမုက လှည့်ကြည့်လာကာ ...

www.burmeseclassic.com



"ဩော် ... နှိုင်းမမှီ၊ ဟင် ... မဟော်လည်း ပါတာကိုး"

"ဟုတ်တယ်။ သမုကို လိုက်ရှာနေတာလေ။ တို့ သမု ဖုန်းကို ဆက်ကြည့်သေးတယ်။ ဧရိယာပြင်ပရောက်နေလို့ ဘယ်များရောက်နေမလဲဆိုပြီး ရှာကြည့်နေတာ။ မဟော် မင်းညိုနဲ့ လမ်းမှာဆုံတာလေ။ သူကလည်း မင်းကို ရှာ နေတယ်ဆိုတာနဲ့ အတူလာဖြစ်တာ"

နှိုင်းမမှီက အခွင့်ရပြီဆိုတာနဲ့ စတင်လမ်းကြောင်း ပေးလိုက်လျှင် သမုခင်က မဟော့်ဘက်ကိုကြည့်ကာ မေးလေ၏။

"ဩော် ... သမုကို ရှာတယ်ဆိုတော့ ကိစ္စရှိလို့လား မဟော်။ သမုက ကျောင်းသားရေးရာက စာရေးမနဲ့ချိန်း တားလို့ ခဏလာလိုက်တာ။ ဘာကိစ္စရှိလို့လဲ မဟော်"

သမု မေးခွန်းကြောင့် သူက သူ့ဆံပင်တွေကို လက်ဖြင့်အသာသပ်တင်ရင်းကမှ အပြုံးတစ်ခုဖြင့် ပြန်ဖြေသ သည်။

"ဩော် ... ကျောင်းတက်ရက်မှာ ဒီအတိုင်း တွေ့ချင်မြင် ချင်ရုံလေးပါ သမုရဲ့။ အတန်းချိန် မတက်ရသေးရင် ကန်တင်းထိုင်ကြမလား။ သမု အလုပ်အားတယ်ဆိုရင်ပေါ့ လေ"





သမုက နှိုင်းမမှီကို မသိမသာ တစ်ချက်လှမ်းကြည့် လိုက်ကာ ပြီးတော့မှ မဟော့်ဘက် ပြန်လှည့်ကာ ခေါင်းညိတ်ပြ လေသည်။

"အိုခေလေ ... သွားတာပေါ့။ သမုလည်း အားတာပဲ။ နှိုင်းမမှီလည်း အားတယ်မှလား။ သွားမယ်လေ ဒါဆို"

နှိုင်းမမှီက သူတို့နှစ်ယောက်နဲ့အတူ ကန်တင်းလိုက် ဆိုင်ကာ ပို့ပေးသင့်တယ်လို့ ယူဆတာကြောင့်မို့ သုံးယောက် အတူတူပဲ ကန်တင်းဘက်ကို ထွက်လာခဲ့ကြတော့သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သမုက ကိုယ့်ကို စိတ်ဝင်စားနေတယ်ဆိုတာ 75% လောက်သေချာနေတဲ့ ယောကျ်ားလေးတစ်ယောက် 100% အပြည့် စိတ်ဝင်စားဖို့အတွက်က ကိုယ့်အပေါ်မှာပဲ အများကြီး မူတည်တယ်လို့ ယူဆလေသည်။ ကြားသိရသလောက် မဟော်မင်းညိုဟာ ကျောင်းမှာ လူသိများတဲ့ Super Star တစ်ယောက်ဖြစ်တဲ့အပြင် သိပ်မကြာသေးခင်ကမှ ပူပူနွေးနွေး ဖြစ်ထားတဲ့ သမုတို့နဲ့ အုတ်အော်သောင်းနင်း ကိစ္စတွေကြောင့် သူ အပါအဝင် သမုတို့သုံးယောက်စလုံးဟာ လူတွေ သတိထားမိနေကြတာဖြစ်သည်။

သမုဘက်ကလည်း သူ့ကို နာကျင်စေသောရည်ရွယ်ချက်ဖြင့် ရိုက်ခဲ့တဲ့အတွက် သူ့ဘက်က သမုအပေါ်ထားတဲ့ သဘောထားဟာ အမုန်းအကန်းသား၊ အင်လားဆိုတာ ဘာမှမကွဲပြားချေ။ သူ့ဘက်ကလည်း အကြံအစည်နဲ့လာတာ ဖြစ်နိုင်တာမို့ သမုကလည်း အင်မတန်မှ သတိရှိ လေ့လာတတ်ဖို့ လိုပါလိမ့်မည်။





"ဩော် ... သမုတို့ လာမယ့်အင်္ဂါလောက် အချိန်ရမယ်ဆိုရင် ရုပ်ရှင်သွားကြည့်ပါလား။ ကိုယ် လက်မှတ်လုပ်ပေးထားမယ်လေ။ Junciton Mawtin မှာ ခုရုံတင်နေတဲ့ သရဲကားက အရမ်းကောင်းတယ် ဆိုပဲ။ သွားကြည့်မယ်ဆို သမုနဲ့ နှင်းမမိုတို့ အဆင်ပြေအောင် ကိုယ် လက်မှတ်စီစဉ်ထားလိုက်မယ်လေ"

"ဟင် ... တကူးတကချည်း မလုပ်ပါနဲ့။ သမုက ရုပ်ရှင်ကြည့်တာ ဝါသနာအပါကြီး မဟုတ်ပါဘူး။ အဲဒီကားက ကောင်းတာ ဟုတ်လို့လား။ တစ်ခါတလေ ကြော်ငြာသာကောင်းတာ။ တကယ်ကြည့်တော့ အာပလာတွေမှ အများကြီး။ မဟော် ကြည့်ပြီးပြီလား"

သမုက ရုပ်ရှင်ကြည့်မယ့် အစီအစဉ်မှာ သူ ပါ ပါ, ...ပါ သိချင်လို့ စကားအစ်တဲ့အနေနဲ့ မေးလိုက်တာဖြစ်သည်။ ...မဟော်မင်းညိုကလည်း အဲဒါကို သဘောပေါက်ဟန် ရှိတာမို့ ...င်တကာကို အမှတ်ဝင်ယူလိုက်တာဖြစ်သည်။

"ကိုယ်ကတော့ မကြည့်ရသေးပါဘူး။ ကိုယ့်ဘော်ဒါတွေ ကြည့်ပြီးပြီလေ။ မိုက်တယ်တဲ့။ အဲဒါကြောင့်မို့ ကိုယ်က သမုနဲ့ နှင်းမမို ကြည့်ရအောင် လက်မှတ်စီစဉ်ပေးမလားလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ နှိုင်းမမိုဘက်က အလျှင်အမြန်ပင် စကားထွက်လာလေ၏။

"ဟာ ... အဲဒါကောင်းတာပေါ့။ တို့လည်း အဲဒီကားကြည့်ချင်နေတာ။ လက်မှတ်မရလို့ မသွားဖြစ်သေးတာ။ သမု... တို့တွေ သွားကြည့်ရအောင်လား"

"အင်း ... ရတယ်လေ။ အဲဒါဆိုလည်း သွားကြည့်တာပေါ့။ နှိုင်းမမိုက ကြည့်ချင်တယ် ဆိုမှတော့ သမုက အာငြင်းစရာရှိရမှာလဲ။ သွားတာပေါ့"

"အိုခေ ... ဟုတ်ပြီ။ အဲဒါဆိုရင် ကိုယ် လက်မှတ်စီစဉ်လိုက်မယ်လေ"

သူ့ပြောပုံအရမှာတော့ သူက လက်မှတ်စီစဉ်ပေးရုံသာဖြစ်ကာ တခြားအကန့် မပါချေ။ သမုတို့နဲ့ သူ ရုပ်ရှင်လိုက်ကြည့်ဖို့ အခွင့်အရေးရတာတောင် လိုက်မကြည့်ဘူး ဆိုကတည်းက ဒီတစ်ယောက်ဟာလည်း တက်ကနစ်တွေ သုံးနေတယ်ဆိုတာ သမု သဘောပေါက်လေသည်။ အဲဒါကြောင့် သမုဘက်ကလည်း အလိမ္မာလေး သုံးလိုက်ကာ ဟုတ်ကဲ့ဟု ခေါင်းတစ်ချက်ညိတ်ရုံသာ သူ့ကို မခေါ်ခဲ့ပေ။





"ဟုတ်ပြီ။ အဲဒါဆို အတန်းသွားရအောင်လေ။ ကိုယ် လက်မှတ်စီစဉ်ထားမှာမို့ သမုနဲ့ နှိုင်းမမို အေးဆေးကြည့်လို့ ရပါတယ်"

"ကျေးဇူး မဟော်။ အဲဒါဆို မဟော် အရင်သွားနှင့်လိုက်လေ။ သမုတို့က ဒီမှာ ခဏထိုင်နေလိုက်ဦးမယ်"

"အိုခေ။ ဒါဆို ကိုယ် သွားနှင့်လိုက်မယ်။ ဖုန်းဆက်မယ်နော် သမု။ သွားပြီနော် နှိုင်းမမို"

သူက နှစ်ယောက်စလုံးကို နှုတ်ဆက်ကာ ကန်တင်းထဲမှထွက်သွားလျှင် စကားစတာက နှိုင်းမမိုပင် ဖြစ်သည်။

"ဟား ... တယ်စွဲသဟေး။ မဟော်မင်းညို ဒီနိုင်းကြည့်ရတာ သမုကို ရေလည်ကြွေနေတဲ့ သဘောမှာရှိတယ်။ မိုက်တယ်ဟေ့"

နှိုင်းမမိုက သမုကို နောက်ရွှတ်ရွှတ်လေး ပြောလိုက်လျှင် သမုက ကျေနပ်သဘောကျစွာ တစ်ချက်ပြုံးလိုက်ရင်းကမှ...

"ဘာပဲဖြစ်ဖြစ် သူ သမုကို ဒီလောက်ထိ စိတ်ဝင်စားလာတယ်ဆိုတာ နှိုင်းမမိုရဲ့ကျေးဇူးတွေ အများကြီးပါတာပဲဟာ။ နှိုင်းမမိုသာ မကူညီခဲ့ဘူးဆို သမု ဘယ်အဆင်ပြေပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ ဝတ္တရားရှိတယ်လေ။ သမုရဲ့သူငယ်ချင်းကော
ပီသစွာ သမုလက်စားချေချင်တာကို တို့က တစ်ဖက်
လမ်းက အဆင်ပြေအောင် ကူညီပေးရမှာပေါ့။ ဟုတ်
လား"

နှိုင်းမမီက မျက်ခုံးလေးတစ်ချက်ပင့်ကာ မေး
လျှင် သမုက အရင်ထက် မြောက်မြားစွာ ပိုမိုချစ်ခင်သော
နှိုင်းမမှ အပေါ်ကို ဖြစ်မိလေသည်။ နှိုင်းမမီဟာ မာဆတ်ဆ
မာကြောကြောပုံစံဖြင့် စကားကို သိပ်ပြေရာပြောကြောင်း မပြေ
တတ်ပေမယ့် သမုစိတ်နဲ့ ကိုက်သလို သမုအပေါ်ကိုလည်
စိတ်နှစ်ပေါင်းလေသော သူငယ်ချင်းကောင်း ဖြစ်လေသည်
အခုလည်း သမုရဲ့စိတ်က မဟော်မင်းညို့ကို လက်ဆင်ပေးချင်တ
အတွက် နှိုင်းမမီကပဲ လှလှပပ ဓာတ်လမ်းဆင်ကာ မဟော်
အကွက်ကျကျ အပေးအယူ အထာတွေသုံးကာ သမုနဲ့သူ ပ
သက်လာအောင် twist ရိုက်သွားတာဖြစ်သည်။

"ဒါပေမဲ့နော် ... သူကလည်း ခေသူတော့ မဟုတ်ဘ
နှိုင်းမမီရဲ့။ ရုပ်ရှင်ကြည့်မယ့်ကိစ္စကိုပဲ ကြည့်လိုက်လေ
ဒါ သူ့အတွက် လမ်းဖွင့်ထားတယ်ဆိုတာ သိသိချည်း
ဝင်မလာဘူး ဆိုကတည်းက ဒါ စဉ်းစားစရာပဲ။ သူလည်





သမုကို ကျေမှာမဟုတ်သောက်ဘူး။ ဘာလို့လဲဆိုတော့ သမုက သူ့ကို ရိုက်တောင် ရိုက်ပစ်ခဲ့မိတာမှလား"

"May be ။ ဟုတ်တာပေါ့။ တို့ကတော့ ဒီပွဲကို သိပ်စိတ်ဝင်စားတယ်။ ဆရာကြီးနဲ့ ဆရာမကြီး တွေ့မယ့် ပွဲကြီးပွဲကောင်း ဖြစ်နေတယ်လေ။ သမု ပြောသလိုပဲ။ သူက လည်း ခေသူတော့ မဟုတ်ဘူး"

သမုက မျက်လုံးထဲမှာ သူ့ကို မြင်ယောင်သွားမိ
ည်၊ နှိုင်းမမီ ပြောသလိုပဲ ဒီပွဲဟာ စိတ်ဝင်စားစရာ ကောင်း
သည်။ သမု သူ့ကို လက်ဆင်ပေးချင်တာက သူ သမုကို စိတ်
ပြီ ဆိုတာနဲ့ သမုဘက်က အသာရတာပဲဖြစ်သည်။ အဲဒါ
ကြောင့် သမုဟာ သူ့ရဲ့ Propose ကို စောင့်နေတာဖြစ်၏။ သမု
ရေပုံအလယ်မှာ အရှက်ခွဲခဲ့တဲ့ သူ့ကို ပြန်ချေနိုင်ဖို့က ဒီနည်း
သော အထိရောက်ဆုံး ဖြစ်ပေသည်။

အဲဒါကြောင့် သမုကလည်း ပရိပီသပြမှာဖြစ်သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



# (၁၀)

မပော်က Sky Net က လွှင့်နေတဲ့ မြန်မာကား တစ်ကားကို ထိုင်ကြည့်နေတုံး ဖုန်းဝင်လာလျှင် သူက ဘယ်သူလဲ ကြည့်လိုက်တော့ မသွန်းဆီက ဖြစ်နေတာကြောင့် သူက ဝမ်းသာအားရနဲ့ ဖုန်းအမြန်ကိုင်ရလေသည်။

"ဟယ်လို"

"အေး ... မပော်။ Missed call တွေ့လို့၊ ဆို ... ဘာကိတ်"

"မသွန်း Shooting မှာလား"

"အခု ပြန်ပြီ။ ကြော်ငြာရိုက်လေ။ ခု Shooting ပြီးသွားလို့ on the way ။ ပြောလို့ရတယ် မပော်။ ဘာကိစ္စလို့လဲ"





မပော်က မသွန်းဆီက ပြော,ဆိုတဲ့ ပါမစ်ရလျှင် ပြောဖို့ မပြောဖို့ရာ အရင်စဉ်းစားရသေးသည်။ ဘာပဲဖြစ်ဖြစ် မေးတော့ သိထားရတာပေါ့လေ။ မထူးဘူး ... မေးလိုက်မယ်။

"အဟဲ ... ကျွန်တော်က မသွန်းကို နည်းနည်းလေး အင်တာဗျူးစရာရှိလို့"

"အထူးအဆန်းပါလား။ ဘာကို အင်တာဗျူးချင်တာလဲ"

မပော်က ဆိုဖာမှာ လှဲလိုက်ပြီးမှ ရက်ရယ်တစ်ချက် ရယ်လိုက်ကာ ...

"အဟဲ ... ကျွန်တော် ဗျူးချင်တာက မသွန်း မဟုတ်ဘူး။ မသွန်း ဟိုတစ်ခါ မိတ်ဆက်ပေးတဲ့ နှိုင်းမမှီ အကြောင်း"

"အမယ် ... တယ်ထူးဆန်းနေတယ်ဟော့။ နှိုင်းအကြောင်းကို ရှင်က ဘာကြောင့် သိချင်နေရတာလဲ"

"အာ ... မသွန်းကလည်း၊ မေးပါတယ်ဆိုမှ ဘာရယ်ကြောင့် ရှိရဦးမလား။ သိချင်လို့ပေါ့"

"နေစမ်းပါဦး။ နင်က ဘာကိုသိချင်တာလဲ။ နှိုင်းမှာရည်းစားရှိမရှိဆိုရင်တော့ လုံးဝပဲ။ နှိုင်းက ဘယ်ယောက်ျားလေးနဲ့မှ အရှုပ်အရှင်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုတော့ ကျွန်တော် သိပါတယ်။ နှိုင်မမှီ ပုံစံကို ကြည့်လိုက်တာနဲ့ ကျွန်တော် သိပါတယ်။ ကျွန်တော် အင်တာဗျူးချင်တယ် ဆိုတာက နှိုင်မမှီရဲ့ character ကို သူ့ကာရိုက်တာက အင်း ... နည်းနည်းဆန်းနေသလိုပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ဒီဇိုင်းထဲကနေ ကွဲထွက်နေ သလားလို့။ မသွန်းနဲ့က သိတာကြာပြီလား"

သူ့မေးခွန်းကြောင့် မသွန်းက ခဏငြိမ်နေပြီးမှ နှိုင်းမမှီအကြောင်း ဆက်ပြောလေသည်။

"အင်း ... သိတာ ကြာပါပြီ။ နှိုင်းက မာမီရဲ့မွေးစားသမီး လေ။ နှိုင်းက အဲဒီလိုပဲ မဟော်ရဲ့။ နည်းနည်းတော့ အေးတိအေးစက် နိုင်သလို တစ်ခါတလေကျတော့ ကျွန် တစ်တစ်နဲ့။ နှိုင်းရဲ့မာမီနဲ့ တို့မာမီက အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေလေ။ နှိုင်းတို့က မောင်နှမနှစ်ယောက်ပဲရှိ တာ။ သူ့အစ်ကို ဆုံးသွားတာ သိပ်မကြာသေးဘူး။ အဲဒီ နောက်ပိုင်းတော့ နှိုင်းတို့သားအမိလည်း စိတ်တော်တော် ထိခိုက်သွားတယ်။ အိမ်တွေ ဘာတွေတောင် ပြောင်းသွား တယ်လေ။ နှိုင်းကတော့ အရင်ကထက် ပိုပြီးမာကြွပ်ကြွပ် ဆန်သွားတာပေါ့"





"အင်း ... နှိုင်းမမှီရဲ့ ဇာတ်လမ်းက တအားတော့ စိတ် ဝင်စားစရာ မရှိပါဘူး။ ဒါနဲ့ သူ့အစ်ကိုက ဘာလို့ဆုံးသွား တာလဲ"

"နှလုံးရောဂါနဲ့လေ။ နှိုင်းအစ်ကို ကိုမှိုင်းက နှလုံးရောဂါ မွေးရာပါရှိတာ။ နေစမ်းပါဦး။ မင်းက ဘာကိစ္စ ဒီလောက် တောင် နှိုင်းမမှီ အကြောင်းကို စစ်စစ်ပေါက်ပေါက်သိချင် နေရတာလဲ"

မသွန်းက စိတ်ပါဝင်စားစွာဖြင့် မေးလိုက်လျှင် ယောက် ပြုံးရုံသာ ပြုံးလိုက်သည်။ ပြီးတော့မှ သူရင်ထဲက ကား ကို ပြောလိုက်လေသည်။

"အမ်း ... ဘာဖြစ်လို့လဲဆိုတော့ မသွန်းရဲ့မွေးစားညီမကို ကျွန်တော်က အရမ်းစိတ်ဝင်စားနေမိလို့ဗျ"

"ဟား ဟား ... ကောင်လေး။ မင်းလည်း စတားဆိုတာ တို့ သတင်းကြားပါတယ် မဟော်ရယ်။ နှိုင်းက သူ့ဘာသာ သူ အေးအေးနေတတ်တဲ့သူပါ။ မင်းက စိတ်ဝင်စားတယ်၊ နှိုင်းကလည်း ဘာမှစိတ်မဝင်စားကဲ့သူဆိုတော့ အေးလူ တွေအနေနဲ့ကတော့ စိတ်ဝင်စားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ဟဲ ... ကျွန်တော် နှိုင်းမမီကို ကြိုးစားကြည့်မှာပေါ့ မသွန်းရဲ့။ မသွန်း အောင်သွယ်တော်လုပ်ပေးရမယ်နော်။ ကျွန်တော်ဆို မသွန်း ညီမနဲ့ သဘောတောတယ်မှလား"

"ဟား ဟား ... မင်းတို့ချင်း အဆင်ပြေတယ်ဆို တူ ရမှာပေါ့ကွ"

"ကျေးဇူး မသွန်း။ အဲဒါဆို ကျွန်တော် try တော့မယ်ဗျာ နှိုင်းမမီအကြောင်းကို ခုလို ပြောပြပေးတာ ကျေးဇူးပါပဲ မင်းသမီးရယ်"

"အေးပါ မင်းသားရယ်။ ကဲ ... အဲဒါဆို ဒါပဲနော် နောက်မှ ဆုံမယ်"

"Ok ... မသွန်း။ C U "

မဟော်က ဖုန်းပြောပြီးသွားလျှင်တော့ နှိုင်းမမီအကြောင်းကို ပျွေးနေမိသွားသည်။ ဒီတလောမှာ သူရဲ့ဓာတ်ကျရာ အာရုံကို ပြောပါဆို သမုခင်နဲ့ နှိုင်းမမီကို ပြောရမှာပဲဖြစ်သည်။ သမုခင်က တစ်နည်းတစ်ဖုံ သူ့စိတ်ကို ခံစားမှုပေးသလို နှိုင်းမမီ ကျပြန်တော့လည်း သူ့ကို အရမ်းရင်ခုန်သံတွေသစ်အောင် သင်ပေးနေလေတဲ့ ခံစားမှုမျိုး ပေးပြန်လေ၏။ သူဟာ နှစ်ယောက်





...ကို တစ်မျိုးစီ စိတ်ဝင်စားမိနေဆဲမှာ သူ့ဖုန်းက ring ထပ်...လာလို့ နံပါတ်ကြည့်လိုက်လျှင် နှိုင်းမမီဆီကဖုန်း ဖြစ်လို့...ကြောင့် သူက ပြုံးမိသွားကာ ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို ... နှိုင်းမမီ ... ပြော။ ရုပ်ရှင်ကြည့်ကောင်းရဲ့လား"

ဒီနေ့က သမုခင်နဲ့ နှိုင်းမမီတို့ Mawtin မှာ ရုပ်ရှင်...ကြည့်ကြတာမို့ သူက လက်မှတ်စီစဉ်ပေးထားတဲ့သူ ဖြစ်တာ...ကြောင့် မေးလိုက်တာဖြစ်သည်။ အမှန်ဆို သူဟာ လိုက်သွားလည်း...ဘာပဲ ဖြစ်ရဲ့သားနဲ့ တမင်မလိုက်တာဖြစ်သည်။ သူ့ကို သမုနဲ့...ရမ်းကို အောင်သွယ်ပေးနေတဲ့ နှိုင်းမမီ ရည်ရွယ်ချက်ကိုလည်း...ချင်လေသည်။

"ကောင်းတာပေါ့။ အဲဒါကြောင့် စပွန်ဆာကြီးကို ကျေးဇူးတင်ကြောင်း လှမ်းပြောရင်းနဲ့ မုန့်စားလှမ်းဖိတ်တာ။ ဒီမှာ သမုနဲ့အတူ တို့က ရွှေကောင်းမှာ ဟော့ပေါ့သောက်နေတယ်။ မင်း အားရင်လာပါလို့ ဖိတ်ခေါ်ပါတယ်"

မဟော်က ချက်ချင်းပြန်မဖြေဘဲ တစ်ချက်တွေးလိုက်...သည်။ နှိုင်းမမီ ခေါ်တာကို လိုက်သွားရင် ကောင်းမလား။ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ဟိုဘက်က တကူးတက ခေါ်တာကို သူက ပဲထယ်
လိုက်လျှင် ချဉ်သွားတော့မယ် ဆိုတာ သဘောပေါက်တာကြော
လက်သင့်ခံလိုက်၏။

"အင်း ... လာခဲ့လိုက်မယ်လေ။ ဒါပေမဲ့ သိတဲ့အတိုင်း
traffic ကြောင့် နှိုင်းမှီတို့ စောင့်နေရတာ ကြာနေမလား"

"ရပါတယ်။ သမုကော တို့ကော အချိန်ရပါတယ်"

ဒီလောက်ဆိုရင် ဒါဟာ တွေ့မယ်ဆိုတာ ကျိန်း
နေပြီမို့ မဟော်က သူမ မငြင်းနိုင်မှန်း သိပေမယ့် ခေါင်းညိတ်
လိုက်ရင်းက ...

"အိုခေ ... အမြန်ဆုံး ကိုယ်လာခဲ့မယ်"

မဟော်က ဖုန်းချပြီးတာနဲ့ အမြန်ဆုံး အခန်းထဲပြ
ဝင်ကာ ရှုပါသွားဖွင့်ရသည်။ ထူးထူးခြားခြား မဟုတ်ပေမယ့်
အမြဲ စတိုင်လ်ရှိနေဘတ်တဲ့သူက စွယ်ကျယ်အနက်ကို လက်ပြ
ကုတ်တစ်ထပ် ထပ်ဝတ်ကာ ဘောင်းဘီက လည်သာ skinn
အနက်ဖြင့် တွဲဝတ်လိုက်သည်။ ပြီးတော့ သူ့အကြိုက် DKNY
ရေမွှေးကိုဆွတ်ကာ ပိုက်ဆံတစ်အုပ်ကိုဆွဲ ကားသော့ယူကာ
သူမတို့ဆီ အမြန်ထွက်လာခဲ့သည်။





ဟိုရောက်ရင် နှိုင်းမှီကို ဘာပြောရမလဲ၊ သမုခင်ကို ဘာပြောရမလဲ စသဖြင့် စကားလုံးတွေ စီထားရင်း သူမတို့ရှိရာကို ခပ်သွက်သွက်လေး မောင်းလာခဲ့တာဖြစ်သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ဟော … ဟိုမှာ လာပြီ။ အမယ်လေး ဒီဓိုင်းကတော့ လုံးဝကို မိုက်ထွက်နေတာပဲဟေ့"

နှိုင်းမမှိက သမုကို တံတောင်ဖြင့် အသာတွက်ကာ လှမ်းပြောလျှင် သမုက ဆိုင်ထဲဝင်လာတဲ့သူ့ကို ကြည့်ကာ ငေးခနဲတော့ ဖြစ်သွားရသည်။ ယောကျ်ားတစ်ယောက်ဟာ ချော တာ မချောတာထက် manly ဖြစ်ဖို့က ပိုအရေးကြီးတယ်လို့ သမုက နားလည်ထားပေသည်။ အဲဒီ မဟော်မင်းညို ဆိုတဲ့တစ် ယောက်ကတော့ ဓာတ်ပုံဆရာလုပ်ဖို့ထက် ကိုယ်တိုင် မော်လ်ဒယ် ဝင်လုပ်သင့်တယ် ဆိုသလို ဖြစ်ပေသည်။ သူ့အသားအရေက မဖြူမညိုဖြစ်ကာ ဝါဝင်းစိုပြည်လေသည်။ အရပ်အမောင်းကောင်း ကောင်းနှင့် သေသေချာချာကို အချိန်ပေး ကစားထားတဲ့ Body Beauty ကျေးဇူးတွေကြောင့် သူ့ရဲ့ Body ဟာ အရမ်းကိုကျစ် လျစ်ပြီး လှပလေသည်။ manly ဖြစ်တဲ့ အသွင်အပြင်တွေ ပိုင် ဆိုင်ထားတဲ့သူက မျက်နှာကလည်း ကိုရီးယားမင်းသားအလား





ချောမောနေတာမို့ perfect ကို ဖြစ်နေ၏။ အဲဒါကြောင့်လည်း မဟော်မင်းညိုရယ်လို့ နာမည်ကြီးတာဖြစ်မည်။

"ဆောရီး … တအားနောက်ကျသွားတယ်။ လမ်းမှာက သိတဲ့အတိုင်း traffic တွေလေ။ ဒါတောင် ဒီနေ့ ကား သိပ်အကျပ်ကြီး မဟုတ်ဘူး ပြောရမယ်"

မဟော်က သမုတို့ကို ကားကျပ်တာအကြောင်းပြော ၍ နှုတ်ဆက်ရင်းက ဝင်ထိုင်လေသည်။ သမုနဲ့ မဟော်ကို ရည်း စားဖြစ်ဖို့ Plan ချထားတဲ့ planner က နှိုင်းမမှိ ဖြစ်နေတာမို့ နှိုင်းမမှိကပဲ သွက်ပေးနေရတာဖြစ်သည်။

"ရပါတယ် မဟော်မင်းညိုရဲ့။ ခုလေးတင်မှ ဟင်းရည်ဆူ တာပါ။ မင်းအတွက် ကျန်ပါသေးတယ်"

နှိုင်းမမှိက နောက်ရွှတ်ရွှတ် ပြောလိုက်ရင်းက ဟင်းရည်အိုးထဲက အသားဖတ်တွေကိုဆယ်ကာ သမု ပန်းကန်ထဲ အရင်ထည့်ပေးလေသည်။

"အခုမှ စားကြမှာလား။ သြော် … အားနာလိုက်တာ။ ကိုယ့်ကို စောင့်နေရသလို ဖြစ်နေတယ်"

"မဟုတ်ပါဘူး မဟော်ရဲ့။ သမု ကိုယ်တိုင်ကိုက သိပ်မ ဆာသေးလို့ပါ။ နှိုင်းမမှိနဲ့ Shopping လုပ်နေရင်း အကုန် ပတ်ပြီးတော့မှ ဒီပြန်ဝင်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



သမုက သူ့ကိုလှမ်းပြောလိုက်လျှင် သူက ခေါင်းတစ်ချက်ဆတ်ကာ သမုကို ပြုံးပြရင်းက ...

"ဘယ်လိုလဲ သမု။ ရုပ်ရှင်ကောင်းရဲ့လား"

"အင်း ... ကောင်းတယ်လေ။ လက်မှတ်ကို စီစဉ်ပေးတဲ့အတွက်လည်း မဟော့်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်။ ကိုယ်က သမုတို့ စိတ်ချမ်းသာတယ်ဆို ပြီးတာပါပဲ"

သမုကို လာချုပ်နေတာမို့ သမုက ခပ်အေးအေးပင် ပြုံးလိုက်ရင်းက ဘာမှ ဆက်မပြောဘဲ အစားကိုသာ အာရုံထားလိုက်စဉ် အလိုက်အသိလွန်နေတဲ့ နှိုင်းမမှီက ရှောင်ပေးဖို့စကားတွေ စပြီဖြစ်၏။

"အယ် ... မေ့တာ။ ကြည့်စမ်း ... သမု ... အောက်က Charles & Keith မှာ ဒီဇိုင်းသစ် မှာထားတာ ပြန်လာခဲ့မယ်ဆိုပြီး ဒီမှာ စကားကောင်းနေတာနဲ့ မေ့နေတာ။ တို့ ခဏသွားလိုက်ဦးမယ်။ သမု ဒီမှာ မဟော်မင်းညိုနဲ့ခဏ နေခဲ့လိုက်လေ"

မဟော်မင်းညို မလာခင်ကတည်းက နှိုင်းမမှီက ခဏရှောင်ပေးမယ်ဆိုတာ ကြိုညှိထားပြီးသား ဖြစ်ပေမယ့် တကယ်





ကြီး သမုတစ်ယောက်တည်း ကျန်နေတော့မယ်ဆိုတော့ သမုလည်း မနေရဲပေ။

"သမုပါ လိုက်ခဲ့မယ်လေ"

"အာ ... နေခဲ့ပါ။ ဟော့ ... မဟော်မင်းညို ... သမုနဲ့ခဏ အဖော်လုပ်ပေးလိုက်နော်"

နှိုင်းမမှီက မဟော့်ကိုပါ လှမ်းပြောလိုက်လျှင် မဟော်က ခေါင်းညိတ်ပြရင်းက ...

"အင်း ... ရတယ်လေ။ ကိုယ်က ဒီက်စားမှာ ကျနေတာပဲ။ သမုကလည်း အေးဆေးပေါ့။ သွား ... နှိုင်းမမှီ အေးအေးသွား"

"အိုခေ ... သိပ်မကြာပါဘူး။ ခဏနေ ပြန်လာမ ်"

နှိုင်းမမှီက သမုကို ဆက်လုပ်ဆိုတဲ့ သဘောဖြင့် သမုပခုံးကို အသာဖိညှစ်သွားသလို မဟော့်ကိုလည်း ဆက်လုပ်ဆိုတဲ့အထာနဲ့ သမုဘက်ကို မျက်စအသာပစ်ပြကာ ထွက်သွားလေသည်။ သူနဲ့သမု နှစ်ယောက်တည်း ကျန်သောအခါ ချက်ချင်းဆိုသလို စကားသံက တိတ်ဆိတ်သွားတာပဲ ဖြစ်သည်။ တကယ်ဆိုတော့ သမု ရည်ရွယ်နေတဲ့လမ်းက သူ သမုကို စိတ်ဝင်စားမယ်၊ propose လုပ်မယ်။ သမုဘက်က သူ့ကို ပိုင်နိုင်စွာပင်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းခြင်းဖြင့် ပြန်တုံ့ပြန်ရမယ်လို့ ရည်ရွယ်ထားတာဖြစ်သည်။ အခုတော့ သူ တစ်ခါတစ်ရံ ကြည့်မိဆုံမိတဲ့ အကြည့်တွေ၊ စကားလုံးတွေကြောင့် သမှု ရည်ရွယ်ရာကို မေ့ချင်သလိုလိုတောင် ဖြစ်လာလေသည်။

"သမှု ... စားလေ။ နှင်းမမှိ ေရှိတာနဲ့ သမှုက ကိုယ့်ကို အစိမ်းတွေ ကျွေးနေတယ်ပေါ့လေ ... ဟုတ်လား"

ပထမဆုံး သူ့ဘက်က စတင်ထွက်လာတဲ့စကားသံ ဖြစ်တာကြောင့် သမှုက သူ့ကို ပြန်ကြည့်လိုက်ရင်း ရည်ရွယ်ချက် အောင်ရမယ်လို့ စိတ်ကိုသွင်းလိုက်ကာ အေးဆေးပြန်အီလိုက်၏။

"မဟုတ်ပါဘူး။ ထည့်စားလေ မပော်"

"အင်း ...၊ ရတယ်၊ ဒါပြီးရင် သမှုက ဘယ်သွားဦးမှာလဲ၊ အိမ်ပဲ တန်းပြန်မှာလား"

"အင်း ... အိမ်ပြန်မှာပေါ့။ ဘာလို့လဲ"

"ဩော် ... သိချင်လို့ပါ။ ကိုယ်က အဲဒီလိုပဲ။ ကိုယ်စိတ်ဝင်စားရင် စပ်စုတတ်တယ် ... ဟဲ ဟဲ"

သူ့စကားတွေက အထာတော့ အနည်းငယ်ပါတာမို့ သမှုက ရင်ထဲမှာ ကျေနပ်ပြုံးတော့ ပြုံးလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် သူ စိတ်ဝင်စားတယ်ဆိုတဲ့ စကားဟာ အခြေခံပတ်ပျိုးစခင်း





တယ်ဆိုတာ သဘောပေါက်တာမို့ သမှုက ဆရာမကြီးအထာဖြင့် ပြုံ့ရုံသာ ပြုံးလိုက်လေသည်။

"သမှုဆီကိုလေ အမှန်တော့ ကိုယ်က ဖုန်းအမြဲဆက်ချင်တာပါ။ ဒါပေမဲ့ ကိုယ် ဆက်လိုက်တဲ့အချိန်က သမှုအတွက် အနှောင့်အယှက် ဖြစ်သွားမှာ စိုးလို့ပါ"

သမှုကိုလာပြီး အအီတွေ စကျွေးနေတာကြောင့် သမှုက ပြုံးမြမြ မျက်နှာပေးဖြင့် သူ့မေးခွန်းတွေကို ချောင်ပိတ်ပြန်မေးခွန်းထုတ်လိုက်သည်။

"သမှုဆီ ဘာကိစ္စ ပြောစရာများရှိလို့ ဖုန်းဆက်တာလဲ။ ကိစ္စရှိလို့လား"

သမှု မေးခွန်းကြောင့် သူက အဲခနဲ ဖြစ်သွားကာ ခေါင်းခုံးတစ်ချက် ပင့်လိုက်ရင်းက ...

"ကိစ္စရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်က သမှုဆီကို ဘာကိစ္စမှ မရှိဘဲနဲ့လည်း ဆက်ချင်နေတယ်လေ။ အဲဒါ ဘာဖြစ်လို့လဲ မသိဘူးနော်။ သမှုနဲ့ ဖုန်းခဏခဏပြောချင်နေတဲ့ရောဂါ ရနေတယ်ဗျာ"

အမယ် ...။ သူကလည်း ခေသူတော့ မဟုတ်ချေ။ စကားအရာမှာ အင်းဟန်မှ ပါးနပ်ကာ စကားပြောကောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒါကြောင့်လည်း မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာဖြစ်နိုင်သည်။ သူနဲ့ စကားပြောရတာ အရှိန်ရလာသောအခါ သမုအတွက် Stress တစ်ခုလို ဖြစ်မနေတော့။ အေးဆေးပေါ့ပေါ့ပါးပါး ဖြစ်လာသည်။

"ဟင်း ဟင်း ... မဟော်က လာနောက်နေတယ်"

"မနောက်ဘူး။ ကိုယ် တကယ်ပြောတာ။ သမုဆီ နောက်ဆို ခဏ ခဏ ဖုန်းဆက်တော့မှာ"

သမုက ဘာမှမပြောဘဲ ပြုံးသာပြုံးနေလျှင် သူက သမုကို ရွှန်းရွှန်းစားစား စိုက်ကြည့်လာလေသည်။ သမုက ရင်ထဲမှာ သရီးသရီ ခံစားမှုကြီး ဖြစ်လာတာမို့ မျက်လွှာအသာချလိုက်ရင်း အသားတစ်ဖတ်ကို တူဖြင့်ညှပ်စားကာ ကိုယ့်ဘာသာပြောသလိုဖြင့် စကားလမ်းလွှဲလိုက်တာဖြစ်သည်။

"ဟော့ပေါ့ လာမစားဖြစ်တာ ကြာပြီမို့လား မသိဘူး။ ပိုစားလို့ ကောင်းသလိုပဲ"

"သမုက ဟော့ပေါ့ ကြိုက်လို့လား"

သူက သမုရဲ့စကားလွှဲရာအတိုင်း လိုက်လာကာ အဲဒီစကားရဲ့ ဆက်စပ်မေးခွန်းကို မေးနေတာဖြစ်တာကြောင့် သမုမှာ အင်း,ဟုသာ ခေါင်းညိတ်ပြရသည်။





"ဒါဆို ကိုယ်နဲ့တူတယ်။ ကိုယ်လည်း အဲလိုပဲ။ ဟော့ပေါ့ဆို ကြိုက်တယ်။ ဒါပေမဲ့ ဒီနေ့တော့ ဟော့ပေါ့ထက် ကြိုက်စရာကောင်းတဲ့၊ ဟော့ပေါ့ထက် အဆသန်းပေါင်းများစွာသာတဲ့ ကြိုက်စရာလေးကို ကိုယ်တွေ့နေရတော့ ဟော့ပေါ့တောင် သိပ်မစားနိုင်တော့ဘူး"

မဟော်မင်းညိုဟာ အဲဒါတွေကြောင့်မို့ ဆရာကြီးဆို[illegible] နာမည်ကြီးတာဟာ ဒီလိုစကားလုံးတွေနဲ့ ချုပ်တတ်တာတွေလည်း ပါချေသည်။ သမုကတော့ အဲဒီစကားလုံးတွေပဲ သွားသာယာနေလို့ မဖြစ်ဘူး ဆိုတာ သိနေတာကြောင့် သမုက ဆရာမကြီးအသာဖြင့် ပြုံးလို့သာ နေလိုက်သည်။ အဲဒီအခိုက်မှာ နှိုင်းမရှိရောက်လာတာကြောင့် သမုက ပိုအဆင်ပြေသွားလေသည်။

"ရခဲ့လား ဖိနပ်။ နှိုင်းမရှိကို စောင့်ရင်း အာလူးဖုတ်နေကြတာလေ"

"ရတာပေါ့။ ဒီကနေ့တော့ တို့ အဆင်တွေချောနေတာပဲ။ ဘယ်လိုလဲ မဟော်မင်းညို အဆင်ပြေတယ်မှလား စားရတာ"

"အင်း ... ပြေတာပေါ့။ လုံးဝအဆင်ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက သမုကိုကြည့်ရင်းကမှ ပြုံးစစ ပြန်ဖြေတာမို့ သမုက မျက်စောင်းအသာကျိတ်ထိုးမိသည်။ နှင်းမမို ဆိုင်ထဲ ရောက်လာကတည်းက နှင်းမမိုကလည်း စကားထွေထွေထူးထူး မပြောဖြစ်သလို သမုဘက်ကလည်း သိပ်ပြီးအထွေအထူးမပြော ဖြစ်ချေ။ ဒါပေမဲ့ သမုကို တကြည့်ကြည့်နဲ့ ကြည့်လေသော အကြည့်တွေကြောင့် သမုမှာ နေရခက်ရလေသည်။ ပြန်ကာနီး တော့ မဟော်က သမုအနားကိုကပ်ကာ ခပ်တိုးတိုး ပြောသွား လေသည်။

"ကိုယ် ဖုန်းဆက်မယ်"

တဲ့ ...။

သမုက ဘေးက နှင်းမမိုကို မေ့သွားကာ ရင်တော တစ်ချက်ခုန်သွားရလေသည်။ ဒါပေမဲ့ ဒါဟာ သမု ရည်ရွယ်ချက် အောင်မြင်ဖို့အတွက် ခြေတစ်လှမ်းကို ပိုင်နိုင်စွာ ချခဲ့ပြီလို့လည်း သဘောထားလို့ ရပေသည်။





# ၉ • ၇

ဒီနေရာကို မဟော် ချိန်းထားတဲ့ အချိန်ထက် နာရီ ဝက်စောပြီး ရောက်တာတောင် နှင်းမမိုထက် ပိုဝီရိယရှိတဲ့သူက နှင်းမမိုထက် တင်ကြိုရောက်နှင့်နေတာဖြစ်သည်။ နှင်းမမိုက ဒီအတွက် စိတ်ထဲကသာ တစ်မှတ်ပေးထားလိုက်ပြီး မျက်နှာ ကကတော့ နဂိုတည်မြဲအတိုင်းတည်ကာ သူ့ရှေ့မှာ တည့်တည့် ထိုင်လိုက်ပြီးမှ မေးဆတ်ပြကာ ...

"တို့ကို ဘာကိစ္စ ချိန်းတာလဲ"

ထိုင်ပါဦး နှင်းမမိုရဲ့။ အေးဆေးပေါ့။ ဘယ်လိုဖြစ်တာလဲ"

နှင်းမမိုက ခုံမှာ အရင်ဝင်ထိုင်လိုက်သည်။ ပြီးတော့ သူက နှင်းမမိုကို ပြုံးစစမျက်နှာပေးဖြင့်ကြည့်ရင်းက ပြောလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိန်းတယ်ဆိုတာကတော့ စကားပြောချင်လို့ပါ။ နောက်ပြီး မင်းနဲ့ကိုယ့်ကြားမှာ အပေးအယူကိစ္စလေးတွေ ရှိနေတဲ့အခါကြတော့ ဒီထက်ရင်းနှီးဖို့လိုတယ်လေ။ ဟုတ်တယ်မှလား"

ပြောမယ့်လိုရင်း မရောက်ဘဲ ကွန့်နေသေးတာကြောင့် နှိုင်းမမီက စိတ်မရှည်စွာ သူ့ကို ခပ်ပြတ်ပြတ် မေးပစ်လိုက်သည်။

"ဒီမှာ ဝေ့လည်ကြောင်ပတ်တွေ လာလုပ်မနေနဲ့၊ တို့က တဲ့ပြောတာပဲ ကြိုက်တယ်။ မင်း တို့ကို ခုချိန်းတာ ဘာပြောချင်တာလဲ ... ပြော"

"သိချင်တာပါ။ ဘာလို့ ဒီလောက် ရည်းစားဖြစ်စေချင်ရတာလဲ ဆိုတာကို သိချင်နေတာ။ ကိုယ် သိချင်လောက်အောင်ကိုလည်း မင်းက သိသိသာသာ ရှောင်ပေးနေတာကိုး"

နှိုင်းမမီက ထပ်ဖန်တလဲလဲ မေးနေတဲ့ မေးခွန်းအတွက် ဖြေစရာမရှိသောအဖြေကို ဖြေဖို့စကားလုံး မရှိတာကြောင့် မယော်မင်းညိုကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ကာ ...





"မင်း သိစရာမလိုဘူးလေ။ မင်းဘက်က စိတ်ဝင်စားပါတယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ပိုင်ဆိုင်ခွင့်ရအောင် တို့ဘက်က ကူညီတာလို့ မင်းသိရင်ရပြီ"

"ကိုယ် အမှန်တိုင်း ပြောရမလား နှိုင်းမမီ"

အဆက်စပ်မရှိ ထွက်လာသော စကားကြောင့် နှိုင်းမမီက နည်းနည်းကြောင်အမ်းအမ်း ဖြစ်သွားကာ သူ့ကို မေးဆတ်ပြသည်၊ နှိုင်းမမီဘက်က ပြောဆိုတဲ့ အမူအရာကို ရတာနဲ့ သူက ဆက်ပြောလေသည်။

"သမုခင်ကို ကိုယ် စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ စိတ်ဝင်စားတယ်ဆိုတဲ့ အဆင့်လောက်မှာတင်ပဲ။ ကိုယ် သူနဲ့ ပတ်သက်ပြီး သိချင်တာရယ်ဆိုပြီး ရှိမနေဘူး၊ မင်းကျတော့ အဲဒီလို မဟုတ်ဘူး။ ဇာတ်ရှိန် အရမ်းမြင့်လာပြီဖြစ်တဲ့ ဇာတ်ကားတစ်ကားကို ကြည့်နေရသလို ဘာဖြစ်မလဲ ဆက်သိချင်တယ်။ သမုဟာ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တစ်အုပ်ဆိုရင် မင်းက စိတ်ဝင်စားစရာကောင်းတဲ့ ဉာဏ်စမ်းတစ်ပုဒ်ပဲ"

နှိုင်းမမီနဲ့ သမုကို ယှဉ်ပြသွားတဲ့ သူ့ရဲ့ဒိုင်ယာလော့ခ်အသစ်ကြောင့် နှိုင်းမမီက နည်းနည်းတော့ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ နှိုင်းမမိုနဲ့ သမုရဲ့ ကွာခြားချက်ကို သူ့ဆီက comment ကြားချင်မိသည်။

"ဆက်ပါဦး။ မင်းက ဘာလို့အဲဒီလို သတ်မှတ်တာလဲ။ တို့ကကော ဘာလို့ ဉာဏ်စမ်း ဖြစ်နေရတာလဲ"

"ရှင်းပါတယ်။ စာအုပ်တစ်အုပ်ဟာ ဘယ်လောက်ပဲ စိတ်ဝင်စားစရာကောင်းကောင်း ဘာဖြစ်မလဲဆိုတဲ့ အဆုံးသတ်ကို တစ်ခါတည်း ထည့်ပြောပြထားပြီးသား။ မင်းကတော့ ဉာဏ်စမ်းတစ်ပုဒ်လိုပဲ။ အဲဒီဉာဏ်စမ်းမှာ အဖြေရှိသည့်တိုင် အဲဒီဉာဏ်စမ်းကို ကိုယ်ကိုယ်တိုင် မတွက်ကြည့်မချင်း အဖြေထွက်လာမှာ မဟုတ်ဘူး။ ယေဘုယျအားဖြင့်တော့ လူတွေက စာအုပ်ကို စိတ်ဝင်တစား ဖတ်ချင်ဖတ်ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ကိုယ်ကတော့ ဉာဏ်စမ်းအဖြေထွက်ဖို့ပဲ အသည်းအသန်မရမက တွက်ကြည့်နေမယ့်သူမျိုးပဲ။ မင်းကို ကိုယ် အဲဒီလောက်အထိ စိတ်ဝင်စားနေတယ် နှိုင်းမမို"

နှိုင်းမမိုက ပွင့်လင်းဖြောင့်ကျသော သူ့စကားလုံးအတွက် ကျေနပ်သော သဘောပါတဲ့ အပြုံးတစ်ခု ပြုံးမိလေသည်။ ပြီးတော့ ရည်ရွယ်ချက် ပျောက်သွားမှာစိုး၍ ကောက်လမ်းလွှဲပစ်လိုက်သည်။





"အဲဒါတွေ ထားပါ။ မင်း သမုကို ဘယ်တော့ ချစ်ရေးဆိုမှာလဲ"

"ဒီကိစ္စက မင်းရဲ့အပေးအယူနဲ့ ဆိုင်နေတယ်နော်။ မင်းပြောဖူးတာ မင်း မှတ်မိသေးလား။ သမုခင်ရဲ့အချစ်ကို ကိုယ်ရခဲ့မယ်ဆိုရင် ကိုယ်စိတ်ဝင်စားတဲ့သူရဲ့ အချစ်ကို ပိုင်ဆိုင်ခွင့်ရမယ်ဆိုတဲ့ စကားလေ။ မှတ်မိတယ်မဟုတ်လား"

မဟော်မင်းညိုဘက်က ဒီစကားပြန်သုံးကာ ချည်ပြီးခဲ့တာကြောင့် နှိုင်းမမိုက ပြောခဲ့သောစကားအတွက် တာဝန်ယူ...င်းညိတ်ရလေသည်။

"မှတ်မိပါတယ်။ အဲဒီတော့ တို့က ဘာလုပ်ပေးရမှာလဲ"

"ရှင်းပါတယ်။ ကိုယ် မင်းကို စိတ်ဝင်စားတယ်။ ဒီအတွက် ပုံမှန်ဆို ကိုယ်လိုက်မိမယ့် မိန်းကလေးဟာ မင်းပဲ နှိုင်းမမို။ ဒါပေမဲ့ မင်းက သမုခင်နဲ့ ရည်းစားဖြစ်ဖို့ကိုပဲ ဆန္ဒရှိနေတယ်။ အဲဒီတော့ ကိုယ်က မင်းဆန္ဒကို ဖြည့်ပေးမယ်။ ဒါပေမဲ့ ကိုယ့်ဆန္ဒကိုလည်း မင်းလိုက်လျောပေးနိုင်ဖို့ မျှော်လင့်တယ်"

နှိုင်းမမိုက နားလည်သဘောပေါက်လေသော ဆိုလို...အတွက် သူ့ကို ဆတ်ခနဲ ပြန်ကြည့်လိုက်သည်။ ပြီးတော့ ...ခေါင်းပြန်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ကိုယ် မင်းနဲ့ ချစ်သူဖြစ်ချင်တယ် နှိုင်းမမှီ။ အဲဒါ ကိုယ့်ရင်ထဲက ဆန္ဒအမှန်ပဲ။ ကိုယ် သမုကို စိတ်ဝင်စားတယ် ဆိုပေမယ့် မပတ်သက်တော့ဘူးလေကွာ။ ကိုယ်က မင်းနဲ့ ချစ်သူဖြစ်ချင်တာ နှိုင်းမမှီ။ ကျန်တာတွေအားလုံး ဝံပ လိုက်လို့ရတယ်"

သူက တကယ်အတည်ကြီး ပြောလာတာကြော နှိုင်းမမှီက ဘာကိုမှ တွေဝေမနေတော့ဘဲ အမြန်ဆုံး ဆုံးဖြတ်ချက်ချ၍ ပြောလိုက်တော့သည်။

"အဲဒီလိုလုပ်လို့ မဖြစ်ဘူးလေ။ မဟော်မင်းညို ... မင်း သေချာပေါက် သမုကို ရည်းစားစကား ပြောရမယ် အဲဒါမှ တို့ဘက်က မင်းကို လက်ခံနိုင်မယ်"

နှိုင်းမမှီဘက်က အပြတ်ပြောလိုက်တဲ့ စကားကြော သူ့ကိုကြည့်ရသည်မှာ အတော်လေးအံ့ဩသွားပုံ ပေါ်လေသည် နှိုင်းမမှီဆီက ထင်မထားတဲ့ စကားကို ကြားတာမို့ သူ့အမူအ က ရှော့ခ်ရသွားဟန်ဖြင့် နှိုင်းမမှီက စူးစူးရှရှကြည့်ကာ ...

"နှိုင်းမမှီ ဘယ်လိုပြောလိုက်တယ်"





"ရှင်းနေတဲ့စကားကို ထပ်မေးနေလည်း အပိုပဲ မဟော်မင်းညို။ မင်းကို တို့ အပေးအယူသဘော ပြောကတည်းက မင်း သမုခင်ရဲ့ရည်းစားဖြစ်မယ်ဆိုရင် မင်းစိတ်ဝင်စားတဲ့ သူနဲ့ ရည်းစားဖြစ်မယ်လို့ သဘောတူခဲ့ပြီးသား။ မင်းက တို့နဲ့ရည်းစားဖြစ်ချင်တယ်ဆိုရင် တို့အပေးအယူကတည်းကလို သမုရဲ့ရည်းစားဖြစ်အောင် လုပ်လိုက်လေ"

နှိုင်းမမှီက လုံးဝကို စကားကုန်ပြောလိုက်တာဖြစ်ပြီး စိတ်ကလည်း ယတိပြတ်ကို ချလိုက်တာဖြစ်သည်။ လောကကြီးဆီက အမြတ်စွန်းထွက်ဖို့ မပြောနဲ့ တန်ရာတန်ကြေးရဖို့ယူတာတောင် ကိုယ့်ဘက်က အနည်းနဲ့အများတော့ ပေးရတာပဲဖြစ်သည်။ ကျောက်ဆောင်ဖြစ်နေမှတော့ ပင်လယ်လှိုင်းရဲ့ အရိုက်အပုတ်ကို ခံရလည်း ကြောက်ရွံ့စရာမရှိချေ။

"ဟူး ... မင်းက အရမ်းကို ထူးဆန်းနေတာတော့ အမှန်ပဲ နှိုင်းမမှီ။ ဘယ်လိုပြောရမှန်း မသိအောင်။ ကိုယ်နဲ့ သမုခင် ရည်းစားဖြစ်ဖို့က မင်းအတွက် ဒီလောက်တောင် အရေးကြီးသလား။ မင်းရဲ့ဝှက်ဖဲက ဘာလဲ။ ကိုယ် မင်းနဲ့ ရည်းစားဖြစ်ချင်တဲ့အတွက် သေချာပေါက်ကို သမုက ကိုယ့်ရဲ့ရည်းစားဖြစ်မှ ရမယ်ဆိုတဲ့ သဘောမျိုးလား။ နားလည်ရခက်တာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမမှီကို ဝေဖန်ရေး လာလုပ်နေတဲ့ သူ့အတွက် နှိုင်းမမှီက အပြုံးတစ်ခုကိုသာ ပြုံးထား၍ အေးအေးဆေးဆေး ပြန်ဖြေပေးလိုက်သည်။

"အဲဒါ မင်းဘက်က တွေးချင်သလို တွေးလို့ရတယ်။ တို့ဘာလုပ်နေတယ်ဆိုတာ တို့ဘာသာတို့ သိရင်ပြီးတာပဲ။ မင်းပြောသလို တို့မှာဝုက်ဖဲရှိခဲ့မယ်ဆိုလည်း အဲဒါ မင်းနဲ့ မဆိုင်ဘူး မဟော်မင်းညို။ မင်းနဲ့ဆိုင်တာ သမုခင်နဲ့ ရည်းစားဖြစ်ရေး မဖြစ်ရေးပါ"

မဟော်မင်းညိုက ထိုင်ခုံနောက်ကျောကိုမှီကာ ခပ်ရှောရှော အနေအထားဖြင့် ထိုင်လိုက်ပြီးမှ နှိုင်းမမှီကို လေ့လာစူးစမ်းတဲ့သူတစ်ဦးရဲ့ အကြည့်မျိုးဖြင့် စာဖတ်နေပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်ပြကာ ...

"မင်းက အရမ်ကို ထူးဆန်းတယ် နှိုင်းမမှီ။ မင်းရဲ့အဲဒီ ပြောပုံဆိုပုံတွေကြောင့်ပဲ မင်းက အရမ်းကို ဆွဲဆောင်မှုရှိစေခဲ့တာပဲ။ မင်းနဲ့ကိုယ် တကယ်ပဲ ရည်းစားတွေဖြစ်ချင်ပါတယ်။ ပြီးတော့ ကိုယ်က ညို့တတ်တယ်နော်။ မင်းကိုယ့်ကို ပြန်ချစ်လာပါစေလို့ ကိုယ်ညို့မိမယ် ထင်တယ်"





နှိုင်းမမှီက ဟာသတစ်ခုကို နားထောင်ရသူလို ဟက်ခနဲ တစ်ချက်ပြုံးလိုက်ကာ ...

"လူတစ်ယောက်ရဲ့စိတ်ကို ညို့ယူဖို့ အလွယ်ဆုံးနေရာတွေကို သိလား"

"ဟား ... တယ်ဆန်းပါလား။ ကိုယ်ကတော့ မျက်လုံးတွေကိုပဲ ညို့တာ"

"မသိရင် မှတ်ထား မဟော်မင်းညို။ လူတစ်ယောက်ကို ညို့ဖို့အလွယ်ဆုံး နေရာတွေက သူ့ရဲ့နောက်စေ့၊ သူ့ရဲ့ မျက်လုံးနှစ်လုံးကြား(နှာခေါင်းထိပ်)နားလောက်ပေါ့၊ အဲ... ပြီးတော့ သူ့ရဲ့နှလုံးသားနေရာပဲတဲ့။ ရှင်ညို့တာ မှားနေပြီ"

"ဟင်း ... မင်းက ဗဟုသုတလည်း စုံတယ်နော်။ ကိုယ်မင်းနဲ့သာ ရည်းစားဖြစ်ခွင့်ရရင် မင်းဆီက အများကြီး ဗဟုသုတတွေ ရလာတော့မယ် ထင်တယ်"

နှိုင်းမမှီက သူ့ကို ဆတ်ခနဲ တစ်ချက်ပြန်ကြည့်လေသည်။ မဟော်မင်းညိုဟာ ရည်းစားများသူအဖြစ် နာမည်ကြီးသူတစ်ယောက်ဖြစ်သည်။ ဒီသူနဲ့ သမုကို ရည်းစားဖြစ်ဖို့ ဖန်တီးရမှာ မခက်ခဲပေမယ့် နှိုင်းမမှီတို့ရဲ့ အပေးအယူသဘောအရ နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မမိုနဲ့ ရည်းစားဖြစ်ဖို့က ရှိသေးသည်။ အေးလေ… သူဟာ သမုခင်ရဲ့ရည်းစားဖြစ်မှုလည်း နှိုင်းမမို ရည်းစားဖြစ်ခွင့်ရမှာကိုး။ နှိုင်းမမိုက သူ့ရဲ့ညို့နေပါတယ်ဆိုတဲ့ ဒိုင်တွေကို ရင်မခုန်သွေးမတိုးဘဲ အေးဆေးစကားဖြတ်နိုင်ခဲ့သည်။

"ဟုတ်လား။ တို့လို ဗဟုသုတမျိုး ရချင်ရင် observation ကောင်းဖို့လိုတယ်လေ။ အဲဒီတော့ သမုခင်ကိုပဲ ရအောင် အရင်လိုက်,လိုက်ပါဦး"


ပြောပြီးတာနဲ့ နှိုင်းမမိုက ဆိုင်ထဲက ထွက်လာခဲ့တော့သည်။ နှိုင်းမမိုက ကိုယ့်ကိုယ်ကိုယ် ကျေနပ်စွာ တစ်ချက် ပြုံးလိုက်မိသည်။

ဒီလိုပဲမှလား။

အပင်တစ်ပင်သန်ဖို့ မျိုးစေ့တစ်စေ့က အရင်ချရတာပဲမှလား။







ကိုယ်က ကျောပြင်တစ်ခု ဆိုပါတော့။
မင်းက နောက်ကျောကို ဓားနဲ့ထိုးမယ့်သူ
သူက နောက်ကျောကို စိုက်မယ့်ဓား
အသံမထွက်ဘဲ အသေခံပါမယ် …။
ဒါပေမဲ့
နှလုံးသားထိ ထုတ်ချင်းပေါက်
နာကျင်စေတာဟာ
ထိုးတဲ့ဓားကြောင့်လား … ?
ထိုးလိုက်တဲ့ လူကြောင့်လား … ?



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဟယ်လို ... နှိုင်းမမို၊ ကိုယ် အခု မင်းရဲ့အရှေ့မှာပဲ သင့်ကို ရည်းစားစကား ပြောတော့မယ်။ မင်းတို့ဆီ ကိုယ်လာနေပြီ။ မင်း ထိုင်နားထောင်ပေးပါ နှိုင်းမမို။ ကိုယ်နဲ့သူ ရည်းစားဖြစ်ပြီးရင် မင်းကို ကိုယ် ချစ်ခွင့်ရပြီနော်။ ကိုယ်လည်း ကိုယ့်ဘက်က တာဝန်ကျေသလို မင်းဘက်ကလည်း တာဝန်ကျေပေးပါ နှိုင်းမမို။ ဒါပါပဲ"

မဟော်က ပြောသင့်တဲ့စကားကို အပြီးအပြတ်ပြောလိုက်ပြီမို့ နှိုင်းမမိုဘက်က ပြန်အပြောကို စောင့်မနေတော့ဘဲ ဖုန်းချပစ်လိုက်သည်။ ပြီးတော့ လေလေးပါးပါးတစ်ချက်ချွန်ကာ သမုခင်နဲ့ နှိုင်းမမိုရှိရာကို လမ်းကြောင်းတည်လိုက်သည်။ သူ့အတွက်တော့ ကံကောင်းတယ်လို့ပဲ သတ်မှတ်ချက်ပေးရမှာဖြစ်သည်။ လူပုံအလယ်မှ သူ့ပါးကိုရိုက်ကာ နာကျင်စေခဲ့တဲ့ သမုခင်ကို ပါးပါးလေး ပညာပြနိုင်ဖို့အတွက် နည်းလည်းကိုလည်း သူ့ကို ဆရာမကြီး လုပ်သွားလေသော နှိုင်းမမိုက ပညာပေးစရာ အကွက်ကို ချပြပေးလေသည်။ သူတို့သုံးယောက်ကြားက ပွဲဟာ ဆုပွက်နေတာမို့ သူကလည်း စိတ်ဝင်စားတာမို့ သူ မျက်မှန်းကျိုးနေတာ မဟုတ်ဘဲ မဆိုသလောက် အမြင်ကတ်နေတဲ့ စိတ်ဝင်စားမှုပေးသော မိန်းကလေးနှစ်ယောက်နဲ့ စစ်တုရင်ထိုးနေရသလို ဉာဏ်ရည်ကစားရတာဟာ ရင်ခုန်ဖို့တော့ ကောင်းပါသည်။ ပိုပြီး ရင်ခုန်ဖို့ကောင်းတာကတော့ သူဟာ ရည်းစားနှစ်ယောက်ရမယ့် အခွင့်အရေးကြောင့် ရှိနေတာကြောင့်ဖြစ်၏။





အဲဒါကြောင့် သူက လိုအပ်တာထက် ပိုရှိုင်းထားတာ ရည်းစားဖြစ်ဖို့ လိုအပ်တဲ့ ရှိမန့်တစ်တွေကိုလည်း ပြင်ထားဆင်ထား စီစဉ်ထားပြီးသားဖြစ်သည်။ မဟော်က နှိုင်းမမိုဆီကို ဖုန်းကြိုဆက်ပြီးပြီ ဖြစ်တာကြောင့် သူမတို့ရှိရာ နေရာကို တန်းတော်စွာ သွားလိုက်တော့သည်။ သူမတို့နှစ်ယောက် အတူတူထိုင်နေတဲ့ ကန်တင်းထဲ ဝင်လာလိုက်ကာ မဟော်က နှစ်ယောက်မျက်နှာချင်းဆိုင် ထိုင်နေတဲ့ သမုနဲ့ နှိုင်းမမို နှစ်ယောက်အနက်မှာ သမုနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် နှိုင်းမမိုရဲ့ဘေးမှာ ခပ်တည်တည် ဝင်ထိုင်လိုက်သည်။ ပြီးတော့ နှိုင်းမမိုကို လုံးဝဂရုတောင်စိုက်အားဘဲ သမုကို စကားပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမု ... မင်္ဂလာပါ၊ အတန်းမတက်ဘူးလား"

"ခဏနေမှ ပရယ်တီကယ် ဝင်ရမှာလေ။ အခုဟာက လက်ချာချိန်မို့ ကန်တင်းထိုင်နေတာလေ။ ဟဲ ဟဲ — မဟော်ကော ဘယ်လာတာလဲ"

"အမ်း ... ဘယ်လာတာလဲ ဆိုတော့ သမုဆီကိုပဲ ရည်ရွယ်လာတာပါ"

သူ့စကားကြောင့် နှိုင်းမမှီ ဘာများဖြစ်မလဲလို့ အသာအကဲခတ်ကြည့်တော့ နှိုင်းမမှီက သူနဲ့ဘာမှမဆိုင်သလိုပဲ သူမရဲ့ Note 3 ကြီးကိုသာဖွင့်၍ အင်တာနက်ဖွင့်ပြီး ဖေ့ဘုတ်လောကကြီးထဲမှာပဲ ဘဝကို နှစ်မြုပ်ထားပုံရလေသည်။ ဒါပေမဲ့ သူ ဘာပြောမလဲဆိုတာ နားစွင့်နေတယ်ဆိုတာ သူ သိပါသည်။

"သမုဆီ လာတယ်ဆိုတော့ ကိစ္စရှိလို့လား။ ပြောလေ"

သမုဘက်က လမ်းဖွင့်ပေးတော့ သူက ခပ်ညို့ညို့ သမုကို ကြည့်လိုက်ကာ intro ပျိုးရလေသည်။

"ပြောစရာရှိလို့ပါ။ အရမ်း အရေးကြီးတဲ့ကိစ္စလို့ အဲဒီစကားကို ပြောခါနီးတိုင်း လူတွေက အဲဒီလိုပဲ ပြောကြတာပဲ။ ကိုယ်လည်း အဲဒီလိုမျိုးပဲ သမုကို ပြောချင်လို့ပါ"





သူ့စကားကြောင့် သမုက တစ်မျိုးသော မျက်ဝန်းဖြင့် သူ့ကို အသာကြည့်သည်။ သမုခင်ဘက်က ဘာမှမပြောသေးခင်မှာ သူ့ဘေးက စကားသံ ထွက်လာလေသည်။

"Excuse ... သမုရေ၊ တို့ အေးငြိမ်ဆီက စာအုပ်လာယူမယ် ပြောထားတာ ခုမှ သတိရတာ။ ခဏသွားယူလိုက်ဦးမယ်"

"ဟင် ... ဟုတ်လား။ အဲဒါဆို သမုပါ လိုက်ခဲ့မယ်လေ"

"ရတယ်လေ သမုရဲ့။ ဒီမှာ မဟော်မင်းညိုကလည်း ရောက်နေတဲ့ဟာ။ တို့ဘာသာတို့ သွားလိုက်မယ်။ ပြန်လာခဲ့မယ်လေ"

"သြော် ... အင်း"

သမုဘက်က နှိုင်းမမှီကို သွားခွင့်ပြုလိုက်ပေမယ့် ...တော့ နှိုင်းမမှီရှေ့မှာ ရည်းစားစကား ပြောပါ့မယ်လို့ ...ာင်ကြေညာထားတာမို့ သူက ရှောင်ထွက်သွားဟန်ပြင်နေတဲ့ ...ကို လှမ်းတော့ စကားပြောလိုက်သည်။

"ဘာစာအုပ်ငှားစရာရှိလို့လဲ နှိုင်းမမှီ။ ကိုယ့်ဆီမှာလည်း Physics က သူငယ်ချင်းတွေ ရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ တမင်ကလိပြီး မေးတယ်ဆိုတာ သိလေသော သူမက သူ့ကို ထုံးစံအတိုင်း ပေစောင်းစောင်း တစ်ချက်ကြည့်ကာ ...

"ရပါတယ်။ တို့မှာလည်း အသိအကျွမ်း ရှိပါတယ်။ ကျေးဇူးတင်တယ်။ အဲဒါဆို သမှ ... တို့သွားလိုက်ဦးမယ်"

သူမက သမုခင်ကိုသာ နှုတ်ဆက်ပြီး ဝိုင်းကနေ ထွက်သွားလေသည်။ မဟော်က တမင်ကို ရှောင်ပေးလိုက်တဲ့ အကွက် ဖြစ်တာကို သိနေတာကြောင့် သမုခင်ကို ရည်းစားစကား ပြောဖို့ရာ အဲဒီအကွက်ကနေ ဆွဲစိလို့ရတဲ့အတွက် ဘာကို တမ်းတနေခြင်း မရှိဘဲ ပြောလိုက်တော့သည်။

"သမု အဲဒါ ဘာကြောင့်လို့ ထင်လဲဟင်"

"ဟမ် ... ဘာကိုလဲဟင်"

တုံးချင်ဟန်ဆောင်ထားသူက မသိဘူးမေးရင် ပြေ ပေးရမှာက သူ့တာဝန်ပဲဖြစ်သည်ဟု သူကတော့ ယူဆတာ သာသာယာယာပဲ ရှင်းပြလိုက်လေသည်။

"ကိုယ် ဘာပြောမယ်ဆိုတာ နှိုင်းမမှီက ရိပ်မိသွား ရှောင်ထွက်သွားတာလို့ ကိုယ်က ယူဆတယ်"

"ဘယ်လိုကြီးတုံး"





"နားမလည်ချင်ယောင် ဆောင်မနေပါနဲ့ သမုရယ်။ ဒီက နေ့ ကိုယ့်ရဲ့အမူအရာတွေဟာ သမုကို ဘာပြောချင်နေ တယ်ဆိုတာ သမု ရိပ်မိမှာပါ"

"ဒုက္ခပါပဲ။ သမုကို ခေါင်းမစားပါနဲ့ မဟော်ရယ်။ ရှင် ဘာကို ဆိုလိုချင်တာလဲ"

မဟော်က twist တစ်ခုကို သတိထားမိသလိုရှိ သွားသည်။ သမုဟာ သူလိုချင်တဲ့ အနေအထားမျိုးရောက်အောင် ပြန်လည်ဆွဲခေါ်နေတာကို သူ သတိပြုမိသွားသည်။ မဟော်က ဘာကိုဆိုလိုချင်တယ်ဆိုတဲ့ question အပေါ် ဖြေပေးဖို့ အသင့် ဆောင်လာတဲ့ နှင်းဆီပန်းပွင့်အတုလေးကို သမုကို ပေးလိုက် ချင် သမုက နားမလည်ဟန်ဖြင့် နှင်းဆီပန်းကို လက်ခံရယူကာ...

"အဆန်းပါပဲလားဟင်။ နှင်းဆီကလည်းအတုကြီး။ ဘာလို့ အစစ်မပေးတာလဲ"

"နှင်းဆီပန်း အတုလို့တော့ မပြောပါနဲ့ သမုရယ်။ အဲဒီ ပန်းမှာ အဓိပ္ပာယ်တွေ အများကြီး ပါပါတယ်။ အဲဒါ အတုမဟုတ်ဘူး သမု။ အစစ်ကို ထာဝရတည်မြဲစေချင်လို့ ဖန်တီးယူထားတာ။ နှင်းဆီပန်းအစစ်ဆိုရင်တောင် အချိန် တစ်ခုရောက်ရင် ခြောက်နွမ်းပျက်စီးသွားမှာလေ။ အဲဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ် သမုကို မပေးချင်ပါဘူး။ ကိုယ်ပေးချင်တာက ဘယ်တော့မှလဲ မဟောင်းနွမ်းဘဲ ဘယ်အချိန်ဖြစ်ဖြစ် နံ့ပုံမပျက်ဘဲ ရှိနေမယ့် နှင်းဆီပန်းမျိုးပဲ ကိုယ်ပေးချင်တာ။ အဲဒါ ကိုယ့်ရင်ထဲမှာရှိတဲ့ သမုအပေါ်ထားမယ့် သဘောထားပဲ"

မဟော်က ချစ်တယ်လို့ တစ်ခွန်းမှမပြောဘဲ နားဝင်သွားစေမယ့် ရည်းစားစကားကို ရွေးချယ်ပြောဖြစ်သွားသည်။ သမုက သူ့ကို အဓိပ္ပာယ်များစွာဖြင့် ကြည့်ကာ ...

"မဟော်က သမုကို ရည်းစားစကား ပြောနေတာလား"

"အဲဒီထက် ပိုသာပါတယ် သမု"

သူက ပိရိသေသပ်စွာ ပြောနိုင်ခဲ့တာမို့ ကျေနပ်စွာ ပြုံးမိသွားသည်။ သမုဘက်က ဘာပြန်ချေမယ်ဆိုတာ သူမသိနိုင်တာမို့ ရည်းစားစကား မမည်တဲ့ ရည်းစားစကားကို ပြောဖြစ်သွားတာ ဖြစ်သည်။ သမုက သူ့စကားကြောင့် စဉ်းစားနေဟန်ဖြင့် တစ်ခဏ ငြိမ်နေပြီးမှ ခေါင်းတစ်ချက်ညိတ်ကာ ...

"Ok လေ။ သမု စဉ်းစားပါ့မယ်။ ရေလောင်းပေါင်းသင်စရာမလိုဘဲ ပင်ထားရင်တောင် ဒီအတိုင်းရှိမယ့် နှင်းဆီပန်းမျိုးကို သမု လက်ခံနိုင်,မနိုင် စဉ်းစားပေးပါ့မယ်"





အလားအလာက ကောင်းမွန်သောဘက်ကို ရောက်ရှိသွားတာမို့ သူက အခြေအနေဆက်ကောင်းဖို့ တော်လ်ကီနဲ့ထပ်ချုပ်ရသည်။

"ယူထားပါ သမုရယ်။ ဒီလို နှင်းဆီပန်းမျိုး သမု ဘယ်မှာသွားရှာနိုင်လိမ့်မလဲ။ သမု လက်ခံမယ်လို့လည်း ကိုယ်မျှော်လင့်တယ်"

"အင်းပါ။ သမု စဉ်းစားပေးပါ့မယ်။ ဒါပဲမှလား သွားတော့လေ။ သမုလည်း အတန်းတက်ရဦးမယ်"

ဒီလောက်ဆို အခြေအနေက ကောင်းတဲ့ဘက်ကို ဦးတည်သွားပြီမို့ သူက 70% လောက် စိတ်ချသွားပြီပဲ ဖြစ်သည်။ အဲဒါကြောင့် ခေါင်းတစ်ချက်ဆတ်ပြကာ ထိုင်ရာမှ ထရပ်ရင်း...

"ကောင်းပါပြီ သမု။ အဲဒါဆို ကိုယ်သွားလိုက်ဦးမယ်။ ကိုယ့်အတွက် မျှော်လင့်ခြင်းတစ်စုံတစ်ရာရှိဖို့ ကိုယ်မျှော်လင့်ပါတယ် သမု"

သူက သမုကို လက်တစ်ဖက်က တာ့တာပြလိုက်ရင်း တစ်ဖက်က ဖုန်းဆက်မယ်နော်ဆိုတဲ့ သဘောဖြင့် လက်ကိုနား,နားကပ်ကာပြ၍ သမုအနားက ထွက်ခွာလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထာတွေ ရှိလေသည်၊ ဒါဟာ ဂိမ်းတစ်ခုဆို လှည့်ကွက်တွေ ဉာဏ်ရည်တွေသုံးပြီး အနိုင်တိုက်ဖို့ ကြိုးစားတာတောင် အဆုံးကို ကြိုတင်တွက်ဆ၍ မရသော ဂိမ်းတစ်ခုဖြစ်ပါလိမ့်မည်။ သူ့တာဝန်တစ်ခု ပြီးပြီမို့ နောက်ထပ်တာဝန်တစ်ခုကို ဆက်လုပ်ဖို့ နှိုင်းမမှီနဲ့ သူ တွေ့ဆုံရဦးမည်ဖြစ်သည်။

❦ ○ ❦



ညဘက်ရောက်သောအခါ သမုက ညစာစောစော
ပြီး စာလုပ်ဖို့ဆိုတဲ့ အကြောင်းပြချက်ဖြင့် အခန်းထဲ စောစော
က မသိစိတ်လို့ ပြောရမယ့် စိတ်နဲ့ပဲ သမုဟာ တစ်စုံတစ်
ာက်ဆီကဖုန်းကို စောင့်မျှော်နေမိသည်။ ဖုန်းလာသင့်ပြီလို့
ျှော်နေရတဲ့ ခံစားမှုဟာ ခံစားဖူးတယ်ဆို ကိုယ်ချင်းစာနိုင်ပေ
ည်။ ကိုယ့်ဘက်က စဆက်ဖို့ ဆိုတာကလည်း မဖြစ်နိုင်ချိန်မှာ
အလာကိုပဲ စောင့်မျှော်ပိုင်ခွင့် ရသူအတွက် ကုန်ဆုံးတာမြန်
ယ်လို့ ပြောတဲ့အချိန်တွေဟာလည်း ကြာမြင့်လေသည်။

ထိုင်မလို ထမလိုဖြင့် ဂနာမငြိမ် ဖြစ်နေသော သမု
ကိုယ့်ဘာသာကိုယ်လည်း သတိထားမိကာ အံ့သြရလေသည်။
ည်ရွယ်ထားတဲ့ ရည်ရွယ်ချက်ဟာ ဘယ်လိုက ဘယ်လို လမ်း
ျောက်သွားသလဲလည်း သတိမထားမိတော့ချေ။ အစက စိစဉ်
ဘာဟာ မဟော် ရည်းစကား ပြောတာနဲ့ သမုဟာ သူ့မျက်နှာ

www.burmeseclassic.com



ကို စေ့စေ့ကြည့်ကာ ဟားတိုက်ရယ်မော၍ လှောင်ပြောင်ပြော မည်။ သူ အရှက်ရအောင် လူပုံအလယ်မှာ ခေါင်းမဖော်နိုင်အောင် အပြတ်ပြောကာ ငြင်းပစ်မယ်လို့ တွေးထားခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ နဖူးတွေ့ ဒူးတွေ့ ကြုံလာချိန်မှာ သမုရဲ့စိတ်တွေဟာ ထင်မထားလောက်အောင် ညွတ်ပျော့သွားကာ မငြင်းပစ်ခဲ့ချေ။ သမုကို တစ်နည်းအားဖြင့် ကူညီပေးနေသော နှိုင်းမှီကိုလည်း သမုမှာ ပြောရအခက် ဖြစ်နေလေသည်။

သမု ငြင်းမယ်၊ သူ့ကို လက်စားချေမယ်လို့ ဆုံး ဖြတ်ထားပြီး နှိုင်းမှီက တတ်အားသမျှ ကူညီပေးပြီးမှ သမု ငြင်းမထားခဲ့တဲ့အတွက် သမုဟာ သူ့ကိုပိုပြီး လက်ဆင်ပေးချ လို့ဆိုတဲ့ reason ဖြင့် အကြောင်းပြခဲ့တာဖြစ်သည်။ အဲဒါတွေဟာ normal မဟုတ်သေးတဲ့ ခံစားမှုတွေလို့ သမုကတော့ သံသ ဖြစ်မိသည်။

ဟိုတွေးဒီတွေး လျှောက်ပြီး အတွေးပွားနေတုန်း သမုရဲ့ဖုန်းလေးက vibrate ဖြစ်လာ၏။ မျှော်လင့်ထားသကို သူ့ ဖုန်းဖြစ်တာမို့ စိတ်ထဲမှာ ပျော်ရွှင်သလို ဖြစ်သွားသည်။

"ဟယ်လို"

"သမု ... ကိုယ်ပါ"





"ခေါင်းမပါဘူးပေါ့"

သမုက စိတ်လက်ကြည်လင်နေတာမို့ သူ့ကိုခပ်ရွှတ်ရွှတ်လေး နောက်လိုက်မိသည်။ နားမဝေးသော သူက ရယ်ရယ်မောမော ပြန်ဖြေလေသည်။

"ကိုယ်က လူရိုးလေးပါကွာ။ မနောက်ပါနဲ့။ အတည်ခံစားပြီး ပြောနေတာနော်။ ကိုယ်က အသည်းနုတယ်ကွ"

"ဟင်း ဟင်း ... ဟုတ်လား"

"သမု ... စဉ်းစားနေတာလားဟင်"

Topic က ဘာကို ရည်ရွယ်တယ်ဆိုတာ သိနေတာမို့ သမုက နည်းနည်းတော့ အပြောရခက်နေတာ ဖြစ်သည်။ အပြောရခက်နေရင် မျက်နှာပူနေရင် လုပ်နေကျ အိုက်တင်အတိုင်းပဲ ရှူးချင်ယောင် ဆောင်လိုက်ရတာဖြစ်သည်။

"အမ် ... Exam နီးနေပြီမှလား။ စာတွေ ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားနေတာပေါ့"

"အာ ... မနောက်ပါနဲ့ သမုရာ။ သမု ကိုယ် ဘာပြောချင်တယ်ဆိုတာ သိရဲ့သားနဲ့ကွာ"

သမုက ခေါင်းတော့ နည်းနည်းကိုက်ရလေသည်။

ဒီအချင်းအရာအတွက် သမု ဘယ်လိုစီစဉ်ရပါမလိမ့်။ ဘာအကန့်



www.burmeseclassic.com

www.burmeseclassic.com



မှ မစဉ်းစားဘဲ တွေးလိုက်မယ်ဆိုရင်တော့ သမုလည်း ပုထုဇဉ် ပီသစွာ ရင်ခုန်တတ်ချင်နေပြီလား မသိပါ။ ထပ်ပြီး ပုထုဇဉ်ဆန်စွာ သမုကို လှုပ်ရှားအလယ် အရှက်ရအောင်လုပ်ခဲ့တဲ့ ပြစ်မှုအတွက် လက်စားကလည်း ချေလိုသေးသည်။ အနည်းငယ် ရင်ခုန်သော စိတ်ဖြင့် သမု သူ့ကို မငြင်းဖြစ်ခဲ့ချေ။ အဲဒါဟာ ဘာကြောင့်ပါလဲ။

"ဟယ်လို ... သမု။ ကိုယ်ပြောတာ ကြားလား"

"အင်း ... ပြောပါ၊ ကြားတယ်"

"သမု ... ကိုယ့်ကို ဘယ်လိုသဘောထားမလဲဟင်။ ကိုယ် မျှော်လင့်ထားလို့ပါ"

သမုက သူ့ရဲ့မေးခွန်းတွေနဲ့ တစ်ခါရင်ဆိုင်ကြုံတွေ့ရတိုင်း တစ်ခါ အသက်ရှုကျပ်ရလေသည်။

"လာခေါင်းမစားပါနဲ့ မဟော်ရယ်။ သမုတို့ သူငယ်ချင်းဖြစ်နေတာပဲ။ မလုံလောက်သေးဘူးလား"

"ကိုယ်က မင်းရဲ့ချစ်သူ ဖြစ်ချင်တာလေ"

"မဟော် ... သူစိမ်းကို ၁ ပေါင်းရင် သူငယ်ချင်းဖြစ်နိုင်တယ်၊ ရှင်ပြောသလိုမျိုး ချစ်သူဖြစ်ချင်ရင် သူငယ်ချင်းကို ၁ ထပ်ပေါင်းရုံပဲ။ ဒါပေမဲ့ ချစ်သူဖြစ်ကာမှ ၁ နုတ်လိုက်ရရင် သူငယ်ချင်းအဆင့်ကို ပြန်ရောက်သွားတော့မှာ မဟုတ်ဘူးနော်။ အဲဒီတော့ သမုတို့ သူငယ်ချင်းပဲ ဖြစ်ရတာ မကောင်းဘူးလား"

သမုက အာဃာတတွေ လက်စားချေတာတွေ ခေတ္တ ... ထုတ်ထား၍ သဘောရိုးမေးကြည့်တာဖြစ်သည်။ ဒါပေမဲ့ ...ည်း သူက ခိုင်မာစွာဖြင့် ပြန်ပြောလေသည်။

"ကိုယ် ပြောပြီးပြီပဲ သမုရယ်။ ကိုယ့်အချစ်က မနက်က ကိုယ်ပေးခဲ့တဲ့ နှစ်းဆီပန်းလိုပါပဲ။ သမု ပစ်ထားခဲ့လည်း ဂုဏ်သတ္တိကတော့ ဒီအတိုင်းပါပဲ။ သမုရဲ့ရွေးချယ်မှုပါ"

သူကပဲ စကားအပြောကောင်းတာလား။ သမုကပဲ ...အားလွယ်တာလား။ နားမလည်နိုင်စွာ သမုဟာ တစ်ခဏလေး ...တော့ မျောသွားလေသည်။ ဘယ်လိုမှ ကြည့်လို့ရလိမ့်မယ် ထင် ...ထားခဲ့သော မဟော်မင်းညိုကို ပြန်ချေချင်တဲ့ စိတ်တစ်ခုနဲ့ ...ချစ်သော်လည်း အောင့်ကာနမ်းဆိုသလို သမုရဲ့ဂုဏ်သွေး မာန ...တွေကို တစ်ထစ်လျှော့၍ သမုဘက်ကပဲ ရောခဲ့တာဖြစ်သည်။ ဒီအနေအထားမျိုး ဒီစကားမျိုးကြားရဖို့ သမုဘက်က သိပ်ကို ...ဟော်ရွေပေးခဲ့ရတာဖြစ်သည်။ ဒါတွေအားလုံးဟာ သူ့ကို လက်စားချေဖို့ ရည်ရွယ်မှုတစ်ခုသာ ရှိနေလို့ဖြစ်၏။ အခု ဒီနေရာရောက်...ကာမှ စိတ်က ဒွိဟဖြစ်နေရတာဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



“ရှင် ဘာဖြစ်လို့ သမုနဲ့ ချစ်သူဖြစ်ချင်တာလဲ”

နှိုင်းမမိုရဲ့အောင်သွယ်မှုကြောင့် သူ သမုအပေါ်ကို စိတ်ယိုင်လာလေသလား ဆိုတာတော့ သမု သိချင်မိသည်။ နှိုင်းမမိုက သမု ရည်ရွယ်ရာအတိုင်း သူ သမုကို စိတ်ဝင်စားလာအောင် ကြိုးစားခဲ့တာတွေမို့ သမုက မေးရတာဖြစ်သည်။ ဒါတွေကို သမု မသိဘူး အထင်ဖြင့် မပော်က သမုနဲ့ ပြောဆိုရာမှာ နှိုင်းမမိုရဲ့အခန်းကဏ္ဍကို ထည့်သွင်းပြောသွားခြင်း မရှိပေ။ ဒါပေမဲ့ ဖြေတဲ့အဖြေကတော့ ကျေနပ်စရာပင် ဖြစ်လေသည်။

“အမှန်အတိုင်း ပြောရရင်တော့ သမုက ကိုယ့်စိတ်ကို emotional ဖြစ်စေတဲ့ မိန်းကလေးပါ။ ကိုယ်တို့ပြဿနာ စတက်တဲ့ အချိန်ကနေစလို့ ကိုယ် သမုကို စ,စိတ်ဝင်စားခဲ့တာပါ။ ကြိုက်တယ်ဆိုတဲ့ စကားလုံးရဲ့ စိတ်ခံစားမှုဟာ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက် လိုလို့လား သမု”

“ကောင်းပြီလေ။ သမု သေချာလေးလေးလေးနက်နက် စဉ်းစားပါ့မယ် မပော်။ ပြီးတော့ သမုလည်း ရှင့်ကို အဓိပ္ပာယ်တစ်မျိုးနဲ့ စိတ်ဝင်စားပါတယ်”

“ဘယ်လို”





သမုရဲ့ဒွိဟအဖြေကြောင့် သူက ဘယ်လိုဆိုပြီး အံ့သြနေဆဲမှာ သမုက ဒါပဲနော် ဆိုပြီးဖုန်းချပစ်လိုက်သည်။ မပော်နဲ့ ပတ်သက်လာလို့ရှိရင် အနည်းငယ် ပျော့ပျောင်းလာတဲ့ စိတ်သဘောထားကိုလည်း ကိုယ့်ဘာသာကိုယ် အံ့သြမိလေသည်။ သမု ငြင်းမယ်လို့ရည်ရွယ်ခဲ့ပြီးကာမှ စိတ်ကူးပြောင်းကာ မငြင်းဖြစ်ခဲ့ချေ။ အဲဒီအတွက် သမုလည်း ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရအားခက်နေခဲ့တာဖြစ်သည်။

သမုက ဖုန်းပြောလို့ပြီးသွားပေမယ့် အခုထိ အတွေးတွေမပြီးနိုင်သေးဘဲ ဆင့်ပွားတွေးနေတုန်းမှာ ဖုန်းကထပ်ဝင်လာသေးတာမို့ နံပါတ်ကြည့်လိုက်လျှင် နှိုင်းမမိုဆီကဖုန်းဖြစ်လို့နေတာမို့ သမုက ရင်ဖွင့်ဖော်ရတဲ့အလား ပျော်ရွှင်စွာ ဖုန်းကိုင်လိုက်သည်။

“ဟယ်လို ... နှိုင်းမမို ပြော”

“အမယ်လေး ... အခုမှပဲ ဖုန်းဝင်တော့တယ်၊ တို့ သမုဆီ ဖုန်းခေါ်နေတာ ကြာပြီ၊ busy ဖြစ်နေလို့ အခုမှ ဖုန်းဝင်တော့တယ်၊ ဘာလဲ ... ဟိုတစ်ယောက်နဲ့ ပြောနေတာမှလား”

“အယ် ... အရမ်းတော်တာပဲ၊ ဟုတ်တယ် နှိုင်းမမိုရဲ့၊ သမု ခုနလေးကပဲ သူနဲ့ဖုန်းပြောနေတာပြီးသွားတာ၊ နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မမီနဲ့တောင် သမုက တိုင်ပင်ဖို့ ဖုန်းဆက်တော့မလို့၊ နှင်းမမီ ဖုန်းဆက်တာ ကိစ္စရှိလို့လား”

“သြော် ... အထွေအထူးတော့ မရှိပါဘူး၊ တို့ပျင်းတာနဲ့ သမုကိုလည်း သတိရနေတာ ဘာများလုပ်နေမလဲဆိုပြီး ဆက်လိုက်တာပါ၊ အခုတော့ ဘို့တွေ စကားပြောစရာ topic ရတာပေါ့၊ ကဲ ... ဆိုပါဦး၊ ဘာတိုင်ပင်မလို့လဲ”

သမုက ထူးထူးခြားခြားဖုန်းစဆက်ကာ သမုအတွက် အခုတော့ အတိုင်ပင်ခံ သူငယ်ချင်းကောင်း ဖြစ်နေတာမို့ သမုက နှင်းမမီကိုဆို အရမ်းကိုပဲ အားကိုးချစ်ခင်ရလေသည်။

“သမု တိုင်ပင်မလို့ ဆိုတာ သမုရဲ့စိတ်ကိုပါ၊ အစကတော့ သမုလေ သူ့ကို အပြတ်ငြင်းပြီး ဟာသလုပ်ပစ်မယ်ဆိုပြီး ရည်ရွယ်ထားတာ၊ အခုတော့ သမု ငြင်းဖို့ကိုတောင် နောက်တွန့်နေသလိုပဲ”

“ဟင်း ဟင်း ... ဒါဆိုရင် သမု မင်း သူ့ကို ချစ်နေလို့ နေမှာပေါ့၊ စိတ်ကို ချုပ်တည်းမထားပါနဲ့ သမုရဲ့၊ ဘောင်မခတ်ထားဘဲ တွေးကြည့်လိုက်ပေါ့”

နှင်းမမီဆီက commentကို ကြားရတဲ့အခါ သမုက အံ့အားသင့်စွာ အချစ်ဆိုတာကို သွားတွေးမိသွားသည်။ ဘုရား...





နှင်းမမီ ပြောသလို သမုက သူ့ကိုချစ်နေသတဲ့လား။ သမုက ကိုယ့်ကိုယ်ကိုယ် confirmမလုပ်ရသေးခင်မှာ သူပြောတဲ့ ရည်းစားစကားအပေါ် သံသယရှိချင်လာမိသည်။

“နှင်းမမီ ... သူပြောနေတဲ့ စကားတွေကကော အစစ်ဟုတ်ပါ့မလား၊ နှင်းမမီနဲ့ သူပြောကြည့်တော့ကော သူက ဘာပြောလဲဟင်”

“ဟင် ... သြော် ... အဲဒီတုန်းက အလောင်းအစားပုံစံမျိုး ပြောခဲ့တာလေ၊ သူကိုယ်တိုင်ကလည်း သမုကို စိတ်ဝင်စားပါတယ်လို့ ဝန်ခံခဲ့တာပါ၊ သူနဲ့သမု ရည်းစားဖြစ်မယ်ဆို ဟိုဘက်က one table ဆိုပြီး လောင်းကြေးထပ်ခဲ့တာပဲ၊ အလောင်းအစားကြောင့် သမုကို သူ ဟန်ဆောင်နေတာယ်ပဲ ဆိုဦး၊ သမုဘက်ကသာ ချစ်တာမှန်တယ်ဆို controlလုပ်နိုင်ပါတယ်”

သမုက နှင်းမမီရဲ့ စကားဆန်းဆန်းကြောင့် သမုက သံယောင်လိုက်ကာ ‘control’လို့ ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

“control ... ဟုတ်လား နှင်းမမီ”

“သိပ်ဟုတ်တာပေါ့၊ ဒါနဲ့ သမု ရည်းစားထားဖူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … မထားဖူးဘူး"

"ဩော်… ဟုတ်လား၊ အမ်း … ဟုတ်တာပေါ့၊ ဒါကြောင့်မို့ သမု မသိတာပါ၊ တို့လေ့လာမိသလောက်တော့ မဟော်မင်းညိုက မင်းကို စိတ်ဝင်စားနေပုံပါ၊ သမုမှာ အရင်ကကိစ္စတွေနဲ့ပတ်သက်ပြီး စိတ်ထဲ ဘာမှမရှိတော့ဘူးဆို ချစ်ခြင်းအာရုံစိုက်ကြည့်လိုက်ပါလား၊ တို့အမြင်တော့ သူက မဆိုးပါဘူး၊ တို့ သမုကို ကူညီတယ် ဆိုတာကလည်း သမုကိုခင်လို့ စိတ်ချမ်းသာပါစေဆိုပြီး ဟိုတစ်ယောက်နဲ့ သွားပတ်သက်နေရတာလေ၊ တကယ့်အမှန်အတိုင်း ပြောရရင်တော့ တို့က တကယ်ကြီး အောင်သွယ်ပေးချင်တာလေ၊ ဘယ်လိုလဲ သမု၊ တို့က အောင်သွယ်တာနဲ့ ပတ်သက်ပြီး ဇရှိတယ်နော်၊ တို့ ကူညီမယ်၊ သမုတို့ ချစ်သူအစစ်ဖြစ်သွားအောင်ပေါ့"

နှိုင်းမမိုက တကယ်ကြီး ပြောနေတာမို့ သမုကရင်တော့နည်းနည်းခုန်ရကာ ရှက်ရယ်ငါစ်ချက် ရယ်လိုက်ပြီး …

"အဲဒီ နှိုင်းမမိုကတော့လေ … တကယ်ပဲ မသိတော့ဘူးကွာ၊ ကျုပ် ရည်းစားရသွားရင်တော့ ရှင်ပဲနော် … ဟင်း"





"ဟား ဟား … I see၊ အိုခေ … တို့ ဆက်ပြီး လှုပ်ရှားလိုက်တော့မယ်ဟေ့၊ Goodnight၊ သမုသာ အဖြေမြန်မြန်ပေးဖို့ စဉ်းစားတော့"

နှိုင်းမမိုက နောက်ပြောင်ပြောင်လေးပြောကာ ဖုန်းချသွားသည်။ သမုမှာ ဟေး ဆိုပြီး ဟန့်သလိုလေး ပြောလိုက်ပေမယ့် ခါးတော့ချေ။ သမုက ကိုယ့်ဘာသာကိုယ်ပဲ ရှက်ရယ်တစ်ချက်ရယ်လိုက်မိကာ မဟော်ရဲ့ ရည်းစားစကားပြောတဲ့ ပုံရိပ်တွေကိုပြန်မြင်ယောင်လာလေသည်။ အေးလေ … သူကိုယ်တိုင်က နှိုင်းမမိုရှေ့မှာ သမုကို စိတ်ဝင်စားပါတယ် ဆိုတဲ့အကြောင်း ဖွင့်ခံခဲ့တာပဲ။

အဲဒီအတွက် သမုဘက်ကလည်း သူကသာ သေချာမယ်ဆို ခေါင်းညိတ်ပြချင်သည့်ဆန္ဒ ရှိနေခဲ့ပါသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၀ )

နှိုင်းမမိုက ဘရိတ်ဖတ်စ်အဖြစ် စက်ကနေကင်ထား ပေါင်မုန့်မီးကင်နှစ်ချပ်ရယ်၊ ကော်ဖီတစ်ခွက်ရယ်ဖျော်ကာ အိမ်ရှေ့ထွက်လာ၍ ဂျာနယ်ဖတ်ရင်း ဘရိတ်ဖတ်စ် စားဖြစ်လေသည်။ နေ့စဉ်နေ့တိုင်း စားနေကြပေါင်မုန့်မီးကင်ဟာ ကြိုက်လွန်းလို့စားဖြစ်တာတော့မဟုတ်။ အလွယ်ဆုံး အမြန်ဆုံးရတာမို့ စားဖြစ်တာပဲဖြစ်သည်။ ကိုယ့်ဆန္ဒအတိုင်းဆို ဖွယ်ဖွယ်ရာရာ စုံစီနဖာ ဘရိတ်ဖတ်စ်မျိုးကို စားချင်တာဖြစ်ပေမယ့် အဲဒီလောက်အထိ ပြည့်စုံအောင် စီစဉ်ဖို့ အချိန်မပေးနိုင်ပေ။

နှိုင်းမမိုက ပေါင်မုန့်တစ်ကိုက်ကိုက်စားကာ ကော်ဖီနဲ့ မျှောချလိုက်ဖြင့် ဂျာနယ်ဖတ်ရင်း အချိန်ကုန်နေတုန်း ဖုန်းမြည်လာတာမို့ နှိုင်းမမိုက ဖုန်းကိုင်လိုက်ရလေသည်။





"ဟယ်လို"

"ဟေး ... ဖွတ်တမောနင်း ... အိပ်ရာက နိုးပြီလား"

နှိုင်းမမိုက သွက်လက်တက်ကြွနေသော အသံကြားရတာကြောင့် ရုတ်တရက်တော့ နည်းနည်းကြောင်သွားကာ ဖုန်းနံပါတ် ပြန်ကြည့်ရလေသည်။ ဟင် ... ဒါ မဟော်မင်းညိုဆီက ဖုန်းပဲ။

"စောစောစီးစီး ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိတယ်။ ကိုယ် မင်းကို ဘရိတ်ဖတ်စ် လာပို့တာလေ"

"ဘာ"

နှိုင်းမမိုက အရမ်းကို အံ့အားသင့်ကာ ဘာဆိုပြီးတော့တောင် ထအော်မိသွားသည်။

"အား ... ဖြည်းဖြည်း အံ့သြပါကွာ။ လိပ်ပြာလွင့်မတတ် ဘာလို့ထအော်နေရတာလဲ။ ကိုယ် အခု မင်းတို့တိုက်အောက်မှာ ရောက်နေတယ်။ မင်းစားဖို့ ဘရိတ်ဖတ်စ် လာပို့တာ"

ဘုရားရေ ... သူ ... သူက ဘယ်လိုဖြစ်လို့ နှိုင်းမမို့ရဲ့အိမ်ကို သိနေရတာလဲ။ နှိုင်းမမိုက သူ နောက်များနေသလား ဆိုပြီး မယုံတာကြောင့် အိမ်ရှေ့ဝရန်တာကို အမြန်ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်လျှင် သူ နောက်နေတာ မဟုတ်ဘူး ဆိုတာကို လုံး၀ သေချာ သက်သေပြနိုင်သွားလေသည်။ နှိုင်းမမီတို့ တိုက်အောက်ကနေ ဟန်ပါပါသော အပြုံးဖြင့် နှိုင်းမမီ ထွက်ကြည့်မယ်ဆိုတာ သိနေတဲ့အလား နှိုင်းမမီကို လက်တောင်လှမ်းပြလိုက်သေးသည်။

"ကဲ ... ယုံပြီလား။ အဲဒါဆို အပေါ်တက်လာလို့ ရပြီနော်"

"ဟော့ ... မရဘူး။ နေဦး ... မင်း တို့အိမ်ကို ဘယ်လိုလုပ် သိတာလဲ"

"ဩော် ... မင်းက ကိုယ့်ရဲ့ချစ်သူ ဖြစ်လာမယ့် သူပဲဟာ။ ဒီလောက်ကတော့ စုံစမ်းရမခက်ပါဘူး။ ကဲ ... ကိုယ်ဒီမှာ မင်းစားဖို့ နန်းကြီးသုပ်တွေ ပြင်လာတယ်။ ပွကုန်တော့မှာပဲ။ ကိုယ် အိမ်ပေါ်တက်လာခဲ့မယ်နော်"

နှိုင်းမမီက စိတ်ပျက်စွာဖြင့် ကျစ်ခနဲ စုပ်သပ်လိုက်ကာ အခုမှတော့ မထူးတာမို့ လက်သင့်ခံရတော့မယ့် အခြေအနေမှာ ရောက်နေလေသည်။ အိမ်မှာ မေမေကလည်း ဈေးသွားနေတာမို့ နှိုင်းမမီ တစ်ယောက်တည်းပဲ ရှိတာဖြစ်သည်။ နှိုင်းမမီက တံခါးခေါက်သံ ကြားရတာမို့ တံခါးဖွင့်ပေးလိုက်လျှင် သူက အပြုံးတစ်ခုဖြင့် အဦးဆုံး နှုတ်ဆက်လေသည်။





"ဟိုင်း ... မောနင်း"

"ဘာကိစ္စ ဒီလိုအပြုအမူမျိုး လုပ်ရတာလဲ မဟော်မင်းညို"

နှိုင်းမမီက ခပ်ပြတ်ပြတ် လေသံဖြင့် မေးလိုက်လျှင် သူက တစ်စက်ကလေးမှ အပြုံးမပျက်ဘဲ နောက်ရွှတ်ရွှတ်ပြောလေသည်။

"ဧည့်သည်ကို အိမ်ထဲပေးမ၀င်တော့ဘူးလား"

"ကဲ ... လာ ... ထိုင်"

နှိုင်းမမီက ၀င်ခွင့်ပြုလိုက်လျှင် သူက လက်ထဲက ချိုင့်ကို နှိုင်းမမီကိုပေးကာ ...

"နန်းကြီးသုပ်။ ကိုယ့်မေမေ လက်ရာ။ မေမေက နန်းကြီးသုပ် စပါယ်ရှယ်လစ်ပဲ။ အဲဒါ နှိုင်းမမီတို့ မိသားစုကို စားစေချင်လို့။ ငါးဆင့်ချိုင့်နဲ့ ထည့်ထားပေးတာ"

"ကျေးဇူးတင်ပါတယ်။ အများကြီးပဲ။ တို့က သားအမိ နှစ်ယောက်ပဲနေတာ"

"ဩော် ... အဲဒါဆို အန်တီနဲ့ မိတ်ဆက်ပေးပါလား"

"မေမေက ဈေးသွားတယ်။ လောလောဆယ် အိမ်မှာ တို့ တစ်ယောက်တည်း။ ခဏထိုင်ဦးနော်။ ကော်ဖီသွားဖျော်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိမ်ရောက်လာတဲ့ဧည့်သည် ဖြစ်နေပြီမို့ ဧည့်ဝတ်ကျေဖို့ ကော်ဖီဖျော်မယ် အထမှာ သူက လှမ်းတားလေသည်။

"နေပါစေ နှင်းမမှိ။ မသောက်တော့ဘူး။ ချိန့်ကိုလည်း နောက်မှပဲ ယူတော့မယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘယ်သင့်တော်မလဲ။ ကိုယ် ဒီလောက်တော့ နားလည်ပါတယ်၊ မိန်းကလေးတစ်ယောက်ပဲ ရှိတဲ့အိမ်မှာ အကြာကြီး မနေသင့်ဘူးလေ။ အေးဆေးပေါ့ ... ကိုယ်လာတဲ့ရည်ရွယ်ချက်က ကိုယ်လာပို့ပေးတဲ့ နန်းကြီးသုပ်ကို နှင်းမမှိ စားစေချင်တာလေး တစ်ခုပါပဲ။ ကိုယ် ပြန်ဦးမယ်နော်"

မဟော်က နှင်းမမှိကို နှုတ်ဆက်ပြီး ပြန်ထွက်မယ် အလုပ်မှာ နှင်းမမှိက တစ်ခုကို သတိရသွားပြီး သူ့ကို လှမ်းခေါ်လိုက်သည်။

"မဟော်မင်းညို"

သူက နောက်ကို လည်ပြန်ကြည့်ကာ ဘာလဲဆိုတဲ့ သဘောဖြင့် မေးဆတ်ပြလေသည်။ နှင်းမမှိက သူ့ချိန့်ကိုအသာ မ,ပြကာ ...

"သမုဆီကိုကော မပို့ဘူးလား"





နှင်းမမှိရဲ့ မေးခွန်းအတွက် သူက အပြုံးတစ်ခုနဲ့ ခေါင်းယမ်းပြကာ ရိုးရိုးလေးပဲ ဖြေသွားပေးပါသည်။

"လူတစ်ယောက်ဟာ သူချစ်တဲ့ သူစိမ်းတစ်ယောက်ကိုပဲ စေတနာ ပိုရှိတတ်တယ် နှင်းမမှိရဲ့"

သူက ပြောပြီးထွက်သွားလေသည်။ နှင်းမမှိက အဆက်ပြောရမယ်မှန်း မသိသော တစ်မျိုးမည်သော ခံစားချက် သော ပခုံးအသာတွန့်နိုင်ခဲ့သည်။ အဲဒီနောက်ပိုင်းမှာတော့ င်းမမှိက နေ့တိုင်း ပေါင်မုန့်မီးကင်ဖြင့် နှစ်ပါးသွားလေသော က်စာကို ချစ်သူမည်လား မမည်လား မသိသော မဟော်မင်းညို ပို့ပေးတဲ့ နန်းကြီးသုပ်ကို အားပါးတရ စတင်ဆွဲလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ။ သမီး အခု အဲဒီက ပြန်ထွက်လာပြီ။ အဆင်ပြေပါတယ် မေမေရဲ့။ ဘာမှ စိတ်မပူပါနဲ့"

"………"

"စိတ်ချပါ။ သမီး ကားကိုလည်း ဖြည်းဖြည်းလေး ဘီးလိမ့်ရုံလောက်ပဲ မောင်းတာ ဟဲ ဟဲ။ သမီး ပြန်လာနေပြီနော်"

နှင်းမမှီက မေမေနဲ့ ဖုန်းပြောပြီး နောက်မှာတော့ မေမေ့ကို ပြောခဲ့သလိုပဲ ကားကို ခပ်ဖြည်းဖြည်း မှန်မှန်သာမောင်းလာခဲ့သည်။ ဒီနေ့က ပဲခူးအလွန်က ရွာဘက်မှာ မေမေ့ပိုက်ဆံကို သွားတောင်းပေးရတာဖြစ်သည်။ ခါတိုင်းဆို ဒီလို အကြွေးလိုက်သိမ်းတိုင်း သားအမိနှစ်ယောက် အတူသွားနေကြ ဖြစ်ပေမယ့် ဒီနေ့ကတော့ မေမေ့ဆိုင်မှာ အဝယ်တွေကျနေတာဖြစ်တာကြောင့် နှင်းမမှီ တစ်ယောက်တည်းပဲ ခွတ်ထွက်လာတာဖြစ်သည်။ ပဲခူး





နဲ့ရန်ကုန်ဆိုတာ ဘာမှဝေးတဲ့ အတိုင်းအတာမျိုး မဟုတ်ကာ ကိုယ်တိုင်ကလည်း ကျွမ်းကျွမ်းကျင်ကျင် နဲ့နဲ့စပ်စပ်ရှိသူမို့ ဒီခရီးလောက်ကတော့ အသာလေးပဲဖြစ်သည်။ နှင်းမမှီက Katy Perry ရဲ့ အားမာန်ပြည့်လှသော အသံဖြင့် သီဆိုထားတဲ့ Roar သီချင်းကိုဖွင့်ကာ လိုက်ငြီးဆိုရင်း ကားမောင်းလာတာဖြစ်သည်။ ညနေစောင်းနေပြီမို့ နှင်းမမှီက ဗိုက်ဆာသလို ရှိလာတာမို့ ဆိုင်တစ်ဆိုင်မှာ မုန့်ဝင်စားဖို့ စဉ်းစားလိုက်ရင်း ရွှေခရားကြီးဆိုင်မှာ ကားရပ်ရင်း ခဏနားလိုက်သည်။ ဆိုင်ထဲဝင်တော့ တကယ်ကို မျှော်လင့်မထားသူနဲ့ သွားဆုံတာပဲဖြစ်သည်။ နှင်းမမှီကလည်း သူ့ကိုမြင်ရင် အံ့အားသင့်သွားသလို သူကလည်း နှင်းမမှီကိုမြင်ဂျင် အရမ်းကို အံ့အားသင့်လျက် နှင်းမမှီ ရှိတဲ့ဝိုင်းကို ထလာကာ လာနှုတ်ဆက်လေသည်။

"နှင်းမမှီ … တစ်ယောက်တည်း လာတာလား။ ဘယ်က လာတာလဲ"

"အင်း … ပဲခူးက ပြန်လာတာလေ။ ကိစ္စတစ်ခုရှိလို့သွားတာ။ ဒါနဲ့ မင်းကကော ဘယ်ကလာတာလဲ"

"ဟိုမှာလေ ကိုယ့်သူငယ်ချင်းတွေပါ ပါတယ်။ ရွှေမောဓောမှာ ကိုယ်တို့သူငယ်ချင်းတွေစုပြီး လှူထားတဲ့ ဇရပ်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ အဲဒီမှာ ဒီနေ့ စတုဒီသာလာကျွေးကြတာ။ ခု ရန်ကုန် ပြန်တော့မှာလေ။ တကယ်တိုက်ဆိုင်တာပဲ။ နှိုင်းမမှီနဲ့ ခုလိုနေရာမျိုးမှာ တွေ့ဖြစ်မယ်လို့တောင် ထင်မထားဘူး။ ပြီးတော့ နှိုင်းမမှီ တစ်ယောက်တည်းကို တွေ့လိုက်ရတော့ ကိုယ် အရမ်းအံ့အားသင့်သွားတာ"

သက်သက်မဲ့ စကားမရှိ စကားရှာ လာဖောနေတယ်လို့ နှိုင်းမမှီကတော့ ယူဆကာ ထုံးစံအတိုင်း အရေးမပါဘူးဆိုတဲ့ အထာဖြင့် ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"ဖြစ်မှ ဖြစ်ရလေ မဟော်မင်းညိုရယ်။ တို့က အဲဒီလောက်ထိ အာဂမိန်းမ ဖြစ်သွားရောလား။ ဒီနေ့ခေတ်၊ ဒီလိုအချိန်ကာလမျိုးမှာ ရန်ကုန်–မန္တလေးလမ်းကိုတောင် အမြန်လမ်းကနေ တစ်ယောက်တည်းမောင်းတဲ့ မိန်းကလေးမျိုးကို မင်း မမြင်ဖူးဘူးလား။ ပဲခူးလောက် မောင်းတာကို စာဖွဲ့ပြမနေပါနဲ့"

"ဟင်း ဟင်း ... ဟုတ်ပါတယ်။ မိန်းကလေးတွေ သတ္တိရှိပါတယ်။ ဒါပေမဲ့ ကိုယ်နဲ့သိကျွမ်းတဲ့ မိန်းကလေးတွေထဲမှာတော့ မင်းက brave အဖြစ်ဆုံးပဲ။ ဒါကြောင့်မို့လည်း ကိုယ်က ရည်းစားတော်ချင်တာလေ"





နှိုင်းမမှီက စကားပြောနေရင်းကမှ သူ့ကို ကြည့်မနေတော့ဘွာ တောက်တစ်ချက်ခေါက်၍ သူ့ကို နှင်လွှတ်ရသည်။

"တောက် ... မဟော်မင်းညို။ ကိုယ့်ဝိုင်းကိုယ် သွားထိုင်တာ အကောင်းဆုံးဖြစ်လိမ့်မယ်နော်။ တို့ သည်းမခံတတ်ဘူး"

"ဆောရီး ...။ ကဲပါ။ စကားအကောင်းပြောမယ်။ အကူအညီတောင်းတာနော်။ တောင်းလို့ရမလား"

တစ်ခုမဟုတ်တစ်ခု စကားကို ပတ်သက်နေတာမို့ နှိုင်းမမီက စိတ်ရှုပ်လာကာ မြန်မြန်သွား အေးရောဆိုတဲ့သဘောဖြင့် ပြောခွင့်ပေးလိုက်လျှင် သူက အင်မတန်မှ တက်ကြွသောအသံဖြင့် ...

"အိုခေ ... ကိုယ် တအားဝမ်းသာသွားပြီ။ ခဏလေးနော် နှိုင်းမမှီ"

သူက ပြောစရာရှိတာကို မပြောသေးဘဲ ခဏနော်ဟုဆိုကာ နှိုင်းမမှီ ဝိုင်းကနေ ထသွားကာ သူ့သူငယ်ချင်းတွေဝိုင်းကို ပြန်သွားကာ စကားသွားပြောပြီးနောက် ပြန်လာ၏။

"အဟဲ ဟဲ ... ဆောရီးနော်။ နှိုင်းမမှီကို စောင့်ခိုင်းသလိုမျိုး ဖြစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါတို့ လစ်ပြီဟေ့"

အဲဒီအချိန်မှာ သူ့ဘော်ဒါတစ်ယောက်က လှမ်းပြော လိုက်တာကို သူက လက်ပြနှုတ်ဆက်ကာ Ok ဟု ဆို၏။ နှိုင်းမမိုက ရုတ်တရက် အနေအထားကို နားမလည်သေးချေ။ သူ့ဘော်ဒါတွေက ကားပေါ်တက်ကာ စက်နှိုးပြီဆိုမှ နှိုင်းမမိုက နားလည်သွားကာ အသည်းအသန် နှင်လွှတ်ရလေသည်။

"ဟော့ ... မင်း သူငယ်ချင်းတွေ သွားတော့မယ်။ ၊ နိုးတော့ လေ"

"နိုး ... ကိုယ် သူတို့နဲ့ ပြန်မလိုက်ဖြစ်တော့ဘူး"

ပြုံးစစ မျက်နှာပေးဖြင့် ပခုံးတစ်ချက် တွန့်ပြကာ မလိုက်တော့ဘူးဆိုတော့ နှိုင်းမမိုက ဒေါသထွက်၍ ကောမယ်လုပ် တော့ သူက ဆက်စကားဆိုသည်။

"ကိုယ် ခုနက ပြောတယ်လေ။ အကူအညီ တောင်းစရာရှိ တယ်ဆိုတာ။ မင်းကားနဲ့ ကားကြုံလိုက်ချင်လို့ပါ။ လိုက် ခဲ့မယ်နော်"

နှိုင်းမမိုက သူ့စကားကြောင့် ဒေါသက ငယ်ထိပ် တက်ဆောင့်လေသည်။ မရဘူး။ ဒါမျိုးလာလုပ်လို့တော့ ဘယ်ရ လိမ့်မလဲ။ နှိုင်းမမိုက ခပ်ဆောင့်ဆောင့်လေသံဖြင့် အပြတ်ပြော ပစ်လိုက်သည်။





"ဒါမျိုး အထာလာခင်းမနေနဲ့ မဟော်မင်းညို။ မင်းကို ခေါ်သွားမယ်များ ထင်နေသလား။ နှစ်ပေါက်တစ်ပေါက် လာရိုက်မနေနဲ့။ မင်းသူငယ်ချင်းတွေ သွားပြီနော်။ အေး... မင်းမီရာကား လက်မှတ်ဖြတ်ပြီးသာ ရန်ကုန်ပြန်လိုက်... ပိုက်ဆံရှင်းမယ်"

နှိုင်းမမိုက အပြတ်ပြောကာ ပိုက်ဆံရှင်းဖို့ လှမ်း ခေါ်၍ သွားဖို့ပြင်လျှင် သူက ...

"ဟာကွာ ... ကိုယ် နှစ်ပေါက်တစ်ပေါက် ရိုက်တယ်လို့ တော့ မစွပ်စွဲပါနဲ့။ ဟိုကောင်တွေကို ပြန်လွှတ်လိုက်တာ ကိုယ့်စေတနာပါ"

"ဘာစေတနာလဲ။ မင်း ဒီအထာတွေ လာခင်းမနေနဲ့။ တို့ ကားကြုံမခေါ်ဘူး"

"မခေါ်လည်း ကိုယ်ကတော့ ဇွတ်လိုက်မှာပဲ နှိုင်းမမို။ မင်း ပြတ်သားသလို ကိုယ်ကလည်း ဇွတ်တရွတ်ဘဲ။ မင်း နဲ့အတူပြန်တာဟာ မင်းကို အခွင့်အရေးယူဖို့ မဟုတ်ဘူး။ မင်းကို စိတ်ပူလို့။ ခဏနေ နေဝင်တော့မယ်။ မင်းတစ် ယောက်တည်း ကားမောင်းမှာကို ကိုယ် စိတ်မချဘူး။ လိုက်မှာပဲ"

www.burmeseclassic.com



"တောက် ... နေခဲ့တော့။ လိုက်မလာနဲ့"

နှိုင်းမမှီက ပိုက်ဆံရှင်းပြီး ဆိုင်ထဲက ထွက်လျှ သူကပါ ထက်ကြပ်မကွာ လိုက်လာတာမို့ နှိုင်းမမှီက ခြေလှ တွေကို တုံ့ခနဲရပ်လိုက်ကာ ...

"မပော်မင်းညို ... မင်း ဘာဖြစ်ချင်နေတာလဲ။ ဒီလမ်း တို့ မောင်းနေကြ။ မင်း ဝင်ပါဖို့ မလိုဘူး။ ဆက်နှောင့်ယှ နေရင် တို့ အဆိုးမဆိုနဲ့"

"ကိုယ်ကတော့ မင်းကို လိုက်ပို့ဖို့ ဆုံးဖြတ်ထားတယ ကဲ ... သွားမယ်လေ။ နောက်ကျနေဦးမယ်။ တကယ်တေ စိတ်ထားတတ်ရင် လွယ်လွယ်လေး။ ကိုယ် မင်းကားပေ မှာပါတာကို ခေါင်းထဲကထုတ်လိုက်။ တစ်လမ်းလုံးငြိ ငြိမ်လေး လိုက်လာမယ်လို့ ကတိပေးတယ်၊ ကိုယ်တကယ စိတ်ပူသို့ လိုက်ပို့ပေးချင်တာပါ၊ တခြားအကန့်မပါပါဘူ ပြီးတော့ မင်းကိုလည်း ရည်းစားဖြစ်ခွင့် မတောင်းဘူးကွာ ဘော်ဒါစိတ်လေးနဲ့ပဲ ကားကြုံလိုက်ခွင့်ပေး ဟုတ်ပြီလား ဒီလောက်တော့ သဘောတူလိုက်တော့"

နှိုင်းမမှီက သူ ကားကြုံလိုက်ခွင့်ရဖို့ရာ ပေးတဲ ကတိစကားများအတွက် နည်းနည်းတော့ စဉ်းစားကြည့်လိုက်





သည်။ အင်းပေါ့လေ။ ဒီဘဲကို သမုခင်အတွက် ပတ်သက်ရဦး မယ်ဆိုတော့လည်း လမ်းကြုံခေါ်တင်ရမှာပေါ့။ နှိုင်းမမှီက စိတ် ပိုင်းဖြတ်လိုက်ကာ ခေါင်းတစ်ချက် ဆတ်လိုက်သည်။

"ကောင်းပြီ။ တို့ မင်းကို အားနာလို့ ခေါ်လိုက်တာ။ ကားပေါ်မှာ လုံးဝစကားမများပါနဲ့"

"စိတ်ချ။ သွားမယ်လေ ... ဩော် ... ကိုယ်မောင်းရမလား နှိုင်းမမှီ"

နှိုင်းမမှီက သူ့အမေးစကားအတွက် ခေါင်းအသာ ယမ်းပြကာ ...

"တို့ကားကို ဘယ်ယောကျ်ားမှ မောင်းခွင့်မရှိဘူး။ တို့ မောင်းတဲ့ကားကို စီးခွင့်ရတာပဲ မင်းကံကောင်းလို့ မပော် မင်းညို"

နှိုင်းမမှီ စကားကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောကာ ခေါင်းတညိတ်ညိတ်လုပ်ပြီး ကားထဲဝင်ထိုင်လိုက် ရင်းက ...

"ရှေ့ခန်းမှာ ကားထိုင်စီးရတယ်ဆိုတာ နည်းတဲ့ကုသိုလ် လား။ ဓိမ်ပဲ။ မင်းမောင်းတဲ့ကားကို ဓိမ်ကျကျစီးကြည့် ချင်ပါတယ် နှိုင်းမမှီ မောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမမီက အချိုးမပြေတဲ့ သူ့ပုံစံကို ကြည့်မရှုစွာ တောက်တစ်ချက်ခတ်၍ ကားပေါ်တက်ကာ ခပ်ကြမ်းကြမ်းမောင်းထွက်လာခဲ့တော့သည်။ သူကတော့ မျက်လုံးပင်မှိတ်၍ ဖွင့်ထားသော သီချင်းသံကို ခံစားကာ လိုက်တောင်ငြီးနေသေးသည်။ နှိုင်းမမီက တမင်တကာကို အကြမ်းပတမ်း မောင်းချလာခဲ့ရာ တစ်နေရာမှာတော့ ကားဘီးက ဖောင်းဆိုတဲ့အသံ ကြားတာမို့ သွားပြီဆိုတဲ့စိတ်နဲ့အတူ ချက်ချင်း ကားရပ်လိုက်ရသည်။

"ချိုင့်မရှောင် ဘာမရှောင် စွတ်မောင်းတာကိုး။ ကဲ — အာဂ Super girl လေး။ ဆင်းကြည့်လိုက်ပါဦးခင်ဗျာ"

သက်သက်မဲ့ အငေါ့တူးပြီး ပြောတာမို့ နှိုင်းမမီက တောက်တစ်ချက် ထပ်ခေါက်ကာ ကားပေါ်က ဆင်းကြည့်ရသည်။ နောက်ဘီးတစ်ဖက်က လုံးဝကို ပြားကပ်သွားတာပဲဖြစ်သည်။ သံသားပြားမှာ စိုက်ထားတဲ့ များစွာသော သံတွေက ဘီးမှာ သွားစိုက်တာမို့ လုံးဝကို ဘီးကအချုပ်ဖြစ်သွားလေသည်။ ကျစ် — တိုင်တော့ ပတ်ပါပြီကွာ။

နှိုင်းမမီက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ပစ်ကာ လုံးဝကြီးကို မဖြစ်မနေ ဘီးလဲရတော့မှာမို့ အကူအညီက လိုအပ်လာချေပြီဖြစ်သည်။ နှိုင်းမမီက ကားထဲမှာ အခန့်သားဖိမ်





နဲ့ထိုင်နေသော မပော်မင်းညီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သကောင့်သားက သူ့ခွင်ထဲရောက်ပြီမို့ လုံးဝကိုလှည့်မကြည့်ဘဲ နှိုင်းမမီ အခေါ်ကို စောင့်နေတာဖြစ်သည်။ နှိုင်းမမီက ကားတံခါးဖွင့်ကာ ကိုယ်ကို အနည်းငယ် ကိုင်းလိုက်ကာ စကားလှမ်းပြောလိုက်၏။

"ဒီမှာ ... မင်း ကားဘီးလဲတတ်သကား မပော်မင်းညီ"

"သြော် ... ကိုယ်လည်း အသိုင်းအဝိုင်းကြီးထဲပဲ။ ဒီကိစ္စလောက်ကတော့ ပျင်းတယ်။ child play"

နှိုင်းမမီက သူ့ခွင်ရောက်ပြီမို့ အလုံးကြီးတွေပစ်နေသော သူ့ကို စိတ်မရှည်စွာဖြင့် ကျစ်ခနဲ စုပ်သတ်လိုက်ပြီးမှ စိတ်လျှော့ချဟန်ပြင် ဟင်းခနဲ သက်ပြင်းချကာ ...

"အချိန်မရှိဘူး မပော်မင်းညီ။ တို့ အိမ်ပြန်ရဦးမယ်။ ဘီးလဲတတ်တယ်ဆို လာလဲပါ"

မပော်က ဟက်ခနဲ တစ်ချက်ရယ်ကာ ကားပေါ်က ဆင်း၍ နှိုင်းမမီဘက် လျှောက်လာကာ တစ်ချက် ဟန်ပါပါပြုံးပြ၍ ကားထဲကနေ လိုအပ်တာတွေထုတ်၍ ဘီးကိုဖြုတ်လဲလေသည်။

"အဲဒါပဲကွ။ မင်းမှာ ကိုယ်လို အားကိုးရမယ့် ချစ်သူမျိုး အမှန်တကယ် လိုအပ်နေတယ်။ အဲဒါကြောင့်မို့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမနေဘဲနဲ့ ကိုယ့်ကိုသာ ရည်းစားတော်လိုက်တော့

ကိုယ်လိုလူမျိုးကို မင်းချစ်ရတာ တန်ပါတယ်ကွာ"

နိုင်းမမီက လက်ကော ပါးစပ်ကော အငြိမ်မနေ။ ပါးစပ်က နိုင်းမမီကို စကားပြောနေသလို လက်ကလည်း ဘီးလဲ နေတာမို့ နိုင်းမမီက သူ့ကို အမြင်ပဲကတ်ရမလို ကျေးဇူးပဲတင် ရတော့မလို ဖြစ်နေသည်။

"ဒီမှာ ... စကားများမနေနဲ့။ လုပ်စရာရှိတာ မြန်မြန်လုပ်။ ပြီးရင် သွားမယ်"

"ခဏလေးပါ။ မကြာပါဘူး။ အေးဆေးပေါ့ နိုင်းမမီရဲ့"

တမင်တကာကြီး အချိန်ဆွဲနေတာက အသိသာကြီး မို့ နိုင်းမမီက ပြောနေရင် ပိုအကြောရှည်နေတော့မယ်ဆိုတာ သိ တာကြောင့် ကားရှေ့နားမှာ သွားရပ်နေကာ သူ ဘီးလဲအပြီးကို စောင့်နေလိုက်သည်။

"ဟာ ... ညီမလေး၊ ကားဘာဖြစ်တာလဲ"

ထန်းရေမူးလာဟန်ရှိတဲ့ လူသုံးယောက်က အာလေး လျှာလေးဖြင့် လာမေးတာကြောင့် နိုင်းမမီက စိတ်တော့ အတော် ညစ်သွားသည်။ ကံကောင်းစွာပင် မဟော်မင်းညိုက နိုင်းမမီအနား ရောက်လာကာ ...





"ရတယ်။ ဘီးလဲပြီးသွားပြီ။ ကျေးဇူးပဲနော်"

"ဟုတ်လား။ အဲဒါဆိုလည်း ဒီနေရာမှာ ဘီးလဲတဲ့အတွက် ဘီးလဲခွန်လေး မ,စလိုက်ပါဦး"

"ဘာဗျ"

"အဟော် ... မကြားလိုက်ဘူးလား။ ဘီးလဲခွန်တောင်းတာ လေ"

"မပေးနိုင်ဘူးကွာ။ ကားပေါ်တက်တော့လေ နိုင်းမမီ။ ပြန်မယ်"

နိုင်းမမီက သူ့စကားအတိုင်း အင်းလိုက်ကာ ကား ပေါ်ထိုင်လိုက်စဉ်မှာဘဲ အပြင်မှာက ရန်းရင်းဆန်ခတ်တွေ ဖြစ် ကုန်၏။ မဟော်မင်းညိုကို အဲဒီ ထန်းရေမူးနေတဲ့ လူသုံးယောက် က ဝိုင်းထိုးကြတာ ဖြစ်သည်။ တကယ်ကို ကိုယ့်မျက်စိရှေ့မတင် လေး ဖြစ်သွားတာမို့ နိုင်းမမီက တဒင်္ဂတော့ အံ့ဩမှင်သက်စွာ ငိုင်သွားပြီးမှ ကားထဲကတုတ်ကိုယူကာ ဆင်းလာပြီး ရိုက်မိရိုက် ရာရိုက်၍ အသံကုန်အော်ဟစ် အကူအညီတောင်းတော့မှ အမူး သမားသုံးယောက်က ထွက်ပြေးသွား၏။

ဘောနက်ကိုမှီကာ ရပ်နေသော သူ့ကို နိုင်းမမီက ဒိန်းခနဲ ဆောင့်တက်လာသော စိုးရိမ်မှုဖြင့် သူ့ဆီအပြေးသွားကာ သူ့ကို အသာဖေးမတွဲလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မဟော်မင်းညို ... မဟော်မင်းညို ... မင်း အဆင်ပြေရဲ့လား။ ဘယ်နားထိသွားသေးလဲဟင်"

သူ့ကို တကယ် စိတ်ပူမိသောစိတ်ဖြင့် မေးမိလျှင် မဟော်မင်းညိုက နှိုင်းမမို့ကို ဖျတ်ခနဲ အားမာန်အပြည့်ပါတဲ့ မျက်ဝန်းတွေဖြင့်ကြည့်ကာ တစ်ချက်ပြုံးလိုက်၍ ...

"ဘာမှမဖြစ်ပါဘူး။ ဒီဒဏ်ရာလောက်ကတော့ အေးဆေးပါ။ သုံးယောက် တစ်ယောက် ဖြစ်နေလို့ ကိုယ့်ဘက်က နည်းနည်း အထိနာသွားတာပါ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ မင်းအတွက် ကိုယ်က ကာကွယ်ပေးမယ့်လူဆိုတာ မင်း သိလိုက်တယ်ဆိုရင်ပဲ ကိုယ် အမြတ်ထွက်သွားပါပြီ"

မျက်နှာမှာသာ အထိုးခံလိုက်ရလို့ ဒဏ်ရာရသွားပေမယ့် အပြောကတော့ ဖြုံးနေတာပဲ ဖြစ်သည်။ နှိုင်းမမိုက သူ့အပြောကြောင့် ရင်ထဲမှာတော့ တစ်မျိုးဖြစ်သွားလေသည်။ ဒါပေမဲ့ နှိုင်းမမိုက အညစ်အထေး ဖြစ်စေမည့် အတွေးတွေ ခံစားမှုတွေကို ဖျောက်ပစ်ကာ သူပြောတာကို မသိကျိုးကျွံပြု၍ သူ့ကို အသာတွဲကာ ကားထဲပို့လိုက်သည်။ ပြီးတော့မှ နှိုင်းမမိုက ကားစက်နှိုးရင်းက သူ့ဘက် တစ်ချက်ကြည့်ရင်း ...





"ဘယ်လိုလဲ ... နေသာရဲ့လား။ တို့ မင်္ဂလာဒုံဘက်မှာ ဆေးခန်းဝင်ပြပေးမယ်"

"နိုးပါ။ မလိုပါဘူး နှိုင်းမမိုရယ်။ ဒီလောက်ကတော့ အေးဆေးပါ။ By the way ... မင်း ကိုယ့်ကို သိပ်စိတ်ပူနေသလိုပဲနော်"

သူ့ရဲ့ပြုံးစစ မေးခွန်းကြောင့် နှိုင်းမမိုက ကြည့်လို့ရစ္စာ မျက်စောင်းလေးတစ်ချက် ထိုးမိသွားသည်။ တစ်ဆက်တည်းမှာပဲ သူက အားခနဲဆိုတဲ့ အော်သံနဲ့အတူ ခေါင်းပါတစ်ချက်စောင်းချလိုက်လျှင် နှိုင်းမမိုက လန့်သွားရသည်။

"ဟေး ... ဘာ ... ဘာဖြစ်တာလဲ"

"သိပ်စိတ်ပူပါနဲ့ နှိုင်းမမိုရဲ့။ မင်းရဲ့မျက်စောင်းတစ်ချက်မှာ ကိုယ်က မျက်စောင်းဒဏ်သင့်သွားတဲ့ အချစ်ပြည်သားလေး ဖြစ်သွားလို့ပါ။ ဟဲ ဟဲ ... ကိုယ့်ကို စိတ်ပူလွန်းနေတယ်နော်။ Corry On"

နှိုင်းမမိုက တကယ့်ကို အူမြူးနေတဲ့သူ့ကို ကြည့်ရင်းမရစ္စာ မျက်စောင်းထိုးမိမလို လုပ်ပြီးမှ ကိုယ့်ကိုယ်ကိုယ် [illegible]ပြန်ထားလိုက်ကာ သူ့ကို လေသံခပ်မာမာလေးဖြင့် ပြော[illegible]မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း၊ တို့နဲ့ ရည်းစားဖြစ်ချင်တယ်ဆိုရင် သမုဆီက ရည်းစားဖြစ်ခွင့်ပါမစ်ကို အရင်ရအောင် ကြိုးစားလိုက်ဦး"

နှိုင်းမမှီက ကားကို ခပ်ကြမ်းကြမ်း ဆက်မောင်းလာခဲ့သည်။ ဤသို့သောနည်းဖြင့် နှိုင်းမမှီက သူ့ရဲ့စိတ်ဝင်စားမှုကို သိမ်းပိုက်ရင်း သမုလက်ထဲ တွန်းပို့လိုက်တာဖြစ်သည်။

❦ ○ ❦





# ( ၁၁ )

"ဒါဆို နှိုင်းမမှီက အရောက်ပို့ပေးခဲ့တာပေါ့"

သမုရဲ့မေးခွန်းကို နှိုင်းမမှီက အပြုံးတစ်ခုဖြင့် ါင်းတစ်ချက် ညိတ်ပြကာ Coke ဘူးကို ဖောက်ခနဲမြည်အောင် ဖောက်လိုက်ရင်းက ...

"ဟုတ်တယ်။ သူနဲ့ရည်းစားဖြစ်ပြီဆိုမှ သမု မကျေနပ်သမျှကို Lesson ပေးပေတော့။ အမှန်တော့ သမု သူ့ propose ကိုမငြင်းဖြစ်တာက ခပ်ကောင်းကောင်းရယ်။ သူ့ propose ကိုငြင်းရင် သူ တစ်ကြိမ်ပဲ ကြေကွဲမှာ။ သူ့ကို အကြိမ်ကြိမ် ကြေကွဲအောင် ဒီနည်းနဲ့ပဲ လက်စားပြန်ချေရမှာပေါ့။ တို့ တာဝန်ကျေပါတယ်နော် သမု"



www.burmeseclassic.com

www.burmeseclassic.com



"အယ် ... တာဝန် မဟုတ်ပါဘူး နှင်းမိုးမိုးရယ်။ သမုကို ဒီလောက် စေတနာထားပြီး ကူညီနေတာပါ။ အဲဒီအတွက် သမုက အရမ်းကို ကျေးဇူးတင်ပါတယ်"

"အေးဆေးပါ။ တို့တွေက ဘော်ဘော်တွေပဲဟာ။ ဒီလောက်ကတော့ သေးသေးလေး"

သမုတို့က ပျော်ရွှင်စွာ စကားပြောနေတဲ့အချိန်မှာ သမုရဲ့ဖုန်း ring က မြည်လာလို့ ကြည့်လိုက်လျှင် Display က နာမည်က မယော်ဆိုလျှင် သမုက နှင်းမမိုကို ဒိုင်းခနဲ ကြည့်မိလျှင် ...

"ဖုန်းကိုင်လိုက်လေ။ ပြီးတော့ တို့နဲ့အတူ ရှိနေတာကို မပြောနဲ့နော်"

သမုက နှင်းမမို မှာတဲ့အတိုင်း အင်း,ဆိုတဲ့သဘောဖြင့် ခေါင်းတစ်ချက်ညိတ်ပြရင်းက ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"သမု ... ကိုယ် မယော်ပါ။ သမု ဘယ်ရောက်နေတာလဲ ဟင်"

"သမု အခု Signature မှာ ကော်ဖီသောက်နေတာ"

"ဟင် ... တစ်ယောက်တည်းလား"





ဒီမေးခွန်းအတွက် သမုက ချက်ချင်းမဖြေသေးဘဲ နှင်းမမိုကို လှမ်းကြည့်လိုက်လျှင် သမု အဖြေရကျပ်နေတဲ့မေးခွန်းကို ခန့်မှန်းတတ်သည့်အလား လက်တစ်ချောင်းထောင်ကာ ခေါင်းညိတ်ပြလိုက်မှ သမုက ပြန်ဖြေလိုက်သည်။

"ဟုတ်တယ်။ တစ်ယောက်တည်း ပျင်းနေတာနဲ့ ကော်ဖီသောက် ထွက်လာတာလေ"

"ကိုယ် အဲဒါဆို လာခဲ့မယ်နော်"

"အင် ... ဘာကိစ္စရှိလို့လဲ"

သမုက တမင်တကာလေး မေးလိုက်လျှင် သူကလည်း အင်မတန်မှ အထာနပ်စွာ ပါးပါးနပ်နပ် ပြန်ဖြေလေသည်။

"သမုကလည်း ကိုယ်လည်း ဒီအချိန် ကော်ဖီသောက်ချင်တာပေါ့လို့။ ခဏပဲစောင့်။ အခု ထွက်လာခဲ့မယ်"

သမုက သူ့ကို ဘာမှပြန်မပြောတော့ သူကလည်း အလိုလို understood သဘောဖြင့် ဖုန်းချသွားလေသည်။ သမုက ဖုန်းကို စားပွဲခုံပေါ် တင်လိုက်လျှင် ...

"ဘာလဲ ... သူက ဒီကို လာခဲ့မယ်တဲ့လား သမု"

"အသေအချာပေါ့။ သူ ထွက်လာခဲ့မယ်တဲ့"

"ဟား ... အဲဒါဆို တို့ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမမိုက ထပြန်တော့မယ် လုပ်တာကြောင့် သမုက နှိုင်းမမို လက်ကိုဆွဲကာ တားရသေးသည်။

“ဟင် ... နေပါ။ နှိုင်းမမိုကလည်း သူလာတော့ကော ဘာဖြစ်လဲ”

“အယ် ... ဘယ်ရမလဲ သမုရဲ့။ ဒီကနေ့မှာ မင်းနဲ့မဟော် မင်းညို သေချာပေါက် သမီးရည်းစား ဖြစ်ရမယ်လို့ တို့က ဟောကိန်းထုတ်ထားတာပဲဟာ။ တို့ အလွဲမခံပါဘူး။ တို့ရှိနေတော့ သူက ဘယ်အဖြေတောင်းမလဲ။ ဒါမျိုးဆိုတာ နှစ်ယောက်တည်းရှိမှ ပြောလို့ထွက်တာလေ”

သမုက ရင်ထဲမှာ အနည်းငယ်တော့ ဂယက်ထသွားရသည်။ တကယ်တော့ သမုလည်း သူ့ကို အဖြေပေးချင်စိတ် ပေါက်နေသည်။ သမုဘက်က အင်းဆိုပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်တာနှင့် သမုတို့က သမီးရည်းစားဖြစ်သွားကြမှာဖြစ်ပြီး သူ့ကို မူလဆုံးဖြတ်ထားသလို ကောင်းကောင်းကြီး Lesson ပေးနိုင်မှာပဲဖြစ်သည်။ နှိုင်းမမိုက သမု ကိုင်ဆွဲထားတဲ့လက်တွေကို ပြန်လည်အုပ်မိုး ဆုပ်ကိုင်ကာ အားပေးသလို ခပ်ဖွဖွပုတ်၍ ...

“အဖြေပေးတာပဲ ဒါဟာ မိန်းကလေးတိုင်း အချစ်ရှိလာရင် လုပ်ရမယ့် အမှုအကျင့် တစ်ခုပဲဟာ။ ခေါင်းညိတ်လိုက်ပါ သမုရဲ့။ သမု ရဲရဲသာရည်းစားထားလိုက်။ ကဲ...





တို့လည်း သွားတော့မယ်နော်။ ဩော် ... သတင်းကောင်းလေးကို ဖုန်းဆက်လိုက်ဦးနော်။ တို့ သမုကို သူကြွေသွားအောင် တို့ဘက်က စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တာလေးတွေကို ဂုဏ်ယူချင်လို့။ တာတာ”

နှိုင်းမမိုက သမုကို အပြည့်အဝကို အားပေးကာ ထွက်သွားလေသည်။ တကယ်ကြီး အဖြေပေးရတော့မယ်ဆိုတဲ့ အဖြစ်ဟာ စဉ်းစားကြည့်ရင် ရင်ခုန်စိတ်လှုပ်ရှားရပါသည်။ မင်းလို သာမန်လောက်ကို စိတ်မဝင်စားပါဘူးလို့ ပြောတဲ့စကားကို ခါးသက်ရာကနေ သူ ဒူးထောက်စေရမယ်ဆိုတဲ့စိတ်နဲ့ သမုဟာ သူ့ကို လက်ဆင်ပြန်ပေးနိုင်အောင် ကြိုးစားခဲ့သည်။ အဲဒါကို နှိုင်မမိုကလည်း မဟော် တစ်ယောက် သမုကို တကယ်စိတ်ဝင်စားလာအောင် အောင်သွယ်တော်လုပ်ပေးမှုကြောင့် သူဟာ သမုကို တကယ် propose လုပ်လာခဲ့ပြီ။ သမု ကိုယ်၌ကလည်း အစက အမြင်ကတ်လို့ကနေ နောက်ပိုင်းတော့ ကိုယ့်စိတ်ကိုယ် မယုံကြည်နိုင်လောက်အောင်ပင် နူးညံ့ပျော့ပျောင်းလာကာ သူ့အပေါ် အနည်းငယ် တိမ်းညွတ်လာခဲ့တယ်ဆိုတာ သတိပြုမိလာတော့သည်။ အဲဒီလို သတိပြုမိတဲ့အချိန်မှာ အဖြေကပေးရတော့မည် ဖြစ်တာကြောင့် သမုက ဒွိဟဖြစ်နေတာဖြစ်သည်။

“သမု”



www.burmeseclassic.com

www.burmeseclassic.com



အနားနားကပ်ခေါ်သံ တိုးတိုးကြောင့် သမုကမော့ကြည့်လိုက်လျှင် မဟော် ဖြစ်လို့နေသည်။ မဟော်က အပြုံးတွေနဲ့ ဆီးကြိုနှုတ်ဆက်ကာ သမုဘေးကခုံမှာ ဝင်ထိုင်ရင်းက ...

"သမုကလည်း တစ်ယောက်တည်း ကော်ဖီသောက်နေရတာ ပျင်းစရာကြီး။ ကိုယ်က သမုကို အရမ်းတွေ သတိရနေလို့ ဖုန်းဆက်လိုက်တာ။ ကံကောင်းချင်တော့ သမုနဲ့ တွေ့ခွင့်ရလိုက်တယ်။ အမ်း ... အီဖေကိုယ့် ကံဇာတာတွေ တယ်ကောင်းနေပါလား ဟင်း ဟင်း"

သူ ပြောသလိုပဲ ဒီကနေ့မှာ သူ့ကံဇာတာတွေ သိပ်ကိုတက်နေချိန်ဖြစ်သည်။ မဟော်က Espresso တစ်ခွက်မှာရင်းကမှ စားပွဲပေါ်က Coke ဘူးကို ရိပ်မိကာ ...

"ဟင် ... သမု၊ ဘယ်သူလာသွားသေးလို့လဲ"

မဟော့် မေးခွန်းကြောင့် သမုက ဒီ Coke ဘူးက နှိုင်းမဒီ သောက်သွားတာကို မသိမ်းခိုင်းမိတာ တစ်ကွက်ဟာသွားမှန်း အခုမှ သိလိုက်သည်။ ဒါပေမဲ့ သမုက ယုတ္တိဆန်စွာဖြေလိုက်သည်။

"ဘယ်သူမှ မလာပါဘူး။ Coke ကလည်း သမုသောက်တာပဲ။ သမု ရောက်နေတာ ကြာလှပြီ။ လာတုန်းက





traffic ကြောင့် စိတ်မောနေလို့ ကိုလာအေးအေးလေး သောက်တာ။ ဘာလို့တုံး"

"မဟုတ်ပါဘူး။ သမုက တစ်ယောက်တည်းမဟုတ်ဘဲ ဘဲတွေ ဘာတွေနဲ့များ ချိန်းတွေ့ထားတာလားလို့ စိတ်ပူသွားလို့ပါ"

သမုက သူ့စကားကို အပြုံးတစ်ခုဖြင့်သာ ပြန်လည်တုံ့ပြန်လိုက်သည်။ သမု ဘာမှမပြောတော့ဘဲ သူ့အတွက် အခွင့်အရေး ဖြစ်သွားကာ သမုကို ဆက်ပြောလေသည်။

"သမုသာ တခြားတစ်ယောက်နဲ့ တွဲသွားမယ်ဆို ကိုယ်တော့ တကယ်ကြေကွဲမှာပဲ။ ကိုယ် မိန်းကလေးတစ်ယောက်ကို အဲဒီလောက်ထိတောင် ကြွေနေတယ် သမုရယ်။ ကိုယ့်ကို အဖြေပေးပါတော့နော်"

သမုရဲ့ရင်ခုန်သံတွေက ဒိန်းတပ်တပ် မြည်နေတာ ကိုယ့်ဘာသာ သတိထားမိလေသည်။ ဒါပေမဲ့ သူ့တော်လီကီကြောတွေထဲမှာ သမုပစ်ကျသွားလို့တော့ မဖြစ်ပေ။ သမုဘက်က သူ့ကို စပတ်သက်တဲ့ ရည်ရွယ်ချက်ကိုက လက်စားချေချင်တာဖြစ်တာမို့ သမု သူ့ကို လျှော့တွက်ထားလို့တော့ မရပေ။ သမုကို အရှုက်ကွဲစေမယ့်စကား သူ ပြောလို့ သမုက ပြန်လက်ဆင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်ခဲ့လို့ သူနဲ့ပတ်သက်တာဖြစ်သလို သူ့ဘက်ကလည်း ဘယ်သို့သော အကြံအစည်မျိုးနဲ့ သမုကို ချဉ်းကပ်သလဲပြောလို့ ရတာမဟုတ်။

သူ့ဘက်က သမုကို တကယ်စိတ်ဝင်စားပါတယ်လို့ ဝန်ခံထားတယ် ဆိုပေမယ့် သူ့စိတ်သဘောအစစ်က ဘယ်လိုဆိုတာကို သမု မသိနိုင်ပေ။ အဲဒါကြောင့် သမုက idea တစ်ခုထွက်လာတာမို့ ပြုံးမြမြမျက်နှာပေးကြောင့် မဟော်က သမုကို အကဲခတ်ကြည့်ရင်းက ...

"သမု ဘာဖြစ်လို့လဲဟင်။ ကိုယ်ပြောတာ ပြန်ဖြေပါဦး"

"ဘာကို ဖြေရမှာလဲ"

"သမု ကိုယ့်အပေါ် သဘောထားကိုပေါ့"

သမုက မျက်ခုံးတစ်ချက် အသာပင့်တက်သွားကာ ဒီနေ့ အဖြေပေးမယ်လို့ တွေးထားသော်လည်း စိတ်ကူးကပြောင်းသွား၏။

"ဖြည်းဖြည်းပေါ့။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရတယ်လေ"

"ဟင်း ... ဒါဆို ကိုယ့်အတွက် မျှော်လင့်ခွင့်လေးတော့ ရှိသေးတာပေါ့နော်"





"အဟင်း ... အဲဒါ မဟော်နဲ့ပဲ သက်ဆိုင်တာလေ။ သမုက ဘယ်ပြောတတ်မှာလဲ"

"ကောင်းပါပြီ။ ကိုယ်က လိုချင်တဲ့သူပဲ။ ပေးတဲ့သူ ပေးလာမယ့် အချိန်ကိုသာ ဖွဲကောင်းကောင်းနဲ့ ထိုင်စောင့်နေရတော့မှာပေါ့"

သမုက သူ့ကို သူ သတိမထားမိအောင် အသာလေး ခိုးကြည့်လိုက်သည်။ သမု ရင်ထဲက ရှုပ်ထွေးမှုနဲ့ ရှင့်ရဲ့ စိတ်အမှန်ကို သမု သိပြီဆို သမုဘက်မှာ ဖြေစရာဆိုလို့ စကားတစ်ခွန်းပဲ ရှိပါတော့တယ် မဟော်ရယ်။

❦ ○ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။


**Facebook on "Mae Min Bon"**



www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုတာ လိမ္မော်သီးတွေလိုပဲ။
အားလုံးဟာ စားချင်စဖွယ် ရှိနေပေမယ့်
ကိုယ်ရွေးချယ်ယူထားတဲ့ လိမ္မော်သီးဟာ
ချိုသလား ချဉ်သလားဆိုတာ
မြည်းကြည့်မှ သိမယ့်အမျိုးလေ။

❦ ○ ❦





## ၁၂

ဒီနေ့ တစ်နေ့ခင်းလုံး အပြင်မှာ အလုပ်တွေရှုပ်နေတာ မေမေ့အလုပ်တွေ လိုက်လုပ်ပေးနေရတာ ဖြစ်သည်။ အားလုံးကိစ္စပြီး၍ အိမ်ပြန်မယ်ဆိုတော့ ညနေစောင်း စောင်းပြီဖြစ်သည်။ နှင်းမမှိုက မေမေ့အတွက် Season က ဆိတ်သားဖတ်ဖ်ဝင်ဝယ်ပြီးမှ အိမ်ကို ပြန်လာဖြစ်သည်။ အပေါ်ထပ်မှာ နေတာကြောင့် နှင်းမမှိုတို့ သံပန်းတံခါးက လူရှိရှိ မရှိရှိ အမြဲသော့ခတ်ထားတာဖြစ်သည်။ နှင်းမမှိုက တံခါးလာဖွင့်ပေးဖို့ ဘဲလ်တီးနေတာကြာပြီဖြစ်တာကြောင့် မေမေများ အပြင်ထွက်သွားလားဆိုတဲ့တ်နဲ့အတူ နှင်းမမှိုဆီမှာရှိနေတဲ့ သော့အပိုဖြင့်ဖွင့်ကာ အိမ်ထဲဝင်လာခဲ့တော့သည်။

"မေမေ ... မေမေရေ ... မေမေ ... အပြင်များ သွားလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှင်းမမှိက ကိုယ့်ဘာသာ ရေရွတ်ပြောဆိုရင်း အိမ်နောက်ဖေးထဲ ဝင်လာလျှင် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကြက်သေ သေသွားသည်။ နောက်ဖေးကြမ်းပြင်မှာ လဲနေတဲ့ မေမေ့ကိုမြင်လိုက်ရလျှင် နှင်းမမှိ ရင်ထဲ ကမ္ဘာပျက်ကာ မေမေ့ကို အပြေးပွေ့ထူရသည်။

"မေမေ ... မေမေ"

မေမေက ကြွေပြားက ရေတွေနဲ့ စလစ်ဖြစ်ပြီး ချော်လဲ သတိလစ်သွားပုံရသည်။ မေမေ့ကို အမြန်ဆုံး ဆေးရုံပို့ လိုအပ်နေပြီ ဖြစ်တာမို့ မေမေ့ကို ပွေ့မ,ထူခါနီး အိမ်ရှေ့ဘဲလ်သံကြောင့် အကူအညီရပြီဆိုပြီး အရင်တံခါးသွားဖွင့်လိုက်လျှင် ထင်မှတ်မထားစွာ မဟော်မင်းညို ဖြစ်လို့နေပေသည်။

"မ ... မဟော်"

အထစ်ထစ် အငေါ့ငေါ့ ခေါ်သံရယ်၊ နှင်းမှိ...သွေးမရှိတော့သလို ဖြူဆွတ်နေတဲ့ မျက်နှာအနေအထားကြော...သူက တစ်ခုခုကို သတိပြုမိဟန်ဖြင့် နှင်းမမှိကို အသ...ပုတ်ထား...

"ဘာဖြစ်လို့လဲ နှင်းမမှိ။ ဘာဖြစ်တာလဲ"

"တို့ကို ကူညီပါဦး။ မေမေ့ကို ခေါ်လို့မရတော့ဘူး"

"ဟမ်"





နှင်းမမှိ စကားကြောင့် မဟော်က နှင်းမမှိကို တွန်းဖယ်၍ အခန်းထဲ ဝင်လာကာ ...

"ဘယ်မှာလဲ နှင်းမမှိ"

နှင်းမမှိက နောက်ဖေးခေါ်သွားလျှင် မဟော်က မေမေ့ကို ပွေ့ထူကာ လှုပ်ယမ်းခေါ်နှိုးကြည့်သည်။

"အန်တီ ... အန်တီ ...။ နှင်းမမှိ ဆေးရုံပို့မှ ဖြစ်မယ်။ မင်း ကားအဆင်သင့် လုပ်ထားလိုက်။ ကိုယ် အန်တီ့ကို ခေါ်လာမယ်"

နှင်းမမှိက တုန်လှုပ်ချောက်ချားစွာပင် မဟော်ပြောတဲ့အတိုင်း ကားသော့ယူကာ အောက်ကို အမြန်ဆင်းကာ ကား အဆင်သင့် လုပ်ထားသည်။ ခဏကြာတော့ သူက မေမေ့ကိုပွေ့ချီထုတ်ကာ ကားထဲထည့်လိုက်ရင်း ...

"ခဏလေးနော်။ အပေါ်မှာ တံခါးသွားပိတ်ရဦးမယ်"

မဟော်က အပေါ်ကို ပြန်တက်သွားကာ တံခါးသော့ခတ်ခဲ့ပြီး ပြန်ဆင်းလာကာ နှင်မမှိ လက်ထဲက ကားသော့ကိုယူကာ ...

"ကိုယ်မောင်းမယ် နှင်းမမှိ။ အရမ်းစိတ်မပူပါနဲ့၊ ဘာအန္တရာယ်မှ မရှိလောက်ပါဘူး။ ကိုယ့်ဦးလေး ဆရာဝန်ရှိတယ်။ ဒီနားက ဆေးရုံမှာထိုင်တာ။ ကိုယ်လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းမဗိုက မေမေ့စိတ်နဲ့တင် ဘာဆိုဘာမှ မလုပ်နိုင်တော့။ လူက တစ်ကိုယ်လုံး မှုးမိုက်နေကာ မျက်လုံးတွေသာ ပြာနေသည်။ မေမေသာ တစ်ခုခုဆို နှိုင်းမဗို ကမ္ဘာပြိုပြီဖြစ်၏။ မဟော်ကပဲ အစစ ဦးဆောင်ကာ ဆေးရုံခေါ်သွား၊ လိုအပ်တာ ကုသမှုလုပ်ပြီး နောက်မှာတော့ ဆရာဝန်မှတ်ချက် ကြားရမှ နှိုင်းမဗို ရင်ထဲက မီးတောင်ငြိမ်ကျလေသည်။

"လူနာက လဲကျပြီး ခေါင်းထိတဲ့ဒဏ်ကြောင့် သတိလစ်သွားတာပါ။ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ မကြာခင် သတိရလာပါလိမ့်မယ်"

"ကျေး ... ကျေးဇူးအများကြီး တင်ပါတယ် ဒေါက်တာ"

နှိုင်းမဗိုက အခုမှ ရင်ထဲက အလုံးကြီးကျသွားတော့တာဖြစ်သည်။ မေမေ့အတွက် လောင်မြိုက်နေရတဲ့ သောကမီးဟာ အရမ်းကို ကြီးမားလျက် ရှုမတတ်ကို ခံစားရတာဖြစ်၏။ မဟော်တစ်ယောက် သေးကနေ တောက်လျှောက်စီစဉ် ကူညီပေးသွားလို့သာ အဆင်ချောသွားတာဖြစ်သည်။ နှိုင်းမဗိုရဲ့ပခုံးကို ခပ်ဖွဖွ ပွေ့ဖက်လိုက်တဲ့ အထိအတွေ့နဲ့အတူ ...

"ဘာမှ စိတ်ပူစရာ မရှိတော့ဘူး နှိုင်းမဗို။ မင်း အရမ်းကို ပင်ပန်းသွားပြီ။ နာရီပိုင်းလောက်အတွင်းမှာတင် မင်း





မျက်နှာမှာ ဘာသွေးမှ မရှိတော့လောက်အောင် အားယုတ်သွားတာ။ မင်း ခဏလောက် နားသင့်ပြီ နှိုင်းမဗို"

နှိုင်းမဗိုက သတိမရသေးတဲ့ မေမေ့အနားမှာ ဝင်ထိုင်ရင်း မေမေကိုသာ တစိမ့်စိမ့် ကြည့်နေမိသည်။ ဆရာဝန်က စိုးရိမ်စရာ မရှိတော့ဘူးပြောလို့ ရင်အေးသွားပေမယ့်လည်း ကြောက်စိတ်လေးကတော့ပဲဖြစ်သည်။ နှိုင်းမဗို အတွက် shark ဘူးလေး လာပေးတဲ့ မဟော်ကို အဲဒီတော့မှ ကျေးဇူးတင်ဖို့ သတိရလေသည်။

"သောက်လိုက်ဦး၊ နည်းနည်းလန်းသွားအောင်"

"အင်း ... တကယ်ပဲ ကျေးဇူးတင်ပါတယ် မဟော်မင်းညို။ တို့ တစ်ယောက်တည်းသာဆို ဘာတွေဖြစ်ကုန်မလဲတောင် မသိဘူး။ မေမေ့အသက်ကို ကယ်ပေးတဲ့ ကျေးဇူးကို တို့ တစ်သက် မမေ့ပါဘူး"

သူက ကြည်လင်အေးမြတဲ့ အပြုံးဖြင့် နှိုင်းမဗိုကို ပြုံးပြကာ ...

"ကျေးဇူးတင်ဖို့ မလိုပါဘူး နှိုင်းမဗိုရယ်။ ကိုယ်က မင်းကို စိတ်ပူသွားတာ။ ခုနကတုန်းဆို မင်းမျက်နှာက တအားကို ပျက်နေပြီး လုံးဝအားကိုမရှိတော့တာ။ မင်းလဲသွားမှာတောင် ကိုယ် စိုးရိမ်နေတာ။ သားသမီးတိုင်း မိဘကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတာပါပဲ။ ဒါပေမဲ့ မင်းက ပိုပြီးချစ်တတ်တယ်လို့ ကိုယ်ခံစားမိတယ်။ မင်းက တကယ့် သမီးကောင်းပဲ နှိုင်းမှီရဲ့"

"တို့ဘဝမှာ ပြေးကြည့်မှ မေမေနဲ့တို့ နှစ်ယောက်ပဲရှိတာ။ မေမေသာ ခုနက တစ်ခုခုဖြစ်သွားရင်ဆိုတဲ့အတွေး ခေါင်းထဲဝင်လာတာနဲ့ တို့ သေမတတ် ကြောက်တယ်။ တို့ဘဝက အမေနဲ့ ရပ်တည်နေရတာလေ ...

ဩော် ... ပြန်ရင် ပြန်တော့နော်။ မေမေလည်း စိတ်ချသွားရပြီဆိုတော့ ကို့ စိတ်အေးသွားပါပြီ။ ကူညီပေးတာတွေအတွက် တို့ မင်းကို သိပ်ကျေးဇူးတင်ပါတယ် မဟော်မင်းညို"

ရင်ထဲမှာရှိတဲ့ နှစ်နှစ်ကာကာ ခံစားချက်တချို့ကို သူ့အား ရင်ဖွင့်ဖြစ်သလို ဖြစ်သွားသောအခါ စိတ်ထဲတော့ နည်းနည်းပေါ့သွားသလိုတော့ ခံစားရလေသည်။ ဒါပေမဲ့လည်း မေမေ သတိမရသေးတဲ့အတွက် လူက နုံးချိပျော့ခွေချင်နေသည်။

"ကိုယ့်ကို ကျေးဇူးမတင်ပါနဲ့ကွာ။ ပြီးတော့ ကိုယ် မင်းအနားမှာ ရှိနေပါတယ်။ အရေးကြီးတာက နှိုင်းမှီ စိတ်တွေ သိပ်ပင်ပန်းနေတာကို ခဏလေးနားဖို့ပဲ။ ကိုယ် မင်း





အနားကနေ ဘယ်မှမသွားဘူး နှိုင်းမှီ။ အအေးလေး အရင်သောက်လိုက်ပါ။ ပေး ... ကိုယ်ဖောက်ပေးမယ်"

နှိုင်းမှီ လက်ထဲက Shark ဘူးလေးကို ပြန်ယူ ...ာ ဖောက်ခနဲဖောက်ရင်း လက်ထဲ ပြန်ထည့်ပေးသည်။ နှိုင်းမှီ ...က အအေးတစ်ငုံ သောက်လိုက်ပြီး သူ့ကို ငေးကြည့်မိသွားသည်။ ...ဟော်မင်းညိုက နှိုင်းမှီကို ကြင်နာရိပ်လွှမ်းတဲ့ မျက်ဝန်းတွေ ...ြင့်သာ ပြုံးလျက် ပြန်ကြည့်လေသည်။ စိတ်ထဲမှာ အားရှိသွား ...သလိုတော့ ခံစားမိတာ အမှန်ပဲဖြစ်သည်။ တစ်ခါမှ ပြီးပြည့်စုံ ...တယ်လို့ မထင်ဘူးသော ခံစားချက်မျိုးဟာ ဘာကြောင့် ရုတ်တ ...က် ရင်ထဲဝင်လာရပါသလဲ။ မေမေ့အနားမှာ စောင့်ပေးနေရချိန် ...က ဘေးကနေ တစ်ချိန်လုံး နှိုင်းမှီ လိုအပ်တာ လိုက်လုပ် ...ပေးလေသည်။

စိတ်တို့ ပင်ပန်းနေချိန်မှာ သူ ဘေးအနားရှိနေတာ ...ပဲ လုံခြုံနေသလို ခံစားမိတာကြောင့် နှိုင်းမှီက သူ့ကို ဘာ ...ပြောမသိ တဒင်္ဂတော့ တွယ်ငြိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ ... ဟင်းတွေက နည်းများနည်းနေသေးလား မသိ
ဘူး။ ဘာထည့်ရဦးမလဲဟင်"

မဟော်ရဲ့ ကဲကဲပိုပိုစံကို မေမေက ကြည့်မရဖြ
လာကာ မျက်စောင်းတစ်ချက်ကဲရင်း ...

"အမဟော်လေးဟယ် ... ငါ့သားတော့ သိပ်ကို စေတနာထ
ကောင်းနေပါကားဟေ့။ လူနာ ထမင်းချိုင့်သွားပို့တာတဲ့
ဆွမ်းချိုင့်သွားပို့မလား ထင်ရတယ်။ မင်း အမေ့ကို
လောက်အများကြီး ချက်ခိုင်းမှတော့ အဲဒီဆေးရုံတက်
တဲ့ လူနာက မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ ပြောစ
မှန်မှန်"

"အာ ... ဗျာ။ လူနာစောင့်နဲ့ သိတာပါ။ သားသူငယ်ချ
ရဲ့အမေ ချော်လဲပြီး ခြေထောက်အရွတ်ရောင်သွား
ဆေးရုံတက်ရတာပါ။ သူတို့က သားအမိနှစ်ယောက်တည





မို့ သားက ကူညီတာပါ မေမေရ။ အရင် ကိုသော်ကြီး
ဆေးရုံတက်တုံးကလည်း သား ထမင်းချိုင့် ပို့တာပဲဟာ"

သူက အရှက်ပြေ ဖာထေးပြောလိုက်လျှင် မေမေက
သူကို ချစ်စနိုးဖြင့် ခေါင်းအသာထုလိုက်ကာ ...

"ဘာအခုမှ ဟိုအကြောင်းပြ ဒီအကြောင်းပြ လုပ်မနေနဲ့။
မင်းဦးလေးက ငါ့ကို ဖုန်းဆက်ပြောပြီးသား၊ မဟော်
အရမ်းကို ဂရုစိုက်ပေးပါလို့ မှာထားတဲ့ ပေးရှန့်လ်မို့
သူက စိတ်ဝင်စားနေတယ်တဲ့လေ"

"ဟား ... လေးလေးတို့ကတော့ ဖော်ကောင်လုပ်ပြီ။ မယုံနဲ့
မေမေ။ အဲဒါသားသူငယ်ချင်းပါ။ သူ့အမေအတွက် အရမ်း
စိတ်ပူနေလို့ သားက ဂရုစိုက်ပေးတဲ့ သဘောပါ မေမေရ"

"အင်း ... ဟုတ်ပါပြီ။ သားနော် ... မေမေ့သား အိမ်ထောင်
ပြုဖို့ စောသေးတယ်နော်။ မင်းကို အိမ်က မိဘတွေပေး
ထားတဲ့ ယုံကြည်မှုကို ဘယ်တော့မှ မဖျက်ဆီးလိုက်နဲ့။
သားက လူချော၊ လူငယ်မို့ Girlfriend ဘာညာရှိတာ
မေမေ ဘာမှမှတ်ချက်မချဘူး။ အေး ... ဒါပေမဲ့ ကိုယ်
အိမ်ထောင်ပြုတဲ့အခါ ကိုယ့်အတိတ်က ကိုယ့်ကို အမည်း
စက်မဖြစ်ဖို့ သား ထိန်းသိမ်းရမယ်။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတမ်းတွေဟာ သူ လှုပ်ပိုပေါက်ဘဝကတည်းက ဖေဖေကော မေမေကော ခြွေနေကျ ဒိုင်တွေပဲဖြစ်သည်။ သူ့ကို လွတ်လပ်ခွင့် အပြည့်ပေးထားကာ အလွန်ပျော်သော လူငယ်တစ်ယောက်အဖြစ် နေခွင့်ပေးကာ အပျော်လွန်သောလူငယ် မဖြစ်အောင်လို့ အမြဲထိန်း ဆုံးမကြသည်။ သူကလည်း လိမ္မာသော သားအဖြစ်နေကာ ယုံကြည်မှုကို အလွဲသုံးစား မလုပ်ခဲ့ချေ။

မဟော်က ဆုံးမတာကို နာခံစွာ ဟုတ်ဆိုပြီး ခေါင်းလေးညိတ်ပြကာ မေမေ့ပခုံးကို ဖက်ကာ ချွဲလိုက်ရင်း ...

"စိတ်ချပါ မေမေရယ်။ သားက ဘယ်တုန်းက မလိမ္မာဘူး ရှိခဲ့လို့လဲလို့။ ဒီလောက်လိမ္မာတာ"

"ဟုတ်ပါတယ်တော်။ ကဲ ... မေမေ့သားအလိမ္မာလေး အဲဒါဆို ချိုင့်သွားပို့တော့လေ။ ကားကကျပ်နဲ့၊ တော်ကြာ ထမင်းစားချိန် နောက်ကျနေဦးမယ်။ ဒါ မေမေကိုယ်တိုင် ချက်ထားတာလို့ သားသူငယ်ချင်းကို ကြွားလိုက်နော်"

"yes ... မာမီ။ ဒါတော့ စိတ်ချ။ အဲဒါဆို သား သွားမယ်နော်။ တာ့တာ"

မဟော်က မေမေ့ကို နှုတ်ဆက်ရင်း ထမင်းချိုင့်ဆွဲကာ နှိုင်းမမှီဆီ ထွက်လာခဲ့တော့သည်။ သူ့အနေနဲ့ နှိုင်းမမှီကို





ရစိုက်ပေးရမယ့် ဝတ္တရားရှိလေသည်။ သိပ်ကို မာကျောတယ်လို့ ဆင်ရသော စိတ်ဝင်စားစရာ တစ်မျိုးကောင်းတဲ့ နှိုင်းမမှီကို ပျော့ညံ့အားငယ်စေတဲ့ စိတ်အခံဟာ ဘာကြောင့်ဆိုတာကိုလည်း သူက တပ်မံစိတ်ဝင်စားလေသည်။

အဲဒါကြောင့်ပဲ သူဟာ နှိုင်းမမှီဆီ ထမင်းချိုင့်သွားပို့လျှင်တော့ သူ့ကိုမြင်လျှင် အံ့သြသွားသော မျက်နှာဖြင့် အရင်ငေးကြည့်ပြီးမှ ...

"ဒီကို ဘာလို့လာတာလဲ"

နှိုင်းမမှီ မေးတဲ့အသံက ဒီနေ့ သူလာလိမ့်မယ်လို့ ဆင်ထားပုံ မရတာကြောင့် အံ့သြသွားစွာ မေးလိုက်တာဖြစ်သည်။ မဟော်က လက်ထဲကချိုင့်ကို မ,ပြရင်းက ...

"လူနာစောင့်က အားပိုရှိရမယ်မှလား။ ထမင်းချိုင့်လာပို့တာ။ အန်တီ သက်သာရဲ့လားခင်ဗျ"

"သက်သာပါတယ်ကွယ်။ အန်တီတို့ သားအမိကို အခုလိုမျိုး ကူညီပေးတာကိုပဲ သားကို ကျေးဇူးတင်လှပါပြီ"

"ရပါတယ် အန်တီရယ်။ ကိစ္စမရှိပါဘူး။ အန်တီ ထမင်းစားရအောင်လေ။ ကျွန်တော် အိမ်ကနေ ဖွယ်ဖွယ်ရာရာလေးဖြစ်အောင် စီစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဟော်က သူကိုယ်တိုင်ပဲ ဦးဆောင်ကာ ထမင်းချိုင့်ဖွင့်ကာ ခူးခပ်ထည့်ပေးလေသည်။ သူ့ရဲ့စေတနာပါတဲ့အပြုအမူတွေကြောင့် ထင်သည်။ နှိုင်းမမိုက သူ့ကို နူးညံ့လာတယ်လို့ ခံစားရလေသည်။

"ကျေးဇူးတင်ပါတယ် မဟော်မင်းညို၊ တို့တို့ ဒီလောက်ထိ စေတနာပါပါ ကူညီပေးနေတာကို သိပ်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးကွာ။ ကိုယ့်တာဝန်ပဲဟာ။ ကဲ... စား။ အန်တီ စားကောင်းရဲ့လားခင်ဗျာ"

"ကောင်းတယ် သား။ ကျေးဇူးတင်ပါတယ်ကွယ်"

မဟော်က ပီတိကိုသာ ခံယူရင်း ကျေနပ်နေလေသည်။ သူက ပြန်တော့မယ်လုပ်တော့ နှိုင်းမမိုက ကားပါကင်အထိ ပြန်လိုက်ပို့ပေးဖို့ ပြင်တာကြောင့် မဟော်က လက်သင့်ခံကာ အန်တီ့ကို နှုတ်ဆက်ရသည်။

"အန်တီ ... ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျ။ မနက်ဖြန်ဆေးရုံက ဆင်းလို့ရပြီဆိုတော့ ကျွန်တော် မနက်ဖြန်မနက်မှ စောစော တစ်ခေါက်ထပ်လာခဲ့ပါမယ်"





"ရပါတယ် မဟော်မင်းညို။ အလုပ်ပိုနေပါ့မယ်။ တို့ဘာသာလည်း အိမ်ပြန်လို့ ရတာပဲ။ ပြီးတော့ ဒီမှာ ထွေးထွေးလည်း ရှိတာပဲ။ တို့အတွက် အဖော်ရှိပါတယ်။ မေမေ့ကိစ္စနဲ့ မင်းတာဝန်တွေ ပိုနေပါပြီ"

"အာ ... ရပါတယ်ကွာ။ ကဲ ... အန်တီ ... ကျွန်တော် ပြန်ဦးမယ်ဗျ"

"အေး ... အေး ... သား ဖြည်းဖြည်းသွားနော်"

မဟော်က အန်တီ့ကို နှုတ်ဆက်ပြီးနောက် နှိုင်းမမိုနဲ့အတူ ပြန်ထွက်လာခဲ့သည်။

"အစစအရာရာအတွက် တို့ တကယ် ကျေးဇူးတင်တယ် မဟော်မင်းညို၊ မင်းသာ မကူညီခဲ့ဘူးဆို တို့ ရပ်တည်နိုင်မယ် မထင်ဘူး"

"နှိုင်းမမို ... ဒါက မင်းရဲ့ character အစစ်အမှန်မဟုတ်ဘူး။ မင်းက မာကြွပ်ကြွပ်လေးနဲ့ အမြဲတမ်း ကိုယ့်ကိုယ်ကိုယ် confidence အပြည့်ရှိတဲ့ မိန်းကလေးမျိုးပါ။ ဘာလို့ ကိုယ့်ကို တကူးတက ကျေးဇူးတွေ တင်နေရတာလဲ။ ကိုယ့်ဘက်က တကူးတက ကူညီပေးရတယ် ဆိုတာကြီး မရှိပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



မဟော်နဲ့ သူမက စကားပြောရင်း လမ်းလျှောက်လာကာ ကားပါခ်ရောက်တဲ့တိုင် စကားစက မပြတ်သေးပေ။

"တို့အတွက် အဲဒီလို သတ္တိတွေရှိအောင် တို့ဘာသာမွေးမြူခဲ့ရတာလေ။ တို့ ဘယ်လောက်ပဲ မာကျောနေပါစေ၊ မေမေ့ကိစ္စမှာတော့ တို့ပျော့ညံ့တယ်။ အဲဒါ တို့ရဲ့အားနည်းချက်။ တို့ အားအင်တွေ မရှိတော့တဲ့ အချိန်မှာ ဘေးနားက ရပ်တည်ပေးတဲ့ မင်းရှိနေတာကိုက တို့အတွက် ခွန်အားပါပဲ"

နှိုင်းမမီရဲ့ မျက်ဝန်းထဲက နူးညံ့မှုတချို့ကို တွေ့လိုက်ရတာကြောင့် သူ အံ့အားသင့်သွားရလေသည်။ သူ့အပေါ်ထားရှိတဲ့ နှိုင်းမမီရဲ့ ဆက်ဆံရေးဟာ အများကြီး နွေးထွေးလာတယ်လို့ သူ ထင်လေသည်။ မဟော်က comment တစ်စုံတစ်ရာမပေးတော့ဘဲ နှိုင်းမမီကို နှုတ်ဆက်ထွက်လာခဲ့သည်။

သူက ကားမောင်းလာရင်းကမှ နှိုင်းမမီရဲ့စိတ်ဝင်စားဖွယ် အကြောင်းအရာကို တွေးနေမိသည်။ နှိုင်းမမီဟာ သာမန်ထက်ပိုတဲ့ စိတ်ခံစားချက် တစ်စုံတစ်ရာတော့ ရှိလိမ့်မည်ဟု သူ ကောက်ချက်ချမိလေသည်။ မဟော်က တွေးနေရင်းကမှ ဖုန်းလာတာမို့ ကားက speaker ကိုဖွင့်လိုက်ကာ ဖုန်းပြန်ထူးလိုက်သည်။





"ဟယ်လို"

"အေး ... သားကြီးရေ။ အရေးကြီး ပြောစရာရှိလို့ဟေ့။ မင်းဆော်နဲ့ နောက်ထပ်ဘဲတစ်ဖွဲ့ တွဲလာတာကို ငါတို့ မြင်တယ်။ အခု တော်ဝင်စင်တာမှာ။ ဟော့ကောင် ... သမုခင်က အမ်းနေတာနော်။ ဟိုဘဲကို ဝယ်ပေးနေတာ မနည်းဘူး။ မင်း လာခဲ့ ဟော့ကောင်"

"ဘာ"

မဟော်ရဲ့ဘာသံက နည်းနည်းတော့ ကျယ်သွားလေသည်။ လုံးဝထင်မထားတဲ့ သတင်းစကားတစ်ခုကြောင့် သူ့ရဲ့ အာရုံတွေ နည်းနည်းလွတ်သွားတာဖြစ်သည်။

"ဟော့ကောင် ... သေချာလို့လား ဖိုးညဏ်ရာ"

"အာ ... sure ။ ငါတင်မကဘူး အောင်ဆုပါ မြင်တယ်။ မင်းသာ အားတယ်ဆို ရောက်တဲ့နေရာက လာခဲ့။ မင်း ခုဘယ်မှာလဲ"

"Ok ... ငါက on the way ။ လာနေပြီ။ ဟော့ကောင် ... မျက်ခြည်မပြတ်စေနဲ့။ ငါ အခု အလုံလမ်း ရောက်နေပြီ။ မကြာဘူး ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးညဏ်က ဖုန်းချသွားပေမယ့် သူ့ရင်ထဲတော့ လုံးဝဂုယက်ရိုက်သွားရသည်။ သမှ ဘဲတစ်ဖွေကို အမ်းနေတယ် ဆိုတဲ့ စကားလုံးကတော့ သူ့ကို အခြေခံဆုံးပဲဖြစ်သည်။ သိထား ရသလောက် သမှဟာ တော်ရဲ့ အကပ်ခံတဲ့သူ မဟုတ်ပေ။ သူ့ ကိုတောင် တစ်စုံတစ်ရာ ရှိမယ်လို့ ယူဆရတဲ့ ဝှက်ဖဲတစ်ချပ် ကြောင့် ပတ်သက်နေတာမျိုး ဖြစ်လေသည်၊ သမှမှာ သူ မသိနိုင် တဲ့ ဘဲများ ရှိနေလို့လား။

အတွေးတွေ ရှုပ်ထွေးကုန်ကာ မပော်က တော်ဝင် စင်တာကို အမြန်ဆုံးရောက်ဖို့ကိုပဲ လီဗာကိုဖိနင်းပစ်လေသည်။





## (၁၃)

သမှက ညီသူနဲ့အတူ Shopping ထွက်ကာ သူ့ အတွက် လိုတာဝယ်ပေးရတဲ့ စပွန်ဆာမှုမဘာဝ ရောက်ရလေသည်။ အခက ရည်ရွယ်ချက်က သူ American Centre မှာ သင်တန်း ခေမ်းဖို့ရယ်နဲ့ Library card လုပ်ဖို့ရယ်ပဲရှိသည်။ အဲဒီကနေ ခိုက်ဆာတယ် ဆိုရင်းက တော်ဝင်ထဲ ရောက်လာကာ ကိုရီးယား အ ဝင်စားရင်း ဒင်းက သင်တန်းတက်ရင်း အလန်းဇယားဖြစ်ဖို့ အဝတ်အစားတွေ ရွေးပေးပါဆိုပြီး အပေါ်ထပ် ဟိုပတ်ဒီပတ် လှုပ်ရင်းက သူ့ပိုက်ဆံ မလောက်တော့တာမို့ သမှက သူဝယ် အရှ ဒိုင်ခံရှင်းရသူကြီးဖြစ်လို့ သွားလေသည်။

"ဟဲ့ ... နင် ဒီနှစ်ထဲမှာ ဝယ်လို့ပြီးဦးမှာလား။ ငါစိတ်မ ရှည်တော့ဘူးနော်။ ပဲများလိုက်တာဟယ်။ ငါ့ပိုက်ဆံတွေ ကုန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... စကားများလိုက်တာ။ သူများကြားရင်ပဲ အင်း ကပဲ ဝယ်ပေးနေတယ် ဖြစ်ဦးမယ်။ ပြီးရင် မာမီ့ဆီက အစ်မ ပြန်တောင်းတော့မှာလေ။ ကျွန်တော်က အစ်မဆီက ချေးပြီးဝယ်တာ"

သူ့ကို ကက်ကက်လန် ပြန်ရန်တွေ့တာမို့ သမုက ကြည့်လို့မရစွာ သူ့လက်မောင်းကို ဖြန်းခနဲ တစ်ချက်ရိုက်ပေး လိုက်လျှင် ညီသူက ရှုပွပွဖြင့်ကြည့်ကာ ...

"အား ... နာတယ်ဗျ။ အစ်မဟာလေ ကျွန်တော့်ကိုရို နိုင်မယ်ဆိုတာချည်းပဲနော်။ မာမီနဲ့တိုင်မယ်"

"တိုင် ... ငါကလည်း အန်တီလေးကို နင် ရည်းစားထား တဲ့အကြောင်း တိုင်ပစ်လိုက်မှာပေါ့။ ဟင်း ... ဟင်း ... နင့်ကို ငါ့ပိုက်ဆံစိုက်ပြီး ဝယ်ပေးထားတယ် ဆိုတာက လည်း ငါ့မောင်လေးကို သနားလို့နော်။ နင် ငါ့ကို ဆက် ဆံတာ အချိုးမပြေလို့ကတော့ တိုင်ပြီးသားပဲ"

သမုက သမုရဲ့ cousin တွေနဲ့ဆို အဲဒီလိုပဲ နောက် ဟယ် ပြောင်ဟယ် လုပ်နေကြဖြစ်သည်။ ညီသူ့ နိုင်ကွက်ကို နင်းလိုက်တာနဲ့ သကောင့်သားက သမုကို ပခုံးလှမ်းဖက်ကာ မျက်နှာချိုသွေးရင်း လျှောချလေသည်။





"အဟဲ ဟဲ ... ဒီလို မလုပ်ကြေးလေဗျာ။ ချစ်မကလည်း... peace ။ သူ့ပိုက်ဆံလေး တစ်ခါလောက် စိုက်ပေးရတာ လေးကို ငြိုငြင်နေတယ်။ အစ်မကို ဟိုတစ်ခါ အန်ကယ် မုန့်ဖိုးဖြတ်တော့ ကျွန်တော့် Account ထဲကနေ အစ်မ ATM ထဲ ဖြည့်မပေးဘူးလား ပြော။ ကိုင်းကျွန်းမှီ ကျွန်း ကိုင်းမှီပေါ့ဟာ"

"အမယ်လေး ... ချေးထုပ်လေးရယ်။ နင်က အစလာဆွဲ ထုတ်နေတယ်။ ငါ မုန့်ဖိုးရတော့ နင့်ပြန်ဆပ်ရတာပဲဟာ။ နင် ငါ့မမှီရဘူး။ ငါကချည်း အမှီခံနေရတယ်။ ဒီနေ့တော့ နော် အန်တီလေးကို အိမ်ပြန်ရောက်တာနဲ့ နင် ပိုက်ဆံ တန်းတောင်းပေး ဒါပဲ"

"သမု"

သမုတို့ စကားကောင်းတုန်းမှာပင် အနောက်က သမုရဲ့နာမည်ခေါ်သံ ကြားတာကြောင့် လှည့်ကြည့်လိုက်လျှင် Surprise shock ရသွားသူက သမု ကိုယ်တိုင်ပင် ဖြစ်သည်။ ရေ ညှိစိမ်းရောင် အော်တာရှပ်လက်တိုနဲ့ skinney ဂျင်း ဝတ်ထားတဲ့ အမိုက်စားချွေမင်းသားက မဟော် ဖြစ်လို့နေတာကို ရေရေလည် လည် အံ့ဩရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟော် ... ဘယ်လာတာလဲ"

သမုက ခင်မင်စွာပဲ ပြန်နှုတ်ဆက်ပေမယ့် မဟော်ရဲ့ မျက်လုံး direction က သမုဘေးက ညီသူ့ဆီ ရောက်နေတယ် ဆိုတာ သတိထားမိတာကြောင့် သမုက ကံတရားကပေးတဲ့ ဖန်ဆင်းမှုကို အရမ်းကျေးဇူးတင်နေမိသွားသည်။ အဲဒီခွင်က လာမယ့် စနေကျောင်းတက်ရက်မှာ သမု ဆင်မယ့်ခွင် မဟုတ်လား။ သမုက စိတ်ထဲမှာ ကျေနပ်သွားကာ ညီသူ့ကိုတော့ တမင်ကို မိတ်မဆက်ပေးခဲ့ချေ။

"သမုတို့က shopping ထွက်လာတာလေ၊ မဟော် တစ်ယောက်တည်းပဲလား"

"ဟုတ်တယ်။ ကိုယ့်ဘော်ဒါတွေ ခေါ်လို့လာတာ။ သမု shopping ပြီးရင် ကိုယ် စကားပြောလို့ ရမလား"

ဟား ... မြတ်စွာဘုရား။ ကောင်းလုချည်လား။ သမုက ဖိုက်တာလုပ်ရဲတဲ့သတ္တိကိုတော့ ဖျားသွားရသည်။ သမုဘေးက သူဟာ ဘယ်သူဖြစ်ဖြစ် don't care အထာကတော့ အမိုက်စားပဲဖြစ်၏။ သမုက သူ့ရဲ့လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့ စိတ်ရဲ့ပြတင်းတံခါးဖြစ်တဲ့ မျက်လုံးတွေကို အကဲခတ်ရင်း question ပြန် out လိုက်တာဖြစ်သည်။





"အမ်း ... မဟော် ပြောစရာရှိလို့လား။ အခုပြောလည်း ရတယ်လေ"

"ပါဆင်နယ် ဖြစ်နေတယ်။ သမုနဲ့ ပြောမှဖြစ်မယ်"

သမုက ကိုယ့်ကို ဘောက်ဆတ်ဆတ် လေသံဖြင့် ပြောတဲ့လေသံကို ဒေါသမဖြစ်မိဘဲ ပြုံးစိစိလေး ဖြစ်မိသွားသည်။ သမုက ဟက်ခနဲ တစ်ချက်ရယ်၍ ညီသူ့ဘက် တစ်ချက်လှည့်ကြည့်ကာ အိတ်ထဲကလည်း ပိုက်ဆံတစ်ထပ်ထုတ်ကာ ...

"ညီသူ ... နင် Guy corner မှာ သွားဝယ်ဦးမယ်ဆို။ ရော့.., ကြိုက်တာ ဝယ်ထားနှင့်နော်။ ငါ့သူငယ်ချင်းနဲ့ စကားခဏ သွားပြောလိုက်ဦးမယ်"

"အင်း ... မြန်မြန်ပြန်လာနော်။ ခဏပဲ ရမယ်"

သမုက အရေးထဲမှာမှ အရစ်တက်နေသော ညီသူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်ကာ ညီသူ့လက်ထဲ ပိုက်ဆံစုတ်ထပ် ထည့်ပေးပြီးမှ မဟော်နဲ့အတူ သွားလိုက်သည်။

"လာလေ .. မဟော်"

မဟော်က ဘာစကားမှ မပြောဘဲ အောက်ထပ်ကို သမုနဲ့အတူ ဆင်းလာကာ chocalate ဆိုင်မှာထိုင်ကာ သမုအတွက် chocalate တွေ မှာပြီးတော့မှ သမုကို ပဲစောင်းစောင်း မျက်လုံးတွေဖြင့် ရိုးရင်းစကားစ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမု ... မင်း ကိုယ့်ကို ကစားနေတာလား"

ဗုဒ္ဓေါ ...။ သမုက ထင်မထားတဲ့စကား ကြားရတာနဲ့ မျက်လုံးတောင် ပြူးသွားရသည်။ သမုက သူ့ကို ကစားနေတာလားဆိုတဲ့ စကားအတွက် စိတ်ထဲမှာ တအံ့တသြကြီး ဖြစ်နေကာ ဘာပြန်ပြောရမှန်းလဲ မသိတော့။ ကိုယ့်ရဲ့မူလ ပင်မရည်ရွယ်ချက်တွေဟာ ဘာဆိုတာကိုလည်း သတိမမူ ဂရုမပြုမိဘဲ ရင်ထဲက လာတဲ့ စကားလုံးတွေသာ ပြောထွက်သွားလေသည်။

"ဘုရား ... သမု ရှင့်ကို ကစားဖူးပါဘူးနော်။ ရှင် လူမှားနေပြီထင်တယ်"

သမုက စိတ်ထဲရှိတဲ့အတိုင်း နောက်ရွတ်ရွတ်ပြောလိုက်တာက သူ့အတွက် ပို heart ထိစရာလေး ဖြစ်သွားတယ်လား မသိပေ။ ချစ်စရာကောင်းလှစွာသော အပြုအမူကို သူလုပ်ပြလိုက်လျှင် သမုက တကယ့်ကို ဟယ်ခနဲ ဖြစ်သွားလေသည်။ သူက သမုကို မျက်လုံးတစ်ချက် ဖွေကြည့်တာ အဲ မဟုတ်သေးဘူး ဘယ်လိုပြောရမလဲ။ မျက်စောင်းထိုးလိုက်တယ်ပဲ ဆိုတော့ ယောကျ်ားလေးတစ်ယောက် မျက်စောင်းထိုးတာမျိုးက ဘယ်လို အဆင်ပြေနိုင်မှာ မဟုတ်ပေ။ ဒါပေမဲ့ သူကတော့ ထူးပြီးတော့ ဆန်းလှစွာ သိပ်ကိုကြည့်လို့ကောင်းလှပေသည်။ သမုက သူ့ကို





စိတ်ထဲသဘောတကျ ရှိမိသွားတဲ့ ဖီလင်ကို ရင်ထဲတစ်မျိုးတော့ ဖြစ်မိသွားတာပဲဖြစ်သည်။

"သမု ... အဲဒီကောင်နဲ့ သမုက ဘယ်လိုပတ်သက်တာလဲ။ မင်းကို အဲဒီလို တခြားတစ်ယောက်နဲ့ တွဲတွေ့လိုက်ရတဲ့ အချိန်မှာ ကိုယ်ဘယ်လောက်ထိ ဒေါသကို ထိန်းချုပ်ထားရလဲဆိုတာ မင်း သိသလား။ ကိုယ်က လူရမ်းကားမဟုတ်ပါဘူး သမု။ အေး ... ဒါပေမဲ့ အခုတော့ ကိုယ့်ဒေါသတွေကို ဖွတ်ဖိနှိပ်ထားနေရတယ်။ အဲဒါ သမုဘဲလား"

"ရှင်က ဘာဖြစ်လို့ ဒီလောက်ထိ ဖွတ်မေးနေရတာလဲ"

သမုက သူ့ဆီက ထွက်ကျလာမယ့် တစ်ခုခုကို အားထောင်ချင်တာမို့ မေးလိုက်တာဖြစ်သည်။ မဟော်က အဲဒီ မေးခွန်းကို ပြန်ဖြေဖို့အတွက် သမုရဲ့မျက်ဝန်းတွေကို စူးစူးရှရှ ငိုက်ကြည့်လေသည်။ ပြီးတော့မှ တိုးဖျော့ဖျော့လေသံဖြင့် ...

"အဲဒါတော့ ကိုယ်လည်း ကိုယ့်ဘာသာ ပြန်မေးမိတဲ့မေးခွန်းပါပဲ သမု။ မင်းနဲ့ တခြားတစ်ယောက် တွဲတာကို ကိုယ်ဘာလို့ ဒေါသကြီးနေမိတာလဲ ဆိုတော့ ရှင်းရှင်းလေးနဲ့ ရိုးရိုးလေးပဲ။ ဖြစ်နိုင်တာ တစ်ခုပဲရှိတယ်။ ကိုယ်က မင်းအနားမှာပဲ ရှိချင်နေလို့၊ မင်းကို ချစ်လို့ပဲ သမု"



www.burmeseclassic.com

www.burmeseclassic.com



သမု အတွက် စိတ်လှုပ်ရှားမှု အတက်အကျအရှိန်မြန်လွန်းတဲ့ စကားလုံး ဖြစ်တာကြောင့် သမုက သူ့ကိုမျက်လုံးအဝိုင်းသားဖြင့် ငေးကြည့်နေခဲ့သည်။

"အဲဒီအတွက် ကိုယ် တကယ်အံ့ဩမိတယ်။ မင်းကိုကိုယ့်စိတ်ထဲမှာ အဲဒီလောက်အထိ အမှတ်ထင် စွဲနေမယ်လို့ ကိုယ်မထင်ခဲ့ဘူး။ တကယ်ပဲ ကိုယ် မင်းကိုချစ်နေပါပြီ သမု။ မင်းကို ကိုယ်ချစ်နေပြီ"

"ဟင်း ... ဒါ ဒုတိယအကြိမ်မြောက် ရည်းစားစကားပြောတာလား"

သမုက သူ့စကားကို အမှတ်မထားသလို ပုံစံလေးဖြင့် ပြောလိုက်လျှင် မပော်က သမုကို ခေါင်းတစ်ချက် ဆတ်ပြီကာ ...

"ဟုတ်လိမ့်မယ်။ ဒါပေမဲ့ ဒီစကားကတော့ ကိုယ့်ရဲ့ရင်ထဲကလာတဲ့ စကားပါ။ ကိုယ် ရည်းစားတွေ ထားခဲ့ဖူးတယ်။ ဒါပေမဲ့ ဒီလောက် စိတ်တွေ မလွတ်သွားဘူး။ မင်းနဲ့ မင်းကောင်ကို ကိုယ်တွေ့လိုက်ရတဲ့ အချိန်မှာတော့ ကိုယ်တကယ်ပေါက်ကွဲသွားတယ် သမု။ ဒါဟာ ကိုယ့်ရဲ့ first feeling ပဲ။ ဘယ်သူ့ကိုမှ အဲဒီလောက် မခံစားမိခဲ့ဘူးတာ မှန်သောစကားပါ"





မျက်ဝန်းတွေကနေ သမုက သူပြောတဲ့ မှန်သောစကားကို ယုံကြည်မိသလို ဖြစ်သွားရသည်။ သမု စိတ်ထဲမှာလည်း အဲဒါဟာ သူ တကယ်ကြီး ပြောနေတယ်လို့ သမု အရမ်းအရမ်းကြီး ယုံကြည်ခံစားမိလေသည်။

"သမု ... အဲဒီကောင်က သမုရည်းစားလားဟင်"

တုန်တုန်ယင်ယင် မေးလာတဲ့ အဲဒီမေးခွန်းအတွက် သမုက အမှန်အတိုင်း ဝန်ခံလေသည်။

"တလွဲတွေ လျှောက်တွေးမနေပါနဲ့ မပော်ရယ်။ အဲဒါ သမုရဲ့ first cousin ပါ။ သမုက တစ်ဦးတည်းသော သမီးလေ။ အဲဒါကြောင့် သမုက မောင်နှမ အရမ်းမက်တာ။ အဲဒါ သမုမောင် ဝမ်းကွဲလေး၊ နာမည်က ညီသူဘုန်းတဲ့။ သူတို့နဲ့ သမုက ကလေးဘဝကတည်းက အဲလိုပဲ လုံးလားထွေးလားနဲ့ တအားရင်းနှီးကြတာလေ။ အဲဒါကို ရှင်က သမုကို တစ်မျိုးထင်သွားတယ်ပေါ့"

ဒီတော့မှ သူ့မျက်နှာက ရယ်ရယ်ပြုံးပြုံး မျက်နှာအနေအထား ဖြစ်သွားကာ ...

"ဟာ့ ... အခုမှပဲ အလုံးကြီးကျသွားတော့တယ် သမုရယ်။ ကိုယ့်အဖြစ်က ယောက်ဖကို ရည်းစားထင်မိသွားတာကို။ ဆောရီး ... ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သမုက မျက်စောင်းနနတစ်ချက် ထိုးလိုက်ရင်း ...

"အမယ် ... စကားပြောတာ ကြီးကျယ်တင်စီး။ ဘာ ယောက်ပလဲ"

"အဟဲ ... ဟဲ ... ဆောတီး။ ကိုယ် စကားပြော လော သွားတာ။ ဒါပေမဲ့ ကိုယ် သမုကို ချစ်နေပြီဆိုတာ သိပ် သေချာသွားပြီ။ အရင်တုန်းက ကိုယ်တို့နှစ်ယောက်ကြား မှာ ဘာပြဿနာတွေပဲ ရှိနေ ရှိနေ အဲဒါတွေက အခု အရေးမကြီးတော့ဘူး။ ဘာအာဃာတ၊ ဘာအငြိုးတရားမှ မပါတဲ့၊ ကင်းတဲ့ အချစ်မျိုးနဲ့ ကိုယ် သမုကို ချစ်မိပြီဆို တာ တကယ် သေချာသွားပြီ သမု"

သမု ရင်ထဲက အလင်းတရားလေးတစ်ခုဟာ မှိတ်လီ မှိတ်လုံကလေးကနေ ထိန်ထိန်ငြိးသွားအောင် လင်းချင်းတောက်ပ လို့နေလေသည်။ မဟော်ရဲ့စိတ်ထဲမှာရှိတဲ့ အမုန်တရား တစ်ခုကို လည်း သမု မြင်ရခဲ့ပြီ။ သမုနဲ့ သူ့ရဲ့တွေ့ဆုံခဲ့မှုတွေမှာ ဒေါသ ဖြစ်စရာတွေပါနေခဲ့ အငြိုးတွေရှိနေခဲ့သော်လည်း အခုချိန်မှာ သမု အဲဒါတွေကို စိတ်ထဲလည်း ရှိမနေတော့ပေ။ ဖြူစင်ရိုးသား တဲ့ ချစ်ခြင်းတစ်ခုကို လက်ဝယ်ပိုင်ဆိုင်ချင်သူ တစ်ဦးအနေဖြင့် သမု စိတ်ရှင်းချင်သည်။





"မဟော် ... ရှင် သမုကြောင့် နာကျင်အရှက်ရခဲ့တာကို သမုကို စိတ်မဆိုးဘူးလားဟင်"

သမု မေးခွန်းကြောင့် သမုကို သူက ခပ်စူးစူးစိုက် ကြည့်ပြီးမှ ခေါင်းတစ်ချက်ဆတ်ပြသည်။

"may be ။ ကိုယ် သမုကို ဒေါသထွက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ခဏလေးပဲ။ သမုကို စိတ်ဝင်စားလာခဲ့တယ်။ အဲဒီလောက်အထိ ကိုယ် သာမန်ပါပဲ။ ဒါပေမဲ့ အခုမြင် လိုက်ရတဲ့ မြင်ကွင်းမှာ ကိုယ်ဖြစ်သွားတဲ့ စိတ်နဲ့တင် မင်းအပေါ် ကိုယ်မသိလိုက်တဲ့ စိတ်ခံစားချက်တွေ ရှိနေ ပြီဆိုတာ သေချာသွားပြီ သမု"

သမု အရမ်းကို ယုံကြည်မိပါသည်။ စိတ်ထဲမှာ သူ့ကို ချေချင်တဲ့ အငြိုးတရားလည်း ရင်ထဲမှာ ရှင်းလို့သွားလေ သည်။

သမုလည်း သူ့ကို တစ်မျိုးမည်သော ခံစားချက်တွေ ရှိနေခဲ့တာပဲ မဟုတ်လား။

"သမု ... တစ်ခုခု ပြန်မပြောတော့ဘူးလား။ ကိုယ့်ကို စိတ်ဆိုးသွားတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ အဖြေတောင်းထားတာကို သမုဘက်ကလည်း အချိန်အထိုက်အလျောက်တော့ ဆွဲထားခဲ့ပြီးပြီ။ ပြီးတော့ နှိုင်းမှီ့ကလည်း သမုကို ခံစားရတဲ့အတိုင်း အဖြေပေးဖို့ idea တွေပေးခဲ့ပြီးသားပဲ။ အဲဒီတွန်းအားပေါင်းများစွာနဲ့ သမုက သူ့ကိုယုံကြည်အဖြေပေးမိလေသည်။

"စိတ်မဆိုးပါဘူး။ သမု အဖြေထုတ်ကြည့်နေတာပါ။ အခုတော့ အဖြေထွက်သွားပြီ"

မဟော့် မျက်လုံးအရောင်တွေက အရည်လဲ့လာကာ စိတ်လှုပ်ရှားဟန်တွေမှန်း သိသာစေသော မျက်နှာပေးဖြင့် သမုဆီက တစ်စုံတစ်ရာကို ဆိုင်းငံ့နေလေသည်။ သမုကလည်း အဲဒီအမူအရာလေးကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိသည်။

"သမု ... ပြောလေ။ ဘာ ... ဘာလဲဟင်"

သမုက သူ့ကိုမပြောခင် အရင်ဆုံးထဖို့ စိုင်းပြင်းကာ မတ်တတ်ထရပ်လိုက်ပြီးမှ သူ နားလည်မည့်စကားလုံးကို ရွေးချယ်ပြောကာ ဆိုင်ထဲက ပြေးထွက်လာခဲ့တော့။

"ရှင့်ခံစားချက်တွေကို သမုက ပစ်ပယ်မထားတတ်ပါဘူး။ အခုတော့ သမု ပြန်တော့မယ်"





သမုက အဖြေပေးလိုက်ပြီမို့ စိတ်လက်ပေါ့ပါးပျော်ရွှင်စွာ အပြေးထွက်လာခဲ့သည်။ ပြီးတော့ သမုရဲ့ တိုးတိုးဖော် အချစ်ရဆုံး သူငယ်ချင်း နှိုင်းမှီ့ကို ပြောပြချင်စိတ်တွေက တားမရ ဆီးမရ ဖြစ်လာတာမို့ အမြန်ဆုံး ဖုန်းခေါ်လိုက်လေလျှင် အမျိုးသမီးက ပြန်လည်ပြောကြားလေသည်။


"လူကြီးမင်း ခေါ်ဆိုသောဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com





လူတွေဟာ ရထားတဲ့ ဘဝပိုင်ဆိုင်မှုပေါ် မူတည်ပြီး
သူတို့ရဲ့စိတ်တွေက ပြောင်းလဲသွားတတ်တယ်။
အမြဲစိတ်ချမ်းသာနေတဲ့သူဟာ
ဘယ်တော့မှ ငိုမှာမဟုတ်သလို
အမြဲငိုနေတဲ့ သူကလည်းက
ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး။

❦ ○ ❦





## ၁၄

မဟော်က လေလေးတချွန်ချွန်ဖြင့် ကားဖုန်သုတ်သန့်ရှင်းရေး လုပ်နေတာဖြစ်သည်။ သူ့အတွက်ကတော့ ဘယ်လိုကားပုံမျိုးနဲ့ ခိုင်းနှိုင်းရမလဲ။ စုတ်ကော လာဘ်ကော ဝင်တယ်ဲ ပြောရမှာဖြစ်သည်။ သူ့ဖားသားကြီးက သဘောတွေ အကောင်းလွန် အလွန်ကောင်းနေကာ သူ့ရဲ့ကားကို ရောင်းပေးပြီး သူ သဘောတွေ အလွန်ကျနေတဲ့ BMW X5 ကို ဝယ်ပေးလေ၏။ ဒီကားအသစ်ကြီးနဲ့ သူ့ရဲ့ချစ်သူ အသစ်စက်စက်လေး သမုကို ခုန်းဆက်ချိန်းကာ လျှောက်သွားဖို့ တွေးထားလိုက်သည်။

တစ်ခါတစ်ရံတော့လည်း လူ့စိတ်ဆိုတာ အဆန်းကြယ်သားပင်၊ သူကိုယ်တိုင်တောင် သူ့စိတ်ရဲ့ changing တွေကို အံ့ဩရလေသည်။ အစကတော့ သူကိုယ်တိုင် နှိုင်းမမှီကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားတယ်လို့ စိတ်ကူးထင်မှတ်ထားခဲ့တာဖြစ်သည်။ ဒါပေမဲ့ သမုကိုလည်း သူ စိတ်ဝင်စားခဲ့တာဖြစ်သည်။ တစ်မြန်နေ့ကသမု ကို ဘဲစာစ်ဖွေနဲ့ မြင်လိုက်ရလို့ ပွက်ပွက်ဆူ ဖြစ်သွားတဲ့ သူ့စိတ် တွေမှာတင် သမုကို အကြီးအကျယ် ကြွေခဲ့ပြီဆိုတာ သူသိလိုက် ပြီဖြစ်၏။

သူချစ်တဲ့ ချစ်သူကို အဆုံးရှုံး မခံနိုင်တာဟာ ယောကျ်ားတစ်ယောက်ရဲ့လောဘလို့ သူက ယူဆလေသည်။ သူ ချစ်တဲ့ သမုက သူ့ကို ပြန်ချစ်လေသောအခါ ချစ်သူဆိုတဲ့ တော် စပ်မှုထဲ သူတို့ရောက်လာခဲ့ကြပြီဖြစ်သည်။ အဲဒီ feel ကို သူက တော့ သိပ်ကြိုက်လေ၏။

"အစ်ကိုလေး ... ဖုန်းမြည်နေတယ်"

မဟော်က သူ့ရဲ့အသံမြည်နေတဲ့ Note II လေးကို ထွေးထွေးလက်ထဲက လှမ်းယူလိုက်ကာ ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"မဟော်မင်းညို ... တို့ပါ နှိုင်းမမို"

မဟော်က နှိုင်းမမိုဆို၍ ဖုန်းနံပါတ်ကို ပြန်ကြည့် လိုက်သည်။ နှိုင်းမမိုရဲ့ဖုန်း မဟုတ်တာကြောင့် သူက နံပါတ် တစ်ချက် ပြန်ကြည့်ရင်းက ...





"အင်း ... ပြော နှိုင်းမမို။ ဖုန်းနံပါတ် အသစ်ပါလား။ အန်တီကော နေကောင်းလား"

"အင်း ... တော်တော်ကြီး ကောင်းသွားပါပြီ။ ဒီနံပါတ် က တို့ ခဏကိုင်တာ။ မနေ့က တို့ မြို့ထဲသွားရင်း Taxi ပေါ်မှာ တို့ ဖုန်းကျန်ခဲ့လို့လေ။ အဲဒါ ဖုန်းက လောလော ဆယ် ဆက်သွယ်လို့ မရသေးဘူး။ အဲဒါ ဒီနံပါတ် လှမ်း မေးတာ။ ပြီးတော့ ဒီနေ့ တွေ့ရအောင်လေ"

"အင်း ... ရပါတယ်၊ ဘယ်မှာ တွေ့မလဲ။ ကိစ္စရှိလို့လား"

"အမယ်လေး ... မေးခွန်းကြီးကလည်း စိမ်းကားပြတ်သား လိုက်တာ"

မဟော်က သူ့စကား နည်းနည်းဖောင်းလ်သွားတာ အားနာသွားကာ နှိုင်းမမိုကို ပြန်ချော့ရသည်။

"ဆောရီးပါ နှိုင်းမမိုရယ်။ ကိစ္စရှိမှ တွေ့ရအောင်လို့ ဆို လိုချင်တာ မဟုတ်ပါဘူး။ ကိုယ် ဒီလိုပဲ ပြောမိသွားတာ။ တွေ့မယ်လေ ... ကိုယ် ဘယ်လာခဲ့ရမလဲ"

"အမ်း ... တို့အိမ်ကို လာကြိုပေးမလား။ ပြီးမှ တစ်နေရာ ရာ သွားတာပေါ့။ တို့ ဒီနေ့ တစ်နေကုန် အိမ်မှာပဲ။ ကြိုက်တဲ့အချိန် လာလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဟော်က ညနေကျရင် သမုနဲ့သွားဖို့ ရည်ရွယ်ထားကြောင့် အခုပဲ ထွက်လာဖို့ စဉ်းစားလိုက်ကာ ...

"Ok ... ဒါဆို ကိုယ် အခုချက်ချင်း လာခဲ့လိုက်မယ်လေ။ အန်တီ့ကိုပါ ဝင်နှုတ်ဆက်ရတာပေါ့။ ကိုယ်လာခေါ်မယ်နော်"

"Ok ... See you"

နှိုင်းမမိုက ဖုန်းချသွားလျှင် သူကလည်း ကားသန့်ရှင်းရေးလုပ်တာကိုရပ်၍ အိမ်ထဲပြန်ဝင်ကာ ရေမိုးချိုး အဝတ်အစားလဲလိုက်သည်။ ရိုးရှင်းသောစတိုင်လ်ဖြစ်တဲ့ အနက်ကွက်စိပ်ဘော်ဒီဖစ်ရှပ်အင်္ကျီကို စတိုင်လ်ဘောင်းဘီဖစ်ဖြင့် တွဲဆင်ကာခေါင်းကြီးခါးပတ်တစ်ခုဖြင့် စတိုင်လ်တစ်ခုကို ဖမ်းချုပ်လိုက်သည်။ ပြီးတော့ သူဓာတ်ကျနေတဲ့ CK one ကိုဆွတ်ကာအောက်ပြန်ဆင်းလာခဲ့သည်။ ဒီအချိန် ဖေဖေကော မေမေကောကအလုပ်မှာမို့ မဟော်က အပြင်ထွက်တာ ဘယ်သူ့ကိုမှလဲ ခွင့်တောင်းဖို့ မလိုခဲ့ပေ။ မဟော်က အောက်ပြန်ဆင်းလာပြီးမှ တစ်ဆက်တည်း သမုနဲ့ပါ ဆက်တွေ့မှာ ဖြစ်တာကြောင့် သူ့ရဲ့လက်ဖွဲတော် canon ကင်မရာကြီးကို တစ်ခါပြန်ယူပြီး ကားပေါ်တင်ပြီးတော့မှ သမုဆီ ဖုန်းခေါ်လိုက်သည်။





"အင်း ... ပြော"

"သမု ... ညနေကျရင် ကိုယ်တို့ တွေ့ရအောင်လေ။ သမုအားတယ်မလား"

"အင်း ... တွေ့မယ်လေ။ ဘာအစီအစဉ်ရှိလို့လဲ မဟော်"

"Surprise လေကွာ။ ကိုယ့်ချစ်သူအတွက် special dayဖြစ်စေရမယ်"

"အလဲ့ ... ကြော်ငြာကတော့ အညွှန်းနဲ့တင် စိတ်ဝင်စားစရာပဲ။ အိုခေလေ။ အဲဒါဆို သုံးနာရီလောက် သမုအပြင်ထွက်လာခဲ့မယ်။ ထွက်လာပြီဆို ဖုန်းဆက်လိုက်မယ်။ သိပ်အကြာကြီးတော့ အချိန်မရလောက်ဘူးနော်"

"အမ်းပါ ... တွေ့ရရင်ပဲ ကျေနပ်ပါပြီ"

သမုက ချစ်စရာကောင်းတဲ့ ချိုလွင်လွင် အသံလေးအတူ ဖုန်းပိတ်သွားလေသည်။ သူက အဲဒီတော့မှ နှိုင်းမမိုဆီဆင်းလာခဲ့သည်။ နှိုင်းမမိုက တိုက်အောက်မှာတင် သူ့ကိုစောင့်ဘာမို့ အံ့အားသင့်သွားရသည်။

"wow ... ကား လဲလိုက်တာလား။ အမိုက်စားပဲ"

"ဟုတ်တယ်။ ဖားသားကြီး ကျေးဇူးပေါ့"

"good တာပေါ့။ ကဲ ... သွားရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့ကို နှုတ်ဆက်ရဦးမယ်လေ"

"မေမေက အိပ်နေပြီ။ ပြီးတော့ တို့က ပြန်လာမှ မေမေ ကို မင်းနဲ့တွေ့စေချင်တာ"

မဟော်က ကြားလေရသော အထူးအဆန်းစကား ကြောင့် အတော်တော့ အံ့အားသင့်သွားရလေသည်။ ဒါပေမဲ့လည်း သူက ဘာမှပြန်မမေးတော့ဘဲ ကားပေါ်တက်လာတဲ့ နှိုင်းမမှီ မေးဆက်ပြရင်း ...

"ကဲ ... နှိုင်းမမှီ၊ ကျွန်တော်မျိုး ဘယ်ကိုလိုက်ပို့ပေးရမ ပြော"

"အင်း ... အဲဒါကတော့ တို့ မင်းရဲ့ idea အတိုင်း လိုက်ဖို့စဉ်းစားထားတယ်။ စကားအေးအေးဆေးဆေးပြော လို့ ကောင်းမယ့်နေရာကို လိုက်ပို့"

မဟော်က ခေါင်းတစ်ချက်ဆတ်ပြကာ စကားအေး ဆေးပြောရအောင် Wasabi ဆိုင်ကို မောင်းလာခဲ့တော့သည်။ ဆိုင်ထဲရောက်တော့ ဘာမှမပြောသေးတာမို့ သူကပဲ နှိုင်းမမှီ စကားစလိုက်ရသည်။

"ကိုယ့်ကို ပြောစရာရှိလို့လား နှိုင်းမမှီ"

သူမေးတော့မှ နှိုင်းမမှီက သူ့ကို တစ်ချက်ကြည့် ခေါင်းတစ်ချက် ဆတ်ပြသည်။





"ဒီစကားက တို့သေသေချာချာ လေးလေးနက်နက် စဉ်းစားပြီးမှ ပြောတဲ့စကားပါ"

"အင်း ... ဘာလဲဟင်"

"မင်းနဲ့တို့ အပေးအယူကိစ္စ ဖျက်လိုက်ရအောင် မဟော်။ မင်း သမုန်ရည်းစားဖြစ်ဖို့ ကြိုးစားစရာ မလိုတော့ဘူး။ တို့ရဲ့အတ္တကြီးမှုထဲမှာ မင်းကို အဆုံးမခံနိုင်ဘူး။ ပြီးတော့ တို့ မင်းကို ပေးထားတဲ့ ကတိကိုတော့ သမုန်နဲ့ ရည်းစား မဖြစ်စေမယ့်လည်း တည်ပါ့မယ်"

မဟော်က အဲဒီစကားကြောင့် ခေါင်းနပမ်းကြီးသွား သည်။ ဒီဆိုလိုချင်တဲ့ စကားအဓိပ္ပာယ်ဟာ သူ့ကို အဖြေပေး လိုက်တာပေါ့။ ဟား ... ကွိုင်တော့တက်ပြီ။ သူ့ရဲ့စပ်ဆော့မှုဟာ ကျဉ်းထဲ ကျပ်တဲ့ ရောက်နေခဲ့ပြီဖြစ်သည်။ နှိုင်းမမှီက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ...

"မဟော်မင်းညို ... တို့ ပြောတာကို နားမရှင်းလိုက်တာလားဟင်"

"မ ... မဟုတ်ပါဘူး"

"ဟင် ... တို့ အဖြေပေးလိုက်တာကို သိကော သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို အသက်ရှုကျပ်စေတဲ့ မေးခွန်းပဲဖြစ်သော
သည်။ ထားခဲ့တဲ့ ကတိအတိုင်းပဲ သူဟာ သမုဆီက လိမ်လည်
လှည့်ဖြားပြီး ရည်းစားဖြစ်အောင် ကြိုးစားပြီး ရည်းစားဖြစ်တာနဲ့
နှိုင်းမမိုဆီက အချစ်ကိုပါရရှိခွင့် ရှိမှာဖြစ်တဲ့အတွက် သူဟာ
အဲဒီ two timing ကို စိတ်ဝင်စားခဲ့တာဖြစ်သည်။ ဒါပေမဲ့ အခု
ချိန်မှာ သမုကို သူ ချစ်မိခဲ့ပြီ ဖြစ်တာကြောင့် အပြစ်မဖြစ်ချင်ပါ။

"နှိုင်းမမို"

နှိုင်းမမိုက သူ တစ်ခါမှ မမြင်ဘူးတဲ့ နူးညံ့နေသော
မျက်ဝန်းအကြည့်တို့ဖြင့် ပြန်လည်ကြည့်ကာ "အင်း"ဆိုပြီး နှုတ်
ခမ်းမဖွင့်ဘဲ ထူးသည်။ မဟော်က ပြောဆိုမှုဖြစ်မယ့် စကားလုံး
တွေအတွက် မပြောမဖြစ်တော့ ပြောရမှာဖြစ်တာကြောင့် အားနာ
ပေမယ့် ပြောမိသွားသည်။

"ဟို ... ဟို ... ကိုယ် တောင်း ... တောင်းပန်ပါတယ်"

"ဘာကိုလဲ"

"ကိုယ်နဲ့ သမု ချစ်သူဖြစ်သွားတာ နှစ်ရက်ရှိသွားပြီ နှိုင်း
မမို"

"ရှင်"





နှိုင်းမမိုက အရမ်ကို အံ့ဩမှင်သက်သွားဟန်ဖြင့်
ဘာမှဆက်မပြောနိုင်သေးလျှင် သူကပဲ နားလည်အောင် ရှင်းပြ
ရလေသည်။

"မင်းကို ကိုယ် မပြောပြဖြစ်ဘူးဆိုတာ ဒီကိစ္စကို ကိုယ်
သေသေချာချာလေး ပြောပြချင်လို့ အချိန်ခဏယူလိုက်မိ
တာပါ။ အရင်တုန်းကတော့ နှိုင်းမမိုနဲ့ အပေးအယူပုံစံမျိုး
ကြီး ကိုယ် သမုနဲ့ပတ်သက်ခဲ့တာလေ။ ဒါပေမဲ့ အခုချိန်
မှာ ကိုယ် သမုအပေါ်ကို တကယ်ချစ်မိသွားခဲ့ပြီ။ ကိုယ်...
ဟိုဟာ ... ကိုယ်ပြောခဲ့ဖူးတဲ့ စကားတွေ အပေးအယူတွေ
အတွက် ကိုယ်တောင်းပန်ပါတယ်။ အဲဒီစကားတွေကို
ကိုယ်ပြန်ရုပ်သိမ်းပါတယ်"

မဟော်က အားနာပေမယ့် ဒါဟာ ပြောသင့်ပြော
လိုက်တဲ့စကားမို့ ပြောလိုက်ရပြီဖြစ်သည်။ နှိုင်းမမိုက တဒင်္ဂတော့
ငြိမ်သက်သွားသည်။ သူလည်း ဘာမှပြန်မပြောရဲပေ။ အခြေအနေ
ဟာ တကယ်ကြီး အားနာစရာကောင်းလှပါသည်။ နှိုင်းမမိုက
အဖြေပေးလိုက်ကာမှ သူက ဒီအပေးအယူတွေကို ရုပ်သိမ်းပါ
တယ်ဆိုတော့ ဒါဟာ ချိုးသလိုတောင် ဖြစ်သွားနိုင်သည်။ သူက
နှိုင်းမမို ပြောလာမယ့် တစ်ခုခုကို ကျေနပ်စွာ ခံယူဖို့ စောင့်မျှော်



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်မှာပဲ နှိုင်းမမိုဆီက တိုးညှင်းညှင်းရယ်သံတစ်ခု ထွက်လာလေသည်။

"အဟင်း ဟင်း ... မဟော်က သမုကို တော်တော်ချစ်တာပဲ။ တို့သူငယ်ချင်းအတွက် တို့ အများကြီး ဂုဏ်ယူသွားပြီ။ တို့ ဒီအချိန်ထိ မင်းကို ပတ်သက်နေတယ် ဆိုတာကလည်း သမုနဲ့ ချစ်သူတွေ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ပဲလေ။ အခု တို့ဖြစ်စေချင်သလို ဖြစ်သွားပြီဆိုတော့ တို့ ကျေနပ်တယ်။ Congratulation မဟော်မင်းညို"

နှိုင်းမမိုက လက်ဆွဲနှုတ်ဆက်ပို့ လက်တစ်ဖက်ကမ်းပေးလိုက်လျှင် မဟော်က လက်ဆွဲနှုတ်ဆက်လိုက်၏။ ရုတ်တရက် စိမ့်ခနဲတက်သွားသော ခံစားမှုဟာ ဘာကြောင့်မှန်းတော့ မသိပါ။ သမုနဲ့ ချစ်သူတွေ ဖြစ်သွားပြီဆိုသောအခါ နှိုင်းမမိုရဲ့ မျက်ဝန်းတွေထဲက အရိပ်ယောင်တွေဟာ သူ ဖတ်လို့မတတ်နိုင်အောင်ပဲ များပြားရှုပ်ထွေးလွန်းလှသည်။ ဒါပေမဲ့ သူ့ရင်းပြချက်ကို နှိုင်းမမို နားလည်ပေးတာကပဲ ကျေးဇူးတင်ရမှာဖြစ်သည်။

"ကိုယ် နှိုင်းမမိုကို အရာရာအားလုံးအတွက် အားနာပါတယ်"





"မလိုဘူးလေ။ အားနာစရာ မလိုပါဘူး။ ဒီလမ်းကို တို့ကိုယ်တိုင် လျှောက်ပါလို့ ညွှန်ပြပေးခဲ့တာပဲလေ၊ သမုနဲ့မင်း ချစ်သူတွေ ဖြစ်သွားတာကို တို့ အရမ်းဝမ်းသာပါတယ်။ အိုခေ ... ပြန်ကြရအောင်လေ"

မဟော်က ဘာမှဆက်မပြောဖြစ်တော့ဘဲ ပြန်မယ်ဆိုတော့ နှိုင်းမမိုကို ပြန်ပို့ပေးလိုက်တော့သည်။ ကားပေါ်မှာလည်း စကားက မယ်မယ်ရရ ပြောစရာရှာလို့ မတွေ့ပေ။ သူ အိမ်ရှေ့အထိ ပြန်လိုက်ပို့ပေးပြီးနောက် နှိုင်းမမိုက ကားပေါ်က ဆင်းကာနီးမှာ သူ့ကို တစ်ချက်ပြန်ကြည့်ကာ ...

"သူ့ကို တော်တော်ကြီး ချစ်သွားသလား မဟော်"

"အင်း ... ချစ်တယ်"

သူ့အဖြေစကားကြောင့် နှိုင်းမမိုက ရွှင်ရွှင်လန်းလန်း အပြုံးတစ်ခုကိုပြုံးကာ ခေါင်းညိတ်လိုက်ရင်းက ...

"သူ့ကိုချစ်တယ်ဆိုရင် ဒီနေ့ တို့ မင်းကို အဖြေပေးခဲ့တဲ့ ကိစ္စကို သူ့ကို မပြောပြပါနဲ့ မဟော်မင်းညို"

"ကိုယ်နားလည်ပါတယ်။ သမုကို မပြောပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ကြားထဲမှာ ဒီအပေးအယူ မရှိတော့တာကိုက ရိုးသားမှု ရှိသွားပြီလေ။ အဲဒါ အမြတ်ပါပဲ နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မမှီ။ နှိုင်းမမှီ ပြောခဲ့တာကိုကော ကိုယ်ပြောဖူးခဲ့တာတွေ ကိုလည်း အားလုံးမေ့ပစ်လိုက်လို့ ရပါပြီ"

"မေ့ပစ်ရမယ်။ အဟက် ... တို့ မင်းကို တကယ်အခြေ ပေးခဲ့တာပါ"

"ဗျာ"

ထင်မထားတဲ့ စကားကြောင့် မဟော်က ဘာပြော ရမှန်း မသိစွာ ဗျာ,ဖြစ်သွားလျှင် နှိုင်းမမှီက ဟက်ဟက်ပက်ပက် ရယ်လိုက်ကာ ...

"အမယ်လေး... နောက်တာပါ မဟော်မင်းညိုရယ်။ မတုန် လှုပ်သွားပါနဲ့၊ ကဲ ... တာ့တာ၊ တို့ သွားတော့မယ်"

နှိုင်းမမှီက ကားပေါ်က ဆင်းသွားမှ သူက အန်တီ ကို နှုတ်ဆက်ဖို့ သတိရတာကြောင့် သူ့ပါ အပေါ်လိုက်ခဲ့ဖို့ပြော လေလျှင် နှိုင်းမမှီက ပခုံးတစ်ချက် တွန့်ပြကာ ...

"ရပါတယ် မဟော်မင်းညိုရယ်၊ နောက်ကြုံမှပဲ။ တို့လည်း ခေါင်းနည်းနည်းကိုက်နေလို့ပါ"

မဟော်က ခေါင်းတစ်ချက် ဆတ်ပြကာ ကားပေါ်က ပြန်တက်၍ ထွက်လာခဲ့တော့သည်။ နှိုင်းမမှီ နည်းနည်းထိသွား တယ်ဆိုတာ သူသိသည်။ တစ်ခါတစ်ရံမှာ မမျှော်လင့်သောအခြေ





အနေတွေ ဖြစ်လာဖို့အတွက် ကိုယ်လုပ်တဲ့အပြုအမူတွေကလည်း တိုက်ရိုက်သက်ဆိုင်နေတဲ့ အရင်းအနှီးတွေ ဖြစ်လို့နေတတ်လေ သည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



စနေနေ့ရဲ့ ကျောင်းတက်ချိန်ဟာ သူ့အတွက်တော့ ဒီကနေ့မှာ အသစ်ဆုံးပဲ ဖြစ်လေသည်။ သမုက ကားမယူလာဘူး ဆိုသောအခါ ချစ်သူရဲ့ကိုယ်ရံတော်တပ်မှူးလေးအဖြစ် အကြံအပို့ တာဝန်ကို ထမ်းဆောင်ဖို့အတွက် သမုရဲ့လမ်းထိပ်ကို နာရီဝက် လောက်စောပြီး ရောက်နေတာဖြစ်သည်။ သူက သူ့ရဲ့ကားသစ်ကြီး ကို ချစ်သူနဲ့အတူ မောင်းလာပြီး ကျောင်းသွားရတဲ့ ဖီလင်ကို အရမ်းရင်ခုန်ထားတာဖြစ်သည်။ ဟော ... ထွက်လာပါပြီ။ သူ့ ရည်းစား အသစ်စက်စက်လေးဟာ အရမ်းရမ်း မြန်မာဆန်တဲ့ traditonal ဒီဇိုင်းဖြစ်တဲ့ ပေါင်းသားပုစွန်ဆီရောင်ဝမ်းဆက်လေး နဲ့ လုံးဝကို လင်းစတင်း ပြင်ဆင်လာတာဖြစ်၏။

မဟော်က အဲဒီအလှထဲမှာ ခဏလောက် ကြွေမျော သွားကာ သူက ကားပေါ်ကဆင်း၍ သမုကို ခရီးဦးကြိုပြုလိုက် သည်။ သမုက အပြုံးတစ်ခုဖြင့် သူ့ကို ဆီးနှုတ်ဆက်ကာ ...





"အမယ်လေး ... သူနဲ့ ကျောင်းအတူတူတက်ဖို့ အိမ်ကနေ စွန့်စွန့်စားစား ထွက်လာရတာ။ မောလှာ"

သမုက ပြောရင်းနဲ့ ကားပေါ်တက်လျှင် နောက်ခန်း ဝင်ထိုင်တာမို့ မဟော်က ကြောင်သွားကာ လှမ်းပြောရသည်။

"သမု ... ရှေ့မှာထိုင်လေ"

"မထိုင်တော့ဘူး။ မဟော် ... အခု နှိုင်းမမှီ အိမ်ကိုဝင်ခေါ် ပေးရဦးမယ်"

"ဟမ် ... သူက သူ့ဘာသာ သွားမှာလေ"

"သြော် ... နှိုင်းမမှီ ကားက ဘာဖြစ်တယ်ဆိုလား မသိ ဘူး။ အဲဒါကြောင့် သမုတို့နဲ့အတူလိုက်မှာ။ ခေါ်လိုက်ပါ မဟော်ရယ်။ လမ်းလည်းသင့်နေတာပဲဟာ"

မဟော်က နှစ်ယောက်တည်း သွားချင်တာမို့ စိတ် ပျက်သွားကာ ကျစ်ခနဲ စုပ်သတ်လိုက်ရင်း ...

"အဲဒါဆိုလည်း သွားခေါ်တာက ရပါတယ်။ ဒါပေမဲ့ သမုက ဘာလို့ အရှေ့မှာ မထိုင်တာလဲ"

"အဲ ... ကောင်မလေး မဟော်ရဲ့။ သမုက ရှေ့ခန်းမှာ မိန့်မိန့်ကြီး ထိုင်ပြီး နှိုင်းမမှီက နောက်မှာထိုင်တော့ ကောင်းမလားလို့။ ကဲပါ ... မောင်းမှာဖြင့် မောင်းပါ။ အရမ်းစကားများတာပဲ"

www.burmeseclassic.com



"အေးပါကွာ ... အေးပါ"

မဟော်က ဘာမှဆက်မပြောတော့ဘဲ နှိုင်းမမှီအိမ်ကို မောင်းလာခဲ့သည်။ တိုက်အောက်မှာ ထုံးစံအတိုင်း နှိုင်းမမှီက စောင့်နေကာ သူ့ကားကို မြင်လိုက်လျှင် အံ့အားတသင့် ကားပေါ်တက်လာကာ ...

"ဟယ်တော့ ... မဟော်မင်းညီနဲ့ လာတာလား။ sorry ... တို့က နှောင့်ယှက်သူလို ဖြစ်သွားတယ်။ အဲဒါများ သမုရယ် တို့ ဖုန်းဆက်ကတည်းက မဟော်မင်းညီနဲ့ သွားမယ်ဆိုတာ ပြောလိုက်ပါလားလို့။ တို့ဘာသာတို့ Taxi ငှားလာလိုက်မှာပေါ့။ အခုတော့ အသစ်စက်စက် သမီးရည်းစားတွေကိုမှ သွားပြီးဒုက္ခပေးမိသလို ဖြစ်နေပြီ"

"အယ် ... မဟုတ်တာ။ နှိုင်းမမှီကလည်း ဒါဘာအားနာစရာရှိလဲ။ သမုတို့က သူငယ်ချင်းတွေပဲလေ"

အဲဒီစကားဝိုင်းထဲမှာ သူကတော့ ဝင်ပြီးမပြောတော့ပေ။ ဘာပဲဖြစ်ဖြစ် သူဟာ သူ့ဘာသာသူ ကိုယ်ရှိန်သတ်နေတာပဲဖြစ်သည်။ နှိုင်းမမှီနဲ့ သမု ကြားထဲက အကန့်တစ်ခုကို သူလည်း သေချာမသိပေ။ သူမတို့နှစ်ယောက်ရဲ့ ဖဟားကပ်မှုထဲမှာ သူက





ဝင်မလိုဖြစ်ပြီးမှ သူတကယ်တွဲချင်တဲ့ ပတ်သက်ချင်တဲ့သူ့ကို ဆုံးဖြတ်ရွေးချယ်တွဲခွင့် ရခဲ့ပြီမို့ ဒီအရှုတ်အကန့်က သူထွက်လိုက်တာဖြစ်သည်။ ဒါပေမဲ့ အခုချိန်ထိ သူ နားမလည်သေးတာကတော့ နှိုင်းမမှီဟာ သူမနဲ့ရည်းစားဖြစ်ခွင့်ရမယ့်အထိ အခွင့်အရေးတွေပေးပြီး သမုလက်ထဲ သူ့ကိုတွန်းပို့ခဲ့တာလဲ ဆိုတာပဲဖြစ်သည်။ ဒီအဖြစ်အပျက် အပေးအယူကိစ္စတွေကိုကော သမု သိရဲ့လား။ တွေးရင်းဝေး ဖြစ်နေတာမို့ သူက ဘာမှမဖြစ်အောင် အသာရွံနေတာဖြစ်၏။

ဘက်ခ်မှန်က တစ်ဆင့် သူမတို့ နှစ်ယောက်ရဲ့ movement တွေကို ကြည့်ရတာတော့ ဘာမှစိတ်ထင့်စရာမရှိပေ။ နှိုင်းမမှီနဲ့ သမုခင်ဟာ မနေ့တစ်နေ့က သိတာဖြစ်ပေမယ့်အရမ်းအရမ်းကို ရင်းနှီးပုံပဲဖြစ်သည်။ အဲဒါဆို သူတို့နှစ်ယောက်ကြားမှာ တစ်ခုခု အကန့်ရှိနေတယ်ဆိုတာ သူပဲ စိတ်ထင်လို့ဖြစ်မှာပါ။

မဟော်က နှိုင်းမမှီကို propose မပြည်သော propose လုပ်ခဲ့ခြင်းအပေါ်ကို သမု မသိစေချင်တဲ့အတွက် သူက သမုရှေ့မှာဆို နှိုင်းမမှီကို မသိသလို သိပ်မရင်းနှီးသလို ပုံစံဖြင့် သူ့ဘက်ကလည်း တစ်ကွက်ဒိုင်ထားတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မပော်ရေ ... မပော် ရောက်တာနဲ့ အတန်းဝင်ရတော့မှာလား"

အနောက်က သမု မေးသံကြောင့် မပော်က အတွေးစပြတ်သွားကာ သမု မေးတာကို လှမ်းဖြေလေသည်။

"မဝင်ရသေးဘူး သမု။ ကိုယ့်ပထမဆုံးအချိန်က lecture ချိန်"

"အဲဒါဆို သမုတို့ ကန်တင်းတူတူ ထိုင်ကြမလား"

"အင်း ... ရတယ်လေ။ ထိုင်မယ်"

မပော်က ဒဂုံတက္ကသိုလ်ဝင်းထဲအထိ ကားကို မောင်းချလာကာ သမုတို့ Physics ဆောင်မှာပဲ ကားရပ်ကာ သမုနဲ့အတူ ကန်တင်းထိုင်လေသည်။

"သမု ဘာစားမလဲ"

"အမ်း ... ရှမ်းခေါက်ဆွဲတစ်ပွဲ၊ နက်စ်တစ်ခွက်။ နှိုင်းမမီကော"

နှိုင်းမမီကို လှမ်းမေးလိုက်လျှင် နှိုင်းမမီက ချက်ချင်းမဖြေသေးဘဲ သူ့ကိုတစ်ချက်ကြည့်ကာ ...

"မပော် ဘာမှာ,မှာလဲ။ အရင်မှာလေ"





"နာနတ်လက်ဖျော်တစ်ခွက်ပေး"

မပော်က ပြီးပြီးရော ဖျော်ရည်တစ်ခွက်မှာလိုက်ပြီးနောက်မှာတော့ နှိုင်းမမီကလည်း အဲဒီအတိုင်း လိုက်မှာတာဖြစ်သည်။

"သူနဲ့အတူတူပဲနော်"

ဒီကိစ္စက ဘာမှမဟုတ်ပေမယ့် မပော်က အဲဒီအပြုအမူအတွက် စိတ်ထဲတစ်မျိုးတော့ ဖြစ်သွားသလို ဖြစ်မိသည်။ ဒါပေမဲ့ သမုကိုကြည့်တော့လည်း ဘာမှဖြစ်ဟန်မပြ။ နှိုင်းမမီပုံစံကလည်း လုံးဝကြီး အေးရာအေးကြောင်းမို့ သူက တစ်မျိုးဖြစ်သွားတဲ့စိတ်ကို မေ့ဖျောက်ထားလိုက်ရသည်။

"နှိုင်းမမီ ... အန်တီကော နေကောင်းသွားပြီလား"

"အင်း ... ကောင်းသွားပါပြီ။ မေမေက ခုတော့ ဒေါင်ဒေါင်မြည်ပဲလေ"

မပော်က နည်းနည်းတော့ နေရကျပ်လာသလိုခံစားရလာသည်။ အဲဒီနေ့က အဖြစ်ကို သူ သမုကို လုံးဝမပြောခဲ့သလို နှိုင်းမမီကလည်း သူ ကူညီခဲ့တယ် ဆိုတာကို သမုကို ပြောပြခဲ့ပုံ မပေါ်ပါ။ မပော်က သူမတို့နှစ်ယောက်ကြား နေနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာကို အသက်ရှူနည်းနည်း ကျပ်ချင်သလို ဖြစ်လာသည်။ အဲဒါကြောင့် မြန်မြန်ဒိုးဖို့ ဆုံးဖြတ်ကာ သမုကို စကားစရတော့သည်။

"ဟား ... သမု၊ ဆောရီး ... ကိုယ်မေ့နေတာ။ ဒီနေ့ ကိုယ့်ဘော်ဒါတွေနဲ့ ကျောင်းသားရေးရာမှာ Assignment သွားတင်ဖို့ ချိန်းထားတာ။ ကိုယ်သွားမှ ဖြစ်မယ်"

သူက အကြောင်းပြလိုက်တာမို့ သမုက သူ့ကိုမျက်စောင်းနနတစ်ချက် ထိုးလိုက်ရင်းက ...

"ဟင်း ... မဟော်ကတော့ မေ့လိုက်တာ။ အဲဒါဆိုလည်း အအေးသောက်မနေနဲ့တော့။ သွားတော့လေ၊ အဲဒါဆို"

"Ok ... အဲဒါဆို ကိုယ် ခဏသွားလိုက်ဦးမယ်နော်။ ထမင်းစားချိန် ကိုယ် ဖုန်းဆက်လိုက်မယ်။ တာတာ။ နှိုင်းမမှီ ... သွားပြီဟော့"

မဟော်က နှစ်ယောက်စလုံးကို နှုတ်ဆက် ထွက်လာခဲ့တော့သည်။

ကန်တင်းထဲက ပြန်ထွက်လာမှ သူ အသက်ရှူကချောင်လည်သွားလေသည်။ တောက် ... ဘာလဲကွာ။





သူကပဲ လိပ်ပြာလန့်နေတာလား။ နှိုင်းမမှီကပဲ ကြောက်စရာ ကောင်းနေတာလား။

ဘာကြောင့်မှန်းမသိ။ သမုနဲ့ ရည်းစားဖြစ်ပြီးသွားတာနဲ့ နှိုင်းမမှီကို ကျွတ်ကြွသွားတယ်ဆိုတာ ဘာမှတော့ သိပ်မဆိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ နှိုင်းမမှီ။ အားမကျဘူးလား။ တစ်ခါတလေတော့လည်း အချစ်ဆိုတာ ထူးဆန်းတယ်ဟ။ သမု ဘယ်တုန်းကမှ ချစ်သွားလိမ့်မယ်လို့ ထင်မထားတဲ့ လူတစ်ယောက်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ကို ချစ်မိသွားတယ်။ မဟော်က အခုထိတော့ ကျေနပ်စရာကောင်းတဲ့ ရည်းစားတစ်ယောက်ပဲ"

နှိုင်းမမှီက ပြုံးစိစိလုပ်နေကာ ဖရုံစေ့ အစားမပျက်ဘဲ သမုကို မျက်စတစ်ချက်ပစ်ပြသည်။

"ဟဲ့ ... ဘာရယ်နေတာလဲ။ အကောင်းပြောနေတာ။ နင့်ကို ရည်းစားထားစေချင်တယ်"

"ရည်းစားထားစေချင်တယ်။ ဟုတ်လား"

"အင်း ... ဟုတ်တယ်။ နှိုင်းမမှီ ကျေးဇူးကြောင့် သမုလည်း အချစ်ကို ရှာတွေ့သွားသလိုမျိုးပဲ။ နှိုင်းမမှီကိုလည်း သမုက တွေ့စေချင်တာ"





"အချစ်ကို တွေ့စေချင်များ သမုရယ်။ ဘာခက်လို့လဲ။ တို့လည်း အခု အချစ်တွေ့ထားတာပဲဟာ"

အခုမှ ဖွင့်ကျလာတဲ့ စကားအတွက် သမုက နှိုင်းမမှီကို အထူးစိတ်ဝင်စားသွားလေသည်။ နှိုင်းမမှီကလည်း အချစ်ရှိတယ်ဆိုတဲ့ သဘောပေါ့။ သမုက သိချင်စိတ်တွေ ပြင်းပြကာ နှိုင်းမမှီအနား တိုးကပ်သွားကာ မေးမိသွားသည်။

"ဒါဆို နှိုင်းမမှီမှာ ချစ်သူရှိတယ်ပေါ့။ ဟုတ်လားဟင်"

နှိုင်းမမှီက မချိုမချဉ် မျက်နှာပေးမျိုးဖြင့် သမုကို ပြုံးကြည့်နေပြီးမှ ...

"တို့ ရည်းစားမထားဖူးဘူး။ သမုကော"

"သမုလည်း အဲဒီလိုပဲလေ။ မဟော်ကသာ သမုရဲ့အချစ်ဦး"

"ဟုတ်လို့လား"

နှိုင်းမမှီက သမုက ခပ်တည်တည် စိုက်ကြည့်ပြီး မေးတာမို့ သမုက စိတ်ထဲဘဝင်မကျဘူးတော့ ဖြစ်သွားသည်။

"ဟုတ်ပါတယ်။ ဘာလဲ ... နှိုင်းမမှီက မယုံလို့လား"

"အင်းပေါ့။ အဟင်း ဟင်း ... မယုံဘူး မဟုတ်ပါဘူး။ သမုက အရမ်းချောတယ်ဆိုတော့ အရင်က ရည်းစားရှိခဲ့ဖူးတယ်လို့ ထင်မိတာပါ။ တို့က အဲဒီလိုပဲ သိပ်ခင်ပြီဆို အဲဒီလို အတည်ပေါက်နဲ့ နောက်တတ်ကော"

www.burmeseclassic.com



"နှိုင်းမမီက ဒါဆို တို့ကို သိပ်ခင်လို့ပေါ့နော်။ ဟား … သမု ဝမ်းသာလိုက်တာ။ သမုကလေ နှိုင်းမမီက သမု ခင်သလောက် မခင်ဘူးလားလို့ ထင်မိနေတာ။ အခုတော့ တို့ အရမ်းကျေနပ်သွားပြီ"

သမုက ရင်ထဲလာတဲ့အတိုင်း ပြောပြလိုက်လျှင် နှိုင်းမမီက အဲဒီအပေါ်မှာ တုံ့ပြန်မှု ဘာမှမပြုဘဲ ပြုံးရုံသာပြုံး လေ၏။ သမုက မေးထားတဲ့ မေးခွန်းကို မဖြေသေးဘဲ ငေးလည် ကြောင်ပတ် လုပ်နေသော နှိုင်းမမီကို ပြတ်သွားတဲ့စကားစက ပြန်စရသည်။

"သမု မေးတာကို ခုထိ မဖြေသေးဘူးနော်။ နှိုင်းမမီမှာ ချစ်သူရှိနေလို့လားလို့"

"ချစ်သူ … အမ်း … လောလောဆယ် အထိတော့ တို့ တရားဝင်တွဲမယ့် ချစ်သူရှိမယ် ဆိုရင်တော့ တို့ အခုချိန် မှာ လက်မတွဲသေးပါဘူး"

"ဟင် … ဘာဖြစ်လို့လဲ နှိုင်းမမီ။ နှိုင်းမမီမှာ ဘာအခက် အခဲ ရှိနေလို့လဲဟင်"

"ဘာအခက်အခဲမှ မရှိပါဘူး။ တို့ဆီမှာ ဘယ်လိုအခက် အခဲမျိုးပဲရှိရှိ တို့ စိတ်မညစ်အောင် နေတယ်၊ သရဖူ





ဆောင်းမယ့်ခေါင်းက သရဖူရဲ့အလေးကို ခံနိုင်ရည်ရှိရ မယ်ဆိုတဲ့စိတ်ကို မွေးမြူထားတယ် …

ကဲ … သမု။ မင်းဘဲ ဟိုမှာလာနေတယ်။ တို့ စကားဝိုင်း ဒီမှာတင်ရပ်စို့"

သမုက နှိုင်းမမီ ညွှန်ပြရာကို ကြည့်မိလိုက်လျှင် မဟော်ကို တွေ့ရလေသည်။ ချစ်ရတဲ့ မဟော်က အဝေးကနေ ဆောင် သမုကို ကြည့်တဲ့အကြည့်တွေထဲမှာ အချစ်တွေပါနေ သယောင် ခံစားရတာမို့ ကြည်နူးစွာ မဟော်ဆီ သပြေးသွားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၆ )

"သမု ... မင်းသူငယ်ချင်းက ဘယ်လိုကြီးတုံးကွ"

မပဟော်က တကယ်ကို စိတ်ပေါက်လာတာမို့ သမု
ကို ပေါ်တင်မေးပစ်လိုက်ရတာဖြစ်သည်။ အခုတလောမှာ နှိုင်းမ
ဟာ သူတို့ကို တမင်တကာ နှောင့်ယှက်နေသလား ထင်ရအောင်
သူတို့နဲ့ ဧရိယာအနီးအနားမှာ ရှိရှိနေတာဖြစ်သည်။ အခုလည်း
သူနဲ့သမု YKKO မှာ ကြေးအိုးတူတူ စားနေတုန်းမှာ ဆိုင်ထဲဝင်
လာကာ သမုရေ ဆိုတဲ့ ခေါ်သံနဲ့အတူ သူတို့အနားကို ရောက်
လာပြန်ပြီဖြစ်သည်။ သူ့ရဲ့မကျေနပ်တဲ့စကားကို သမုက ဘာမှ
ပြန်ဖြေရှင်းမနေသေးဘဲ နှိုင်းမမှီကို အရင်နှုတ်ဆက်လေသည်။

"ဟယ် ... နှိုင်းမမှီ။ ဘယ်က ဘယ်လို ရောက်လာတာလဲ"





"ဒီနေ့ ပျင်းတာနဲ့ ကြေးအိုးလေး ဘာလေး စားရင်ကောင်း
မယ်ဆိုပြီး တစ်ကိုယ်တော် ထွက်လာခဲ့တာ။ မင်းတို့က
ဒီမှာ ကျိတ်ပုန်းခုတ်နေကြတယ်ပေါ့လေ။ ဟုတ်လား"

"အဲလို မဟုတ်ပါဘူး နှိုင်းမမှီရဲ့။ ထိုင်လေ ... တူတူစား
ကြတာပေါ့"

မပဟော်က ဖော်ဖော်ရွေရွေ ခေါ်နေတဲ့ သမုကိုကြည့်
ကာ ဘာမှလဲ ဝင်မပြောပေ။ ကိုယ်နဲ့မဆိုင်သလိုပဲ ကြေးအိုးကို
ဆက်စားနေလေသည်။

"နေပါ။ မထိုင်တော့ဘူး။ တို့ဘာသာ သီးသန့်ထိုင်ချင်လို့
လေ။ အေးဆေးပါ သမုရဲ့။ အေးဆေးစား။ တို့ သတ်
သတ်ထိုင်လိုက်မယ်"

နှိုင်းမမှီက အတင်းငြင်းကာ သူ့ဘာသာ သီးသန့်
သွားထိုင်လေသည်။ သူမ ထွက်သွားမှ မပဟော်က ဝင်ပြောဖြစ်
သည်။

"သမုကလေ အရမ်းကို ညှော်ဝတ်ကျေပွန်တာပဲနော်။ မထိုင်
ပါဘူး ဆိုတာတောင် ဇွတ်လုပ်နေသေးတယ်"

"မပဟော်ကကော အဲဒါက ဘာဖြစ်ရတာလဲ။ နှိုင်းမမှီက
သမုတို့နဲ့ ခင်နေတဲ့ သူငယ်ချင်းတွေဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ပြီကွာ၊ စားတော့ ... စား"

သူကပဲ စကားစ ပြတ်သွားလျှင် သမုက ဘာမှ တော့ ဆက်မပြောတော့ပေ။ ပြဿနာလို့ ထင်ရတဲ့ အရာက အဲဒီမှာ စတာပဲဖြစ်သည်။ သူဟာ ကြေးအိုးစားနေရင်းကမှ နောက်ကျောမလုံသလို ခံစားမိတာကြောင့် သမု မသိအောင် အသာလေး အနောက်ကို စွန်းကြည့်လိုက်လျှင် သူ့ကို ပြုံးမြမြ မျက်နှာပေးဖြင့် ကြည့်နေသော နှိုင်းမမိုနဲ့ ဒိုင်းခနဲ မျက်လုံးချင်း သွားဆုံလေသည်။

မဟော်က ချက်ချင်းပဲ အကြည့်ပြန်လွှဲလိုက်ကာ ဒီဘက်ပြန်လှည့်လိုက်သည်။

ဘာမှမဟုတ်ပေမယ့် ရင်ထဲမှာ အနည်းငယ်တော့ သရိုးသရီ ဖြစ်သွားရသည်။ ဘယ်လိုပါလိမ့်။ နှိုင်းမမိုကို သူက နောက်တစ်ခါ အသာထပ်လှည့်ကြည့်သည်။ ဒုတိယအကြိမ် အကြည့်ချင်းဆုံတာဖြစ်ပြီး အဲဒီအကြိမ်မှာ နှိုင်းမမိုက သူ့ကို မျက်ခုံးတစ်ချက်ပင့်ရင်း ရယ်ပြသည်။ ဟား ...။

"မဟော် ... ဘာဖြစ်နေတာလဲ။ စားလေ ... အနောက် တလှည့်လှည့်နဲ့"





သမုက သူ့လက်မောင်းကို ဖျတ်ခနဲ ရိုက်လိုက်လျှင် သူက အပြစ်ကိုဖုံးတဲ့အနေနဲ့ ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ...

"ဘာမှမဟုတ်ပါဘူး။ ဒီလိုပဲ ... သမု စားပြီးရင် ပြန်ရ အောင်"

"ဘာဖြစ်နေတာလဲ မဟော်ရဲ့။ ဂနာကိုမငြိမ်ဘူး"

သမုက သူ့ကို မသင်္ကာတဲ့ကာလာတွေ ပြလာပြီမို့ မဟော်က စိတ်တော့ရှုပ်သွားရသည်။

နှိုင်းမမိုဟာ သူ့ကို အသံတိတ် နှိပ်စက်ခြိမ်းခြောက် နေတယ်လို့ သူ ခံစားလာရသည်။

"ကိုယ် ဒီမှာ ဆက်မထိုင်ချင်တော့ဘူးဆိုတာ ဟြော် ... ဟိုဟာ သမုကို ဆပ်ပပရိုက်စ် လုပ်ချင်လို့"

"ဟင် ... ဘာမှလဲ မဆိုင်ဘူး"

"ဆိုင်ပါတယ်ကွာ။ ရွှတ် ... ရွှတ် ... ဒီဗိုင်းဘောလ်လေး"

မဟော်က ခပ်မြန်မြန်လေး ဘေလ်တောင်းလိုက် လျှင် ဝိတ်တာကောင်လေးက လာပြောလေသည်။

"အစ်ကိုတို့ဝိုင်းကို အနောက်က အစ်မက ရှင်းပြီးသွားပါပြီ"

အမ်။ မဟော်က ဘေလ်ရှင်းပြီးသွားပြီမို့ အံ့ဩနေ ချိန်းမှာ သမုက အနောက်ကိုလှည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းမမီ ... ဘာလို့ရှင်းတာလဲ။ အားနာစရာ"

နှိုင်းမမီက အဲဒီအတွက် အပြုံးတစ်ခုနဲ့အတူ ပခုံး တစ်ချက်သာ တွန့်ပြသည်။ သမုကလည်း ဆိုင်ထဲမှာမို့ ဘာမှ ဆက်မပြောတော့ချိန်မှာ သူက ကျေးဇူးတင်စကား လှမ်းပြော လိုက်သည်။

"ကိုယ်တို့ဝိုင်းကို ရှင်းပေးတာ ကျေးဇူးပဲနော်"

မဟော့်စကားကြောင့် နှိုင်းမမီက အထူးတလည် ဘာမှပြန်မပြောခဲ့ပါ။ သူက ဆိုင်ထဲက အရင်ထွက်လာကာ သမု ကတော့ နှိုင်းမမီကို နှုတ်ဆက်စကား ပြောပြီးမှ ထွက်လာသေး သည်။ ကားပေါ်ရောက်ရောက်ချင်းမှာ သမုက သူ့ကို မေးခွန်း စထုတ်တော့တာဖြစ်သည်။

"ဘာဖြစ်တာလဲ ... အဲဒါက"

ဘာရည်ရွယ်တယ်ဆိုတာ သိပေမယ့် မဟော်က ရူးချင်ယောင်ဆောင်ကာ ပြန်မေးလိုက်သည်။

"ဘာကိုလဲ သမု"

"မဟော့်ကြည့်ရတာ တစ်မျိုးပဲ။ နှိုင်းမမီကို မဟော် ဘာ လို့ မဖော်ရွေတာလဲ။ အရင် အဲဒီလို မဟုတ်ပါဘူး"





သမုရဲ့သံသယဆန်တဲ့ မေးခွန်းကြောင့် မဟော်က ရှင်းအောင် တစ်ခါတည်း နားလည်လွယ်မည့်စကားကို ရွေးပြော ဖြစ်၏။

"ဟုတ်တယ် သမု။ ကိုယ် မဖော်ရွေတာဟာ သမုကြောင့် ပဲ။ သမု သူငယ်ချင်းနဲ့ အရောတဝင် ရှိတယ်ဆိုတဲ့ စကား မျိုး မကြားချင်လို့ ကိုယ် ခပ်တမ်းတမ်း နေလိုက်တာလေ။ အဲဒါ ကိုယ်မှားသွားလို့လား"

သူ့အဖြေစကားကြောင့် သမု အနည်းငယ်တော့ ကျေနပ်သွားဟန်တူသည်။ နှိုင်းမမီနဲ့ သူ့ကြားမှာ ရှိနေတဲ့ကိစ္စ အကြောင်းအရာတချို့ဟာ သမု သိဖို့မလိုအပ်ပေ။ သမုလိုလို နှိုင်းမမီလိုလို စိတ်ဝင်စားနေတဲ့သူဟာ သမုနဲ့ ရည်းစားဖြစ်နေပြီ မို့ ကျန်တဲ့အကန့်တွေကို ခေါက်ထားချင်သည်။

"ဟုတ်ပါပြီ။ အဲဒါဆိုလည်း ပြီးတာပဲ။ သမုက မဟော် အဲဒီလိုလုပ်တော့ နှိုင်းမမီ စိတ်ဆိုးသွားမှာ စိုးလို့ပါ"

"ထားပါကွာ။ အဲဒီကိစ္စတွေက။ ကိုယ် အခု သမုကို တစ် နေရာခေါ်သွားမယ်။ Surprise ဆိုတာလေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သမုက ခေါင်းညိတ်တာမို့ သူက ကားမောင်းလာခဲ့သည်။ သမုကို Surprise ဆိုတာ သူ့ Studio ကို ခေါ်လာခဲ့တာပဲဖြစ်သည်။ သူ့အတွက် ကိုယ်ပိုင်ဓာတ်ပုံ Studio တစ်ခုကို ဖေဖေက အပိုင်စားပေးလိုက်ပြီမို့ သူ့လက်ဟာ Professional လက်တစ်ခုအဖြစ် သတ်မှတ်လို့ ရသွားပြီဖြစ်သည်။

မဟော်က သူ့ studio ထဲကို သမုကို ခေါ်လာခဲ့လျှင် သမုက သူ့ကို တစ်ချက်ငေးရင်း ...

"ဒီကို ဘာလို့ခေါ်လာတာလဲ"

"ပြမယ်လေ သမုရဲ့။ ရော့ ... ကြည့်လိုက်"

မဟော်က သူ့အလုပ်စားပွဲပေါ်က အယ်လ်ဘမ်တစ်ခုကို သမုလက်ထဲ ထည့်ပေးလိုက်လျှင် သမုက Album ကို ဖွင့်ကြည့်လိုက်လျှင် ဟယ်ဆိုပြီး ဖြစ်သွားသည်။ သမု Surprise ဖြစ်သွားအောင် သူက တမင်အချိန်ကုန်ခံပြီး ဖန်တီးထားရတာဖြစ်သည်။ စနေ၊ တနင်္ဂနွေ အတန်းတက်ချိန်တွေကိုဖျက်၍ သမုကို Snap shot ဓာတ်ပုံတွေ အများကြီး ခိုးရိုက်ခဲ့တာဖြစ်သည်။ သမုက သူမရဲ့ဓာတ်ပုံတွေကို တခုတ်တရ ငေးကြည့်ရင်းကနေ သူ့ကို အံ့သြဝမ်းသာစွာကြည့်ကာ ...





"ဒီပုံတွေကို မဟော် ကိုယ်တိုင် ရိုက်ထားတာလား"

"ဟုတ်တာပေါ့။ ကျောင်းမှာ ဓာတ်ပုံခိုးရိုက်တဲ့ ကိစ္စဆိုတာ လွယ်တာ မဟုတ်ဘူးနော်။ ကိုယ် မနည်းကြိုးစားထားရတာနော်"

"မဟော်ရယ်"

သမုက သူ့ကို စကားလုံးတွေ အများကြီးပါဝင်လေသော အကြည့်တို့ဖြင့် ကြည့်လေသည်။ မဟော်က အဲဒီအတွက် ကျေနပ်စွာ ပြုံးလိုက်ရင်းက ...

"ကိုယ်ချစ်တဲ့ သမုကို ဒီထက်ဆပ်ပရိုက်စ် ဖြစ်စရာတွေ ပြဖို့ရှိသေးတယ်။ နောက်ပိုင်းမှာ ကိုယ်က သမုရဲ့အချစ်တွေ အားလုံးကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမယ်"

"ဟင်... မဟော့်စကားကြီးကလည်း အခု သမုက မဟော့်ကို ဟန်ဆောင်ပတ်သက်နေတယ်များ ထင်နေလို့လား"

"ဟား ... မထင်ပါဘူး။ သမု ကိုယ့်ကို ချစ်တယ်ဆိုတာ ကိုယ်သိပါတယ်။ ကိုယ်လည်း အဲဒီလိုပဲ သမုကို ချစ်တာပဲလေ။ ကိုယ် ဆိုလိုတာက အချစ်တွေကို သံသယတွေ ကင်းကင်းနဲ့ တစ်ယောက်ကို တစ်ယောက် ယုံယုံကြည်ကြည် ရှေ့ဆက်ဖို့ကို ဆိုလိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သမုက သူ့စကားတွေအတွက် ပြုံးရုံပြုံးလေသည်။ သမုဟာ အရမ်းကို ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ ဖြစ်သည်။ ကျောင်းတွေလည်း ပြီးတော့တာမို့ သူဟာ သမုကိုပဲ အတည်ရည်ရွယ်ကာ ချစ်ဖို့စိတ်ကူးလေသည်။

❦ ○ ❦





ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ နှိုင်းမမီ သိပ်တရားလွန်သွားပြီလို့ သူ ယူဆလေသည်။ သမုကို သူ အမှတ်တရ ပေးထားတဲ့ Album ကို နှိုင်းမမီက နောက်သလို ပြောင်သလို ပုံစံဖြင့် ယူသွားတာကတော့ သိပ်တရားလွန်လေသည်။ သမုက မနက်ဖြန် ပြန်ရမယ် ပြောပေမယ့်လည်း သူကတော့ သိပ်စိတ်ဆိုးလေသည်။ နှိုင်းမမီဆီက အယ်လ်ဘမ်ကို ပြန်ယူဖို့ ချက်ချင်းပဲ နှိုင်းမမီအိမ် လိုက်သွားလျှင် နှိုင်းမမီက အပြုံးတစ်ခုဖြင့် သူ့ကို ဆီးကြိုလေသည်။

"နှိုင်းမမီ … အယ်လ်ဘမ် ပြန်ပေးပါ"

မဟော်က အိမ်တံခါးဝကနေ အယ်လ်ဘမ်ကိုပြန်တောင်းလျှင် နှိုင်းမမီက သူ့ကို တံခါးဖွင့်ပေးကာ …

"မင်း ဒေါသတွေထွက်ပြီး ပြောလို့ရပါတယ်။ မေမေ ဆေးခန်းသွားတယ်။ အိမ်မှာ ဘယ်သူမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းမမို … အယ်လ်ဘမ်ပဲ ပြန်ပေးပါ"

မဟော်က ခပ်ပြတ်ပြတ်ပဲ ပြောလိုက်လေသည်။ သူ ဘာဖယားမှ မကပ်ချင်ပေ။ ဒေါသလည်း မထွက်ချင်တာကြောင့် စိတ်ကိုချုံးနှိမ်ကာ သမုရဲ့ Album ကို ပြန်တောင်းနေရတာဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ မဟော်မင်းညီရယ်။ ဘလိုင်းကြီးတွေကို စွတ်စိမ်းနေတော့တာပဲ။ မင်းရဲ့ဆက်ဆံရေးက ဘာဖြစ်လို့ ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ"

လာပြီး အရစ်တက်နေတာကြောင့် သူ စိတ်တော့တော်တော်ပျက်သွားတာဖြစ်သည်။ ဒါပေမဲ့ ပက်ပက်စက်စက် ပြောလိုက်ဖို့ စကားကျပြန်တော့လည်း သူ ပြောမထွက်နိုင်ပြန်။ အဲဒီအတွက် စိတ်ကိုလျှော့ကာ သူပဲ ထပ်လျှော့ရပြန်ပါသည်။

"မရစ်ပါနဲ့ နှိုင်းမမို။ ကိုယ် မင်းကို တကူးတကလာပြီး Album ပြန်လာတောင်းတာဟာ နှိုင်းမမို ဘာကြောင့်ဆိုတာ သဘောပေါက်သင့်ပါတယ်။ ကိုယ် အမှတ်တရ ပေးထားတဲ့ပစ္စည်းဟာ ကိုယ်ပေးထားတဲ့သူရဲ့ လက်ထဲမှာပဲ ရှိမယ်။ အဲဒါကြောင့်မို့ ပြန်ပေးပါ"





"ဟင်း … ဟင်း … ဒေါသတွေ သိပ်ချုပ်တီးထားရတယ် ပေါ့လေ။ ဟုတ်လား။ တို့ကလည်း အပြတ်ပြောလိုက်မယ်။ တို့ Album ကို သမုဆီက ယူလာတာ တို့ သမုလက်ထဲပဲ ပြန်ထည့်ပေးဖို့ ဆုံးဖြတ်ထားတယ်။ ပြီးတော့ နောက်တစ်ခု ထပ်ဝန်ခံလိုက်ဦးမယ်။ သမုက တို့ဆီမတော်တဆ ပါလာတယ်လို့ ထင်တဲ့ အယ်လ်ဘမ်က တို့ တမင်တကာ ယူလာခဲ့တာ"

"ဘာ"

သူ့ရဲ့အံ့ဩမှုတွေက tempo တွေ သိပ်တက်နေလွန်းလို့ "ဘာ"ဆိုပြီး ဖြစ်သွားချိန်မှာ နှိုင်းမမိုက သူ့ကို မခိုးမခန့် အပြုံးတစ်ခုဖြင့် မျက်စပစ်ပြ၍ …

"ဘာကြောင့် တမင်တကာ ယူလာရတဲ့ အကြောင်းကော ထပ်ပြောရဦးမလား"

"နှိုင်းမမို … မင်း ဘာဖြစ်ချင်တာလဲ။ ဘာကိစ္စ ဒီလိုလုပ်ရတာလဲ။ မင်းက သမုခင်ရဲ့သူငယ်ချင်းလေ။ မင်း ဘာကြောင့် ဒီစကား ပြောရတာလဲ"

မဟော်က တားမြစ်သံပါတဲ့ စကားအဆုံးမှာ နှိုင်းမိုက သူ့ကို စူးစူးစိုက်စိုက်ကြည့်ကာ ခေါင်းတစ်ချက် အရင်ညိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ သူမရဲ့ပုံစံဟာ သိပ်ပြီး ထူးဆန်းနေတယ်လို့ သူ ခံစား မိလေချိန်မှာ သူမက စကားစပြောလေသည်။

"သူငယ်ချင်း။ ဟား ဟား ... ဟုတ်တယ်။ လူတွေဟာ ယုံကြည်မှု၊ အဲဒါမှ မဟုတ်ရင် သံယောဇဉ် အဲဒါတွေနဲ့ ဆက်နွယ်ပတ်သက်မှုရှိမှ အလဲထိုးပစ်လို့ရတာ"

ပြောနေတဲ့ စကားတွေက သိပ်သိပ်ကို ဆန်းနေတာ တွေကြောင့် မဟော်က နှိုင်းမမီကို နောက်ထပ် အကဲခတ် ထပ် ကြည့်မိသည်။ နှိုင်းမမီရဲ့ မျက်နှာက ခက်ထန်တင်းမာနေကာ မျက်လုံးကတော့ အရောင်ဖျော့နေတာ ဖြစ်၏။ နှိုင်းမမီဟာ သမု နဲ့ပတ်သက်လာရင် sensitive ရှိလေသည်။ အစကတော့ ခင်မင် မှုကြောင့်ဖြစ်တဲ့ ဂျေမျိုးလို့ ယူဆကောက်ချက်ချမိပေမယ့် နှိုင်း မမီ အခုဖြစ်နေတဲ့ ပုံစံက ဂျေထက်ပိုတဲ့ နာကြည်းချက်တွေဝင် နေမှုကြောင့် သူ နားလည်ရခက်နေတာဖြစ်၏။

သမုနဲ့ နှိုင်းမမီ ကြားက သူ စိတ်ဝင်စားနေတဲ့ ဇာက်ပဲက သာမန်ထက် ပိုတယ် သာတယ် ဆိုတာ ပုံးဝသေချာ လေသည်။

"ဘာတွေလဲ နှိုင်းမမီ။ မင်းတို့နှစ်ယောက်ကြားက ကိုယ် ဘယ်လိုမှ စဉ်းစားလို့မရတဲ့ အကြောင်းက ဘာလဲ။ မင်း





နဲ့သမုကြားမှာ တစ်စုံတစ်ရာ ရှိတယ်။ အထူးသဖြင့် မင်းပဲ နှိုင်းမမီ။ ပြောပါ ... အဲဒါ ဘာလဲ"

မဟော်က သူတို့နှစ်ယောက်ကြားက ဖဲတစ်ချပ်ကို ဖွင့်ချခိုင်းလိုက်လျှင် နှိုင်းမမီဟာ သူမရဲ့နှုတ်ခမ်းတွေကို ခပ်တင်း တင်း စေ့ပိတ်ထားကာ ဘာစကားမှ မပြောဘဲ တဒင်္ဂငြိမ်သက် သွားလေသည်။ ပြီးတော့ မပြောမဆို အိမ်ထဲဝင်သွားကာ သူ့ရဲ့ Album ကို ယူလာ၍ သူ့လက်ထဲ ပြန်ပေးရင်း ...

"ရော့ ... မင်းရဲ့ Album ။ ပြန်တော့"

ခပ်တင်းတင်း လေသံဖြင့် သူ့ကို နှင်လွှတ်လေလျှင် အဲဒီ နှင်နေတဲ့ လေသံထဲမှာ တုန်ယင်မှုတစ်ခုရှိတဲ့ vibration ကို သူ ခံစားမိတာကြောင့် နှိုင်းမမီကို သူက ပိုပြီးတော့တောင် ပြတ် သားစွာ ပြောရတော့တာဖြစ်သည်။

"မပြန်နိုင်ဘူး နှိုင်းမမီ။ ကိစ္စက Album ပေးလိုက်တာနဲ့ ပြီးသွားတဲ့ ကိစ္စမဟုတ်ဘူး။ မင်းပြော ... မင်းဘာဖြစ်နေ တာလဲ။ မင်းနဲ့ သမုကြားက တွေးလို့မရတဲ့ ဆက်စပ်မှုက ဘာလဲ ... ဘာလဲ"

"မဟော်မင်းညို ... မင်း သိပ်သိချင်နေလည်း တို့မပြော ဘူး။ မင်း သိပ်ချစ်လွန်းတဲ့ သမုခင်ကို ကာကွယ်ခွင့်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မျိုးကို တို့က လုံးဝမပေးဘူး။ သွားတော့ ... တို့ကို အဆုံးစွန်ထိ မပေါက်ကွဲစေချင်ရင် မင်း ထွက်သွားတော့"

ဘယ်လိုနည်းနဲ့မှ နှုတ်က ဖွင့်မပြောဘဲ မပြောဘူး ငြင်းဆိုကာ အိမ်တံခါးကို ဆွဲပိတ်ပွားသည်။ တံခါးခေါက်လည်း လုံးဝမဖွင့်ပေးတော့ချေ။ မဟော်က နှိုင်းမမီရဲ့ဂုဏ်သိက္ခာကို ငဲ့တာကြောင့် သူက အောက်ကို ပြန်ဆင်းလာခဲ့တော့သည်။ သူ့လက်ထဲမှာ Album လေးပါလာပေမယ့်လည်း ရင်ထဲက ပြဿနာကို ပြေလည်ခြင်း မရှိခဲ့ပေ။

သူ့အတွက် သေချာနေခဲ့တာ တစ်ခုဟာ သမုနဲ့နှိုင်းမမီကြားက တစ်စုံတစ်ခုဟာ ဘာလဲဆိုတာကို ဘယ်သူကသိလေနိုင်မလဲ။ မဟော်က တစ်ခုခု သိခွင့်ရဖို့အတွက် သူဟာ နှိုင်းမမီနဲ့ပတ်သက်မှု ရှိနေတဲ့ ပသွန်းဆီကို ဖုန်းတစ်ချက် လှမ်းခေါ်လေသည်။







ဘဝမှာ အချစ်နဲ့ယုံကြည်မှုကို
တစ်ပြိုင်တည်း တွေ့လာပြီဆိုရင်
အဲဒီအချစ်က ယုံကြည်မှုကို တိုးစေတယ်။
ယုံကြည်မှုက အချစ်ကို ကန်းစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၇ )

Micasa မှာ Gym ဆော့နေတဲ့ မသွန်းကို တွေ့ ခွင့်ရဖို့ appointment ယူထားလိုက်တာကြောင့် သူက ကော် တစ်ခွက်မှာရင်းက ထိုင်စောင့်နေလိုက်သည်။

"စောင့်နေတာ ကြာသွားပြီလား မဟော်၊ ကဲ ... အရေးတကြီး တွေ့ချင်တယ်ဆိုတဲ့ အကြောင်းက ဘာလဲ"

မသွန်းက Juice သောက်ရင်းက သူ့ကိုမေးလို လျှင် မဟော်က ပြောဖို့ရာ ချီတုံချတုံ ဖြစ်နေတာကြောင့် မသွ က သူ့ကို အကဲခတ်သလို ကြည့်ရင်းက ...

"ပြောလေ မဟော်ရဲ့။ ဒီလောက် တွေဝေနေပုံထော ရင် တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာလဲ ... အလုပ်ကိစ္စ မဟုတ်နိုင်ဘူး"





"ဟုတ်တယ် ... မသွန်း။ ကျွန်တော် မသွန်းဆီကို လာတာ နှိုင်းမှို့ အကြောင်း သိချင်လို့ပါ"

"နှိုင်းမှို့ရဲ့အကြောင်း။ မဟော် ... ဟိုတစ်ခါလည်း မင်း သူ့အကြောင်း မေးပြီးပြီမှလား။ ဘာတွေများ သိချင်နေသေးတာလဲ"

မဟော်က မသွန်းဆီက တစ်စုံတစ်ရာကို သိလိုသိငြား သူတို့ကြားက ပတ်သက်မှုကို သူက ဖွင့်ပြောပြလိုက်သည်။

"မသွန်း အလုပ်တွေ များနေမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ကူညီသောအားဖြင့် ပြောပြပေးပါ။ နှိုင်းမှို့က ကျွန်တော့်အတွက်တော့ အရမ်းကို ထူးဆန်းနေပါတယ်။ မသွန်း ... သူ့ကိုများ သိသလားဟင်"

သူက Album ထဲက ဓာတ်ပုံကို မသွန်း ရှေ့သို့ တိုးပေးလိုက်လျှင် မသွန်းက ဓာတ်ပုံကို ယူကြည့်လိုက်ကာ ...

"သူက ဘယ်သူလဲ မဟော်"

"ဒါဆို မသွန်း သူ့ကို မသိဘူးပေါ့"

"အေး ... မသိဘူး။ ဘယ်သူလဲ သူက"



www.burmeseclassic.com

www.burmeseclassic.com



"နှိုင်းမမှီနဲ့ သူ့ကြားမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိတယ်လို့ ကျွန်တော်ထင်နေတယ်။ ပြီးတော့ နှိုင်းမမှီက တစ်ခုခုကို အငြိုးရှိနေတယ်လို့ ကျွန်တော် ခံစားမိတယ်။ အဲဒါတွေကလည်း ကျွန်တော် ဒါမှမဟုတ်ရင် သမုနဲ့ တစ်ခုခုပတ်သက်နေတယ်လို့ ထင်တယ်။ မသွန်းကို မေးတယ်ဆိုတာလည်း မသွန်းနဲ့ နှိုင်းမမှီက ညီအစ်မတွေလို ဖြစ်နေတယ်ဆိုတော့ တစ်ခုခုများ သိလေမလားဆိုတဲ့စိတ်နဲ့ မေးကြည့်တာပါ"

"ဘယ်လို ... မဟော်။ မင်း ခုနက ပြောတဲ့နာမည်က ဘာ သမု ဟုတ်လား။ သမုဆိုတာ သမုခင်ကို ပြောတာလား မဟော်။ ဟုတ်လား"

သမုကို မသွန်းက သိနေတယ် ဆိုတာကြောင့် သူက အားတက်သွားရသည်။ ဒါဆိုရင်တော့ သူ မှန်းတာ လုံးဝမလွဲပေ။ မသွန်းက သမုကိုတောင် သိနေတယ်ဆိုတော့။

"ဟုတ်တယ် မသွန်း။ သမုခင်ကို မသွန်းက သိနေတယ်။ အစ်မ ဘယ်လိုသိတာလဲ"

"ငါ ဘယ်လိုသိတာလဲထက် သမုခင်နဲ့ နှိုင်းမမှီ ဘယ်လို သိကြတာလဲ ဆိုတာကို အရင်ပြောပြပါလား မဟော်"





မသွန်းရဲ့ပုံစံက အလျှင်လို သိချင်နေတာဖြစ်တာကြောင့် သူက ဒီပွဲကို ပိုလို့တောင် စိတ်ဝင်စားသွားရပါသည်။

"နှိုင်းမမှီနဲ့ သမုက သူငယ်ချင်းတွေပါ။ ဘာဖြစ်လို့လဲ မသွန်း။ ဘာပြဿနာရှိလို့လဲဟင်"

"မင်းနဲ့ သမုခင်ကကော ဘာတွေလဲ"

အခုချိန်ထက်ထိ သူသိချင်တာ မသိရသေးဘဲ မသွန်းရဲ့မေးခွန်းတွေကိုပဲ ပြန်ဖြေပေးနေရတယ် ဆိုကတည်းက သူဟာ စိတ်ထဲမှာ မရိုးမရွဖြင့် ပိုပြီးတော့တောင် သိချင်လေ ဖြစ်သည်။ အဲဒါကြောင့် အမှန်တရားတစ်ခုကိုသိဖို့ သူက သမုနဲ့ သူ့ရဲ့ကြားက ပတ်သက်မှုကို အမှန်အတိုင်းပဲ ပြောပြလိုက်သည်။

"သမုက ကျွန်တော့်ရဲ့ချစ်သူပါ"

"ချစ်သူ ... ဟင် ... မင်းပြောတော့ မင်းက နှိုင်းကို စိတ်ဝင်စားတာဆို။ အခုကျတော့ သမုက မင်းချစ်သူ။ ဘယ်လိုတွေတုံး"

"ဟုတ်တယ်။ အဲဒါကအရေးမကြီးပါဘူး မသွန်း။ သမုခင်ကို မသွန်း ဘာလို့သိတာလဲ ဆိုတာကို ပြောပြပေးပါ"

"အေး ... မင်း သိပ်သိချင်နေရင် တို့ပြောပြမယ်။ ဒီမှာ မဟော် ... အဲဒီ မင်းချစ်သူ သမုခင်ဆိုတာ တခြားတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ နှိုင်းမမီတို့ဘဝကို တစ်စစီပျက်စီးသွားအောင် ဖျက်ဆီးခဲ့တဲ့သူပဲ"

"ခင်ဗျာ"

ပြင်းပြင်းထန်ထန်ကို ပြောခဲ့တဲ့ စွဲချက်ကြောင့် သူက အရမ်းကို အံ့အားသင့်သွားရတာပဲဖြစ်သည်။ သူ့ဘက်က ရင်ထဲမှာ များပြားလှတဲ့ မေးခွန်းတွေ စုပုံနေတာကြောင့် ဘာမှ မမေးရသေးခင်မှာ မသွန်းက ဆက်ပြောလေသည်။

"တကယ်တော့ ဒီမိန်းမသာ နှိုင်းတို့ဘဝထဲကိုဝင်ပြီး ဂယက် မရိုက်ခဲ့ရင် နှိုင်းတို့မိသားစုလည်း အဲဒီလိုဖြစ်မှာမဟုတ်ဘူး။ သမုခင် ဆိုတာ နှိုင်းတို့မိသားစုရဲ့ ရန်သူပဲ"

"မသွန်း ... မသွန်းရဲ့စကားတွေက ပြင်းထန်လှချည်လား။ သမုက သမုက အေးဆေးသမားပါ"

"ငါ မဟုတ်ဘဲ မပြောဘူး မဟော်။ နှိုင်းရဲ့အစ်ကို ကိုမှိုင်း ဆုံးရတာဟာ သမုခင်ကြောင့်ပဲ။ သမုခင်ဟာ ကိုမှိုင်းကို လှည့်စားခဲ့တယ်။ အမျိုးမျိုး ဒုက္ခပေးခဲ့တယ်။ နောက်ဆုံး အဖြေပေးမယ်ဆိုပြီး လူပုံအလယ်မှာ ပါးရိုက်ပြီးအရှက်ခွဲခဲ့တာ။ ကိုမှိုင်းက မွေးရာပါ နှလုံးရောဂါသည်။ သူ ရက်စက်ခဲ့လို့ အဲဒီစိတ်နဲ့ပဲ နှလုံးရောဂါဖောက်ပြီး ဆုံးသွားခဲ့





တာ။ နှိုင်းတို့မိသားစုရဲ့ စီးပွားရေးအားလုံးကို ကိုမှိုင်းကပဲ ဦးစီးနေရှာ။ သူဆုံးသွားတော့ နှိုင်းတို့ အိမ်တောင်ရောင်းပြီး ပြောင်းရတဲ့ အခြေအနေတွေထိကို ဖြစ်ခဲ့တာ ...

နှိုင်းမမီသာ ရေကုန်ရေခန်း ကြိုးစားခဲ့လို့ တစ်နှစ်ကျော်မှာ ပြန်ပြီး အခြေအနေတွေ နေသားတကျ ဖြစ်ခဲ့တာ။ သမုခင်ဟာ အရွယ်နဲ့မမျှအောင် ရက်စက်တဲ့မိန်းမ။ မင်းမို့ ဒီလိုမိန်းမမျိုးကို ချစ်သူတော်ရတယ်လို့ မဟော်ရယ်။ နှိုင်းနဲ့ သမုခင်က ဘာကြောင့် သူငယ်ချင်း ဖြစ်နေရတာလဲ။ သူတို့နှစ်ယောက် သိနေကြတာ ကြာပြီလား"

မဟော်က နှိုင်းမမီ ဘာကြောင့် အငြိုးကြီးနေရသလဲ ဆိုတဲ့ လျှို့ဝှက်ချက်ကို သိလိုက်ပြီမို့ တွေဝေသွားရသည်။ မသွန်း ပြောသလို သမုက တကယ်ပဲ ရက်စက်ခဲ့သူလား။ မဖြစ်နိုင်ပါဘူး။ သူ့အမြင်မှာဟော့ သမုက အေးအေးသမားပါ။ ဒါပေမဲ့ မသွန်း ပြောတာတွေကလည်း အမှန်ဖြစ်နိုင်သည်။

"မသွန်း ... ဟုတ်ပါ့မလားဗျာ"

"အဲဒါတော့ ယုံတာ မယုံတာ နင့်အပိုင်းပဲ။ နှိုင်းမမီဘဝရဲ့ အနာကျင်ဆုံး ခံစားချက်ကိုပေးတဲ့ အဲဒီမိန်းမရဲ့နာမည်ဟာ အမြဲကြားဖူးနေကျ နာမည်ပဲ။ လူကိုတော့ ငါဒီနေ့မှ



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးတာ။ ကိုမှိုင်းကို အသေသတ်သွားနိုင်တဲ့ မိန်းမတစ်ယောက်ကို နှင်းမမှိ ဘာကြောင့် သူငယ်ချင်း တော်ထားတယ် ထင်သလဲ မဟော်။ သူတို့နှစ်ယောက်က သိနေကြတာ ကြာပလား"

"အဲဒါတော့ ကျွန်တော် သေချာမသိဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ် မသွန်း။ ကျွန်တော် သိချင်နေတဲ့ ကိစ္စက ဘာဆိုတာကို ကျွန်တော် သိလိုက်ပါပြီ"

"နှင်းမမှိက တကယ့်ကို သနားဖို့ကောင်းပါတယ် မဟော်ရယ်။ သူက ပြတ်သားတယ်လို့ ထင်ရပေမယ့် တကယ်တမ်းတော့ သူ့လောက် အားငယ်တတ်တာ မရှိဘူး။ သူ သိပ်အားကိုး ချစ်ခင်ရတဲ့ သူ့အစ်ကို မရှိတော့တဲ့ နောက်ပိုင်းမှာ သူက ပိုမာကျောလာတယ်။ ပြီးခဲ့တာတွေ ပြီးခဲ့ပြီပေါ့လေ။ ကိုမှိုင်း ဆုံးတာတောင် နှစ်,နှစ်ပြည့်တော့မယ်...

မ, မင်းကို တစ်ခုလောက်တော့ တောင်းဆိုချင်တယ်။ မင်းတို့ကြားက ဘာတွေဖြစ်ခဲ့တယ် ဆိုတာတော့ ငါမသိဘူး။ ဒါပေမဲ့မင်း သူတို့နှစ်ယောက်နဲ့ဆုံပြီး မပတ်သက်ပါနဲ့။ တစ်ယောက်တည်းကိုပဲ ပတ်သက်ပါ။ မင်းဟာ





အစ်မ ခင်မင်နေရတဲ့ မောင်လေးလို ဖြစ်နေလို့ မင်းကို အကြံပေးတာ မဟော်။ နှင်းမမှိနဲ့ မင်း ဘာမှမဆိုင်ဘူးပဲ။ အခု သမုခင်က မင်းချစ်သူဆို မင်း သူနဲ့ပဲ ပတ်သက်ဖို့ ကောင်းတယ်။ တို့ညီမကို အနှောင့်အယှက် မပေးပါနဲ့တော့။ မင်းကို ကြားညပ်သွားမှာစိုးလို့ ပြောတာ ...

ကဲ ... ပြန်ချင်ပြန်တော့လေ။ မ,လည်း အိမ်ပြန်ရဦးမယ်"

မသွန်းက စကားစဖြတ်လိုက်တာမို့ မဟော်က မသွန်းကို ကျေးဇူးတင်စကားပြောပြီး ထွက်လာခဲ့သည်။ ဟိုတယ်ထဲက ထွက်လာလာချင်းမှာ သမုဆီက ဖုန်းဝင်လာ၏။ မဟော်က ဖုန်းနံပါတ်ကို အကြာကြီးငေးကြည့်နေပြီးမှ Silent လုပ်ပစ်လိုက်သည်။

ဒီအချိန်မှာ သူ ဘာကိုမှ မသိချင်တော့။ ဘယ်သူနဲ့မှလဲ ဖုန်းမပြောချင်။ ဘာတွေမှန်း မသိတဲ့ အဖြစ်တွေဟာ တကယ်ဟုတ်ခဲ့သလား မဟုတ်ခဲ့ဘူးလား ဝေခွဲမရစွာဖြင့် အိမ်ပဲ တန်းပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးလာချိန်မှာ လုပ်တတ်တဲ့ အကျင့်အတိုင်း သူဟာ တိုးလ်ဂိတ်အကျော်ထိ ကားမောင်းချလာကာ ကွင်းပြင်တစ်ခုနားမှာ ကားထိုး၍ Rock မြူးဇစ် ခပ်ပြင်းပြင်းကို Volume မြှင့် ဖွင့်လိုက်ကာ ဆူညံပေါက်ကွဲနေတဲ့ Beat တွေအတိုင်း သူ့ရဲ့လက်က ကင်မရာခလုတ်ကို တစ်ချက်ပြီး တစ်ချက်ဆွဲကာ ပတ်ဝန်းကျင်ရဲ့သစ်ရွက်လှုပ်တာကအစ မလွတ်အောင် အမိအရ ရိုက်ယူသည်။ စိတ်ထဲရှိသမျှ ရိုက်လိုက်ပြီးမှ နည်းနည်းပေါ့သွားသလို ခံစားရကာ သူ့ canon ကြီးကို လည်ပင်းသိုင်းဆွဲ၍ ကားကိုမှီကာ ရပ်နေလိုက်သည်။

မနေ့က နှိုင်းမမှီနဲ့ သမုကြားက ကိစ္စကို သိလိုက်ရသောအခါ သူဟာ သူ့ကိုယ်သူတောင် မချင့်မရဲ ဖြစ်မိလေသည်။ ပြီးတော့ တကယ်ပဲ အဲဒီလိုအဖြစ်တွေ ရှိခဲ့သလား ဆိုပြီးတော့လည်း အံ့အားသင့်ရလေသည်။ သမုကတော့ အဲဒီလို ယောက်ျားတွေကို ကစားတတ်တဲ့ သူမျိုးလား။ သမု လုပ်ရပ်ကြောင့် နှိုင်း





မှီတို့မိသားစု ဒုက္ခရောက်ခဲ့ရတာလား။ နှိုင်းမမှီကကော ဘာကြောင့် သူ့ကို သမုလက်ထဲ တွန်းပို့ခဲ့တာလဲ။ ပြီးတော့ သမုနဲ့ ရည်းစားဖြစ်ရင် သူနဲ့လည်း ရည်းစားဖြစ်ခွင့် ရှိတယ်ဆိုတဲ့ အခွင့်အရေးတွေကို ပေးခဲ့ရတာလဲ။

မဟော်က အဲဒီမေးခွန်းတွေပဲ တစ်ယောက်တည်း မေးရင်း မေးခွန်းတွေနဲ့ နပန်းလုံးကာ စိတ်တွေ မွန်းကျပ်လာခဲ့သည်။ သမု အနားကို နှိုင်းမမှီ ရောက်နေတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ သိသလိုလို ရှိပေမယ့် နားမလည်နိုင်တာက ခက်နေတာဖြစ်၏။

အဲဒီအချိန်မှာ သူ့ဖုန်းက မြည်လာတာမို့ မဟော်က ပေါတ်ကြည့်လိုက်လျှင် နှိုင်းမမှီဆီကဖြစ်၏။ မနေ့ညက တစ်ညလုံး သမုဆီကဖုန်းတွေ လာပေမယ့် သူက လုံးဝဖြေခဲ့ခြင်းမရှိပေ။ စိတ်ရှုပ်နေလို့ ဘယ်သူ့ဖုန်းမှ မကိုင်ဘူး လုပ်ထားပေမယ့် အခုဆက်နေတဲ့သူက နှိုင်းမမှီ ဖြစ်နေတာကြောင့် သူက ဖုန်းကိုင်လိုက်တာဖြစ်သည်။

"ဟယ်လို"

"မဟော်မင်းညို ... မင်း အခု ဘယ်မှာလဲ။ မင်းကို သမု သိပ်စိတ်ပူနေတယ်။ မင်း ဘာကိစ္စ သူ့ဖုန်းကိုမကိုင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းကိုင်လိုက်တာနှင့် သူ့ကို သမု စိတ်ပူနေ တယ်ပြောပြီး ဟောက်တော့တာကြောင့် မဟော်က ပိုပြီး ပို စိတ်ဝင်စားနေရသည်။ နှိုင်းမမိုဟာ ဘာတွေကို ကြံစည်ရည်ရွယ် နေတာလဲ။

"အဲဒါ ကိုယ့်ကိစ္စပါ။ မင်း ဘာလို့ စိတ်ပူပေးနေရတာလဲ"

"မဟော်မင်းညို ...။ ကျစ် ... မင်း အခု ဘယ်နားမှာလဲ"

"ကိုယ်အခု မော်ဘီတိုးဂိတ် အကျော်နားမှာ ရှိနေတယ်။ မင်း လာခဲ့မလား"

မဟော်က မဖြစ်နိုင်တာကို ပြောချလိုက်လျှင် နှိုင်း မမိုက မလာဘူး။ ဘာကိစ္စ လာရမှာလဲ စသဖြင့် ပြောမယ်လို့ ထင်ထားခဲ့သော်လည်း ထင်တာတွေနဲ့ လွဲမှားစွာ နှိုင်းမမိုဆီက အသံထွက်လာသည်။

"ကောင်းပြီ။ တို့ ခုချက်ချင်း ထွက်လာခဲ့မယ်။ မင်းစောင့် နေ"

ပြောပြီးတာနဲ့ ချက်ချင်း ဖုန်းချပစ်လိုက်တာမို့ သူ့မှာ တားချိန်မရလိုက်တော့။ ဖုန်းကို ထပ်ခေါ်တော့ ချက်ချင်း ပဲ ရေိယာပြင်ပရောက်လို့ သွားသည်။ ကဲ ... မခေါ်တော့ဘူးကွာ ဟာတော့လည်း တွေ့ရတာပေါ့။ မဟော်က သိပ်အုံးစားမနေတော့ ဘဲ ခတ်ပုံဆက်ရိုက်လေသည်။ ဒီအနားက ဘာမှမရှိဘူး ဆိုဆ





မယ့် တိမ်စိုင်ပြာပြာတွေ၊ စိမ်းလန်းတဲ့ လယ်ကွင်းတွေ၊ ပျံသန်း နေတဲ့ ငှက်ကလေးတွေရဲ့ movement ကို အမိအရ ဖမ်းရတာ တွေကိုက စိတ်ထွက်ပေါက်တစ်ခု ပေးသလို ဖြစ်လေ၏။ မဟော် က သူလိုချင်တဲ့ပုံတွေ ရောက်နေတာမို့ အချိန်တောင် ကုန်လို့ ကုန်မှန်း မသိလိုက်ချေ။

မဟော်က ကားထဲ ပြန်ဝင်ကာ ထိုင်စောင့်ရင်းက မှေးခနဲ အိပ်ပျော်သွား၏။ သူ ဆတ်ခနဲ ပြန်နိုးလာချိန်မှာ မဟော်က တစ်ချက်သမ်းဝေလိုက်ရင်းက ပျင်းကြောဆန့်လိုက် သည်။ ပြီးတော့မှ သူ့ခေါင်းထဲမှာ အတွေးရောက်လာသည်က နှိုင်းမမိုကိုဖြစ်သည်။ အခုချိန်ထိ ရောက်လာသေးဘူးဆို မလာ တော့ဘူးလား။ မဟော်က ဒီအချိန်ထိ ရောက်မလာသေးတဲ့ နှိုင်း မမိုကို လွဲသွားမှာစိုးလို့ ဖုန်းတစ်ခါထပ်ခေါ်လေသည်။ ဖုန်းက တော်တော်နှင့် မကိုင်သေးတာမို့ မဟော်က နောက်ထပ်တစ်ကြိမ် ထပ်ခေါ်လေသည်။

"ဟယ်လို"

ဖုန်းပြန်လည်ဖြေကြားတဲ့ အသံက နှိုင်းမမို အသံ မဟုတ်တာကြောင့် သူက ဘယ်သူများလဲ အကဲခတ်ရင်းက ပြန် ပြောလိုက်သည်။

"နှိုင်းမမိုနဲ့ ပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ... ဟုတ်ကဲ့ရှင်။ မနှိုင်းမမှီက အခု ဆေးရုံမှာပါ။ Operation ဝင်နေပါတယ်”

“ခင်ဗျာ”

ဆေးရုံမှာဆိုတဲ့ စကားကြောင့် လုံးဝထိတ်ထိတ်ပျာပျာ ဖြစ်သွားရကာ တစ်ဖက်ကို သူက အသည်းအသန် လှမ်းမေးရလေသည်။

“သူ ... သူ ဘာဖြစ်လို့လဲ ခင်ဗျ”

“ထောက်ကြံ့အကျော်မှာ ကားအက်ဆီးဒင့် ဖြစ်တာပါ။ ကျွန်မတို့ အခုပဲ သူ့အိမ်သားတွေကို ဆက်သွယ်အကြောင်းကြားပြီးပါပြီရှင့်”

ဟား ...။ ထောက်ကြံ့အလွန်မှာ accident ဖြစ်ခဲ့တာတဲ့။ ဒါဆို နှိုင်းမမှီက သူ့ဆီလာခဲ့တာပေါ့။ မဟော်က စိုးရိမ်စိတ်ပူမှုကြီးစွာဖြင့် အခြေအနေ မေးရ၏။

“အခု ... အခု သူ့အခြေအနေက စိုးရိမ်ရလား ခင်ဗျ”

“အသေချာ ပြောလို့မရသေးပါဘူးရှင်။ အခုခ operation ဝင်နေတုံးမို့ပါ။ ဒါနဲ့ လူနာရှင်နဲ့ ဘာတော်ပါသလဲ”

“ကျွန်တော်က သူ့သူငယ်ချင်းပါ။ အခု ဘယ်ဆေးရုံမှာလဲဗျာ။ ကျွန်တော် အခုချက်ချင်း လာခဲ့ပါ့မယ်”





တစ်ဖက်က အမျိုးသမီးက ဆေးရုံနေရာကို ပြောလိုက်လျှင် မဟော်က ချက်ချင်းပဲ အမြန်မောင်းချလာခဲ့ရသည်။ ဖြစ်မှဖြစ်ရလေ နှိုင်းမမှီရယ်။ ကိုယ်ခေါ်လို့ မင်း ကိုယ့်ဆီလာခဲ့ရလို့ ဒီလိုအဖြစ်အပျက်မျိုး ဖြစ်ခဲ့ရတာ။ အဲဒါဟွေ အားလုံးက ကိုယ့်ကြောင့်ပါ။

မဟော်က စိတ်ပူစိုးရိမ်စွာဖြင့် ဆေးရုံကို အမြန်လိုက်သွားလျှင် အသက်ဘေးမှကင်းကာ စိုးရိမ်စရာ အခြေအနေမရှိလေတော့သော နှိုင်းမမှီကို တွေ့ရလေသည်။ သူက ဆေးအရှိန်ကြောင့် အိပ်ပျော်နေသော နှိုင်းမမှီကို ငြိမ်သက်စွာ ငေးကြည့်နေမိသွားသည်။ မသွန်း ပြောသလိုပဲ မင်းက တကယ်ပဲ သနားစရာကောင်းခဲ့တာလား နှိုင်းမမှီရယ်။

နှိုင်းမမှီက ငြိမ်သက်စွာ အိပ်ပျော်နေတာကြောင့် မဟော်က သူမမျက်နှာလေးကို တစိမ့်စိမ့် ကြည့်ငေးခွင့်ရတာမို့ ငေးကြည့်နေပြီးမှ ဘေးနားမှာချထားတဲ့ နှိုင်းမမှီရဲ့ဖုန်းလေးက message ဝင်လာတာမို့ သူက ဖွင့်ဖတ်လိုက်သည်။ ပြီးတော့ lock ပြန်ချမယ် အလုပ်မှာ Screen မှာ တင်ထားတဲ့ Wallpaper ကြောင့် သူဟာ အဲဒီပုံလေးကို ခပ်ကြာကြာ ငေးစိုက်ကြည့်မိသွားသည်။ နှိုင်းမမှီနဲ့ မျက်နှာကျ ဆင်သလိုရှိတာမို့ အဲဒါဟာ ဆုံးသွားတဲ့ နှိုင်းမမှီအစ်ကိုများလားလို့ သူက ထင်မိလေသည်။ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးက ကင်မရာကို ကြည့်နေပုံဟာ အရမ်းကိုအသက်ဝင်နေ၏။ သူက နှိုင်းမဒီ့ ဖုန်းထဲက ဟစ်စွန်းတစ်စ ဘာများသိနိုင်မလဲ စိတ်ဝင်စားမိတာကြောင့် ထပ်မွှေမိသွားသည်။ သူမရဲ့ ဖုန်းက Pattern lock ချထားတာ မဟုတ်တာကြောင့် အတားအဆီးမရှိဘဲ ဖုန်းကိုဖွင့်လို့ ရလေသည်။

သူက သိပ်တွေ့တွေ့ထူးထူး စဉ်းစားမနေဘဲ Gallery ကိုပဲ ဖွင့်ကြည့်လိုက်သည်။ သိပ်ထူးထူးခြားခြား မရှိပေ။ တစ်ခု... အဲဒီတစ်ခုကတော့ သမုရဲ့ဓာတ်ပုံပဲဖြစ်သည်။ သမုရဲ့ဓာတ်ပုံပေါ်မှာ စာတစ်ကြောင်းကို တွေ့လိုက်ရလေသည်။

"I' ll kill u" (ငါ မင်းကို သတ်မယ်)

သူဟာ အဲဒီစာသားကြောင့် နှိုင်းမဒီ့ကို ကြည့်မိသွားသည်။ နှိုင်းမဒီ့ဟာ သမုကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေတာလား။ တကယ်ပဲ သမုက နှိုင်းမဒီ့ရဲ့အစ်ကိုကို သေသည်အထိ လှည့်စားခဲ့တယ်တဲ့လား။ သမုရဲ့ပုံစံဟာ အဲဒီလိုမျိုး ထင်ချင်စရာ ထင်ရက်စရာကို မရှိတာမို့ သူဟာ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေခဲ့ရတာဖြစ်သည်။ ဒီဓာတ်ပုံထဲက စာသားအတိုင်းဆို တကယ်ပဲ သမုဟာ နှိုင်းမဒီ့အစ်ကိုနဲ့ ပတ်သက်ခဲ့တယ်ပေါ့။

"မ ... မဟော်"





ခေါ်သံခပ်တိုးတိုးကြောင့် သူက နှိုင်းမဒီ့ကို ငုံ့ကြည့်လိုက်လျှင် နှိုင်းမဒီ့က သူ့ကို ကြည့်နေတာနဲ့ ဆုံလေ၏။ မဟော်က နှိုင်းမဒီ့ရဲ့လက်ကို အသာဖွဖွကိုင်မိကာ စိုးရိမ်တကြီး မေးမိသွားသည်။

"နှိုင်းမဒီ့ ... သက်သာရဲ့လားဟင်။ ဆရာမ ... ဆရာမ၊ လူနာ သတိရလာပြီဗျ"

သူက တာဝန်ကျဆရာဝန် လာတာကြောင့် ဘေးကို အဖယ်ကာ စမ်းသပ်မှု ခံယူနေသော နှိုင်းမဒီ့သာ ကြည့်နေရ၏။

"စိတ်ချသွားရပြီ။ လူနာအတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ လောလောဆယ် ခြေထောက်ကတော့ သိပ်လှုပ်ရှားလို့ မရသေးဘူး"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ"

မဟော်က ဆရာဝန် ပြန်ထွက်သွားသောခါ နှိုင်းမဒီ့ဘေးနား ပြန်ဝင်ထိုင်ကာ ...

"အန်တီ့ကိုလည်း အကြောင်းကြားထားတယ်။ စိုးရိမ်စရာမရှိတော့ဘူးဆိုတော့ စိတ်အေးသွားရပြီ။ မသေကောင်း မပျောက်ကောင်း နှိုင်းမဒီ့ရယ်။ အခု ဘယ်လိုနေသေးလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး"

စကားအဆုံးမှာကြည့်တဲ့ အကြည့်က သူ့လက်ထဲမှာ ကိုင်ထားတဲ့ သူမရဲ့ Note 3 လေးကို ရောက်လာတာမို့ မဟော်က screen lock ပြန်ချလိုက်ကာ ...

"မင်းကို ကိုယ် တောင်းပန်ပါတယ် နှိုင်းမမှီ။ ကိုယ် မင်းကို ဘယ်လိုစကားပုံမျိုးနဲ့ နှစ်သိမ့်ရမလဲ ကိုယ်မသိတော့ဘူး။ တကယ်ပဲ အဲဒီလို ဖြစ်ခဲ့သလား နှိုင်းမမှီ"

သူ့မေးခွန်းကြောင့် နှိုင်းမမှီက ဆတ်ခနဲ ပြန်ကြည့်လေသည်။ သူမရဲ့အကြည့်တွေထဲမှာ သူဆိုလိုတာဟာ ဘာဆိုတာကို သူ့ဆီက အတည်ပြုချက် လိုချင်နေပုံ ဖြစ်တာကြောင့် သူက ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်းက အမှန်အတိုင်းပြောပြလိုက်သည်။

"ကိုယ်နဲ့ မသွန်း မနေ့က တွေ့ဖြစ်တယ်။ သမုက အဲဒီလိုပဲ တကယ်လုပ်ခဲ့တာလား နှိုင်းမမှီ"

သူ့မေးခွန်းကြောင့် နှိုင်းမမှီဟာ အံ့အားသင့်သွားကာ မျက်နှာကြောကတော့ ချက်ချင်းပင် တင်းထန်သွားသည်။ နှုတ်ခမ်းကို ခပ်တင်းတင်း ဖိထားတဲ့ကြားက မျက်ရည်တစ်စက် ကျသွားတာကို သူ မြင်ဖြစ်အောင် မြင်သွားမိလျှင် ရင်ထဲမှာ





တစ်မျိုးတော့ ဖြစ်သွားရတာပဲဖြစ်သည်။ အင်မတန်မှ အကြောတင်းတဲ့သူလို့ သတ်မှတ်ထားမိတဲ့ နှိုင်းမမှီဟာ မျက်ရည်ကျတယ်ဆိုတော့ သူ့ရင်မှာ ထိခိုက် ခံစားရလေ၏။

"ဟုတ်တယ်။ တို့ဘဝအတွက် သမုခင်ကို ပတ်သက်ချင်ခဲ့တာဟာ သူ့ဘဝကို သတ်ပစ်ဖို့ပဲ။ အစက ရည်ရွယ်ခဲ့တာဟာ မင်းဆီက သူ့ကိုလုမယ်။ သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းဟာ သူ့ရဲ့နောက်ကျောကို ရက်ရက်စက်စက် ထိုးပစ်မယ့်မား ဆိုတာကို သူ သိအောင်လုပ်ပစ်ဖို့ပဲ။ ပြီးရင် သူ သိပ်ချစ်တဲ့ ချစ်သူကို တို့က အရယူနိုင်ခဲ့တယ် ဆိုတာကို လိုချင်တာ။ ဒါပေမဲ့ အခုတော့ မင်းကို တို့ပြန်ရချင်တယ် ဆိုတာ အဲဒီထက် ပိုနေခဲ့တဲ့စိတ်တွေ ရှိနေလို့။ အဲဒါတွေအားလုံး အလကားပဲ။ အဲဒါတွေကပဲ ကျွန်မကို ပြန်သတ်ပစ်နေတာ"

"သမီး ... သမီးလေး"

နှိုင်းမမှီက တစ်စုံတစ်ခုကို ထပ်ပြောတော့မယ့်ဆဲဆဲမှာ နှိုင်းမမှီအမေ ရောက်လာတာကြောင့် စကားစက ပြတ်သွားလေသည်။ မဟော်က ကျန်နေသေးတဲ့ စကားလုံးတွေက ဘာလဲဆိုတာကို သိချင်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခံစားနေရတယ်။ သူမရဲ့စိတ်ခံစားချက်တွေဟာ သူနဲ့များ ပတ်သက်သလား။

စိတ်ဒဏ်ရာရှိနေတဲ့ နှိုင်းမမှီကို သူ ဘယ်နည်းဖြင့် ကူညီရမယ်မှန်းလဲ မသိပါ၊ ပေါ့စေလိုလို့ ကြောင်ရုပ်ကိုထိုးထား ပေးမယ့် ဆေးကြောင့် လေးနေရတဲ့ ဒီအဖြစ်တွေကို ဘယ်လိုပြီး ပြတ်အောင် လုပ်ရလေမလဲ။

❦ ○ ❦





## ( ၁၈ )

"ဘာ ... ဘာဖြစ်တယ် မဟော်"

မဟော်ရဲ့စကားကြောင့် သမုက စိတ်ထဲမှာ အရမ်းကို ရုပ်ထွေးနောက်ကျိသွားတာကြောင့် ဘာဖြစ်တယ်ဆိုတဲ့ လေသံက အနည်းငယ် ကျယ်သွားလေသည်။ မဟော်က သမုကို ကျော နိုင်းကာ ခါးထောက်ရပ်နေပြီး အေးတိအေးစက်ဒီဇိုင်း လုပ်နေတာ ကြောင့် ပိုပြီးအသည်းယားလာတာ ဖြစ်သည်။

"မဟော် ... ဘာဖြစ်နေတာလဲ။ ရှင့်ကို ကျွန်မ မေးနေ ကယ်လေ"

သမုရဲ့ ခပ်ဆတ်ဆတ်မေးခွန်းကြောင့် ပဟော်က သမုဘက် ပြန်လှည့်လာကာ မေးအသာဆတ်ပြ၍ ...

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပေဟ် ... ရှင့်ကို သမု လုံးဝစိတ်တိုနေပြီနော်။ ဟိုနေ့ကတည်းက ဖုန်းလုံးဝမကိုင်ဘူး။ ပြီးတော့ နှိုင်းမမို ဆေးရုံတက်နေရတယ် ဆိုတာကျတော့ ရှင် သိတယ်။ ရှင်တို့က ဘာတွေလဲ"

သမုက စိတ်ပေါက်လာတာမို့ ထဖောက်ပစ်လိုက်လျှင် မပေဟ်က ဘာ,ဆိုပြီး အာမေဍိတ်ပြုကာ သမုကို ပေစောင်းစောင်း ပြန်ကြည့်ကာ သူ့ရဲ့ဘောင်းဘီအိတ်ကပ်ထဲက မာပိုလို ဆေးလိပ်ဘူးကို ဇာတ်ဖွင့်ကာ ဆေးလိပ်ယူသောက်၍ အငွေ့တွေကို မှုတ်ထုတ်ရင်း အရသာခံနေတာကြောင့် သမုက ပိုပြီးဒေါသထွက်ရလေသည်။ လုပ်နေတဲ့ လုပ်ပေါက်တွေက အရမ်းကိုတရားလွန်နေပြီ ဖြစ်သည်။ သမု နှိုင်းမမိုကို Album ပေးမိလိုက်လို့ အဲဒီကိစ္စအတွက် စိတ်ဆိုးတယ်ဆိုလည်း တော်ပြီပေါ့။ အခုဟာက ...။

"မပေဟ် ... အဲဒီပုံစံတွေ လာချိုးမနေနဲ့။ ဘာဖြစ်ချင်နေတာလဲ။ ပြီးတော့ ရှင်နဲ့ နှိုင်းမမိုကကော ဘာတွေလဲ"

"ဘာကို ဘာတွေရမှာလဲ သမု။ မင်းရဲ့မေးခွန်းကကော ဘာတွေကို ဆိုလိုချင်တာလဲ။ ကိုယ်ပြောတာ ဘာမှားလို့လဲ။





နှိုင်းမမိုက မင်းသူငယ်ချင်း မဟုတ်ဘူးလား။ နှိုင်းမမိုကား accident ဖြစ်လို့ ဆေးရုံတက်ရတာဟာ မင်းအတွက် စိတ်ပူစရာကိစ္စ မဟုတ်ဘူးလား သမု ... ဟမ်"

မပေဟ်ရဲ့ မေးနေတဲ့လေသံက လုံးဝမိုက်ပေ။ သမုက သူ့ရည်းစား မဟုတ်ဘူးလား။ ဒီလိုလေသံ ဒီလိုအချိုးမျိုးနဲ့ လုံးဝကို မေးစရာမလိုပေ။ နှိုင်းမမို ဆေးရုံရောက်တာကို စိတ်မပူပေးမိတာနဲ့ သမုက အပြစ်ဖြစ်ရောလား။ စိတ်ထဲမှာ မီးစတစ်စနဲ့ အထိုးခံရသလို ပူလောင်စူးရှ၍ နားကျင်နေရလေသည်။

"မပေဟ်ကကော ဘာအတွက်ကြောင့် သမုထက်တောင် ပိုပူနေရတာလဲ။ ရှင်တို့နှစ်ယောက်က သမုနောက်ကွယ်မှာ အဆက်အသွယ်တွေ ရှိနေကြတာလား။ သမု အဲဒါကိုကော မမေးသင့်ဘူးလား မပေဟ်။ သမုက ရှင့်ချစ်သူတစ်ယောက် အနေနဲ့ ရှင်တို့နှစ်ယောက်ကိစ္စကို မေးရမှာပဲ။ ဘာတွေလဲ။ သမု မသိတဲ့ ကိစ္စကို ရှင်က ဘာလို့ သိနေတာလဲ"

"သမု ... ကိုယ့်ကို မင်း ရန်တွေ့နေတာတွေ တော်တော့။ ဒီနေ့အထိ နှိုင်းမမိုနဲ့ ငါပတ်သက်မှုဟာ ရိုးသားတယ်။ မင်းသာ ..."



www.burmeseclassic.com

www.burmeseclassic.com



စကားစက ရပ်တန့်သွားတာကြောင့် သမုက သိပ်အံ့အားသင့်သွားရလေသည်။

"ဆက်ပြောလေ။ ဘာဖြစ်လဲ။ သမုသာ ဘာဖြစ်လဲ"

"တော်ပြီ။ ဘာမှ မဟုတ်ဘူး။ ကိုယ်မပြောချင်တော့ဘူး သမု။ ကိုယ် ပြန်မယ်"

မဟော်က အဲဒီလိုနည်းနဲ့ ဖြတ်ချခဲ့တာမို့ သမုက သူ့ကို ဆတ်ခနဲ လက်ကောက်ဆွဲ၍ ...

"မပြန်ရဘူး။ မဟော် ... ရှင် သမုကို ဒီအချိုး, ချိုးလို့ ရမယ်များ ထင်နေသလား။ လာ ... အခုချက်ချင်း နှိုင်းမမှီဆီ သွားမယ်"

"ဟား ... ဘာဆိုင်လို့လဲ။ ဒီကိစ္စက သူနဲ့ဘာဆိုင်လို့လဲ။ သမု ... ကိုယ်ရည်းစားတွေ များခဲ့တာမှန်တယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ သစ္စာမဖောက်ခဲ့ဘူး။ တစ်ယောက်နဲ့ပြတ်ပြီးမှ နောက်တစ်ယောက်နဲ့ တွဲတာချည်းပဲ။ ကိုယ် အခု မင်းနဲ့လာတွေ့ရတဲ့ အကြောင်းနှစ်ချက်ရှိတယ်။ တစ်ခုက အဲဒီ Album မင်းကို ပြန်ပေးတာ။ နောက်တစ်ခုက မင်း သူငယ်ချင်း နှိုင်းမမှီ အကြောင်းကို အသိပေးတာ။ နှစ်ခုလုံးကို ကိုယ် လုပ်ပြီးပြီ။ ပြန်တော့မယ်"





သမုက ခပ်ထန်ထန် ပြောနေတဲ့ စကားကြောင့် စိတ်ထဲမှာ ဒေါသဖြစ်ရသလို အရမ်းလည်း ခံစားရလေသည်။ တစ်ခုခုဆို မျိုသိပ်မထားချင်တဲ့ သမုက ရင်ထဲက မေးချင်တာကို ဖွင့်မေးပစ်လိုက်တော့သည်။

"မဟော်က သမုနဲ့ လမ်းခွဲချင်နေပြီလား"

သမု မေးခွန်းကြောင့် မဟော်က အဓိပ္ပာယ်တစ်မျိုး ပါတဲ့ အကြည့်ဖြင့်ကြည့်ကာ ခပ်အေးအေး ပြန်ဖြေလေသည်။

"ကိုယ့်မှာ အဲဒီလိုဆန္ဒမျိုး မရှိဘူး သမု။ ကိုယ်တို့ လမ်းခွဲဖို့ ဘာအကြောင်းရင်းမှ မယ်မယ်ရရ မရှိသေးပါဘူး။ မင်းလည်း ကိုယ့်ကို ချစ်တယ်။ ကိုယ်ကလည်း မင်းကို ချစ်တယ်။ အဲဒီအတွက် ဘာပြဿနာမှ မရှိနိုင်ပါဘူး သမု"

မဟော်က အေးအေးဆေးဆေးပြောကာ ထွက်သွားလေသည်။ ဘာတွေလဲ။ အဲဒါဟာ သမုအတွက် ကျေနပ်စရာကောင်းတဲ့ အခြေအနေတစ်ခု ဖြစ်နိုင်သလား။ ဟင့်အင်း ...။ သမုကတော့ အဲဒီလို မယူဆပေ။ မဟော် ပြောတဲ့ စကားဟာ ချစ်တယ်ဆိုပေမယ့် ချစ်ခြင်းမပြည့်ပေ။ သမုကို စိန်ခေါ်သွားသလိုမျိုးကြီး ခံစားနေရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သမုရဲ့စိတ်ထဲမှာ အခဲမကြေနိုင်ဘဲ တနုံ့နုံ့ ခံစားနေရတာကတော့ သမုတောင် မသိတဲ့ နှိုင်းမမှီရဲ့ accident ကိစ္စကို မဟော်က ဘာဖြစ်လို့ သိနေတာလဲ ဆိုတာပဲဖြစ်သည်။ မသင်္ကာဘူးလို့ တိုက်ရိုက် မတွေးချင်ပေမယ့် စိတ်ထဲမှာဖြစ်နေတဲ့ အကြိတ်အခဲ သေးသေးလေး ကြီးမလာဖို့ သမု ရှင်းထုတ်ပစ်ဖို့ တာဝန်ရှိလေသည်။





သမုက နှိုင်းမမှီ အတွက် အသီးအနှံတချို့နှင့် မုန့်တွေ ဝယ်လာကာ lift ဖြင့် နှိုင်းမမှီ ဆေးရုံတက်နေရတဲ့ အခန်းရှိရာကို တက်လာခဲ့သည်။ မနေ့ညကတော့ သတင်းမေး ဖုန်းဆက်ထားပေမယ့် ဒီမနက်တော့ သမု လာခဲ့မယ်လို့ မပြောဖြစ်ခဲ့ပေ။ ညက စောစောအိပ်တာမို့ မနက်အစောကြီး နိုးနေတာလည်းပါတာကြောင့် သမု နှိုင်းမမှီဆီ ရောက်တဲ့အချိန်က မနက်ခုနစ်နာရီခွဲ ရှိသေးတာဖြစ်သည်။ စောစောစီးစီးလာတာ အားတော့ အားနာပေမယ့် ဆေးရုံထိတောင် ရောက်နေခဲ့ပြီမို့ သမုက ဝင်လာခဲ့လိုက်တော့သည်။ အခန်းနံပါတ်ဆီရောက်တော့ သမုက တံခါးခေါက်လိုက်လျှင် "ဝင်ခဲ့ပါ"ဆိုတာကြောင့် တံခါးဖွင့် ဝင်လာခဲ့လိုက်သည်။

"ဟယ် ... သမု"



www.burmeseclassic.com

www.burmeseclassic.com



သမုကိုမြင်တော့ နှိုင်းမမှီကလည်း အကြီးအကျယ် အံ့ဩရသလို သမုကလည်း အင်မတိအင်မတန်ကိုမှ အံ့ဩရလေသည်။ ကိုယ့်မျက်လုံးတောင် ကိုယ်မယုံကြည်နိုင်ပေ။ နှိုင်းမမှီဘေးနားမှာ ရှိနေသူဟာ မပော် ဖြစ်နေမယ်လို့ ဘယ်လိုမှ ထင်မထား၍ဖြစ်သည်။ သမုက အံ့အားတသင့်ဖြစ်စွာ ကြက်သေ,သေနေတုံးမှာ မပော်က သမုအနား ရောက်လာကာ ...

"လာလေ ... သမု ထိုင်လေ"

ရင်ထဲမှာ အံ့ဩလွန်းနေတာကြောင့် စိတ်ခံစားချက်က ထူအမ်းအမ်းဖြစ်ကာ မပော့်အနားကခုံမှာ ဝင်ထိုင်ရင်းပါးစပ်ကလည်း အလိုလို မေးမိသွားသည်။

"မပော်က ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"ကိုယ်ကလား။ ကိုယ်က မနေ့ညကတည်းက လူနာစောင့်လာလုပ်ပေးနေရတာလေ။ ထိုင်ဦး။ နှိုင်းမမှီ ... ကော်ဖီဖျော်လိုက်တော့မယ်နော်"

ညကတည်းက လူနာစောင့်အဖြစ် လာပြီးစောင့်အိပ်တယ်ဆိုတော့ ...။ ပြီးတော့ သမု အကဲခတ်ကြည့်ရသလောက်အရ ဒီအခန်းထဲမှာ နှိုင်းမမှီနဲ့ မပော်ကလွဲပြီး တခြားသူ ရှိမနေပေ။ သမု ရှိနေတာတောင် မပော့်ရဲ့ဂရုစိုက် ကြင်နာပြမှုတွေက





တစ်ဆိတ် လွန်လွန်းနေသည်။ နှိုင်းမမှီကလည်း သတင်းလာမေးတဲ့သမုကို ဆက်ဆံတဲ့ပုံစံက ဘာလို့ ဒီလောက် အေးစက်စက်ဖြစ်နေရတာလဲ။

"တကူးတက ဒုက္ခရှာလို့ သမုရယ်။ လာမမေးလည်းရပါတယ်"

နှိုင်းမမှီဆီက စကားသံ ထွက်လာတာမို့ သမုကစိတ်အာရုံကို နှိုင်းမမှီဆီ ပြန်စုကာ ဖြေလိုက်ရသည်။

"ဘယ်ဟုတ်ပါ့မလဲ။ တို့တွေက သူငယ်ချင်းတွေမှလား။ လာမေးရမှာပေါ့။ ဒီမှာ နှိုင်းမမှီ တစ်ယောက်တည်းလား"

"မဟုတ်ဘူး။ ညက မေမေလည်း ရှိတယ်။ ခုနလေးကမှ အိမ်ခဏပြန်သွားတာ။ မပော်ကလည်း ရှိနေတယ်ဆိုတော့ မေမေက စိတ်ချပြီး ခဏပြန်သွားတာလေ"

"ဘယ်လို"

သမုက အဲဒီစကားကြောင့် စိတ်ထဲ ထောင်းခနဲထပြီး ခပ်မာမာလေသံဖြင့် ဘယ်လိုဆိုပြီး ထွက်သွားလျှင် မပော်က ကြားထဲက အမြန်ဖြတ်ပြော၏။

"နှိုင်းမမှီတို့က သားအမိနှစ်ယောက်တည်းပဲ ရှိတာဆိုတော့ ကိုယ်က ကူညီပေးတာပါ။ အန်တီကလည်း နှိုင်းမမှီ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတက်နေတော့ အိမ်နဲ့ဒီ ကူးချည်သန်းချည် လုပ်နေရတာလေ။ ရော့ ... နှိုင်းမမှီ ကော်ဖီ။ သမု ... ကော်ဖီ"

သမုအရှေ့မှာ ကော်ဖီခွက် လာချပေးတဲ့ မဟော်ကို သမုက အရမ်းကို ဒေါသဖြစ်နေရတာဖြစ်သည်။ ဆေးရုံမှာဖြစ်နေတာကြောင့် ဒေါသကို ချုပ်တည်းမျိုသိပ်ကာ ဖိချနေရတာဖြစ်သည်။ သမုကို ဘာမှမပြောဘဲ ဆေးရုံအထိလာပြီး ညစောင့်လုပ်ပေးတာကတော့ ဘောင်ကျော်သွားပြီ။ ဗိုက်ဆံရှိတာပဲ။ Special nurse ငှားလို့မရဘူးလား။ သမုက စိတ်ထဲမှာ အထုအထည်ကြီးမားနေသောစိတ်ကို ဖြေဖျောက်ဖို့ သမု ဒီကိစ္စကို မကြိုက်ဘူးဆိုတာကို သိသာစေတဲ့ သွယ်ဝိုက်သော စကားကိုသုံးကာ ပြောလိုက်၏။

"ဒီညကစပြီး သမု လာစောင့်ပေးမယ်လေ။ မဟော် အိမ်ပြန်ပေါ့"

"ရပါတယ် သမုရယ်။ ဟို ... မဟော် စောင့်ပေးတာကို သမုက မကြိုက်လို့လား"

နှိုင်းမမှီရဲ့ တန်ပြန်မေးခွန်းကြောင့် သမုက အံ့အားသင့်စွာ နှိုင်းမမှီကို ဘတ်ခနဲ ပြန်ကြည့်မိသွားသည်။ ဘယ်လိုဖြစ်တာလဲ။ သမု အင်မတန်မှ ယုံကြည်အားကိုးရပါတယ် ဆိုတဲ့ သူငယ်ချင်းက သမုကို ဘယ်လိုမေးခွန်းမျိုး မေးပစ်လိုက်တာလဲ။





စိတ်ကလည်း နဂိုဒေါသအခံ ရှိနေတာကြောင့် ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ပြောပစ်လိုက်တော့သည်။

"မကြိုက်လို့ ဆိုတာထက် အမြင်မသင့်ဘူးလေ။ သမုက မိန်းကလေး။ မိန်းကလေး သူငယ်ချင်းချင်း ညစောင့်အိပ်ပေးတာ ပြဿနာမရှိဘူး။ မဟော်က သမုချစ်သူဖြစ်နေတဲ့ အခါကျတော့ နှိုင်းမမှီနဲ့ ဟစ်ညလုံးရှိနေတယ် ဆိုတာက သိပ်မကောင်းဘူးလေ။ ပြီးတော့ မဟော်က ဒီကိစ္စကို သမုကို လုံးဝမပြောထားဘူး"

"သမု ... ဘာတွေပြောနေတာလဲ"

"သမု ... မင်းက တို့ကို ရန်တွေ့နေတာလား"

မဟော်က လှမ်းဟန့်လိုက်ချိန်မှာ နှိုင်းမမှီဆီက ခပ်တင်းတင်း စကားသံက ထွက်လာတာကြောင့် သမုက အဆုံးစွန်ထိ မောင်းတင်ပစ်လိုက်ပြီမှ ဒါဆေးရုံလေဆိုတဲ့ အသိနဲ့ စိတ်ကို အတင်းလျှော့ချပစ်ရသည်။

"အဲဒီအကြောင်း ဆွေးနွေးဖို့ အချိန်မဟုတ်ဘူး နှိုင်းမမှီ။ နှိုင်းမမှီလည်း ဆေးရုံတက်နေရတယ်ဆိုတော့ ထားလိုက်ပါတော့။ ဘာမှ မပြောချင်တော့ဘူး။ သမု ပြန်တော့မယ်။ မဟော် ... တစ်ခါတည်း ပြန်လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



သမုက မျက်နှာထား ခပ်တင်းတင်းဖြင့် မတ်တတ်ထရပ်ကာ မယော့်ကိုပါ ခေါ်လိုက်လျှင် မယော့်ဆီက ရင်ဝဖနှောင့်နဲ့ဆောင့်ကန်ခံရတဲ့ စကားလုံးတို့က သမုကို နောက်ပြန်လဲစေသည်။

"သမု ... ဘယ်လိုဖြစ်နေတာလဲ။ မင်း ပြန်နှင့်တော့။ ကိုယ် ဖုန်းပြန်ဆက်မယ်"

သမုက တစ်ပြိုင်တည်းဆိုသလို ဝမ်းနည်းတာတွေရော၊ မာနတရားတွေရော အကုန်အစုံ ရောပြွန်း ဒေါသတကြီးဖြင့် တောက်,တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ ထွက်လာခဲ့တော့သည်။

ဘာဖြစ်သွားကြတာလဲ။ အဲဒါဟာ ဘာဖြစ်သွားကြတာလဲ။

သမု အင်မတန် ယုံကြည်ချစ်ခင်ပါတယ်ဆိုတဲ့ သူငယ်ချင်းကကော ဘာဖြစ်သွားတာလဲ။ သမု သိပ်ချစ်မိသွားခဲ့တဲ့ ချစ်သူကကော။ ဘာတွေလဲ။ ကံကြမ္မာသည် သမုကို တစ်စစီ အမှုန့်ကြိတ်ပစ်ဖို့ တေးထားပြီးဟု ယူဆရပါသည်။

❦ ○ ❦





"မင်း စိတ်အနှောင့်အယှက် ဖြစ်သွားရတယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ် နှိုင်းမမို"

သမု ထွက်သွားပြီးနောက် သူက အားနာတာကြောင့် တောင်းပန်စကား ဆိုလိုက်လျှင် နှိုင်းမမိုက မျက်ရည်တွေ ကျနေတာကို တွေ့ရသည်။ မယော်က အဲဒီအတွက် နှိုင်းမမို ဘေးနားသွားကာ ...

"ဘာလို့ မျက်ရည်ကျနေရတာလဲ နှိုင်းမမို"

"သမုခင်ဟာ တို့ ... တို့ ... တို့ချစ်တဲ့သူတွေကို ဘာလို့နိုင်ရတာလဲ။ ကိုကို့တုန်းကလည်း အဲဒီမိန်းမ အဲဒီလိုတွေပဲ ညို့ခဲ့ပြီး ကိုကို့ကို သတ်ပစ်ခဲ့တာ"

"နှိုင်းမမိုရယ်"

သနားစရာ ရင်နင့်စကားတွေကို သူ ဆက်မကြားချင်တော့တာကြောင့် နှိုင်းမမို့ရဲ့ နှုတ်ခမ်းထက်ကို သူ့လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်း ဖိကပ်လိုက်သည်။ အစ်ကိုအတွက် ဆိုက်ကိုတစ်ခုလို ဖြစ်နေတဲ့ အစွန်းရောက်မှုတွေကို သူ မကြည့်ရက်ပေ။ အင်မတန် ကြေကွဲဖွယ်ကောင်းတဲ့ အတိတ်ကို လက်စားချေဖို့ အငြိုးကြီးနေသူ ဖြစ်နေရှာတာကိုက အင်မတန် ဝင့်ကြီးလှလေသည်။

"မင်းကို ကိုယ် ပစ်မထားဘူးဆိုတာ မင်း မသိဘူးလား နှိုင်းမမှီရယ်"

သူက ရင်ထဲကလာတဲ့အတိုင်း ရေရွတ်လိုက်လျှင် နှိုင်းမမှီက သူ့ကို တမေ့တမော ငေးကြည့်ကာ ...

"တို့ ဝန်ခံပါတယ် မဟော်။ သမုရဲ့ နောက်ကျောဓားဖြစ်ဖို့ မင်းကိုအသုံးချချင်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ မင်းအပေါ်ကိုလာတဲ့ တို့ရဲ့စိတ်တွေထဲမှာ အချစ်စစ်တစ်ခု ပါလာခဲ့တဲ့အတွက် တို့နှလုံးသားကို သမုခင်ဆီ နောက်တစ်ကြိမ်ပေးဖို့ ခွန်အားမရှိတော့ဘူး"

မဟော်က နှိုင်းမမှီရဲ့အေးစက်နေတဲ့ လက်ဖျားတွေကို နွေးထွေးစေဖို့ ဆုပ်ကိုင်ရင်းက သူမရဲ့အချစ်တွေကို တရားဝင် ဝန်ခံရဲတဲ့ သတ္တိအတွက် သူ့ရင်ထဲမှာ မချိမဆန့် ဝေဒနာမျိုး ခံစားလာရသည်။

❦ ○ ❦





တစ်ဦးတည်းပဲ သက်ဆိုင်တယ်။
ထိန်းချုပ်ပိုင်ခွင့် မရှိဘူး။
တားဆီးလို့လည်း မရဘူး။
အနီးဆုံးမှာ ရှိနေတဲ့သူ
အဝေးကလူလောက်တောင် မမြင်တတ်ခဲ့ဘူး။
စိတ်ထဲ ငိုနေပေမယ့်
ပါးစပ်က ရပါတယ်ပဲ ပြောထွက်တယ်။
တကယ်တော့ အချစ်ဆိုတာ
ဝဋ်ကြွေးရှိလို့ ခံစားဆပ်ရတဲ့ အပြစ်တစ်ခုလေလား။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၉ )

သမုကို မာကြွပ်ကြွပ်ပုံစံဖြင့် ဂရုမစိုက်ဟန် လုပ်ပြနေတာကြောင့် ပိုပြီးထိခိုက်ခံစားရလေသည်။ မဟော် ဘာလို့ ဒီလောက်ထိ မိုက်ကန်းကန်း ဖြစ်သွားရတာလဲ။ သမုက သည်းခံစိတ်တွေ ပျောက်ရှကုန်ကာ ခပ်စူးစူး အော်ပစ်လိုက်သည်။

"မဟော် ... ရှင်နဲ့ နှိုင်းမမိုက ဘာတွေလဲလို့ မေးနေတယ်လေ"

သမုရဲ့ ခပ်ဆတ်ဆတ်လေသံကြောင့် သူက သမုကို ပေစောင်းစောင်း တစ်ချက်ကြည့်ကာ ...

"မင်းဘာသာ ထင်ချင်တာတွေ ထင်နေတာ သမု။ မင်း အဲဒီလောက် ရစ်နေရင် ကိုယ် စိတ်ပျက်မိလိမ့်မယ်"





"ဟက် ... ရတယ်။ မလွှမ်းဘူး။ ဒါပေမဲ့ ရှင့်လို အောက်တန်းကျတဲ့ ယောက်ျားမျိုးကိုတော့ နှိုင်းမမို ဘယ်လိုသိမ်းပိုက်သွားသလဲဆိုတာ မေးကြည့်ရမယ်"

သမုက စိတ်နာစွာ ပြောချပစ်လိုက်လျှင် သူက သမုကို စိုက်ကြည့်၍ ...

"သမု ... မင်း စကားပြော ဆင်ခြင်ပါ။ မင်းကကော ဘာထူးလို့လဲ။ ယောက်ျားတွေကို လှည့်ဖြားတတ်တဲ့ မိန်းမပဲ မုလား"

"ဘာ"

စွပ်စွဲချက်က လုံးဝကြီးကို ပြင်းထန်တာကြောင့် သမုက အံ့အားသင့်မျက်ဝန်းတွေဖြင့် ပြန်ကြည့်မိသွားသည်။ သမုကို သူ တစ်ခုခု ဆိုလိုလိုက်တာလား။

"ဘာကို ပြောချင်တာလဲ မဟော်။ ရှင် ယောက်ျားဆိုတဲ့ပြောပါ"

"ဟား ... ကောင်းပြီ။ ဒီမှာ သမုခင် မင်း ကိုမှိုင်းညိုကို သိသေးရဲ့လား"

ကိုမှိုင်းညို။ သမုက ခပ်တိုးတိုး ရေရွတ်ကြည့်ရင်း ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး … ကိုမှိုင်းညိုဆိုတာ နှိုင်းမမှီရဲ့ အစ်ကိုအရင်းပဲ။ မင်းရဲ့လှည့်စားမှုတွေကြောင့် နောက်ဆုံး အသက်ပါပေးသွားရတာ။ ဒီမှာ သမုခင် … မင်းကြောင့် တစ်ဖက်မိသားစု ဒုက္ခရောက်ခဲ့ကြရတာ။ မင်းဟာ လုံးဝလှည့်ဖြားတတ်တဲ့ မိန်းမ"

သမုကို စကားလုံးကြီးတွေဖြင့် ပစ်ပေါက်စွပ်စွဲနေသော မဟော့်ရဲ့မျက်နှာကို ငေးကြည့်ရင်းက သမုရင်တွေ နာကျင်လာရသည်။ နှိုင်းမမှီက ကိုမှိုင်းညိုရဲ့ညီမတဲ့။ မဟော်ကို ဒီအကြောင်းတွေပြောပြီး သမုနဲ့ ကွဲအောင်ခွဲတယ်ပေါ့။ သမုက နာကျင်အက်ကွဲစွာ တစ်ချက်ရယ်မောလိုက်ရင်း …

"ပြီးပြီလား။ ရှင် စွပ်စွဲတာ ဒါအကုန်ပဲလား။ ကျွန်မ အရမ်းခံစားရတယ် မဟော်။ သမုက ရှင့်ချစ်သူပါ။ သမုဆီက ဘာစကားတစ်ခွန်းမှ မကြားဖူးဘဲနဲ့ တစ်ဖက်က ပြောတာတွေပဲ နားထောင်ခဲ့တဲ့ စုံလုံးကန်းနေတဲ့ ရှင့်ကို ကျွန်မ သိပ်စိတ်ပျက်တယ် …

ဟုတ်တယ် … သမုက လှည့်စားတတ်တဲ့ မိန်းမ။ အဲဒီ ကိုမှိုင်းညို ဆိုတဲ့လူအကြောင်းကို ရှင် ဘယ်လောက်သိသလဲ။ သူ့ကြောင့် ကျွန်မ ဘယ်လောက်ထိ ဒုက္ခရောက်





ခဲ့ရတယ် ဆိုတာကော ရှင် ဘယ်လောက်သိသလဲ မဟော်၊ လူတစ်ယောက်ရဲ့အတိတ်ကို ဘာမှမသိဘဲနဲ့ စွပ်စွဲသလို စကားတွေ လာပြောမနေနဲ့။ သမုခင်ကြောင့် ကိုမှိုင်းညို သေရတာလို့ နှိုင်းမမှီ ပြောတာလား။ အဲဒါနဲ့ပဲ သမုကို အယုံကြည်ကင်းမဲ့သွားခဲ့တာပေါ့။ ဟုတ်လား မဟော်"

မဟော့်ဆီက ဘာမှ တုံ့ပြန်သံ မကြားရပေ။ သမုက စိတ်ပျက်စွာ တောက်တစ်ချက် ခေါက်ပစ်လိုက်သည်။ သမုအင်မတန်မှ ယုံကြည်အားကိုးရပါသတဲ့ဆိုတဲ့ နှိုင်းမမှီဟာ သမုရဲ့ နောက်ကျောဓားတစ်လက် ဆိုတာ အခုမှ သိခွင့်ရလို့ အင်မတန်မှ စိတ်နာစရာ ကောင်းလှပေသည်။

တိုက်ဆိုင်စွာပဲ နှိုင်းမမှီက ကိုမှိုင်းညိုရဲ့ညီမတဲ့။ သမုဟာ ကိုယ့်ကို တစ်ချိန်လုံး အငြိုးတွေ အမုန်းတွေဖြင့် ပတ်သက်နေခဲ့တဲ့ သူ့အပေါ်ကိုမှ ယုံကြည်မှုတွေ တစ်ဖက်ကန်းခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်နာကာ အမုန်တရားတစ်ခုကို အာ်ထုတ်ဖို့ နှိုင်းမမှီနဲ့ ရှင်းဖို့ ထအထွက်မှာ မဟော်က သမုအရှေ့က ပိတ်ရပ်၍ …

"မင်း ဘယ်သွားမလို့လဲ သမု"

"ရှင့်ကို ရှင်းပြစရာ ဘာအကြောင်းမှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သမုက သူ့ကိုတွန်းဖိုက်ဖယ်ထုတ်ကာ ကားဆီကို အမြန်သွားလိုက်သည်။ ကားကို အမြန်မောင်းချထွက်လာ၍ တစ်ဖက်ကလည်း ဖုန်းနံပါတ်တစ်ခုကို အသည်းအသန် ခေါ်နေမိသည်။

❦ ○ ❦





"ကိုမှိုင်းညိုက နင့်အစ်ကိုဆိုတာ တကယ်ပဲလား နှိုင်းမမို"

တံခါးဖွင့်လိုက်တာနှင့် တင်းထန်မာကျောနေသော မျက်နှာထားဖြင့် နှိုင်းမမိုကို မေးလိုက်တဲ့စကားအဆုံးမှာ မပေါ်မင်းညိုကပါ လှေကားပေါ်ကို အမောတကော ပြေးတက်လာတာကိုမြင်တာမို့ ဒီအကြောင်းကို မပေါ် ပြောလိုက်ပြီဆိုတာ သဘောပေါက်ရသည်။ နှိုင်းမမိုက နှစ်,နှစ်နီးပါး တေးမှတ်ထားရတဲ့ အစိုင်အခဲကို ဖြည်ချခွင့်ရပြီမို့ ခနဲ့ပြုံးတစ်ခု ပြုံးရင်းက ...

"သိပ်ဟုတ်တာပေါ့ သမုခင်ရယ်။ မင်းကြောင့် တို့အစ်ကို သေရတာ"

"နင် ဘာမှမသိဘဲနဲ့ ရမ်းပြီး စွပ်စွဲမနေနဲ့ နှိုင်းမမို။ နင့်အစ်ကိုသေတာ ငါနဲ့မဆိုင်ဘူး"

"သမီး စကားကို အေးအေးဆေးဆေး ပြောပါ။ အိမ်ထဲခေါ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက နှိုင်းမမိုကို ထိန်းသလိုလေး ပြောလိုက်တာကြောင့် နှိုင်းမမိုက ဂုဏ်သိက္ခာကို ငဲ့ကွက်၍ အိမ်ထဲပေးဝင်လိုက်သည်။ အိမ်ထဲရောက်တော့ မေမေကပဲ စကားစလေသည်။

"သမီးလေးက ဘယ်သူများလဲ"

"အဲဒါ သမုခင်ပဲ မေမေ။ သမီးတို့ဘဝကို တစ်စစီဖျက်ပစ်ခဲ့တဲ့မိန်းမ"

နှိုင်းမမိုက နာကျင်ခါးသက်စွာ မေမေ့ကို မိတ်ဆက်ပေးလိုက်သည်။

"နင် ငါ့ကို အဲဒီစကား မပြောနဲ့ နှိုင်းမမို"

"ကဲ ... ကဲ ... တော်ကြပါတော့။ သမီးတို့ကို တောင်းပန်ပါတယ်။ သမီးလေးက သမုခင်နော်။ အေးကွယ် ... သမီးနာမည်လေးကို အန်တီ ကြားဖူးခဲ့တာ ကြာပါပြီ။ လူကိုတော့ အခုမှပဲ မြင်ဖူးတော့တယ်။ ဒီက သမီးလေးနဲ့ အန်တီ့သမီးတို့ ဘယ်လိုပတ်သက် သိကျွမ်းသလဲဆိုတာကိုတော့ အန်တီ မသိပါဘူး။ ဒါပေမဲ့ သမီးက သမုခင်ဆိုတော့ ဒီကို ကိစ္စရှိလို့များလား"

မေမေက ကြားဝင်မေးနေတာကြောင့် နှိုင်းမမိုက ဘာမှပြောခွင့်မရချေ။ သမုခင်က မေမေ့မေးခွန်းကို ချက်ချင်းပင် ပြန်ဖြေပေးလေ၏။





"ဟုတ်ကဲ့ပါ အန်တီ။ သမု ဒီနေ့လာတာဟာ ရှင်းဖို့မလိုအပ်ဘူးလို့ ထင်ထားတဲ့ ကိစ္စကို ရှင်းသင့်ပြီမို့လို့ လာရှင်းတာပါ အန်တီ။ အန်တီက ကိုမှိုင်းညို့ မေမေလား မသိဘူး"

"ဟုတ်ပါတယ်ကွယ်။ အန်တီက သား မှိုင်းညို့ရဲ့အမေပါ"

"ဟုတ်ကဲ့ပါ အန်တီ။ သမုနဲ့ ကိုမှိုင်းညို့ သိကျွမ်းခင်မင်ခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အန်တီတို့ ထင်သလိုမျိုး သမုနဲ့ ရည်းစားမဖြစ်ခဲ့ကြပါဘူး"

"နင် လိမ်မနေနဲ့။ နင့်ကြောင့် ငါ့အစ်ကို သေ ..."

"သမီး"

နှိုင်းမမိုက ဒေါသူပုန်တွေထ၍ သမုကို အော်ပစ်လိုက်ချိန်မှာ မေမေက လှမ်းဟန့်တာမို့ နှိုင်းမမိုက စိတ်လျှော့လိုက်ရသည်။

"ဒါတွေကို အခုမှ ပြောဖို့မလိုတော့ပါဘူး သမီးရယ်။ အဟောင်းတွေလည်း အသစ်မဖြစ်ပါစေနဲ့တော့။ ရပါတယ် ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အန်တီ။ နှိုင်းမမို့ စိတ်ထဲမှာ သမုကို အငိုးစွဲနေအောင်မုန်းတဲ့ အမုန်းမျိုးကို သမု မလိုလားပါဘူး။ သမုနဲ့ နှိုင်းမမို့က သူငယ်ချင်းတွေပါ။ သမု စိတ်ထဲမှာ အင်မတန်ယုံကြည် ခင်မင်ရတဲ့ သူငယ်ချင်းက သမုကို ဒီလောက်အထိ မုန်းနေမယ်လို့လည်း ထင်မထားခဲ့ပါဘူး—

အဲဒါကြောင့် အဖြစ်မှန်တွေကို လာရှင်းပြတာပါ အန်တီ။ အဲဒီကိစ္စတွေကို သက်သေလုပ်ပေးနိုင်တာကတော့ ကိုမှိုင်းညို့ရဲ့သူငယ်ချင်း ကိုဇေယျပါပဲ။ ခဏနေ သူရောက်လာပါလိမ့်မယ်"

"ဒီမှာ ... မင်းကို ဘယ်သူက ဒါတွေရှင်းနိုင်းနေလို့လဲ။ သမုခင် ... မင်းကို တို့ဖုန်းဆက်ခဲ့ဖူးတဲ့ အချိန်တုန်းက အဲဒီလေသံနဲ့ ပြောပါလား။ ကိုကိုနဲ့ ခဏလောက်တွေ့ပေးပါဆိုတဲ့ တောင်းပန်စကားအတွက် မင်း မအားဘူးဆိုပြီး ဖုန်းချပစ်ခဲ့တာကိုကော မှတ်မိလား။ အခုမှ ဘာမှလာရှင်းပြမနေနဲ့ သမုခင်။ ငါ့အစ်ကိုဟာ ဘယ်တော့မှ ပြန်ရှင်သန်လာတော့မှာ မဟုတ်ဘူး"

နှိုင်းမမို့က ပြောရင်းနဲ့မှ ရင်ဘတ်ထဲမှာ ဆို့နင့်လို့လာသည်။ ကိုကို ဘယ်လိုခံစားခဲ့ရသလဲ ဆိုတာ နှိုင်းမမို့အသိ





ဆုံး။ အဲဒါတွေ အားလုံးဟာ သမုခင်ကြောင့် ဖြစ်ရတာ။ ကိုကို ပြောပြောနေကြ သမုခင် ဆိုတဲ့ နာမည်ဟာ နှိုင်းမမို့ အတွက်တော့ အရမ်းကို နားစွဲနေခဲ့တဲ့နာမည် ဖြစ်၏။ သမုခင်ကြောင့် ကိုကို သေရတာ၊

"အန်တီ ... နှိုင်းမမို့"

"ဟင် ... ကိုဇေယျ"

ကိုဇေယျက အိမ်ထဲဝင်လာတာမို့ နှိုင်းမမို့က အံ့အားတသင့် ဖြစ်နေတုန်းမှာ ကိုဇေယျကပဲ ဆက်ရှင်းပြ၏။

"မှိုင်းကြီးနဲ့ သမုခင်က ရည်းစားမဖြစ်ခဲ့ပါဘူးဟာ။ မှိုင်းကြီးက အဲဒီနေ့က လှူပွဲအလယ်မှာ သမုကို ကားတင်ပြေးမယ်ဆိုပြီး ဖွတ်ဆွဲလား ရမ်းလားလုပ်လို့ သူ့ကို သမုက ပါးရိုက်လိုက်တာ။ အဲဒါကို မှိုင်းကြီးက ရှက်လည်းရှက် ဒေါသလည်းဖြစ်ပြီး သမုခင်နဲ့ ကြိုက်နေကြတယ်ဆိုပြီး ပြောခဲ့ သတင်းလွှင့်ခဲ့တာပါ။ မှိုင်းကြီး ဆုံးတာ သမုနဲ့ မဆိုင်ပါဘူးဟာ။ ဒီကောင့်ဘေးမှာ ငါရှိနေခဲ့တာပဲ။ သူက နှလုံးသမားဆိုတော့ တစ်ခုခု ထိခိုက်ခံစားသွားရရင် ဖြစ်တဲ့ပုံစံမျိုးဖြစ်ပြီး ဆုံးသွားတာပါ။ နင် သမုခင်ကို အထင်မမှားပါနဲ့။ မှိုင်းကြီးက သမုနဲ့သူ ရည်းစားတွေပါလို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ပြောတဲ့အတွက် ငါ ဘာမှဝင်မရှင်းခဲ့တာ။ ငါပြောတာကို ယုံပါ နှိုင်းမှီ"

နှိုင်းမမှီက အဖြစ်မှန်တွေအတွက် ဘာမှမပြောချင်တော့။ ကိုကိုနဲ့ သမုခင်က ရည်းစားတွေ တကယ်မဟုတ်ခဲ့ဘူးလား။ နှိုင်းမမှီက တစ်ခဏတော့ ငြိမ်သက်သွားရသည်။

"ကျေးဇူးပြုပြီး သမုအပေါ်ကို မုန်းနေတဲ့ အမုန်းတရားတွေကို ဖျောက်ပေးပါ နှိုင်းမမှီ။ ငါ့အတွက် နင်က သူငယ်ချင်းကောင်းပါ"

နှိုင်းမမှီက စိတ်အာရုံတွေ ရှုပ်ထွေးလာကာ မျက်စိကို စုံမှိတ်ပစ်လိုက်သည်။ ကိုကိုရယ် ...။ သမုခင်နဲ့ ရည်းစားမဟုတ်ခဲ့ဘူးတဲ့လား။

"နှိုင်းမမှီ ... နင် အထင်မလွဲပါနဲ့ဟာ"

သမုက နှိုင်းမမှီကို နှစ်သိမ့်သလိုလေး ပြောလိုက်လျှင် နှိုင်းမမှီက နှာကျင်စွာ စိုက်ကြည့်၍ အပြတ်ပြောခဲ့လိုက်တော့သည်။

"နင့်ကို ငါ မုန်းတယ် သမုခင်။ ဘယ်လိုပဲဖြစ်ဖြစ် နင့်စိတ်နဲ့ပဲ ငါ့အစ်ကို သေရတာ။ အရာရာတိုင်းကို နင်ပဲမှန်တယ်လို့ တွေးမနေနဲ့။ နင့်ကြောင့် ငါ အကြိမ်ကြိမ်အခါခါ ခံစားခဲ့ရတာ"





နှိုင်းမမှီက ဘာတစ်ခွန်းမှ ဝင်မပြောဘဲ သမုနဲ့ နှိုင်းမမှီကို ကြည့်နေတဲ့ မယောင်မင်းညိုရဲ့မျက်နှာကို တစ်ချက် ဖျတ်ခနဲ ကြည့်လိုက်သည်။ နှိုင်းမမှီ ကြည့်လိုက်ချိန်မှာ သူက သမုဆီကို ကြည့်နေခဲ့တာကြောင့် နှလုံးသားဟာ အနာပေါ်တုတ်ကျ၍ ပို၍ ပို၍ နာကျင်အောင့်မြက်ရလေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com








၄ ၂၀ ၆

"ခင်ရတဲ့ သူငယ်ချင်း သမုရေ ...

အစစအရာရာ အဆင်ပြေပါစေ။ ကိုဇေယျာဆီက နေ ကိုကို သမုဆီပို့ခိုင်းတဲ့ စာတွေကို ဖတ်လိုက်ရပါတယ်။ တကယ်တော့ ဘယ်သူ ဘယ်သူမှ မမှားဘူးလို့ တို့ယူဆ တယ်။ မင်းအတွက် တို့ဟာ အမြဲတမ်း ရန်သူစိတ်မျိုးနဲ့ ဆက်ဆံနေတဲ့ သူငယ်ချင်းဆိုတာ မင်း သိပြီးသွားတဲ့ အတွက် တို့နဲ့ထပ်ပြီး သူငယ်ချင်း မဖြစ်ချင်ပါနဲ့တော့။ မင်းအပေါ်ထားတဲ့ အငြိုးတွေ မရှိတော့ဘူးဆိုပေမယ့် တို့ မင်းနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး။ ဒါပေမဲ့ တစ်ချိန်မှာ ပြန်ဆုံခဲ့ရင် အရင်ဆုံး စခေါ်မယ့်သူက တို့ပဲ ဖြစ်စေရပါ မယ်။



www.burmeseclassic.com

www.burmeseclassic.com



မဟော်နဲ့လည်း တို့ကို စိတ်ရှင်းပါ သမု။ မင်းတို့နှစ်ယောက်က တို့ဘဝအတွက် မှတ်မှတ်ထင်ထင် ရှိမယ့်သူတွေပါ။ အမြဲထာဝရ ပျော်ရွှင်ပါစေနော်။

နှိုင်းမမှီ"

သူက စာကိုဖတ်ပြီးသွားသောအခါ သမုရဲ့ဖုန်းလေးကို သမုလက်ထဲ ပြန်ထည့်ပေးလိုက်သည်။ မနေ့ညက သမုဆီကို Viber message လှမ်းပို့လိုက်သော နှိုင်းမမှီရဲ့ နှုတ်ဆက်စာလို့ ပြောလို့ရပေမည်။ နှိုင်းမမှီဟာ အိမ်ပါပြောင်းပြီး ခြေရာဖျောက်လိုက်ပြီ ဖြစ်တာကြောင့် တစ်လလောက် အဆက်အသွယ်ပြတ်နေချိန်မှာ သမုဆီကို ဝင်လာတဲ့ message ဖြစ်သည်။ ဖုန်းပြန်ခေါ်ကြည့်တော့ ဖုန်းက စက်ပိတ်ထားလိုက်ပြီ ဖြစ်တာမို့ နှိုင်းမမှီဆီကို ဆက်သွယ်ဖို့ရာ ဘာမှမရှိပေ။

"ဘယ်လိုလဲ မဟော်။ နှိုင်းမမှီစာကို ဖတ်ပြီး မခံစားရဘူးလား"

သမု မေးခွန်းကြောင့် မဟော်က ကျစ်ခနဲ စုပ်သတ်လိုက်ရင်းက မျက်နှာကို တစ်ဖက်လွှဲလိုက်သည်။ သူ့စိတ်ထဲမှာ အီလည်လည်ကြီး ဖြစ်နေတာမို့ သူက ဘာမှအတိုက်အခံလည်း ပြောမနေချင်တော့ပေ။





"သမု မဟော့်ကို စကားတစ်ခွန်းတော့ ပြောချင်တယ်၊ အချစ်စစ်ဆိုတာ ဝေးနေရင်တောင် မဇန္နီလွှတ်နိုင်ဘဲ တောင့်ခံထားနိုင်ခြင်းကို ခေါ်တယ်။ သမုတို့နှစ်ယောက်က ချစ်သူတွေဆိုပေမယ့် တကယ်တမ်း စိတ်ချင်းနီးခဲ့ကြတာ နှိုင်းမမှီနဲ့ မဟော်ပဲလေ။ အဲဒီတော့ သမုတို့လမ်းခွဲရအောင်"

မဟော်က အဲဒီစကားအတွက် သမုကို ငေးခနဲကြည့်မိ၏။

"သမု ..."

"ဟုတ်တယ်။ သမု တကယ်ပြောတာ။ ဒီတစ်လအတွင်းမှာ မဟော် နှိုင်းမမှီ အကြောင်း မပြောတဲ့ရက်၊ နှိုင်းမမှီကို မစုံစမ်းတဲ့ရက်များ ရှိခဲ့ဖူးသလား။ မဟော် သတိမထားမိရင်သာနေမယ်။ သမုကတော့ လေ့လာနေတဲ့သူမို့ မြင်တယ်။ သမုလည်း မဟော့်ရဲ့ချစ်သူထက် မဟော့်ရဲ့သူငယ်ချင်း ဖြစ်ရတာကိုပဲ ပိုသဘောကျတယ်"

မဟော်က အဲဒီစကားအတွက် အရှမ်းကိုကျေနပ်သွားရသည်။ နှိုင်းမမှီ မရှိမှ သူမကို သတိရ တမ်းတမှုတွေ ဘယ်လောက်များနေသလဲဆိုတာ သူ့ကိုယ်သူပဲသိသည်။ သမုကို

www.burmeseclassic.com



သစ္စာမဖောက်ချင်တဲ့စိတ်ဖြင့် သူဟာ အလွမ်းတွေကို ထိန်းထိန်းသိမ်းသိမ်း လွမ်းခဲ့ရတာဖြစ်သည်။

"ကျေးဇူးတင်ပါတယ် သမုရယ်။ အဲ ... အဲဒါဆို နှိုင်းမမှီကို ဘယ်လိုရှာကြမလဲဟင်"

"ပြဿနာမရှိပါဘူး။ စာမေးပွဲအခန်းနံပါတ်တွေ ထွက်နေပြီ။ သူနဲ့ သမု အခန်းမတူဘူး။ အဝေးသင်စာမေးပွဲကို သူ ဖြေဖြေ လွတ်ခံမှာတော့ မဟုတ်ဘူး။ သမုတို့ အဲဒီက စောင့်ဖမ်းရမှာပဲ"

မဟော်က ရင်ခုန်စွာဖြင့် ခေါင်းညိတ်ပြသည်။ နောက်တစ်ပတ်ဆို မင်းကို ကိုယ်တွေ့ခွင့်ရပါစေ နှိုင်းမမှီ။

❦ ○ ❦





အဝေးသင်တက္ကသိုလ်စာမေးပွဲရဲ့ နောက်ဆုံးရက်ကို ရောက်လာခဲ့ပြီဖြစ်သည်။ စာမေးပွဲခန်းကို နောက်ကျမှဝင်ကာ ပြန်ထွက်တော့လည်း လုံးဝကို အချိန်ပြည့်ပြီဆိုမှ ထွက်ကာ ကားပေါ်အမြန်တက် အိမ်တန်းပြန်တာမို့ နှိုင်းမမှီ လာဖြေတယ်ဆိုတာကို ဘယ်သူမှ မသိနိုင်ပေ။ ဒီနေ့က နောက်ဆုံးဘာသာ ဖြေပြီးသွားပြီမို့ လုံးဝကို လွတ်သွားပြီဖြစ်သည်။ နှိုင်းမမှီက ကားဆီ ခပ်မြန်မြန်လေး အလာမှာ နှိုင်းမမှီကားကို မှီရပ်နေတဲ့ တစ်ယောက်ကို တွေ့လိုက်ရတာမို့ အံ့အားသင့်နေချိန်မှာ သူက နှိုင်းမမှီကို အပြုံးဖြင့် လက်ပြနှုတ်ဆက်၍ ...

"ဟယ်လို ... စာမေးပွဲ အရမ်းတွေ ဖြေနိုင်နေတယ်နဲ့ တူတယ်"

မျက်နှာချင်းဆိုင် တည့်တည့်ကြီးကို တွေ့ပြီမို့ နှိုင်းမမှီက ရှောင်ဖို့ဆိုတာလည်း မဖြစ်နိုင်တော့။ ခပ်တည်တည် မျက်နှာပေးဖြင့်ပင် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဖြေနိုင်ပါတယ်"

"ကိုယ်ကတော့ ၅၀-၅၀ ပဲ။ ကိုယ်မဖြေနိုင်ခဲ့တာ မင်းကြောင့်။ ကိုယ် စာမေးပွဲကျလို့ကတော့ မင်းပဲ နှိုင်းမမို"

မဟော်မင်းညိုရဲ့အသံ tone က လိုအပ်တာထက် ပိုကျယ်လိုက်တာမို့ နှိုင်းမမိုက ဘေးဘီကို တစ်ချက်ကြည့်ကာ…

"ဟေး … ဘာတွေ လျှောက်အော်နေတာလဲ"

"တကယ်ပြောနေတာ။ မင်းနဲ့ လွဲသွားမှာစိုးလို့ ကိုယ် အောင်မှတ်ရရုံလောက်ပဲဖြေပြီး အမြန်ထွက်လာခဲ့တာ"

နှိုင်းမမိုက အဲဒီစကားကြောင့် စိတ်အနှောင့်အယှက်တော့ ဖြစ်သွားရသည်။

"မင်းရည်းစား သမုကော"

"နီး … ကိုယ့်ချစ်သူက မင်းလေ။ သမုက ကိုယ့်သူငယ်ချင်း"

"ဘာ"

"မဘာပါနဲ့ နှိုင်းမမိုရယ်။ မင်းကို ကိုယ်တွေ့ခွင့်ရဖို့ အသေအကြေ ရှာခဲ့ရတာ။ မတွေ့ရတဲ့ အချိန်အတော အတွင်းမှာ မင်း ကိုယ့်ကို မလွမ်းဘူးလား"





နှိုင်းမမိုက သူ့ပြောစကားတွေကြောင့် တအံ့တသြ ဖြစ်ရပေမယ့် အဲဒီစကားတွေကို လုံးဝမယုံကြည်စွာ ပြန်တော့မယ် လုပ်တော့ သူက နှိုင်းမမိုရှေ့က ကာဆီးပိတ်ရပ်၍ …

"နှိုင်းမမို … မင်း ကိုယ့်ကို မချစ်ဘူးဆို လူပုံအလယ်မှာ ပါးရိုက်လိုက်ပါ။ အဲဒါမှ မဟုတ်ရင်တော့ မင်း ကိုယ့်ကို လက်ခံရလိမ့်မယ်"

လုပ်နေတဲ့ပုံစံက တစ်လောကလုံးမှာ နှိုင်းမမိုနဲ့ သူ နှစ်ယောက်တည်းရှိတဲ့ လုပ်ပေါက်မျိုး ဖမ်းနေတာမို့ နှိုင်းမမိုက တောက်တစ်ချက် ကျိတ်ခေါက်လိုက်ရင်း …

"မဟော်မင်းညို … နင် အရှက်မရှိဘူးလား။ ဒါ ကျောင်းနော်"

"မရှိဘူး။ မင်း ကိုယ့်ကို လက်မခံသရွေ့တော့ ကိုယ်က လိုက်နေရမှာပဲ"

နှိုင်းမမိုက ဖွတ်တရွတ် ပုံစံတွေကြောင့် လုံးဝကို စိတ်ညစ်လာမိသည်။ နှိုင်းမမိုက စိတ်ညစ်လို့ ခဏငြိမ်နေချိန်မှာ သူက စကားဆက်ပြော၏။

"သမု ကိုယ်တိုင်ကိုက ကိုယ့်ကို လမ်းခွဲတာပါ။ ကိုယ်တို့ နှစ်ယောက်က တကယ်ချစ်ခဲ့တာလည်း မဟုတ်ဘူး။ နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မမိုရယ် ... မင်းက ကိုယ့်ဘဝရဲ့နောက်ကျောနားမှာ အမြဲရှိနေခဲ့တဲ့ ချစ်သူ။ ကိုယ် လှည့်မကြည့်မိလို့သာ မမြင်ခဲ့တာ။ မင်း ရှိတယ်ဆိုတာကို သိတယ်။ ကိုယ့်အတွက် မင်းကို အရမ်းကို လိုအပ်လောက်အောင် ချစ်တယ်။ ကိုယ့်ကို မငြင်းလိုက်ပါနဲ့နော်"

သူ့ရဲ့တော်လ်ကီတွေအောက်မှာ နှိုင်းမမိုက မျောသလိုလို ရှိလာခဲ့ပြီဖြစ်၏။ သမ အပေါ်ကို တရားရဲ့လားဆိုတဲ့ အတွေးကြောင့်သာ မဟုတ်ရင် နှိုင်းမမို သူ့ကို ငြင်းဖြစ်မယ် မထင်ပါ။ အဲဒီအတွက် နှိုင်းမမိုက သူ့ဆီက တစ်ခုမေးရသည်။

"သမက ဘာပြောလဲဟင်"

"သမကလား... ပြောတာတွေတော့ အများကြီးပဲ။ ဒါပေမဲ့ သူ တစ်ခုတော့ သေသေချာချာ ပြောသွားတယ်၊ အချစ်စစ်ဆိုတာ ဝေးနေရင်တောင် မစွန့်လွှတ်နိုင်ဘဲ စောင့်ခဲ့ထားနိုင်မှုကို ခေါ်တာတဲ့။ သမ ကိုယ်တိုင်ကလည်း သူနဲ့ကိုယ် စိတ်ချင်းမနီးစပ်ဘူးဆိုတာသိလို့ လမ်းခွဲခွင့်ပြုခဲ့တာပါ နှိုင်းမမို"

နှိုင်းမမိုက စိတ်ထဲ တကယ်မကောင်း ဖြစ်ရသည်။ သမအပေါ်ကို နှိုင်းမမို မတရားဘူးလို့ ထင်သည်။ ဒါပေမဲ့ သမ





ပြောခဲ့သလိုမျိုးပဲ။ နှိုင်းမမို အချစ်စစ်ခဲ့လို့လားမသိ။ ဝေးသွားပြီလို့ သတ်မှတ်ခဲ့သည့်တိုင် မစွန့်လွှတ်နိုင်တဲ့စိတ်အမျှင်လေးကတော့ ကျန်ခဲ့တာပဲဖြစ်၏။

"နှိုင်းမမို ... ကိုယ်တို့ အနာဂတ်မှာ နှစ်ယောက်အတူ ရှိနေရအောင်နော်"

သူက နှိုင်းမမို အနားကို တိုးလာပါသည်။ နှိုင်းမမိုက သူ့ချစ်ခြင်းများကို ယုံကြည်ကိုးစားသောအားဖြင့် သူ့လက်ထဲကို ကားသော့ထည့်ပေးလိုက်သည်။ အဲဒီအတွက် မပော်က ဝမ်းသာပျော်ရွှင်စွာဖြင့် နှိုင်းမမိုကို ကားတံခါး ဖွင့်ပေးကာ ဝင်ထိုင်စေပြီးမှ သူက တစ်ဖက်သို့ ဝင်ထိုင်၏။

နှိုင်းမမိုတို့ရဲ့ကားလေး စတင်မောင်းထွက်ခဲ့သလို အချစ်များကလည်း စတင်ထွက်ပြူလာခဲ့ပြီမို့ ပရိသတ်ကြီးက စိတ်ချလက်ချ ဇာတ်ပေါင်းပြီဟု ယူဆလို့ ရပါပြီ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

31 . Dec . 2013;
6:30 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေ့ဗိန္ဒာလမ်း၊ တျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com